တနင်္လာ၊ ဇန်နဝါရီ (၁)
**လုကာ ၁း၁-၄**
တမန် ၁း၁-၄

*“အိုသော်ဖိလု၊ ယေရှုသည်. . . ပြုမူသွန်သင်တော်မူသမျှတို့ကို ထုတ်ဘော်၍၊ အထက်ကျမ်းစာကို ငါစီရင်ရေးထားပါပြီ”*

## ထင်ရှားစွာဖြစ်လေပြီးသောအတ္ထုပ္ပတ္တိ

ရှင်လုကာခရစ်ဝင်ကျမ်းသည် ယေရှုခရစ်တော်၏အတ္ထုပ္ပတ္တိရေးမှတ်ထားသော ခရစ်ဝင်ကျမ်းလေးကျမ်းထဲမှတစ်ကျမ်းဖြစ်ပါသည်။ ခရစ်ဝင်ကျမ်းထဲတွင် “သတင်းကောင်း” ဟူသော ဧဝံဂေလိတရားကို ဖော်ပြထား၏။ ရှင်လုကာကရေးသားသောကြောင့် ရှင်လုကာခရစ်ဝင်ကျမ်းဟုခေါ်တွင်ခြင်းဖြစ်ပါသည်။ ဤခရစ်ဝင်ကျမ်းထဲတွင် ဘုရားသခင်၏သားတော်သခင်ယေရှုခရစ်၏ သက်တော်စဉ်ကို ရေးသားထားခြင်းဖြစ်ပါသည်။ အဓိကအကြောင်းအရာဟူမူကား ထာဝရအပြစ်ဒဏ်ပေးခြင်းဟူသော ငရဲမီးပင်လယ်ထဲမှ အပြစ်သားတို့ကိုကယ်တင်ခြင်းငှါ ဘုရားသခင်၏အစီအစဉ်ဟူ၍ဖြစ်ပါသည်။ ထိုကယ်တင်ခြင်းသည် ဘုရားသခင်၏သားတော်၊ သခင်ယေရှုခရစ်တော်အားဖြင့်သာလျှင်ဖြစ်ပါသည်။ ဤသည်ကား လူသားတို့အတွက် အလွန်အံ့ဩစရာ ကောင်းသောသတင်းကောင်းဖြစ်ပါသည်။ ထာဝရဘုရားသခင်သည် ငရဲကျခံမည့်လူသားတို့အား ကောင်းကင်နိုင်ငံဝင်ခွင့်ရ၍ ဘုရားသခင်နှင့်အတူ ဘုန်းတော်ဝင်စားစေခြင်းငှါ လူ့ဇာတိခံ၍၊ အသေခံတော်မူပြီး၊ ရှင်ပြန်ထမြောက်တော်မူခဲ့၏။

ရှင်လုကာခေတ်တွင် စုံလင်သောကျမ်းစာပင်မရှိသေးသောကြောင့် ရေးမှတ်ထားသော ကျမ်းတို့သည် ကူးယူထားသော၊ အသင်းတော်တပါးမှတပါးသို့ ပို့ဆောင်ဖြန့်ဝေထားသောကျမ်းများဖြစ်ပါသည်။ အစိုးရကဖြန့်ဝေခြင်းမပြုရန်တားမြစ်ထားသော်လည်း ထိုသို့ဖြန့်ဝေခြင်းပြုကြ၏။ ယေရှုခရစ်တော်၏ တမန်တော်တို့ရေးမှတ်ထားသော ကျမ်းစာကိုခရစ်ယာန်တို့သည် လုံးဝယုံကြည်ခြင်းရှိခဲ့ကြ၏။ ထို့ကြောင့်သမ္မာကျမ်းစာကို ကူးယူသောကျမ်းပြုဆရာတို့သည် ညှင်းပန်းနှိပ်စက်ခြင်းကြောင့် အရပ်ရပ်၌ပုံ့နှံ့ခဲ့ကြသော ခရစ်ယာန်အပေါင်းတို့ထံ သူတို့ကူးယူသောကျမ်းတို့ကို ပို့ခဲ့ကြ၏။

ရှင်လုကာခရစ်ဝင်ကျမ်းကို သော်ဖိလုထံရေးသားထားခြင်းဖြစ်၏။ သော်ဖိလုဟူသော ဂရိစကားလုံး၏အနက်ကား “ဘုရားသခင်၏ချစ်ခြင်းမေတ္တာ” ဟူ၍ဖြစ်၏။ ထို့ကြောင့် ဤကျမ်းသည် ဘုရားသခင်၏ချစ်ခြင်းမေတ္တာကို ခံရသောသင်နှင့်အကျွန်ုပ်ထံ ရေးသားခြင်းလည်းဖြစ်ပါသည်။ ရှင်လုကာခရစ်ဝင်ကျမ်းသည် ခရစ်ယာန်ယုံကြည်ခြင်း၏ စစ်မှန်မှုနှင့်ယုံကြည်ကိုးစားထိုက်မှုတို့ကို ဖော်ပြမှတ်သားခြင်းဖြစ်ပါသည်။ ဤကျမ်းကိုဖတ်သောသူတို့၏ စိတ်နှလုံးထဲ၌ သန့်ရှင်းသောဝိညာဉ်တော်သည် အမှုပြု၍သခင်ယေရှုခရစ်တော်ကို သိမြင်စေလျက်၊ ပို၍ချစ်ခြင်းရှိပါစေသော်။ ဘုရားသခင်၏နှုတ်ကပတ်တော်အစဉ်ဖတ်ရှုသောသူတို့သည် ယေရှုခရစ်တော်အကြောင်းကို ပို၍သိရသောအခွင့်ရှိကြ၏။

ဤကျမ်း၏သမိုင်းကြောင်းခိုင်လုံမှုနှင့်မှန်ကန်မှုတို့က ယေရှုခရစ်တော်၏သက်တော်စဉ်မှန်ကန်မှုကိုသက်သေပြလျက်ရှိ၏။ ထို့ကြောင့်သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် ယုံကြည်သူတို့သည် ဤခရစ်ဝင်ကျမ်း၏မှန်ကန်မှုကို လက်ခံယုံကြည်ခြင်းရှိကြ၏။ ယနေ့၌ ကျွန်တော်တို့သည် ဤခရစ်ဝင်ကျမ်း၌တွေ့ရသောသတင်းကောင်းကို သခင်ယေရှုခရစ်တော်၌တည်သော ကယ်တင်ခြင်းမသိသေးသောသူတို့ထံ ဝေငှကြရပါမည်။

**ဆင်ခြင်ရန်** - ဤသတင်းကောင်းကိုအကျွန်ုပ်သည် သံသယမဝင်ဘဲလုံးဝယုံကြည်ခြင်းရှိပါသလား။

**ဆုတောင်းချက်** - အဖဘုရား၊ အကျွန်ုပ်အဘို့ စေလွှတ်တော်မူသောသားတော်ယေရှုခရစ်တော်ကို လေးလေးနက်နက်သိရှိခြင်းငှါ ကိုယ်တော်၏နှုတ်ကပတ်တော်ကို နားလည်သဘောပေါက်ခြင်းငှါ မစတော်မူပါ။

**၂ တိ ၃း၁၆-၁၇**

တမန် ၄း၁၈-၂၀

*"ငါတို့သည်ကြားလျက်၊မြင်လျက်ရှိသောအရာတို့ကို မဟောမပြောဘဲမနေနိုင်. . . "*

## ဘုရားသခင်ပေးတော်မူသောမှတ်သားသောစာ

တမန်တော်တို့သည် သခင်ယေရှုခရစ်တော်ကိုမြင်တွေ့လျက်၊ သွန်သင်တော်မူချက်ကို ကြားနာခဲ့သော၊ ထိုသခင်နှင့်အတူ သွားလာခဲ့ကြသောမျက်မြင်သက်သေများဖြစ်ကြ၏။ ပေတရုက "ငါတို့သခင်ယေရှုခရစ်၏ တန်ခိုးတော်ကိုဂုဏ်၊ ကြွလာတော်မူခြင်းကိုဂုဏ်၊ သင်တို့အား ကြားပြောသောအခါ၊ ငါတို့သည် ပရိယာယ်နှင့်ပြင်ဆင်သောဒဏ္ဍာရီစကားကို မလိုက်၊ ဘုန်းအာနုဘော်တော်ကို ကိုယ်တိုင်မြင်သောသူဖြစ်ကြ၏" (၂ ပေ ၁း၁၆) ဟု ရေးသားခဲ့၏။ ထို့ကြောင့်သူတို့သည် အသေသတ်ခြင်းပင် ရဲရင့်စွာရင်ဆိုင်ရဲခဲ့ကြ၏။ "ငါတို့သည်ကြားလျက်၊ မြင်လျက်ရှိသောအရာတို့ကို မဟောမပြောဘဲမနေနိုင်" (တမန် ၄း၂၀) ဟုဆိုကြ၏။

အခြားသောခရစ်တော်၏တပည့်များလည်း ရှိခဲ့ကြပါသည်။ "ထို့ကြောင့် ယောဟန်သည် ဗတ္တိဇံကိုပေးသည့်ကာလမှစ၍၊ သခင်ယေရှုသည်ငါတို့နှင့်ကွာ၍ အထက်သို့ဆောင်ယူခြင်းကို ခံတော်မူသည့်နေ့ရက်တိုင်အောင်၊ တပည့်တော်တို့နှင့်အတူ ထွက်ဝင်သွားလာတော်မူသော ကာလပတ်လုံး ငါတို့နှင့်ပေါင်းဖော်၍နေသောသူတစ်စုံတစ်ယောက်သည် ထိုသခင်ထမြောက်တော်မူသည် အကြောင်း ကို ဟောပြော၍ငါတို့နှင့်အတူ သက်သေခံဖြစ်ရမည်ဟု ပေတရုပြောဆို၏" (တမန် ၁း၂၁-၂၂)။ ဤတပည့်တော်တို့သည် ခရစ်တော်၏အကြောင်းကို တဆင့်မဟုတ်ဘဲ သူတို့ကိုယ်တိုင်သိမြင်သော မျက်မြင်သက်သေဖြစ်ကြပါသည်။ ယေရှုပြုသော အမှုတို့ကို ကိုယ်တိုင်မြင် တွေ့ခဲ့ကြရ၏။ ကိုယ်တော်ကိုလုပ်ကျွေးသော အချို့မိန်းမများလည်း ရှိခဲ့ ကြပါသည် (လုကာ ၈း၂-၃)။

မျက်မြင်သက်သေတို့သည် အဖြစ်အပျက်အသေးစိတ်ကိုမမှတ်မိဘဲ ရှိကောင်းရှိနိုင်ပါသည်။ သို့သော်လည်း သမ္မာကျမ်းစာရေးသားသော ပုဂ္ဂိုလ်တို့သည် သန့်ရှင်းသောဝိညာဉ်တော်၏ မစတော်မူခြင်းအားဖြင့် ခရစ်တော်၏သက်တော်စဉ် အတ္ထုပတ္တိကိုလုံးဝမှားယွင်းခြင်းမရှိဘဲ ရေးမှတ်ခဲ့ကြ၏။ အနန္တတန်ခိုးရှင်ဘုရားသခင်သည် မိမိလူတို့အဖို့ နှုတ်ကပတ်တော်ကို မှုတ်သွင်းတော်မူ၍ သန့်ရှင်းစွာထိန်းသိမ်းစောင့်ရှောက်တော်မူ၏။ ဤဘုရားသခင်ပေးသနားတော်မူသော သမ္မာကျမ်းစာသည် လုံးဝယုံကြည်ကိုးစား၍ရသော၊ တန်ခိုးတော်အားဖြင့် စုံလင်ခြင်းရှိစေသော နှုတ်ကပတ်တော်ဖြစ်ပါသည်။ ရှင်လုကာခရစ်ဝင်ကျမ်းသည်လည်း ဘုရားသခင်မှုတ်သွင်းတော်မူသော ကျမ်းစာဖြစ်ပါသည်။ သမ္မာကျမ်းစာတစ်ခုလုံးသည် ဘုရားသခင်ရေးသားပြုစုသော နှုတ်ကပတ်တော်ဖြစ်ပါသည်။ စုံလင်စွာထိန်းသိမ်းသောကျမ်းဖြစ်ပါ၏။ ထို့ကြောင့် ရှင်လုကာရေးသားသော ထိုနှုတ်ကပတ်တရားသည် ဘုရားသခင်၏ကွယ်ကာထိန်းသိမ်းစောင့်ရှောက်တော်မူခြင်းအားဖြင့် ယနေ့ကျွန်ုပ်တို့ လက်ထဲ၌ရှိခြင်းဖြစ်ပါသည်။

သမ္မာကျမ်းစာထဲ၌ အမှားအနည်းငယ်ပါသည်ဟုသင်ထင်ပါသလား။ သမ္မာကျမ်းစာသည် ရှေးခေတ်၌ စုံလင်စွာမှုတ်သွင်းထားတော်မူသော်လည်း အချိန်ကာလကြာလာသည်နှင့်အမျှ ကူးယူခြင်းပြုကြသောအခါ အမှားများပါလာသည်ဟူသော အတွေးသင့်၌ရှိပါသလား။ ရှိခဲ့လျှင် ထိုသို့သော အတွေး၊ ယုံကြည်ချက်ကိုပယ်ရှားပစ်ပါလော့။

**ဆင်ခြင်ရန်** - သမ္မာကျမ်းစာသည်ဘုရားသခင်ရေးမှတ်ထားသော နှုတ်ကပတ်တော်ဟု ကျွန်ုပ်တော်ယုံကြည်ပါသလား။

**ဆုတောင်းချက်** - ထာဝရဘုရား၊ ကိုယ်တော်သည်နှုတ်ကပတ်တော်ကို မှုတ်သွင်းတော်မူ၍ စုံလင်စွာ ထိန်းသိမ်းစောင့်ရှောက်တော်မူကြောင်းကို အကျွန်ုပ်အားသိမြင်စေတော်မူပါ။ သမ္မာကျမ်းစာသည်မမှားနိုင်သော၊ အမှားကင်းစင်သောနှုတ်ကပတ်တော်ဖြစ်ကြောင်း မျက်မြင်သက်သေတို့နှင့် ကိုယ်တော်ကိုယ်တိုင်၏ သက်သေခံချက်ကို အကျွန်ုပ်အား ယုံကြည်ခြင်းရှိစေတော်မူပါ။

ဗုဒ္ဓဟူး၊ ဇန်နဝါရီ (၃)
**ကောလော ၄း၁၄**
၂ တိ ၄း၁၀-၁၁

*"ဒေနသည်. . . ငါ့ကိုစွန့်ပစ်၍. . . လုကာတစ်ယောက်တည်းသာ ငါ့ထံမှာရှိ၏"*

## ရှင်လုကာ၊ စာရေးဆရာ

ခရစ်ဝင်ကျမ်းထဲတွင် တတိယမြောက်ကျမ်းရေးသားသော ရှင်လုကာသည် သမ္မာကျမ်းစာရေးသားသောပုဂ္ဂိုလ်တို့တွင် တစ်ဦးတည်းသောတပါးအမျိုးသားဖြစ်ပါသည်။ ခရစ်ဝင်ကျမ်းလေးကျမ်းထဲတွင် ဤခရစ်ဝင်ကျမ်းသည်အရှည်ဆုံးဖြစ်ပါ၏။ ရှင်လုကာသည် တမန်တော်ဝတ္ထုထဲ၌ ဖော်ပြထားသည့်အတိုင်း တမန်တော်ပေါလုနှင့်အတူ သာသနာခရီးစဉ်၌အတူလိုက်ပါခဲ့သော အပေါင်းအဖော်ဖြစ်ပါသည်။ ဤတမန်တော်ဝတ္ထုကိုလည်း ရှင်လုကာရေးသားခြင်းဖြစ်ပါသည်။ အသင်းတော်ဖခင်ကြီး Evsebius ကဓမ္မသစ်ကျမ်းထဲတွင် ရှင်လုကာက မှတ်သွင်းထားသော ကျမ်းနှစ်ကျမ်း၊ ရှင်လုကာခရစ်ဝင်ကျမ်းနှင့် တမန်တော်ဝတ္ထုရေးသားခဲ့၏ဟု ဆိုခဲ့ပါသည်။ ဤကျမ်းနှစ်ကျမ်း၌ပါဝင်သော အခန်းကြီး ၅၂ ကျမ်းကို လုကာရေးသားထားကြောင်း သက်သေခိုင်လုံလှပါသည်။ ရှင်ပေါလုကလည်း အခြားသုံးပုံတစ်ပုံကို ရေးသားကြောင်းတွေ့ရ၏။ ဆိုလိုသည်မှာ ဤပုဂ္ဂိုလ်နှစ်ဦးက ဓမ္မသစ်ကျမ်း၏သုံးပုံနှစ်ပုံကို ရေးသားကြခြင်းဖြစ်ပါသည်။

ရှင်လုကာသည် စာရေးဆရာသာမဟုတ်၊ မိမိ၏အသက်မွေးဝမ်းကျောင်းအလုပ်သည် သမားတော်ဖြစ်ပါသည် (ကော ၄း၁၄)။ ဤအချက်ကို ယေရှု၏သက်တော်စဉ်ရေးသားခြင်း၌၎င်း၊ တမန်တော်ဝတ္ထုရေးသားခြင်း၌၎င်း အချက်အလက်အသေးစိတ်ဖော်ပြခြင်း၌ ထင်ရှားစွာတွေ့ရ၏။ သူ၏အသုံးအနှုန်းတို့ကို ကြည့်ခြင်းဖြင့်လည်း သမားတော်ဖြစ်ကြောင်းကိုသိမြင်နိုင်ပါ၏။ သမိုင်းကြောင်းရေးမှတ်သားခြင်း၌ ကြီးကျယ်သောပုဂ္ဂိုလ်ဟု ကျော်ကြားခဲ့ပါသည်။ ခရစ်တော်၏အတ္ထုပတ္တိရေးသားခြင်းနှင့် ခရစ်ယာန်အသင်းတော်အစပြုခြင်းအကြောင်း ရေးသားခြင်းတို့၌ မိမိ၏စာရေးကျွမ်းကျင်ပိုင်နိုင်မှုကို သက်သေပြခဲ့ပါသည်။ ထို့ကြောင့်ရှင်လုကာသည် ခရစ်ယာန်ယုံကြည်ခြင်း၏မှန်ကန်မှုနှင့် သက်သေအထောက်အထားတို့ကို ဤကျမ်းနှစ်ကျမ်းထဲတွင် ခိုင်မာစွာရေးမှတ် ဖော်ပြခြင်းကြောင့် ယုံကြည်ခြင်းကို ကွယ်ကာသောသူ၊ မြဲမြံစေသောသူဟု လူအများမှတ်ချက်ပြုကြပါသည်။

ထို့ပြင်လုကာသည် သခင်ယေရှုခရစ်တော်ကိုယုံကြည်သောသူဖြစ်ပါ၏။ သူသည် မိမိ၏အမည်နာမကိုမိမိရေးသားသောကျမ်း၌ ဂုဏ်ဖော်၍မဖော်ပြခဲ့ပါ။ မိမိကိုယ်နှိမ့်ချလျက်၊ ကယ်တင်ရှင်သခင်ယေရှု၏နာမကိုသာ များစွာရေးသားဖော်ပြခဲ့ပါ၏။

ယုံကြည်သူတိုင်းသည်လည်း ထိုနည်းတူသခင်ယေရှု၏ သတင်းကောင်းကို သူတပါးထံပြောကြားခြင်း၌ ကြိုးစားအားထုတ်ကြရပါမည်။

**ဆင်ခြင်ရန်** - အကျွန်ုပ်အသက်တာ၌ခရစ်တော်နေ့စဉ်ချီးမြှောက်ခြင်းခံရပါသလား။

**ဆုတောင်းချက်** - ထာဝရဘုရား၊ ကိုယ်တော်၏အကြောင်းကို သက်သေခံခြင်းငှါ ကြိုးစားအားထုတ်ခြင်း၊ ရဲရင့်ခြင်းအကျွန်ုပ်အားပေးသနားတော်မူပါ။ သမ္မာကျမ်းစာ၌ ဖော်ပြထားသည့်အတိုင်း ကိုယ်တော်၏အကြောင်းနှင့် အသင်းတော်အကြောင်းကို ဟောကြားလိုပါ၏။

ကြာသပတေး၊ ဇန်နဝါရီ (၄)

**လုကာ ၁း၁-၄**

လုကာ ၁၉း၁၀

*"လူသားသည်ပျောက်သောသူတို့ကို ရှာ၍ကယ်တင်အံ့သောငှါ ကြွလာသတည်း"*

## ရှင်လုကာခရစ်ဝင်ကျမ်း၏ရည်ရွယ်ချက်

ရှင်လုကာသည် အလွန်မြတ်သောသော်ဖိလုထံ ရေးသားခြင်းဖြစ်ပါသည်။ ဤနာမသည် ပုဂ္ဂိုလ်တစ်ဦးဖြစ်နိုင်သလို ဘုရားသခင်၏ချစ်ခြင်းခံရသောသူအပေါင်းကို ရည်ညွှန်းခြင်းလည်းဖြစ်နိုင်ပါသည်။ သို့သော်လည်း Barnes က "ဤသို့အဓိပ္ပာယ်ရှိလှသောနာမပိုင်ဆိုင်သောပုဂ္ဂိုလ်၊ ရှင်လုကာနှင့် သိကျွမ်းခဲ့သောပုဂ္ဂိုလ်ရှိခဲ့ကြောင်း သံသယဝင်စရာလုံးဝမရှိသင့်ပါ" ဟုရေးသားခဲ့၏။ "အလွန်မြတ်သော" ဟူသော အခေါ်အဝေါ်ကို ဓမ္မသစ်ကျမ်းထဲတွင် အခြားသုံးနေရာ၌သာတွေ့ရ၏။ ဖေလဇ်နှင့်ဖေတ္တုတို့၏ရာထူးကို ဖော်ညွှန်းခြင်း၌အသုံးပြုခဲ့၏ (တမန် ၂၃း၂၆၊ ၂၄း၃၊ ၂၆း၂၅)။ ဤစကားလုံးသည် လူတစ်ဦး၏ဂုဏ်မဟုတ်ဘဲ ရာထူးကိုဖော်ညွှန်းခြင်းဖြစ်ပါသည်။ ထို့ကြောင့် သော်ဖိလုသည်လည်း ပုဂ္ဂိုလ်တစ်ဦးဖြစ်မည်ဟု ယုံကြည်ရပါ၏။

ရှင်လုကာသည် ခရစ်တော်၏လူသားဖြစ်ခြင်းအကြောင်းကို ဖော်ပြခဲ့၏။ ခရစ်တော်သည် လူသားဖြစ်ကြောင်း ရှင်လုကာက မျိုးရိုးစဉ်ဆက်ဖော်ပြသောအခါ ပထမဆုံးလူသား၊ အာဒံမှ ဆင်းသက်ကြောင်း ဖော်ပြခဲ့၏။ ခရစ်တော်သည် ဘုရား-လူသားဖြစ်တော်မူ၏။ "လူသား" ဟူသော အခေါ်အဝေါ်ကို လုကာခရစ်ဝင်ကျမ်းထဲတွင် များစွာတွေ့ရ၏။ အဓိကကျမ်းပိုဒ်ဟူမူကား "လူသားသည် ပျောက်သောသူတို့ကိုရှာ၍ ကယ်တင်အံ့သောငှါ ကြွလာသတည်း" (လုကာ ၁၉း၁၀) ဟူ၍ ဖြစ်ပါသည်။ ဤသတင်းကောင်းသည် သနားကြင်နာခြင်းဂရုဏာလိုအပ်နေသော၊ စိတ်နှလုံးကြေကွဲနေသော၊ နာမကျန်းဖြစ်နေသော၊ ဆင်းရဲဒုက္ခခံနေရသော၊ ဝမ်းနည်းပူဆွေးနေသောလူသားများအတွက်ဖြစ်ပါ၏။ ယေရှုသည်လူသားအပေါင်းတို့၏ ကယ်တင်ရှင်ဖြစ်ကြောင်းဖော်ပြထားပါသည်။ ထိုပြင်ယုံကြည်သောသူတို့သည် "နောင်တတရားနှင့်အပြစ်လွှတ်ခြင်းတရားကို . . . လူမျိုးတကာတို့အား ဟောပြောရမည်" (လုကာ ၂၄း၄၇) ဖြစ်ပါသည်။

ရှင်လုကာခရစ်ဝင်ကျမ်းထဲတွင် ခရစ်တော်၏လူသားဖြစ်ခြင်း၊ လူ့ဇာတိခံယူခြင်းအကြောင်းကို ဖော်ပြခဲ့၏။ ယေရှုသည်လူ့ဇာတိကိုခံယူလျက်၊ လူသားတို့နှင့်အတူ နေထိုင်ခဲ့ပါသည်။ "ထိုသခင်သည် ဘုရားသခင်၏သဏ္ဌာန်တော်နှင့်ပြည့်စုံတော်မူသည်ဖြစ်၍၊ ဘုရားသခင်နှင့်ပြိုင်သောအမှုကို လုယူခြင်းအမှုဟူ၍မထင်မမှတ်လျက်ပင်၊ မိမိအသရေကိုစွန့်၍ အစေခံကျွန်၏သဏ္ဌာန်ကို ယူဆောင်လျက်၊ လူကဲ့သို့သောအဖြစ်၌ ဖွားမြင်ခြင်းကိုခံတော်မူ၏။ ထိုသို့လူ၏ ဂုဏ်အင်္ဂါလက္ခဏာနှင့် ပြည့်စုံလျက်၊ အသေခံခြင်းသာမဟုတ်၊ လက်ဝါးကပ်တိုင်မှာ အသေခံခြင်းတိုင်အောင် အစေကျွန်ခံ၍ကိုယ်ကိုယ်ကို နှိမ့်ချတော်မူ၏" (ဖိလိ ၂း၆-၈)။

သခင်ယေရှုသည် အကျွန်ုပ်တို့အတွက် အလွန်ကြီးမားသောစတေးခြင်းကို ခံခဲ့ကြောင်း သင်သိပါသလား။

**ဆင်ခြင်ရန်** - ရှင်လုကာအား ဤခရစ်ဝင်ကျမ်းကို ရေးသားပြုစုစေတော်မူသော ဘုရားသခင်ကို သင်ကျေးဇူးတင်ပါသလား။

**ဆုတောင်းချက်** - ထာဝရဘုရား၊ ဤရှင်လုကာခရစ်ဝင်ကျမ်းကို ဖတ်ရှုလျက်သူတပါးထံ ဝေငှမည်အကြောင်း မစတော်မူပါ။

သောကြာ၊ ဇန်နဝါရီ (၅)

**လုကာ ၁း၅-၁၃**

မာလ ၃း၁

*“ကြည့်ရှုလော့၊ ငါသွားရာလမ်းကိုပြင်ရသော ငါ၏တမန်ကို ငါစေလွှတ်မည်”*

## ဗတ္တိဇံဆရာယောဟန်မွေးဖွားမည့်အကြောင်းကြိုတင်ဟောပြောခြင်း

ဗတ္တိဇံဆရာယောဟန်မွေးဖွားမည့်အကြောင်းကို သူ၏ဖခင်ဇာခရိထံ ဖော်ပြခဲ့ခြင်းဖြစ်ပါသည်။ သူသည် နေဟမိခေတ်ကာလမှ ယဇ်ပုရောဟိတ်ဖြစ်သော အဘယအသင်းဝင် ယဇ်ပုရောဟိတ်ဖြစ်ကြောင်းဖော်ပြခဲ့၏။ သူ၏ခင်ပွန်းဧလိရှဗက်သည်လည်း အာရုန်အမျိုးအနွယ်၊ ယဇ်ပုရောဟိတ်အမျိုးအနွယ်ဖြစ်ပါသည်။ ဇာခရိသည် အပြစ်တင်ခွင့်နှင့်လွတ်သောသူ၊ ဖြောင့်မတ်ခြင်းပါရမီရှိသည်သာမက၊ ယဇ်ပူဇော်ခြင်းအမှု၌လည်း သစ္စာစောင့်သိသောသူ၊ သန့်ရှင်းသောသူဖြစ်ပါသည်။ ယဇ်ပုရောဟိတ်တို့သည် လူတို့အတွက် ယဇ်ပူဇော်ခြင်းမပြုမီ မိမိတို့၏အပြစ်အတွက် ဦးစွာယဇ်ပူဇော်ခဲ့ကြရ၏။

ဤကြိုတင်ဟောပြောချက်သည် မာလခိ ၃း၁ ၌ဖော်ပြထားသော “ကြည့်ရှုလော့။ ငါသွားရာလမ်းကို ပြင်ရသောငါ၏တမန်ကို ငါစေလွှတ်မည်။ သင်တို့ရှာသောသခင်၊ သင်တို့တောင့်တသော ပဋိညာဉ်တမန်တော်သည် မိမိဗိမာန်တော်သို့ ချက်ချင်းလာလိမ့်မည်။ ကြည့်ရှုလော့။ ထိုသခင်လာလိမ့်မည်ဟု ကောင်းကင်ဗိုလ်ခြေအရှင်ထာဝရဘုရား မိန့်တော်မူ၏” ဟူသော ပရောဖက်ပြုချက်ပြည့်စုံခြင်းဖြစ်ပါသည်။ ဤပရောဖက်ပြုချက်က ယေရှုသည်ဓမ္မဟောင်းကျမ်း၌တွေ့ရသော ယေဟောဝါဘုရားဖြစ်ကြောင်း အတည်ပြုလျက်ရှိ၏။

ဤဖော်ပြချက်သည် နံ့သာပေါင်းမီးရှို့စဉ်၊ ဗိမာန်တော်ထဲ၌ ဖြစ်ပျက်ခြင်းဖြစ်ပါသည်။ ယဇ်ပုရောဟိတ်များသာ ဝင်ခွင့်ရှိသောသန့်ရှင်းရာဌာနထဲတွင် ဖြစ်ပျက်သော သန့်ရှင်းသော ဖော်ပြကြေငြာချက်လည်းဖြစ်ပါ၏။ ယောဟန်သည် မမွေးဖွားမီကတည်းက မိမိပြုမည့်အမှုတော် အကြောင်းကို ကောင်းကင်တမန်က ကြိုတင်ဖော်ပြခဲ့၏။ ဤသို့သောအမှုဆောင်ရွက်ရန် တာဝန်ပေးအပ်ခြင်းသည် ကောင်းကင်မှပေးအပ်ခြင်းဖြစ်ကြောင်း ကောင်းကင်တမန်ဆိုခဲ့၏။ ထို့ပြင်ယောဟန်မွေးဖွားခြင်း၌ ဘုရားသခင်ပြုသောအံ့ဖွယ်ပဋိသန္ဓေစွဲယူခြင်းအမှုကလည်း သူသည် ဘုရားသခင်စေလွှတ်တော်မူသော ပရောဖက်ဖြစ်ကြောင်း ခိုင်လုံစေပါ၏။ ထိုသို့ယောဟန်မွေးဖွားမည့်အကြောင်း ဟောပြောချက်က သူသည်ခရစ်တော်၏ ဘုန်းအသရေတော်ကို ပေါ်လွင်စေရန်ဖြစ်သောကြောင့် ယောဟန်ကိုအထူးအမြတ်ထားကြရန်ဖြစ်ပါသည်။ ထို့ကြောင့် ယေရှုခေတ်ဘာသာရေးခေါင်းဆောင်တို့သည် လူအပေါင်းတို့က ယောဟန်အားပရောဖက်အဖြစ် လက်ခံခဲ့ကြကြောင်း သိရှိခဲ့ကြ၏ (လုကာ ၂၀း၅-၆)။

ခရစ်ယာန်တိုင်းသည် ခရစ်တော်၏သက်သေဖြစ်ကြရပါမည်။ များစွာသောလူတို့သည် အမှောင်ထဲ၌ကျင်လည်လျက်ရှိကြ၏။ ထို့ကြောင့်ကျွန်တော်တို့သည် ခရစ်တော်၏အကြောင်းကို သက်သေခံလျက်၊ မယုံကြည်သူတို့သည် ခရစ်တော်ကိုလက်ခံကြခြင်း၌ အမှုပြုကြပါစို့။

**ဆင်ခြင်ရန်** - အကျွန်ုပ်သည်သခင်ယေရှုခရစ်တော်၏ အကြောင်းကို သက်သေခံသောသူဖြစ်ပါသလား။

**ဆုတောင်းချက်** - အဖဘုရား၊ အကျွန်ုပ်၏ကယ်တင်ရှင်သခင်အတွက် ရဲရင့်သောသက်သေခံ ဖြစ်စေတော်မူပါ။ နောင်တတရားအကြောင်းကို မယုံကြည်သူထံ ဟောပြောခြင်း၌ ခွန်အားပေးသနားတော်မူပါ။

စနေ၊ ဇန်နဝါရီ (၆)

**လုကာ ၁း၁၄-၁၇** *"ထာဝရဘုရား၏ဘုန်းတော်ပေါ်ထွန်း၍၊*

ဟေရှာ ၄၀း၃-၅ *လူအပေါင်းတို့သည်အတူမြင်ရကြလတ္တံ့"*

## ဗတ္တိဇံဆရာယောဟန်မွေးဖွားခြင်း၏ရည်ရွယ်ချက်

ဗတ္တိဇံဆရာယောဟန်မွေးဖွားခြင်းက လူတို့ကိုဝမ်းမြောက်ခြင်းပေးခဲ့၏။ ဣသရေလလူတို့ မျှော်လင့်တောင့်တလျက်ရှိသော မေရှိယကြွလာခြင်း၌ ရောင်နီသန်းစေသောကြောင့်လည်း ဣသရေလလူတို့အဖို့ ဝမ်းမြောက်စရာဖြစ်ခဲ့ပါသည်။ ယုဒလူတို့သည် ယေရှုအားသူတို့၏ မေရှိယအဖြစ် လက်မခံခဲ့ကြသော်လည်း၊ သမ္မာကျမ်းစာကများမကြာမီ သူတို့သည် မိမိတို့ထိုးဖောက်သောယေရှုကို ရှုမြင်ကြလိမ့်မည်အကြောင်း ဟောထားခဲ့၏ (ဇာခရိ ၁၂း၁၀-၁၁)။ ယောဟန်သည် ဘုရားရှေ့တော်၌ ကြီးမြတ်သောသူဖြစ်သောကြောင့် ဝမ်းမြောက်ကြခြင်းဖြစ်၏။ ယောဟန်သည် သခင်ယေရှု၏ပထမ အကြိမ်ကြွလာတော်မူခြင်းအတွက် ရှေ့ပြေးတမန်အဖြစ် ထူးခြားစွာရွေးနှုတ်ခြင်းခံရသောပုဂ္ဂိုလ် ဖြစ်ပါသည်။

သူသည်မကောင်းမှုနှင့်ကင်းစင်သောသူ၊ အမိဝမ်းထဲကပင် သန့်ရှင်းသောဝိညာဉ်တော်နှင့် ပြည့်ဝသောသူဖြစ်ပါသည်။ ထို့ကြောင့်ယေရှုက "မိန်းမမွေးသော သူတို့တွင် ဗတ္တိဇံဆရာယောဟန်ထက် ကြီးမြတ်သောသူတစ်ယောက်မျှ မပေါ်မထွန်းသေး" (မသဲ ၁၁း၁၁) ဟုမိန့်တော်မူ၏။ သူသည် ဣသရေလလူတို့ ကို ဘုရားသခင်ထံတော်သို့ ပြောင်းလဲစေမည်ဖြစ်ပါသည်။ ထိုကာလ၌များစွာသော ယုဒလူတို့သည် ဖာရိရှဲနှင့်ကျမ်းပြုဆရာတို့ပြဋ္ဌာန်းထားသော၊ သမ္မာကျမ်းစာပြင်ပနည်းဥပဒေနှင့် ဝတ်ပြုခြင်း၊ ယဇ်ပူဇော်ခြင်းအစရှိသောပညတ်တို့ကို ကယ်တင်ခြင်းအဖို့ လိုက်လျှောက်ခဲ့ကြ၏။ ထိုသို့သော ပညတ်တို့လိုက်လျှောက်လျှင် ဘုရားသခင်နှင့်သင့်မြတ်ခြင်းရှိသည်ဟု ယူဆကြ၏။ ဘုရားသခင်အလိုရှိသောအမှုမဟုတ်ဘဲ မိမိတို့ပြုနိုင်သောအမှုကို ကိုးစားခဲ့ကြ၏။ ထို့ကြောင့် ယောဟန် ပြုရမည့်အမှုသည် လူတို့အားလမ်းမှန်သို့ပို့ဆောင်ပေးရန်ဖြစ်ပါသည်။ ဘုရားသခင်ထံမှ သူတို့၏ လမ်းမှားမှုကို ဖော်ပြခဲ့ပါ၏။ သခင်ယေရှုခရစ်တော်၌တည်သော ဘုရားသခင်၏ ဖြောင့်မတ်ခြင်း တရားကို သိရှိငတ်မွတ်ကြခြင်း၌ သူတို့၌လိုအပ်လျက်ရှိသော ဖြောင့်မတ်ခြင်းကို ထောက်ပြခဲ့ပါ၏။

ပရောဖက်ပြုခဲ့သည်အတိုင်း သူသည်သခင်ကြွလာတော်မူမည့်အကြောင်းကို ရှေ့ပြေး ဟောပြောရန်ဖြစ်ပါသည် (မသဲ ၃း၃၊ ဟေရှာ ၄၀း၃-၅)။ ယောဟန်၏အဓိကအမှုတော်သည် မေရှိယ ကြွလာတော်မူမည့်အကြောင်း ကြွေကြော်ရန်ဖြစ်ပါသည်။ ယောဟန် ၁း၂၉ ထဲတွင် ယေရှုအား "ဤ လောက၏အပြစ်ကိုဆောင်သွားသော ဘုရားသခင်၏သိုးသငယ်" ဟုယောဟန်ဆိုခဲ့ပါသည်။ ယေရှု အား ဓမ္မဟောင်းကျမ်းထဲ၌ ပရောဖက်ပြုထားသော မေရှိယဖြစ်ကြောင်းဖော်ထုတ်ခဲ့၏။ ခရစ်ယာန် တို့သည် ခရစ်တော်ဒုတိယအကြိမ်ကြွလာမည့်အကြောင်းကို ကြွေကြော်ကြရမည်ဖြစ်ပါသည်။ ဤ ဒုတိယအကြိမ်ကြွလာတော်မူခြင်းသည် ဘုရားသခင်၏အမျက်တော်မခံရလေအောင် သန့်ရှင်းသူတို့ အား ချီဆောင်ခြင်းအမှု၌စတင်လိမ့်မည်ဖြစ်ပါသည်။ ယေရှု၏ဒုတိယအကြိမ်ကြွလာတော်မူမည့် အကြောင်းသက်သေခံခြင်း၌ ယောဟန်ကဲ့သို့ကျွန်တော်တို့သည် သစ္စာရှိသောသူများ ဖြစ်ကြရပါမည်။

**ဆင်ခြင်ရန်** - အကျွန်ုပ်သည် သခင်ယေရှုခရစ်တော်အကြောင်း သက်သေခံသောတမန် ဖြစ်ပါ သလား။

**ဆုတောင်းချက်** - ထာဝရဘုရား၊ ကယ်တင်ရှင်သခင်ကြွလာတော်မူမည့်အကြောင်းကို သစ္စာရှိစွာ ဟောပြောခြင်း၌ အကျွန်ုပ်အားမစတော်မူပါ။

တနင်္ဂနွေ၊ ဇန်နဝါရီ (၇)
**လုကာ ၁း၂၆-၃၃**
ယေရှာ ၇း၁၄

*"ကြည့်ရှုလော့။ သတို့သမီးကညာသည် ပဋိသန္ဓေစွဲယူ၍၊ သားယောကျ်ားကိုဖွားမြင်လတ္တံ့"*

# အံ့ဩစရာအကောင်းဆုံးသောသန္ဓေတည်ခြင်း

ဗတ္တိဇံဆရာယောဟန်မွေးဖွားမည့်အကြောင်း ကြေငြာပြီးနောက် ၆ လ အကြာတွင် ဘုရားသခင်သည် ဂါဗြေလအား နာဇရက်မြို့ရှိမာရိထံစေလွှတ်တော်မူခဲ့၏။ ဂါဗြေလပြုရမည်အမှုဟူမူကား မာရိသည် သန့်ရှင်းသောဝိညာဉ်တော်၏ တန်ခိုးတော်အားဖြင့် ဘုရားသခင်၏သားတော်၊ သခင်ယေရှုခရစ်တော်မွေးဖွားခြင်းငှါ ပဋိသန္ဓေစွဲယူမည့်အကြောင်း ကြေငြာရန်ဖြစ်ပါသည်။ ဘုရားသခင်သည် မိမိ၏စုံလင်သောအစီအစဉ်အတိုင်း အမှုပြုတော်မူ၏။ "အချိန်ကာလစေ့သောအခါ၊ . . . မိန်းမဝမ်း၌ ပဋိသန္ဓေယူ၍ ပညတ်တရားအောက်၌ ဖွားမြင်ရသောသားတော်ကို ဘုရားသခင်သည် စေလွှတ်တော်မူ၏" (ဂလာတိ ၄း၄-၅)။

ဤသတင်းကိုနာဇရက်မြို့ရှိ အပျိုကညာမာရိထံ ဖော်ပြခဲ့၏။ သူသည် နှိမ့်ချသောစိတ်နှင့် ထိုသတင်းကိုလက်ခံခဲ့၏။ သူသည် ပဋိသန္ဓေစွဲယူ၍ ဘုရားသခင်၏ချစ်လှစွာသောသားတော်ကို မွေးဖွားပေးမည်ဖြစ်ပါသည်။ ခမည်းတော်သည် မာရိ၏အပြင်ပန်းသဏ္ဌာန်လှပခြင်းကြောင့် မျက်နှာသာပေးခြင်းမဟုတ်ဘဲ၊ မိမိ၏အလိုတော်အတိုင်း ရွေးနှုတ်ခြင်းသာလျှင်ဖြစ်ပါသည်။ သူသည် "ပဋိသန္ဓေစွဲယူ၍ သားယောကျ်ားကိုဖွားမြင်လိမ့်မည်။ ထိုသားကိုယေရှုအမည်ဖြင့်မှည့်ရမည်။ ထိုသားသည်ကား ကြီးမြတ်သောသူဖြစ်လိမ့်မည်။ အမြင့်ဆုံးသောဘုရား၏သားတော်ဟု ခေါ်ဝေါ်သမုတ်ခြင်းကိုခံရလိမ့်မည်။ သူ့အဘဒါဝိဒ်၏ရာဇပလ္လင်ကို ထာဝရအရှင်သခင်သည် သူ့အားပေးတော်မူမည်။ ထိုသူသည်လည်း ယာကုပ်အမျိုးအနွယ်ကို အစဉ်မပြတ်အုပ်စိုးလိမ့်မည်။ သူ၏နိုင်ငံသည်လည်းဆုံးခြင်းမရှိရ" (လုကာ ၁း၃၁-၃၃)။

အမြင့်ဆုံးသောဘုရား၏သားတော်ဟု ဆိုသည်အတိုင်း၊ ယေရှုသည် သာမန်လူမဟုတ်ပါ။ ပဋိသန္ဓေစွဲယူခြင်းမပြုမီကတည်းက ယေရှုသည် ဘုရားသခင်၏သားတော်ဟု ကြေငြာခဲ့ပါသည်။ သူသည်အဘဒါဝိဒ်၏ ရာဇပလ္လင်ပေါ်တွင် ထိုင်၍ အုပ်စိုးခြင်းကိုပြုလိမ့်မည်။ ထိုနိုင်ငံတော်သည် ဆုံးခြင်းရှိမည်မဟုတ်ပါ။ "ဘုရင်တို့၏ဘုရင်၊ သခင်တို့၏သခင်ဟု ဘွဲ့နာမတော်သည် အဝတ်တော်၌၎င်း၊ ပေါင်တော်၌၎င်း၊ ရေးထားလျက်ရှိ၏" (ဗျာ ၁၉း၁၆)။

မာရိ၏ ပဋိသန္ဓေစွဲယူခြင်းအမှုသည် လူ့ဇီဝသဘောတရားကိုကျော်လွန်ခဲ့ပါသည်။ အပျိုကညာမာရိသည် ပဋိသန္ဓေစွဲယူ၏။ ဤသည်ကား ယေရှာယ၏ပရောဖက်ပြုချက်ပြည့်စုံခြင်းဖြစ်ပါသည် - "သတို့သမီးကညာသည် ပဋိသန္ဓေစွဲယူ၍ သားယောကျ်ားကိုဖွားမြင်လတ္တံ့။ ထိုသားကို ဧမာနွေလအမည်ဖြင့်မှည့်ရလတ္တံ့" (ယေရှာ ၇း၁၄)။ ဤအံ့ဖွယ်ပဋိသန္ဓေတည်ခြင်းသည် လူ့သမိုင်း၌ တစ်ကြိမ်တစ်ခါသာတွေ့ရသောအမှုဖြစ်ပါသည်။ ယေရှုသည် ဧမာနွေလခေါ် ကျွန်ုပ်တို့နှင့်အတူရှိတော်မူသောဘုရားသခင်ဖြစ်တော်မူ၏။

**ဆင်ခြင်ရန်** - ယေရှုသည်တစ်ရာမှာတစ်ရာဘုရားဖြစ်ကြောင်းကို လုံးဝသံသယမရှိဘဲ ကျွန်တော်ယုံကြည်ပါသလား။

**ဆုတောင်းချက်** - အဖဘုရား၊ ကိုယ်တော်၏သားတော်သည် ဘုရားသခင်ဖြစ်ကြောင်း လုံးဝယုံကြည်ခြင်းငှါ မစတော်မူပါ။

တနင်္လာ၊ ဇန်နဝါရီ (၈)
**လုကာ ၁း၃၄-၃၈**
၁ ကော ၆း၁၉-၂၀

*“သင်တို့သည်အဘိုးနှင့်ဝယ်တော်မူသောသူဖြစ်သောကြောင့် . . . သင်တို့၏ကိုယ်ခန္ဓာနှင့်စိတ်ဝိညာဉ်အားဖြင့် ဘုရားသခင် ၏ဂုဏ်တော်ကိုထင်ရှားစေကြလော့”*

## ပဋိသန္ဓေအမှန်တည်ခဲ့၏

မာရိသည်အပျိုကညာဖြစ်သောကြောင့် ယောကျ်ားနှင့်မဆက်ဆံဘဲ ပဋိသန္ဓေစွဲယူမည်ကို မယုံကြည်နိုင်ခဲ့သော်လည်း၊ သန့်ရှင်းသောဝိညာဉ်တော်သည် ကွလာတော်မူ၍ အမြင့်ဆုံးသောဘုရား၏တန်ခိုးလွှမ်းခြုံခြင်းကို ခံရခဲ့၏။ မာရိသည်ကောင်းကင်တမန်၏စကားကို နာခံခဲ့၏။ မာရိ၏တုံ့ပြန်မှုသည် အလွန်အတုယူသင့်သောစိတ်ထားဖြစ်ပါသည်။ “အကျွန်ုပ်သည် ထာဝရဘုရား၏ကျွန်မဖြစ်ပါ၏။ ကိုယ်တော်၏စကားအတိုင်း၊ အကျွန်ုပ်၌ဖြစ်ပါစေသောဟု ဝန်ခံပြီးမှ ကောင်းကင်တမန်သည် မာရိထံမှထွက်သွားလေ၏” (လုကာ ၁း၃၈)။ ကျွန်ဆိုသည်မှာ အဘယ်အခြေအနေ၌မဆို သခင်၏စကားကို လုံးဝနာခံရမည်ဖြစ်ပါသည်။ မာရိသည် မိမိအပေါ်၌တည်သော ဘုရားသခင်၏အဆုံးစွန်တန်ခိုးအာဏာတော်ကို နားလည်သဘောပေါက်ခြင်းရှိ၏။

မာရိသည် ဘုရားသခင်၏အံ့ဖွယ်တန်ခိုးတော်အားဖြင့် ယေရှုကိုပဋိသန္ဓေစွဲယူခဲ့၏။ ဤပဋိသန္ဓေသည် လူ့အားဖြင့်မဟုတ်၊ ဘုရားသခင်၏တန်ခိုးတော်အားဖြင့် တည်စေခြင်းဖြစ်ပါသည်။ “ဘုရားသခင်တတ်နိုင်တော်မမူသောအမှုမရှိ” (လုကာ ၁း၃၇)။ ဘုရားသခင်၏တန်ခိုးတော်ကို လူအသိဉာဏ်ကမမီပါ။ Calvin က “ဘုရားသခင်ပြုသောအံ့ဖွယ်နိမိတ်လက္ခဏာတို့တွင် ကျွန်တော်တို့မသိနားမလည်စေခြင်းငှါ အကုန်လုံးဖော်ပြတော်မမူတတ်ပေ။ ကျွန်တော်တို့သည် ပြုတော်မူသောအမှုကိုကြည်ညိုသောစိတ်နှင့် လက်ခံယုံကြည်ရန်သာဖြစ်ပါသည်” ဟုဆိုခဲ့၏။

ဘုရားသခင်၏သားတော်ယေရှုသည် လူ့ဇာတိကိုခံယူခဲ့သော်လည်း၊ သူသည်အစအဦးမှ ခမည်းတော်နှင့်အတူ တည်ရှိတော်မူသော နှုတ်ကပတ်တော်၊ ဘုရားသခင်ဖြစ်တော်မူ၏။ ဆိုလိုသည်မှာ ထာဝရဘုရားသခင်၏ ထာဝရသားတော်သည် လူ့ဇာတိကိုခံယူခဲ့ခြင်းဖြစ်ပါသည်။ ယေရှုသည် ဘုရား-လူသားဖြစ်တော်မူပြီး သန့်ရှင်းသောသုံးပါးတစ်ဆူဘုရား၌ ဒုတိယပုဂ္ဂိုလ်ဖြစ်တော်မူ၏။

ခမည်းတော်ဘုရား၏တန်ခိုးအာဏာတော်နှင့် စကားတော်ကိုနာခံခဲ့ကြောင်း လူတို့သည် သိမှတ်ကြရပါမည်။ ထို့ပြင်ခရစ်ယာန်တို့သည် သခင်ယေရှုပြုတော်မူသော ကယ်တင်ခြင်းအမှုကို အစဉ်အမှတ်ရကြရပါမည်။ “မိမိတို့ကို မိမိတို့မပိုင်. . . သင်တို့သည် အဘိုးနှင့်ဝယ်တော်မူသောသူဖြစ်” (၁ ကော ၆း၁၉-၂၀) ကြပါ၏။ ကျွန်တော်တို့သည် ကိုယ်တော်၏အလိုတော်ကို နာခံကြရပါမည်။ မာရိသည်ဘုရားသခင်၏အလိုတော်သို့ ဆက်ကပ်သည်နည်းတူ၊ ကျွန်တော်တို့သည်လည်း ကိုယ်တော်မိန့်တော်မူချက်တို့ကို နာခံလိုက်လျှောက်ကြရပါမည်။

**ဆင်ခြင်ရန်** - ဘုရားသခင်၏နှုတ်ကပတ်တော်ကို အကျွန်ုပ်နာခံလိုက်လျှောက်ခြင်းရှိပါသလား။

**ဆုတောင်းချက်** - ကောင်းကင်ဘုံရှိအဘ၊ ကိုယ်တော်၏ဘုန်းတော်အတွက် အကျွန်ုပ်ခန္ဓာကိုယ်ကို အသုံးပြုတော်မူပါ။ ကိုယ်တော်၏အလိုကိုလိုက်လျှောက်စေတော်မူပါ။ သန့်ရှင်းသောအသက်တာဖြင့် အသက်ရှင်လျက် သူတပါးတို့အား သခင်ယေရှုခရစ်တော်ထံ ခေါ်ဆောင်သောတန်ဆာပလာကောင်းဖြစ်စေတော်မူပါ။

အင်္ဂါ၊ ဇန်နဝါရီ (၉)
**လုကာ ၁း၃၉-၅၆**
ကောလော ၁း၁၂-၂၀

*"အဆွေခင်ပွန်းသည် ဒဏ်ပေးသောအခါ သစ္စာစောင့်လျက်ပေး၏။ ရန်သူမူကား၊ နမ်းသောအခါ လှည့်စားတတ်၏။"*

---

## သစ္စာတည်ခြင်းကိုချီးမွမ်းဂုဏ်ပြုခြင်း

ဗတ္တိဇံဆရာယောဟန်သည် အမိဝမ်းထဲ၌ပင် သန့်ရှင်းသောဝိညာဉ်တော်နှင့် ပြည့်ဝခြင်းရှိ၍ မာရိရောက်လာသောအခါ အမိဝမ်းထဲ၌ခုန်ခဲ့၏။ မမွေးသောသူပင်လျှင် ဝမ်းမြောက်ခြင်းရှိခဲ့၏။ မိမိဝမ်းထဲရှိသူငယ်သာမက၊ ဧလိရှဗက်ကိုယ်တိုင်လည်း ဝမ်းမြောက်ခြင်းရှိခဲ့၏။ သူတို့သည် ပဋိသန္ဓေစွဲယူကြသောကြောင့်မဟုတ်ဘဲ၊ သခင်ယေရှုခရစ်တော်အားဖြင့် ပြုတော်မူမည့်ကယ်တင်ခြင်း အစီအစဉ်၌ တန်ဆာပလာအဖြစ် ဘုရားသခင်အသုံးပြုတော်မူသောကြောင့် ဝမ်းမြောက်ခြင်းဖြစ်ပါသည်။ ဧလိရှဗက်က မာရိအားသူမွေးလာမည့်သူငယ်သည် မြတ်စွာသောမင်္ဂလာရှိသောသူဖြစ်သောကြောင့် သူကိုယ်တိုင်လည်း မင်္ဂလာရှိသောသူဟုဆိုခဲ့၏။

မာရိကငါ့ကိုကယ်တင်တော်မူသော အရှင်ဟုဆိုခဲ့၏။ သူသည်မိမိ၏အပြစ်သားဖြစ်ခြင်းနှင့် ကယ်တင်ရှင်လိုအပ်မှုကိုသိရှိခဲ့ပါသည်။ မာရိသည် ရော်မန်ကာသိုလစ်တို့ထင်မှတ်သည်အတိုင်း အပြစ်ကင်းစင်သောသူမဟုတ်ပါ။ သူသည်အပြစ်သားဖြစ်၍ ခရစ်တော်၏ကယ်တင်တော်မူခြင်း မခံရလျှင် ငရဲမီးပင်လယ်ထဲ၌ချခံရမည့်သူဖြစ်ပါသည်။ သမ္မာကျမ်းစာ၌တွေ့ရသောမာရိသည် မိမိကိုယ်ကိုဘုရားသခင်၏မိခင်အဖြစ် မချီးမြှောက်ခဲ့ပါ။ မိမိကိုယ်ကို ဘုရားသခင်၏ကျွန်မဟုဆိုခဲ့၏ (လုကာ ၁း၄၈)။ ဘုရားသခင်ကိုချီးမြှောက်လျက်၊ မာနထောင်လွှားသောသူတို့သည် ဆွဲချခြင်းကိုခံ၍၊ ငွေရတတ်သောသူတို့အား လက်ချည်းလွှတ်တော်မူပြီဟုဆိုခဲ့၏။ သူသည်မိမိ၏ဘုန်းကို မဟုတ်ဘဲ၊ ဘုရားသခင်၏ဘုန်းတော်ကိုချီးမွမ်းခဲ့ပါ၏။

မာရိသည်ဘုရားသခင်ကိုချီးမြှောက်၍ ဘုန်းတော်ကိုဖော်ပြခဲ့ပါသည်။ သခင်ယေရှုသည် မြင်၍မရသောဘုရားသခင်၏ သဏ္ဌာန်တော်အမှန်ဖြစ်ပါ၏။ "အကြောင်းမူကား၊ ခပ်သိမ်းသော ပြည့်စုံခြင်းကို သားတော်၌ကိန်းဝပ်စေခြင်းငှါငှင်း . . . ဘုရားသခင် . . . အလိုရှိတော်မူ၏" (ကောလော ၁း၁၉)။ ထို့ကြောင့်ခရစ်တော်၏ဘုန်းတော်ကို နှိမ့်ချသောသူ၊ မထီမဲ့မြင်ပြုသောသူသည် ဘုရားသခင်ထာဝရဘုရားကိုမထီမဲ့မြင်ပြုခြင်းပေတည်း။ ထို့ကြောင့်ကျွန်တော်တို့သည် ခရစ်တော်ပိုင်ဆိုင်သောဘုန်းအာနုဘော်အပေါင်းကို အဘယ်သူထံမျှမပေးဘဲ၊ ထိုခရစ်တော်ကိုသာချီးမွမ်းလျက်၊ ချီးမြှောက်ကြရပါမည်။ ထိုသို့မပြုလျှင်၊ ဘုရားသခင်ရွံရှာတော်မူသော ရုပ်တုကိုးကွယ်ခြင်းပြုသကဲ့သို့ ဖြစ်ပါ၏။ "ငါ့ဘုန်းကိုအခြားသောသူအားငှင်း၊ ငါ့အသရေကိုရုပ်တုဆင်းတုတို့အားငှင်း ငါမပေး" (ဟေရှာ ၄၂း၈)။

**ဆင်ခြင်ရန်** - ယေရှုကိုသာဝတ်ပြုကိုးကွယ်လျက်၊ ဘုန်းအာနုဘော်အပေါင်းကို ယေရှုသာလျှင် ပိုင်တော်မူကြောင်း အကျွန်ုပ်ဝန်ခံပါသလား။

**ဆုတောင်းချက်** - အဖဘုရား၊ ကိုယ်တော်ကိုသာ ကိုးကွယ်လျက်၊ ဘုန်းတော်ကိုအခြားမည်သူထံသို့မျှ မပေးမည်အကြောင်း မစတော်မူပါ။

ဗုဒ္ဓဟူး၊ ဇန်နဝါရီ (၁၀)
**လုကာ ၂း၁-၅**
မိက္ခာ ၅း၂

*"အိုဗက်လင်ဇဖရတ်မြို့၊ . . . ဣသရေလအမျိုးကို အုပ်စိုးရသောသခင်သည် ငါ့အဘို့သင်၏အထဲမှ ပေါ်ထွန်းလတ္တံ့"*

## စုံလင်သောစီမံခွဲခန့်မှတ်သားတော်မူခြင်း

ဘုရားသခင်သည် သားတော်ယေရှုအတွက်နေရာ၊ လူမျိုးနှင့်လိုအပ်သောအရာတို့ကို စုံလင်စွာမှတ်သားလျက် စီမံတော်မူ၏။ ယေရှုမွေးဖွားမည့်နေရာသည် နာဇရက်မြို့မဟုတ်ဘဲ၊ နှစ်ပေါင်းများစွာကတည်းက ပရောဖက်ပြုခဲ့သည့်အတိုင်း ဗက်လင်မြို့ဖြစ်ပါသည်။ "အိုဗက်လင်ဇဖရတ်မြို့၊ အစိုးရသောယုဒမြို့တို့တွင် သင်သည်မြို့ငယ်မြို့ယုတ်ဖြစ်သော်လည်း၊ ဣသရေအမျိုးကို အုပ်စိုးရသောသခင်သည် ငါ့အဖို့သင်၏အထဲမှာ ပေါ်ထွန်းလတ္တံ့။ ထိုသခင်သည် ရှေးကပ်ကမ္ဘာမှစ၍ပေါ်ထွန်းသောသခင်ဖြစ်၏" (မိက္ခာ ၅း၂)။

မာရိနှင့်ယောသပ်တို့သည် ဘုရားသခင်၏သားမွေးဖွားမည်ဟု သတ်မှတ်ထားသောအရပ်၌ နေထိုင်သောသူမဖြစ်ကြပါ။ သို့သော်လည်း ဘုရားသခင်သည် ပရောဖက်အားဖြင့် မိန့်တော်မူချက်တို့ကို ပြည့်စုံစေခြင်းငှါ စီစဉ်တော်မူ၏။ ကဲသာဘုရင်ဩဂုတ္တု၏စာရင်းယူရန် အမိန့်တော်သည် မတော်တဆအမှုမဟုတ်ပါ။ ဤဇနီးမောင်နှံတို့သည် ရွေးချယ်စရာမရှိ၊ မိမိတို့၏ဇာတိဖြစ်သော ဗက်လင်မြို့သို့သွားရန်သာဖြစ်ပါသည်။ မျှားမကြာမီ မွေးဖွားလာမည့်မေရှိယအဖို့ ဘုရားသခင်သည် မိမိ၏အဆုံးစွန်အာဏာတော်တန်ခိုးအားဖြင့် အရာခပ်သိမ်းစီစဉ်တော်မူခြင်းပေတည်း။ "ရှင်ဘုရင်၏ စိတ်နှလုံးသည် ရေချောင်းကဲ့သို့ဖြစ်၍၊ ထာဝရဘုရား၏လက်တော်၌ရှိသဖြင့်၊ အလိုတော်ရှိသည်အတိုင်း လှည့်စေတော်မူ၏" (သုတ္တံ ၂၁း၁)။ မာရိနှင့်ယောသပ်သည် ကောင်းကင်တမန်၏ စကားတော်အတိုင်း ပြုကြခြင်းဖြစ်ပါသည်။ ငြင်းခုံခြင်း၊ မကျေနပ်ခြင်းမရှိဘဲ ဘုရားသခင်၏ အလိုတော်သို့ ဆက်ကပ်ခဲ့ကြ၏။ "နာခံခြင်းသည် ယုံကြည်ခြင်း၏အကောင်းဆုံးသော သက်သေ" ဖြစ်ပါသည်။

ပရောဖက်ပြုထားသည့်အတိုင်း ခရစ်တော်သည် ဗက်လင်မြို့၌ဖွားမြင်ခြင်းငှါ မာရိအား နာဇရက်မြို့မှ ထိုနေရာသို့ပို့ဆောင်ခြင်းသည် ဘုရားသခင်၏အံ့ဖွယ်စီမံခွဲခန့်တော်မူခြင်းဖြစ်ပါသည်။ ဘုရားသခင်သည် လူတို့၏အကြံအစည်နှင့်အပြုအမူတို့ကို မိမိ၏အလိုတော်ပြည့်စုံစေခြင်းငှါ ခွဲခန့်မှတ်သားတော်မူခြင်းပေတည်း။ ဘုရင်သည်အမိန့်တော်အားဖြင့် မိမိအဖို့ရုံပုံငွေရှာရန်ဖြစ်သော်လည်း၊ ဘုရားသခင်၏ရည်ရွယ်ချက်သည် မိမိ၏ပရောဖက်ပြုချက်ပြည့်စုံစေရန်ဖြစ်ပါသည်။ ဘုရားသခင်၏ စီမံခွဲခန့်မှတ်သားတော်မူခြင်းသည် ဤလောကီလူသား၏ဉာဏ်ဖြင့် မမီနိုင်ပါ။ မိမိ၏သားသမီး အတွက်လည်း ဘုရားသခင်ထိုနည်းတူ စီရင်တော်မူ၏။ ဘုရားသခင်၏လက်တော်၊ ခွင့်ပြုချက် မရှိဘဲ၊ သင့်အသက်တာ၌ အဘယ်အမှုမျှမကျရောက်နိုင်ပါ။ "သင်တို့ဆံပင်သည်လည်း၊ အကုန်အစင် ရေတွက်လျက်ရှိ၏။ ထို့ကြောင့် မကြောက်ကြနှင့်။ သင်တို့သည်စာငှက်အများတို့ထက် သာ၍မြတ်ကြ၏" (လုကာ ၁၂း၇)။

**ဆင်ခြင်ရန်** - အကျွန်ုပ်၏အသက်တာ၌ ဘုရားသခင်၏စီမံခွဲခန့်မှတ်သားခြင်းကို မြင်တွေ့ရပါသလား။

**ဆုတောင်းချက်** - ကောင်းကင်ဘုံရှိအနန္တတန်ခိုးရှင်ထာဝရဘုရား၊ ကိုယ်တော်သည် အကျွန်ုပ်ကို ရွေးနှုတ်၍ အသက်တာ၌အစီအစဉ်ချပေးတော်မူ၏။ ထို့ကြောင့် အကျွန်ုပ် အသက်တာ၌ ဖြစ်ပျက်သောကိုယ်တော်စီမံခွဲခန့်မှတ်သားထားသော အရာတို့ကို ချီးမွမ်းခြင်းပြုနိုင်ရန်မစတော်မူပါ။

ကြာသပတေး၊ ဇန်နဝါရီ (၁၁)
**လုကာ ၂း၆-၇**
၁ ကော ၁း၂၇

*"ဘုရားသခင်သည်. . အစွမ်းသတ္တိရှိသောသူတို့ကို ရှက်ကြောက်စေခြင်းငှါ၊ လောကီအရာ၌ အားနည်းသော သူတို့ကို ရွေးကောက်တော်မူ၏"*

# သိမ်ငယ်သောဖွားမြင်ခြင်း

သမ္မာကျမ်းစာကယောသပ်နှင့်မာရိအား ဖြောင့်မတ်သောသူဟုဆိုထား၏။ သူတို့သည် ဘုရားသခင်ကိုကြောက်ရွံ့သောသူ၊ ကောင်းကင်တမန်ဂါဗြေလအားဖြင့် ပြောသောဘုရားသခင်၏ စကားကို ယုံကြည်သောသူဖြစ်ကြ၏။ သူတို့သည်အပြစ်မရှိသောသူမဟုတ်ပါ။ သို့သော်လည်း ကြွလာတော်မူမည့်မေရှိယကို ယုံကြည်သောသူဖြစ်ကြ၏။ ဘုရားသခင်၏သားတော်ကို စောင့်ရှောက်ပြုစုခြင်းငှါ တာဝန်ယူလိုစိတ်ရှိကြခြင်းက သူတို့၏ယုံကြည်ခြင်းကို ဖော်ပြလျက်ရှိ၏။ သို့သော်လည်း သူတို့သည် ချမ်းသာကြွယ်ဝသောသူမဖြစ်ကြပါ။ ဤအချက်ကို သူငယ်ရစ်ပတ်ခြင်း၌ အသုံးပြုသော အဝတ်အားဖြင့် သိရပါသည်။ ဤ "အဝတ်" ဟူသောစကားလုံးသည် အထည်မှ (သို့) အဝတ်အစားတစ်ခုခုမှဖြတ်ရသော အဝတ်စဟောင်းကိုရည်ညွှန်းပါသည်။ ဤသို့သောအဝတ်စကို ချမ်းသာသောသူတို့သည် မိမိတို့၏ကလေးငယ်ရစ်ပတ်ခြင်း၌ အသုံးမပြုကြပါ။ ယောသပ်နှင့်မာရိသည် ဆင်းရဲသောသူဖြစ်သကဲ့သို့၊ မေရှိယသည် သိမ်ငယ်စွာမွေးဖွားလာခဲ့၏။

သတ်မှတ်ထားသောနေရာသည် ဗက်လင်မြို့ဖြစ်ပါသည်။ ဘုရားသခင်သည် ချစ်လှစွာသော သားတော်အတွက် အရာခပ်သိမ်းဖြစ်မြောက်အောင် စီစဉ်တော်မူ၏။ "အိုဗက်လင်ဧဖရတ်မြို့၊ အစိုးရသောယုဒမြို့တို့တွင် သင်သည်မြို့ငယ်မြို့ယုတ်ဖြစ်သော်လည်း၊ ဣသရေအမျိုးကို အုပ်စိုးရသောသခင်သည် ငါ့အဖို့သင်၏အထဲမှာ ပေါ်ထွန်းလတ္တံ့။ ထိုသခင်သည် ရှေးကပ်ကမ္ဘာမှစ၍ပေါ်ထွန်းသောသခင်ဖြစ်၏" (မိက္ခာ ၅း၂)။ သို့သော်လည်း ဗက်လင်မြို့သည် သေးငယ်သော၊ ဆင်းရဲသောမြို့ဖြစ်၏။ ဘုရားသခင်သည်ကြီးကျယ်သော၊ ခမ်းနားသော၊ ထောင်လွှားသောအရာကို ဦးစားမပေးတတ်။ သေးငယ်သော၊ အားနည်းသော၊ ရိုးရှင်းသော၊ နှိမ့်ချသောအရာကို ရွေးနှုတ်တော်မူတတ်၏။ "ဘုရားသခင်သည် ပညာရှိတို့ကိုရှက်ကြောက်စေခြင်းငှါ၊ လောကီအရာ၌ မိုက်မဲသောသူတို့ကို ရွေးကောက်တော်မူ၏။ အစွမ်းသတ္တိရှိသောသူတို့ကို ရှက်ကြောက်စေခြင်းငှါ၊ လောကီအရာ၌ အားနည်းသောသူတို့ကို ရွေးကောက်တော်မူ၏" (၁ ကော ၁း၂၇)။

တိရိစ္ဆာန်ထားရာအရပ်သည် ဘုရားသခင်၏သားတော်မွေးဖွားရာအရပ်ဖြစ်ခဲ့၏။ ထိုသို့ နွားစားခွက်၌ သိပ်ထားခြင်းခံရခြင်းက သခင်ယေရှုခရစ်တော်၏ နှိမ့်ချခြင်းစိတ်သဘောကို ထင်ရှားစွာပေါ်လွင်စေပါ၏။ ထိုမြို့ငယ်လေးထဲတွင် တည်းခိုခန်းများရှိပါသော်လည်း၊ သူတို့အတွက် အခန်းလွတ်မရှိခဲ့ပါ။ ကောင်းကင်နှင့်မြေကြီးကို ဖန်ဆင်းတော်မူသော ဘုရားသည် ချမ်းသာကြွယ်ဝသောသူတို့ထံ မွေးဖွားခြင်းထက် နှိမ့်ချသောသူတို့၌ မွေးဖွားခြင်းငှါ ပို၍အလိုရှိတော်မူ၏။ ယနေ့ သခင်ယေရှုခရစ်တော်၏တပည့်တော်တို့သည် ဤအချက်ကို မေ့လျော့လျက် "ဘုရားသခင်ကို နှစ်သက်သည်ထက် ကာမဂုဏ်ခံစားခြင်းကို သာ၍နှစ်သက်သောသူ" (၂ တိ ၃း၄) ဖြစ်လာကြ၏။

**ဆင်ခြင်ရန်** - အကျွန်ုပ်သည်သခင်၏နှိမ့်ချသောလမ်းကို လိုက်ပါသလား (သို့) လောကီလမ်းသို့ လိုက်ပါသလား။

**ဆုတောင်းချက်** - နှိမ့်ချခြင်းစိတ်သဘောရှိတော်မူသော ဘုရားသခင်၊ ကိုယ်တော်၏သန့်ရှင်းသော၊ မြတ်သောအလိုတော်ကို ပြုမည်အကြောင်း၊ အကျွန်ုပ်အားနှိမ့်ချသောစိတ်သဘော ပေးသနားတော်မူပါ။ ကိုယ်တော်သည်ကြီးမြတ်တော်မူပြီး၊ အကျွန်ုပ်သည်ဘာမှ မဟုတ်သောကြောင့် ကျွန်တော်ထောင်လွှားခြင်းရှိသောအခါ ဆုံးမတော်မူပါ။

သောကြာ၊ ဇန်နဝါရီ (၁၂)
**လုကာ ၂း၂၁-၂၅**
ကမ္ဘာ ၁၇း၉-၁၂

*"သို့ဖြစ်၍သင်နှင့်တကွသင့်နောက်၌ သင်၏ အမျိုးအနွယ် အစဉ်အဆက်တို့သည်ငါ၏ ပဋိညာဉ်ကို စောင့်ရှောက်ရကြမည်"*

---

## ဗိမာန်တော်၌ဆက်ကပ်ပူဇော်ခြင်း

မောရှေ၏ပညတ်တော်အလုံးစုံလိုက်လျှောက်ခြင်းအားဖြင့် ယေရှု၏စုံလင်သောနာခံခြင်း အသက်တာကို ငယ်စဉ်ကပင်တွေ့ခဲ့ရ၏။ သူ့မိဘတို့၏နာခံခြင်းအားဖြင့် ယေရှုသည် ရှစ်ရက်မြောက်သောနေ့တွင် အရေဖျားလှီးခြင်းမင်္ဂလာခံခဲ့၏။ ကမ္ဘာ ၁၇း၉-၁၂ ထဲတွင် ဘုရားသခင်က အာဗြဟံထံ၌ ဤသို့ပဋိညာဉ်ပြုခဲ့၏။ "သို့ဖြစ်၍ သင်နှင့်တကွသင့်နောက်၌ သင်၏အမျိုးအနွယ် အစဉ်အဆက်တို့သည် ငါ၏ပဋိညာဉ်ကို စောင့်ရှောက်ကြရမည်။ သင်နှင့်တကွ သင့်နောက်၌ သင်၏ အမျိုးအနွယ်သည် ငါ့ရှေ့မှာစောင့်ရှောက်ရသော ငါ၏ပဋိညာဉ်ဟူမူကား သင်တို့တွင်သားယောကျ်ားတိုင်းအရေဖျားလှီးမင်္ဂလာခံရမည်။ အရေဖျားလှီးမင်္ဂလာသည် ငါနှင့်သင်တို့ပြုသော ပဋိညာဉ်၏ လက္ခဏာသက်သေဖြစ်ရလိမ့်မည်။ သင်တို့အမျိုးအစဉ်အဆက်တို့၌ သားယောကျ်ားတိုင်း ကိုယ်အိမ်၌ ဖွားသောသူဖြစ်စေ၊ ကိုယ့်အမျိုးမဟုတ်၊ တပါးအမျိုးသား၌ငွေနှင့်ဝယ်သောသူဖြစ်စေ၊ အသက်ရှစ်ရက်မြောက်လျှင် အရေဖျားလှီးမင်္ဂလာကိုခံရမည်"။

ယေရှုသည်စုံလင်ဖြောင့်မတ်တော်မူသောကြောင့် ကျွန်ုပ်တို့၏ဖြောင့်မတ်ရာဖြစ်တော်မူ၏။ မာရိနှင့်ယောသပ်သည် ပညတ်တရားအလုံးစုံကို လိုက်လျှောက်ဖို့လိုအပ်ကြောင်းသိခဲ့ကြ၏။ သူငယ်ယေရှုကိုမာရိနှင့် ယောသပ်က ယေရုရှလင်မြို့ရှိ ဗိမာန်တော်သို့သွားရောက်ဆက်ကပ်ခဲ့ပါ၏။ "လူဖြစ်စေ၊ တိရိစ္ဆာန်ဖြစ်စေ၊ သားဦးအပေါင်းတို့ကို ငါ့အဖို့သန့်ရှင်းစေလော့။ ငါ့ဥစ္စာဖြစ်ကြသည်ဟု မိန့်တော်မူ၏" (ထွက် ၁၃း၂)။ ထို့ကြောင့်မိဘတို့သည် သားသမီးတို့၏ ခန္ဓာကိုယ်ပိုင်းဆိုင်ရာလိုအပ်ချက်တို့ကို ဖြည့်ဆည်းပေးရန်တာဝန်ရှိသည်သာမက၊ အထူးသဖြင့် သားသမီးတို့၏ ဝိညာဉ်ရေးရာလိုအပ်ချက်တို့ကို မဖြစ်မနေဖြည့်ဆည်းပေးရပါမည်။

သားဖွားမြင်ပြီးနောက်တွင် မိခင်အတွက် ယဇ်ပူဇော်ခြင်းပြုရန်ဘုရားသခင်၏ ပညတ်ချက်ရှိ၏။ ". . . မီးရှို့ရာယဇ်ဘို့အခါမလည်သော သိုးသူငယ်တစ်ကောင်၊ အပြစ်ဖြေရာယဇ်ဖို့ ချိုးကလေးတစ်ကောင်၊ သို့မဟုတ်ခိုတစ်ကောင်ကို ပရိသတ်စည်းဝေးရာ တဲတော်တံခါးရှေ့ ယဇ်ပုရောဟိတ်ထံသို့ ဆောင်ခဲ့ရမည်" (ဝတ် ၁၂း၆)။ မာရိသည် ခိုနှစ်ကောင်ကိုပူဇော်ခဲ့၏။ ဤအမှုသည်မိမိတတ်နိုင်သော၊ မိမိစတ်ရှိသည်အတိုင်း ပြုခြင်းဖြစ်ပါသည်။

ဒုတိယမွေးခြင်းခံရသောယုံကြည်သူသည် ဘုရားသခင်ရှေ့မှောက်၌ ဖြောင့်မတ်သော၊ ဘုရားနှစ်သက်သောအရာတို့ကို ပြုမည်အကြောင်း၊ ဘုရားသခင်၏နှုတ်ကပတ်တော်လေ့လာသင်ယူခြင်းဖြင့် ဖြောင့်မတ်ခြင်းပါရမီကို ငတ်မွတ်ခြင်းရှိရပါမည်။

**ဆင်ခြင်ရန်** - ဖြောင့်မတ်ရာလမ်းကို ကျွန်တော်ရှာဖွေပါသလား။
**ဆုတောင်းချက်** - အိုထာဝရဘုရား၊ နှုတ်ကပတ်တော်၏ခိုင်းစေချက်တို့ကို စုံလင်စွာလိုက်လျှောက်လိုသော ဆန္ဒကိုအကျွန်ုပ်အား ပေးသနားတော်မူပါ။

စနေ၊ ဇန်နဝါရီ (၁၃)
**လုကာ ၂း၂၅-၃၈**
တမန် ၁၁း၁၅-၁၈

*"အကယ်စင်စစ်ဘုရားသခင်သည် အသက်ရှင်စေခြင်း အလို့ငှါ၊ နောင်တတရားကိုတပါးအမျိုးသား တို့အားလည်းပေးတော်မူ၏"*

## ပရောဖက်များရှေ့တော်၌

ပရောဖက်တို့၏အမှုတော်သည် လက်ရှိဖြစ်ပျက်သောအရာဖော်ပြခြင်းနှင့် အနာဂတ်အကြောင်းဟောပြောခြင်းတို့ဖြစ်ပါသည်။ လူတို့၏မိုက်မဲမှုနှင့်ယိုယွင်းပျက်စီးမှုရှိသော်ငြားလည်း၊ ဘုရားခင်ရှေ့တော်၌ မျက်နှာသာခံရသောသူအချို့ရှိနေသေး၏။ ရှိမောင်သည် ဖြောင့်မတ်သောသူ၊ တရားကို ရိုသေသောသူဟုဖော်ပြခဲ့၏။ သူသည် ဣသရေလအမျိုး၏သက်သာခြင်းအကြောင်းကို မြော်လင့်သောသူဖြစ်ပါသည်။ ဘုရားသခင်ကိုအမှန်ကိုးကွယ်သောသူတို့သည် ကယ်တင်ခြင်း မြော်လင့်ခြင်းရှိကြ၏။ သူသည်ဘုရားသခင်၏ ကတိတော်တည်းဟူသော၊ ယေရှုခရစ်တော်အားဖြင့် ကယ်တင်ခြင်းကျေးဇူးတော်ကို ယုံကြည်ကိုးစားသောသူဖြစ်၏။ Augustine ဆိုခဲ့သည်အတိုင်း "ဓမ္မသစ်ကျမ်းသည် ဓမ္မဟောင်းထဲ၌ သိုထားခြင်းခံရ၍၊ ဓမ္မဟောင်းကျမ်းကို ဓမ္မသစ်ထဲ၌ ရှင်းလင်းဖော်ပြထားပါသည်"။ ရှိမောင်သည် သခင်ယေရှုခရစ်တော်ကိုမမြင်ရဘဲမသေဟု သန့်ရှင်းသောဝိညာဉ်တော်က ဖော်ပြခဲ့၏။ ဓမ္မဟောင်း၏ပရောဖက်ပြုချက်စုံလင်ခြင်းကို မိမိမြင်တွေ့ရသော ထိုမေရှိယ၌ ပြည့်စုံခဲ့ပါသည်။ ခရစ်တော်လူ့ဇာတိခံခြင်းအကြောင်းကို ရှိမောင်ကြေငြာခဲ့၏။ ထိုနည်းတူ အန္နကလည်း ထိုသူငယ်သည် ဣသရေအမျိုး၏ကယ်တင်ရှင်သာမဟုတ်ဘဲ၊ ဤလောကီလူသားအားလုံး၏ ကယ်တင်ရှင်ဖြစ်ကြောင်းဖော်ပြခဲ့ပါသည်။

သူတို့၏ပရောဖက်ပြုချက်တို့သည် စုံလင်ခြင်းရှိခဲ့ကြ၏။ ရှိမောင်က သူငယ်ယေရှုသည် "ဣသရေလအမျိုးကို ချီးမြှောက်စေခြင်းငှါလည်းကောင်း၊ တပါးအမျိုးသားတို့ကို လင်းစေခြင်းငှါလည်းကောင်း. . ." (လုကာ ၂း၃၂) ဖြစ်ပါ၏ဟုဆိုခဲ့၏။ သခင်ယေရှုခရစ်တော်သည် ယုဒလူတို့သာမဟုတ်၊ လောကီလူသားအပေါင်းကို ကယ်တင်ခြင်းငှါ ကြွလာတော်မူ၏။ ". . . နောင်တတရားကို တပါးအမျိုးသားတို့အားလည်းပေးတော်မူပြီဟု ဘုရားသခင်၏ဂုဏ်တော်ကိုချီးမွမ်းကြ၏" (တမန် ၁၁း၁၈)။ လူသည် အလင်းတော်အမှောင်ကိုပို၍ နှစ်သက်သောကြောင့်၊ အလင်းလိုအပ်လျက်ရှိကြ၏။ ဤလောက၏ အလင်းဖြစ်တော်မူသော ခရစ်တော်သည် လူသားများအလင်းရရှိ၍ ထာဝရအသက်ရစေခြင်းငှါ ကြွလာတော်မူခဲ့၏။

ရှိမောင်နှင့်အန္နတို့၏သက်သေခံချက်က သူငယ်ယေရှုသည် ဘုရားသခင်ထံမှကြွလာတော်မူသောသူဖြစ်ကြောင်း ထင်ရှားစေခဲ့၏။ ယနေ့များစွာသောလူတို့သည် သခင်ယေရှုခရစ်တော်၏ ဘုရားဖြစ်ခြင်းကို ငြင်းပယ်လျက်ရှိကြ၏။ မယုံကြည်သောစိတ်နှလုံးသည် မှောင်မိုက်အတိဖုံး၍၊ မျက်စိလည်းကွယ်လျက်ရှိ၏။ သင့်စိတ်နှလုံးအသိဉာဏ်အလင်းပေးခြင်းခံရပါသလား။ သမ္မာတရားသိမြင်ခြင်းငှါ သင့်မျက်စိဖွင့်ပေးခြင်းခံရပါသလား။ သင့်စိတ်နှလုံးခိုင်မာခြင်းမရှိစေဘဲ၊ ဘုရားသခင်၏ ပရောဖက်ပြုချက်တို့ကို ယုံကြည်ခြင်းရှိပါလော့။ ဤပရောဖက်များနည်းတူ၊ ဘုရားသခင်၏နှုတ်က ပတ်တော်ကို ပြောကြားခြင်းပြုလော့။

**ဆင်ခြင်ရန်** - ပရောဖက်ပြုချက်တို့သည် ခရစ်တော်၌ပြည့်စုံကြောင်း ကျွန်တော်ယုံကြည်ပါသလား။

**ဆုတောင်းချက်** - အဖဘုရား၊ သမ္မာကျမ်းစာထဲမှ ပရောဖက်ပြုချက်တို့သည် စုံလင်ခြင်းရှိကြကြောင်း ယုံကြည်ခြင်းငှါ မစတော်မူပါ။

တနင်္ဂနွေ၊ ဇန်နဝါရီ (၁၄)

**လုကာ ၂း၃၉-၅၂**

ယော ၅း၃၉-၄၄

*"... ကျမ်းစာကိုစေ့စေ့ကြည့်ရှုကြ၏။ ထိုကျမ်းစာပင် ငါ၏သက်သေဖြစ်၏"*

## လူများတို့နှင့်အတူ

ယေရှုသည်မိမိမြို့သူမြို့သားများအမြင်တွင် လက်သမားတစ်ဦးနှင့်သားမျှပင်ဖြစ်ပါ၏။ သမ္မာကျမ်းစာထဲတွင် ယေရှု၏ငယ်စဉ်ဘဝအကြောင်း မဖော်ပြသော်လည်း၊ လူတို့က သူ့ကို လက်သမားယောသပ်၏သားဟု သိကြ၏။ ယုဒကလေးတို့သည် မိမိတို့၏ဖခင်အသက်မွေးဝမ်းကျောင်းအလုပ်ကို သင်ယူတတ်ကြ၏။ ယေရှုသည်မိမိတို့၏ဖခင်အသက်မွေးဝမ်းကျောင်းအလုပ်ကို သင်ယူတတ်ကြ၏။ ယေရှုသည် မိမိ၏ဆွေမျိုးများအကြား၌လည်း သာမန်လူသားတစ်ဦးပင်ဖြစ်ပါသည်။ ယေရှုသည် သူ့မိသားစု၏ပြုစုကျွေးမွေးမှုအောက်တွင် ကြီးပြင်းခဲ့၏။ သူငယ်ယေရှုသည် သူ့မိဘတို့၏ စကားကိုနာခံခြင်းရှိခဲ့၏။ သူသည်ကြီးထွားလာ၍ ပညာတိုးပွားလျက် ဘုရားသခင်ရှေ့၊ လူတို့ရှေ့မှာ မျက်နှာရတော်မူ၏။

ထိုသို့ယေရှုခရစ်တော်သည် မိမိကိုယ်ကိုနှိမ့်ချ၍ လူ့ဇာတိခံလျက်၊ ခန္ဓာကိုယ်အားဖြင့် ကြီးထွားခြင်းရှိသော်လည်း၊ မိမိ၏ဘုန်းအာနုဘော်နှင့်ဘုရားဖြစ်ခြင်းလုံးဝလျော့သွားခြင်းမရှိပါ။ Calvin က "ခရစ်တော်သည် လူ့ဇာတိခံခြင်းအမှု၌ အသက်အရွယ်အလိုက်ကြီးထွားခြင်းရှိ၍၊ ဝိညာဉ်တော်၏ ဆုကျေးဇူးခံချက်၊ ပြည့်စုံခြင်း (ယော ၁း၁၆) ရှိပြီး၊ ထိုမှကျွန်တော်တို့သည် ကျေးဇူးတပါးမှတပါးကို ခံရကြ၏" ဟုရေးသားထားပါသည်။

ငယ်ရွယ်စဉ်အခါ၌ ယေရှုအားဗိမာန်တော်ရှိ ကျမ်းတတ်ဆရာတို့က မသိကြပါ။ ကျမ်းစာကိုကောင်းကောင်းသိသောကြောင့် ထိုဆရာတို့သည် ထိုသူငယ်ယေရှု၏ အသိဉာဏ်ပညာကိုအံ့ဩခြင်းရှိသော်လည်း၊ မည်သူဖြစ်သည်ကို မလေ့လာခဲ့ကြပါ။ ထိုနည်းတူ ယနေ့ကျမ်းတတ်ပုဂ္ဂိုလ်တို့သည် သမ္မာကျမ်းစာ၏ သွန်သင်ချက်များကို စိတ်ဝင်စားသော်လည်း၊ သမ္မာကျမ်းစာဖော်ပြသော ခရစ်တော်ကို မသိရှိကြပါ။ ယေရှုက "ကျမ်းစာအားဖြင့် ထာဝရအသက်ကိုရမည်ဟု စိတ်ထင်နှင့်သင်တို့သည် ကျမ်းစာကို စေ့စေ့ကြည့်ရှုကြ၏။ ထိုကျမ်းစာပင်ငါ၏သက်သေဖြစ်၏" (ယော ၅း၃၉) ဟုမိန့်တော်မူ၏။ သမ္မာကျမ်းစာ၌တွေ့ရသောအချက်အလက်တို့ကို သိကြသော်လည်း၊ ဘုရားသခင်၏ ကျေးဇူးတော်နှင့် ဘုန်းတော်ကိုလက်ခံယုံကြည်ခြင်းမရှိကြ။

ယေရှုသည် ဤလောကီလူတို့၏ ချီးမြှောက်ခြင်းခံခြင်းဖြင့် ကြီးထွားခြင်းမရှိခဲ့ပါ။ ရိုးရှင်းသောဘဝဖြင့် ကြီးထွားခဲ့၏။ ကျွန်တော်တို့ကို အခြားသောသူတို့က မည်သို့ထင်မြင်သည်မှာ အရေးမကြီးပါ။ "... လူသဘောအားဖြင့် အမြတ်ထားသောအရာသည် ဘုရားသခင့်ရှေ့တော်၌ စက်ဆုပ်ရွံရှာဖွယ်ဖြစ်၏" (လုကာ ၁၆း၁၅)။ လောကီလူတို့၏ချီးမြှောက်ခြင်းကို အလေးထား၍ အသက်မရှင်ပါနှင့်။ ယေရှုသည် နှိမ့်ချသောအသက်တာဖြင့် အသက်ရှင်ခဲ့၏။ ထိုအသက်တာကို အတုယူကြပါစို့။

**ဆင်ခြင်ရန်** - အနာဂတ်၌ကျော်ကြားသောသူဖြစ်ခြင်းငှါ ကျွန်တော်စိတ်ကူးယဉ်နေပါသလား။

**ဆုတောင်းချက်** - ကောင်းကင်ဘုံရှိကျွန်ုပ်တို့အဘ၊ ကိုယ်တော်၌သာလျှင် ဘုန်းအာနုဘော်ရှိ ရှိသမျှ ယခုမှထာဝရတိုင်တည်ပါစေသော်။

တနင်္လာ၊ ဇန်နဝါရီ (၁၅)
**လုကာ ၃း၁-၆**
မသဲ ၁၁း၇-၁၅

*"ကြည့်ရှုလော့။ သင်သွားရာလမ်းကိုပြင်ရသော ငါ၏တမန်ကိုသင့်ရှေ့၌ ငါစေလွှတ်၏"*

## သွားရာလမ်းကိုပြင်ဆင်စေတော်မူခြင်း

ဤကျမ်းပိုဒ်ထဲတွင် သမ္မာကျမ်းစာ၏သမိုင်းကြောင်း မှန်ကန်မှုနှင့်တိကျမှုကို တွေ့ရပါ၏။ သို့သော်လည်း သမ္မာကျမ်းစာကို လူတို့မှတ်တမ်းပြုထားသော သမိုင်းသာသာမဟုတ်ဘဲ၊ ကျွန်ုပ်တို့၏ ယုံကြည်ခြင်းနှင့်အကျင့်တို့၏ တစ်ခုတည်းသောတရားသူကြီးအဖြစ် ကျွန်တော်တို့လက်ခံယုံကြည်ခြင်း ရှိ၏။

ခရစ်သက္ကရာဇ် ၂၆ လောက်ဖြစ်ပါသည်။ သခင်ယေရှု၏ရှေ့ပြေးတမန်ဗတ္တိဇံဆရာ ယောဟန်အကြောင်းကို မာလခိကပရောဖက်ပြုပြီးနောက် နှစ်ပေါင်း ၄၀၀ ဝန်းကျင်ဖြစ်ပါသည်။ ဗတ္တိဇံဆရာယောဟန်သည် မိမိအသက် ၃၀ နှစ်ဝန်းကျင်၊ ကဲသာဘုရင်တိဗေရိနန်းစံလျက်ရှိသော အချိန်၌ အမှုတော်စတင်ခဲ့၏။ ဤအချိန်၌ယဇ်ပုရောဟိတ်မင်းနှစ်ပါးရှိခဲ့၏- ကယာဖနှင့်သူ၏ ယောက္ခထီးအန္နတို့ဖြစ်ကြ၏။ ဤအချက်က ရှုပ်ထွေးမှု၊ ပြဿနာရှိသောအခြေအနေကို ထင်ဟပ်စေပါသည်။ ယဇ်ပုရောဟိတ်မင်းသည် တပါးသာရှိရမည်ဖြစ်သော်လည်း၊ ဤအလွန်မြတ်သောအမှုသည် အာဏာလုခြင်းကြောင့် နှစ်ပိုင်းဖြစ်သွားခဲ့ပါသည်။

ယောဒန်မြစ်သည် တရားဟောရာနေရာနှင့် ဗတ္တိဇံမင်္ဂလာခံရာနေရာဖြစ်ပါသည်။ ယောဟန်သည် ဤမြစ်တစ်လျှောက်၊ အထူးသဖြင့် ယုဒပြည်တွင်တရားဟောခဲ့၏။ ယောဟန်၏ တရားသည် အပြစ်လွှတ်ခြင်းနှင့်ဆိုင်သော၊ နောင်တရခြင်းဗတ္တိဇံအကြောင်းဖြစ်၏။ ထို့ကြောင့် ရေရှိသောနေရာတစ်လျှောက်၌ မိမိအချိန်ကုန်ခြင်းသည် ကိုက်ညီမှုရှိပါသည်။ ယောဟန်သည် မိမိ၏ အမှုတော်၌ ဝါကြွားခြင်းမရှိ၊ မိမိထက်ပို၍မြတ်သောပုဂ္ဂိုလ်ကြွလာတော်မူမည်အကြောင်း ဟောပြောခဲ့၏။ သခင်ယေရှုခရစ်တော်ကို သူရည်ညွှန်းခြင်းဖြစ်ပါသည်။ ယနေ့ကျော်ကြားသော သာသနာပြုများကဲ့သို့မဟုတ်၊ ယောဟန်သည် မိမိ၏ကျော်ကြားမှုကိုမရှာ၊ ခရစ်တော်၏နာမတော်ကို မပယ်ခဲ့ပါ။

သူ၏တရားဟောချက်သည် လူသားတိုင်းဘုရားသခင်၏ကယ်တင်ခြင်းတရားသိကြဖို့ရန် ဖြစ်၏။ သူသည်လူတို့၏အပြစ်ကို ရှုတ်ချဆုံးမ၍၊ နောင်တရခြင်းအသီးသီးရကြခြင်းငှါ ကြိုးစား ဟောပြောခဲ့၏။ မသဲ ၁၁း၉-၁၀ ကိုဖတ်ပါ။

သမ္မာကျမ်းစာ၏မှန်ကန်မှုနှင့်တိကျမှုတို့သည် ကျွန်ုပ်တို့ခရစ်ယာန်တို့အား ပို၍ယုံကြည်ခြင်းအားကြီးစေလျက်၊ ဘုရားသခင်၏အမှုတော်ကို ကြိုးစားဆောင်ရွက်၍၊ နှုတ်ကပတ်တော်ကို လူသားတိုင်းထံဟောပြောကြရပါမည်။ ထိုသို့ပြုခြင်းငှါ ဟောပြောခြင်းငှါ၊ သင်ပေးခြင်းငှါ ကျွန်ုပ်တို့ကို နှိုးဆော်မှုပေးလျက်ရှိပါ၏။

**ဆင်ခြင်ရန်** - သတင်းကောင်းကိုဟောပြောခြင်းငှါ အကျွန်ုပ်၌ ကြိုးစားအားထုတ်လိုမှုရှိပါသလား။

**ဆုတောင်းချက်** - ထာဝရဘုရား၊ ကိုယ်တော်၏မြတ်သောကယ်တင်ခြင်းအစီအစဉ်ကြောင့် ကိုယ်တော့်ကို ကျေးဇူးတင်ပါ၏။

အင်္ဂါ၊ ဇန်နဝါရီ (၁၆)

**လုကာ ၃း၇-၁၄**

၂ ကော ၅း၁၇

*“လူမည်သည်ကား၊ ခရစ်တော်၌ရှိလျှင်*
*အသစ်ပြုပြင်သောသတ္တဝါဖြစ်၏”*

## နောင်တရခြင်းနှင့်ထိုက်တန်သောအကျင့်

ယောဟန်ကလူသည် အဆိပ်ပြင်းသောမြွေဆိုး၊ သေစေတတ်သောလှည့်ဖြားတတ်သောသူဟု ဟောကြားခဲ့၏။ ဖာရိရှဲနှင့်ဇဒုကဲတို့ကို ရည်ညွှန်းခြင်းဖြစ်သော်လည်း လူသားတိုင်းအတွက် သတိပေးခြင်းဖြစ်ပါသည်။ စစ်မှန်သောနောင်တရခြင်းသည် ဟန်ဆောင်ခြင်းသက်သက်မဟုတ်ကြောင်း သတိပေးခဲ့၏။ သူတို့သည်ဘုရားသခင်ကိုးကွယ်ခြင်းကို ညစ်ညူးစေ၍၊ အသင်းတော်ကို ပျက်စီးစေပြီး၊ ဘာသာရေးကိုမှောက်လှန်ခြင်းပြုကြ၏။ ဆိုလိုသည်မှာ သူတို့၏အကျင့်ဆိုးဖြင့် ဘုရားသခင်၏အလင်းကို ကွယ်စေကြ၏။ သူတို့သည် စိတ်နှလုံးထဲမှ စစ်မှန်သောနောင်တရခြင်းနှင့်ထိုက်တန်သောအကျင့်၊ အသီးအပွင့်ကို ပြသကြရမည်ဖြစ်ပါသည်။ “လူမည်သည်ကား ခရစ်တော်၌ရှိလျှင် အသစ်ပြုပြင်သောသတ္တဝါဖြစ်၏. . . ” (၂ ကော ၅း၁၇)။

ယောဟန်ကနှုတ်ဖြင့် ဝန်ခံရုံမျှဖြင့် ဘုရားသခင်၏သားသမီးမဖြစ်ဟုဆိုခဲ့၏။ အသက်တာပြောင်းလဲခြင်းရှိကိုရှိရမည်ဖြစ်ပါသည်။ အသီးမသီးသော၊ ကောင်းသောအသီးမသီးသောအပင် (သို့) ဘုရားသခင်ခုတ်လှဲ၍ မီးထဲသို့ပစ်ချသောအပင်အားဖြင့် ဖော်ပြခဲ့၏။ ယာကုပ်ကလည်း ဤသို့ဆိုထား၏- “ထိုနည်းတူ အကျင့်နှင့်ကင်းသော ယုံကြည်ခြင်းသည် တစ်ပါးတည်းရှိသောကြောင့် အသေဖြစ်၏။ တစ်နည်းကား၊ သင်သည်ယုံကြည်ခြင်းရှိ၏။ ငါသည်အကျင့်ရှိ၏။ သို့ဖြစ်၍သင်သည် အကျင့်မရှိဘဲ သင်၏ယုံကြည်ခြင်းကိုပြလော့။ ငါမူကား အကျင့်အားဖြင့်ငါ၏ယုံကြည်ခြင်းကို ပြမည်ဟု ပြောစရာရှိ၏” (ယာကုပ် ၂း၁၇-၁၈)။

ယောဟန်က “အင်္ကျီနှစ်ထည်ရှိသောသူသည် အင်္ကျီမရှိသောသူအားမျှစေ” ဟုသွန်သင်ခဲ့၏။ သူသည်ပြောင်းလဲသောစိတ်နှလုံး၊ ဘုရားသခင်ချစ်အားဖြင့် မိမိနှင့်သက်ဆိုင်သောသူကိုချစ်ခြင်းပြခြင်းကို ရည်ညွှန်းခြင်းဖြစ်ပါသည်။ မိမိကိုယ်ကိုအဓိကထားခြင်းမှ သူတပါးချစ်ခြင်းရှိလာသော၊ နောင်တရသောစိတ်နှလုံးပင်ဖြစ်ပါသည်။ ခွင့်လွှတ်ခြင်းများစွာခံရသောသူသည်၊ ပို၍ချစ်ခြင်းရှိရမည်ဖြစ်၏။

စစ်မှန်သောနောင်တတရားသည် လောကီဆန်ဆန်နေထိုင်ခြင်းမှ ဘုရားသခင်၏အလိုတော်အတိုင်း အသက်ရှင်ခြင်းသို့ ပြောင်းလဲခြင်းဖြစ်ပါသည်။ အထက်အရာတို့ကိုသာကြည့်ပြီး၊ ဤလောကီအရာတို့ကို ဖယ်ထားတတ်၏။ ပြဿနာမရှာဘဲ မိမိပိုင်ဆိုင်ရရှိသောအရာနှင့် တင်းတိမ်ရောင့်ရဲခြင်းငှါ စစ်သူရဲ၏အခရခြင်းဖြင့် သာဓကပေးတိုက်တွန်းခဲ့၏။ စိတ်နှလုံးပြောင်းလဲခြင်းသည် အသက်တာပြောင်းလဲခြင်းကိုဖြစ်စေ၏။ ယောဟန်သည် လူတစ်ဦးအပြစ်မှ နောင်တရလျှင်၊ ထိုသူ၏အသိအမြင်၊ အတွေးအခေါ် ပြောင်းလဲရမည်ဖြစ်ကြောင်း ဆိုလို၏။ ဤလောကီအရာမဟုတ်ဘဲ၊ အထက်ကောင်းကင်အရာတို့ကို စွဲလမ်းခြင်းရှိ၏။

**ဆင်ခြင်ရန်** - နောင်တရခြင်းနှင့်ထိုက်တန်သောအသီး ကျွန်တော်သီးပါသလား။

**ဆုတောင်းချက်** - အိုထာဝရဘုရား၊ လူတို့အမြင်၌သာမဟုတ်ဘဲ၊ ကိုယ်တော်ရှေ့၌ အမှန် အသက်တာပြောင်းလဲစေသော၊ စစ်မှန်သောနောင်တရခြင်းလမ်းသို့ ပို့ဆောင်တော်မူပါ။

**လုကာ ၃း၁၅-၂၂**
ရောမ ၈း၁-၉

*"ခရစ်တော်၏ဝိညာဉ်ကိုမရသောသူမည်သည်ကား၊ ခရစ်တော်နှင့်မဆိုင်"*

## ယေရှု၏ဗတ္တိဇံမင်္ဂလာ

ဗတ္တိဇံဆရာယောဟန်က ယေရှုအား အနန္တတန်ခိုးရှင်ဘုရားသခင်ဖြစ်ကြောင်း သိပါ၏။ မိမိပြုသောအမှုသည် ယေရှုနှင့်ပတ်သက်မှုရှိကြောင်းသိခဲ့၏။ သူသည် မိမိကိုယ်ကိုနှိမ့်ချသောသူဖြစ်၍ ယေရှု၏ခြေနင်းတော်ကြိုးကိုမျှ ဖြည်ခြင်းငှါမထိုက်တန်သောသူဖြစ်ကြောင်း သိပါ၏။ ယောဟန်သည် မိမိမြင်တွေ့သောလူတို့၏အပြစ်များကို သတိပေးသော်လည်း ယေရှုသည် မမြင်နိုင်သော လူတို့၏အတွင်းစိတ်အတွေးတို့ကို စီရင်ဖို့ရန် ကြွလာတော်မူ၏။ "တစ်နည်းကား ကိုယ်ခန္ဓာကိုသာ သတ်၍စိတ်ဝိညာဉ်ကိုမသတ်နိုင်သော သူတို့ကိုမကြောက်ကြနှင့်။ ကိုယ်ခန္ဓာနှင့်စိတ်ဝိညာဉ်ကို ငရဲ၌ဖျက်ဆီးနိုင်သောသူကို သာ၍ကြောက်ကြလော့" (မသဲ ၁၀း၂၈)။

ယေရှုက သန့်ရှင်းသောဝိညာဉ်တော်ဖြင့် ဗတ္တိဇံပေးတော်မူ၏။ သုံးပါးတဆူဘုရားသခင်၏ တတိယပုဂ္ဂိုလ်ဖြစ်သော ဝိညာဉ်တော်ကို ကယ်တင်ခြင်းတံဆိပ်တော်အဖြစ် စေလွှတ်တော်မူ၏။ သန့်ရှင်းသောဝိညာဉ်တော်သည် ကယ်တင်ခြင်းခံရသောသူ၌ တံဆိပ်တော်ဖြစ်ပါသည်။ ". . . ခရစ်တော်၏ဝိညာဉ်ကို မရသောသူမည်သည်ကား ခရစ်တော်နှင့်မဆိုင်" (ရောမ ၈း၉)။ ကျိန်းဝပ်တော်မူသောဘုရားသခင်၏ဝိညာဉ်တော်သည် ဇာတိအလိုကို အောင်နိုင်ခြင်းငှါ ကျွန်ုပ်တို့ကို မစတော်မူလိမ့်မည်။ ဝိညာဉ်တော်အုပ်စိုးသောသူတို့သည် ခရစ်တော်ပိုင်ဆိုင်သောသူဖြစ်၍ ဇာတိအမှုကို မဆောင်ရွက်ကြတော့ပါ။ သန့်ရှင်းသောဝိညာဉ်တော်ကိန်းဝပ်တော်မမူသောသူတို့၌ ဝိညာဉ်အသက်မရှိပါ။

ယေရှုသည် အပြစ်ဆေးကြောခွင့်လွှတ်ခံခြင်းငှါ မိမိထံလာသောသူအပေါင်းတို့အား အလျှင်းဆေးကြောပေးတော်မူမည်။ ယေရှုခရစ်တော်၏အသွေးတော်သည် အကျွန်ုပ်တို့၏အပြစ်အလုံးစုံတို့ကို ဆေးကြောပေးတော်မူ၏ (၁ ယော ၁း၇)။ ခရစ်တော်၏ပြုခြင်းနာခံခြင်း (active obedience) အားဖြင့် ကျွန်ုပ်တို့သည် ဖြောင့်မတ်သောသူဖြစ်၍ ခရစ်တော်၏ခံခြင်းနာခံခြင်း (passive obedience) သည် ကျွန်ုပ်တို့အပြစ်များအတွက် ကားတိုင်ပေါ်၌ ကိုယ်စားအသေခံခြင်းဖြစ်တော်မူ၏။ ယောဟန်ပေးသော ဗတ္တိဇံသည် လုံလောက်မှုမရှိပါ။ နောင်တရ၍ သခင်ယေရှုခရစ်တော်ကို ယုံကြည်ကိုးစားဖို့လိုပါသည်။ "ရေနှင့်ဝိညာဉ်တော်မမွေးသောသူမည်သည်ကား ဘုရားသခင်၏ နိုင်ငံတော်သို့မဝင်ရ" (ယောဟန် ၃း၅)။ ဤသည်ကား ယေရှု၏ဗတ္တိဇံမင်္ဂလာဖြစ်၍ ဝိညာဉ်နှင့်ဆိုင်သောအမှု၊ ထာဝရအသက်ကိုပေးသောအမှုဖြစ်၏။

သခင်ယေရှုခရစ်တော်ပေးသော ဗတ္တိဇံမင်္ဂလာကို သင်ခံပြီးပြီလား။ များစွာသောလူတို့သည် ရေဗတ္တိဇံမင်္ဂလာကို ခံကြသော်လည်း ယေရှု၏ဗတ္တိဇံမင်္ဂလာကိုမူ မခံရကြ။ ယေရှုနှင့်ဆက်နွယ်မှုမရှိကြ။ ဘုရားသခင်၏ဝိညာဉ်တော်ကိန်းဝပ်တော်မူခြင်း ခံမခံ မိမိကိုယ်ကို ဆန်းစစ်ကြည့်ပါလော့။ စစ်မှန်သောဒုတိယမွေးခြင်းမခံလျှင် သင်၏နှုတ်ဝန်ခံခြင်းနှင့် ဗတ္တိဇံမင်္ဂလာသည် အချည်းနှီးသာလျှင်ဖြစ်၏။

**ဆင်ခြင်ရန်** - သန့်ရှင်းသောဝိညာဉ်တော်၏ ကိန်းဝပ်တော်မူခြင်း အကျွန်ုပ်ခံရပါသလား။
**ဆုတောင်းချက်** - အိုအဖဘုရား၊ ကိန်းဝပ်တော်မူသော ကိုယ်တော်၏ဝိညာဉ်တော်ကြောင့် ကိုယ်တော့်ကိုကျေးဇူးတင်ပါ၏။

**လုကာ ၃း၂၁-၂၂** *"အလုံးစုံသောတရားတို့ကို အကုန်အစင်ကျင့်သင့်သည်*
မသဲ ၃း၁၅ *ဖြစ်၍၊ ယခုအခွင့်ပေးပါ. . . "*

## ကြီးမြတ်သောနှိမ့်ချခြင်း

ဘုရားသခင်၏သားတော်သည် ဗတ္တိဇံဆရာယောဟန်၏ ဗတ္တိဇံကိုခံခြင်းငှါ မိမိကိုယ်ကို နှိမ့်ချတော်မူ၏။ "အလုံးစုံသောတရားတို့ကို အကုန်အစင်ကျင့်သင့်သည်ဖြစ်၍ ယခုအခွင့်ပေးပါဟု ပြန်ပြောတော်မူ၏" (မသဲ ၃း၁၅)။ Calvin က "ခရစ်တော်ဗတ္တိဇံမင်္ဂလာခံခြင်းသည် ခမည်းတော်၏ စကားကို အကုန်အစင်နာခံခြင်းကို ပြသလျက်ရှိ၏။ အဓိကအကြောင်းရင်းသည် မိမိခန္ဓာကိုယ်အား ဖြင့် ဗတ္တိဇံမင်္ဂလာကို သန့်ရှင်းစေခြင်းဖြစ်၍ အကျွန်ုပ်တို့လိုက်လျှောက်ဖို့ရန်ဖြစ်ပါသည်" ဟုဆိုခဲ့၏။ ထိုသို့ဗတ္တိဇံမင်္ဂလာခံစဉ် ကောင်းကင်မှလာသော အသံတော်ကိုကြားရ၏။ ဤသည်ကား ယေရှုသည် လူ့ဇာတိခံလာသော ဘုရားသခင်၏သားတော်ဖြစ်ကြောင်း အတည်ပြုခြင်းဖြစ်ပါသည်။ ခမည်းတော် ဘုရားကိုယ်တိုင် ထိုသို့အတည်ပြုခြင်းသည် အခြားသောသက်သေအပေါင်းထက် ပို၍ခိုင်လုံခြင်းရှိ၏။ ဒုတိယမွေးခြင်းခံသောခရစ်ယာန်၊ ယေရှုခရစ်တော်သည် ဘုရားသခင်၏သားတော်ဖြစ်သည်ဟု ယုံကြည်သောသူသည် ဤကောင်းကင်မှအတည်ပြုခြင်းကို သဘောတူခြင်းရှိ၏။

ယေရှုသည် ခမည်းတော်ချစ်တော်မူသော ဘုရားသခင်၏ချစ်သားဖြစ်တော်မူ၏။ သို့သော် လည်း ကျွန်ုပ်တို့၏အပြစ်အဖို့ ခမည်းတော်၏အမျက်တော်ကိုခံလျက် ကားတိုင်ပေါ်၌ အသေခံခဲ့၏။ ထိုသို့အပြစ်သားများ အပြစ်လွတ်ခြင်းခံခြင်းငှါ လူဆိုးတို့၏လက်၌ မိမိချစ်လှစွာသောသားတော်အား ဆင်းရဲဒုက္ခခံစေခြင်းအမှုသည် အလွန်နာကျင်ခြင်းရှိပါလိမ့်မည်။ အပြစ်သားအတွက် အံ့ဖွယ်ချစ် ခြင်းမေတ္တာပါတကား။ လူ့ဉာဏ်ဖြင့်မမှီသော ချစ်ခြင်းမေတ္တာပေတည်း။

ကားတိုင်ပေါ်၌အသေခံလျက် ပညတ်တရားအလုံးစုံတို့ကို နာခံခဲ့သော မိမိ၏သားတော် အပေါ်၌ခမည်းတော်ဝမ်းမြောက်ခြင်းရှိ၏။ ဓမ္မဟောင်းကျမ်းထဲ၌ ဖော်ပြထားသော ပညတ်တရား အလုံးစုံတို့ကို လိုက်လျှောက်ခြင်းဖြင့် ယေရှုသည် ပြခြင်းနာခံခြင်းကို ပြခဲ့၏။ ကျွန်ုပ်တို့၏အပြစ် များကို သယ်ဆောင်၍ ကျွန်ုပ်တို့ကိုယ်စား မိမိကိုယ်ကိုပူဇော်ခဲ့၏။ ယေရှုသည် ဘယ်သောအခါမျှ အပြစ်မပြုသောကြောင့် ဗတ္တိဇံဆရာယောဟန်၏ နောင်တရခြင်းနှင့်ဆိုင်သောဗတ္တိဇံကို ခံဖို့မလိုပါ။ လူ့ဇာတိကိုခံသော ဘုရားဖြစ်သောကြောင့် ယောဟန်ရှေ့၌ မိမိကိုယ်ကိုနှိမ့်ချတော်မူ၏။ ယေရှုက အသေသတ်ခြင်းငှါ ဆောင်သွားခြင်းခံရသော သိုးသငယ်ကဲ့သို့ နှိမ့်ချခြင်းရှိခြင်းငှါ ကျွန်ုပ်တို့အား သွန်သင်ခဲ့၏။ စေခိုင်းတော်မူသောအမှုကို ပြုသောကြောင့် ခမည်းတော်သည် ယေရှုအပေါ်၌ ကျေနပ်ခြင်းရှိ၏။ ပညတ်အလုံးစုံတို့ကို ယေရှုလိုက်လျှောက်ခြင်းသည် ခရစ်ယာန်အသက်တာ အတွက်သာဓကပင်ဖြစ်ပါသည်။ လူသည်သခင်ယေရှုခရစ်တော်ကို အတုယူ၍ မိမိကိုယ်ကို နှိမ့်ချ ခြင်းရှိကြရပါမည်။

**ဆင်ခြင်ရန်** - ဘုရားသခင်၏ပညတ်တရားတို့ကို လိုက်လျှောက်ခြင်းငှါ ကျွန်တော်ကြိုးစား အားထုတ်ပါသလား။

**ဆုတောင်းချက်** - ဘုန်းကြီးသောအဖဘုရား၊ ကိုယ်တော်သည် သားတော်သခင်ယေရှုခရစ်တော်၏ မြတ်သောနှိမ့်ချခြင်းကို အတည်ပြုတော်မူ၏။ ယောဟန်ပေးသော ဗတ္တိဇံခံခြင်း အားဖြင့် ကိုယ်တော်၏စုံလင်သောဖြောင့်မတ်ခြင်းတရားကို ကျွန်ုပ်တို့ထံ ပြတော်မူ၏။

သောကြာ၊ ဇန်နဝါရီ (၁၉)
**လုကာ ၃:၂၃-၃၈**
ဖိလိ ၂:၅-၈

*"ထိုသခင်သည်ဘုရားသခင်၏သဏ္ဌာန်တော်နှင့် ပြည့်စုံတော်မူသည်ဖြစ်၍၊ ဘုရားသခင်နှင့်ပြိုင်သောအမှုကို လုယူခြင်းအမှုဟူ၍မထင်မမှတ်. . . "*

## အမိဘက်မှမျိုးဆက်များ

ရှင်လုကာဖော်ပြသောယေရှု၏ဆွေစဉ်မျိုးဆက်သည် မာရိဘက်မှ ဆွေစဉ်မျိုးဆက်ဖြစ်ပါသည်။ ထိုဆွေစဉ်မျိုးဆက်သည် ယောသပ်၏အဘမဟုတ်ဘဲ မာရိ၏အဘဖြစ်သော ဧလိမှစတင်၍ ပထမဆုံးလူသားဖြစ်သော အာဒံသို့အဆုံးသတ်၏။ ခရစ်တော်သည် ကတိတော်ထားတော်မူသော မိန်းမ၏အမျိုးအနွယ်ဖြစ်ကြောင်း ဖော်ပြခဲ့၏။ "သင်နှင့်မိန်းမကိုင်၎င်း၊ သင်၏အမျိုးအနွယ်နှင့် မိန်းမ၏အမျိုးအနွယ်ကို၎င်း ငါသည်ရန်ငြိုးဖွဲ့စေမည်။ သူသည်သင်၏ခေါင်းကိုကြိတ်လိမ့်မည်။ သင်သည်သူ၏ဖနောင့်ကို ကြိတ်လိမ့်မည်ဟု မိန့်တော်မူ၏" (ကမ္ဘာ ၃:၁၅)။ ရှင်လုကာသည် ယေရှု၏လူသားဖြစ်ခြင်းအကြောင်းကို "လူသား" (၂၆ ကြိမ်) ဟူသော အသုံးအနှုန်းအားဖြင့် ဖော်ပြခဲ့၏။ သို့သော်လည်း ယေရှုသည် အပျိုကညာ၏ဝမ်း၌ ပဋိသန္ဓေစွဲယူခြင်းကြောင့် အာဒံ၏ဇာတိအပြစ်ကို အမွေမခံခဲ့ပါ။ သခင်ယေရှုသည် တစ်ရာမှာတစ်ရာဘုရားသခင်ဖြစ်တော်မူ၏။ ဘုရားသခင်သည် သန့်ရှင်းတော်မူသောကြောင့် အပြစ်လုံးဝမပြုနိုင်ပါ။ မိမိ၏ဇာတိသဘောကို ဆန့်ကျင်၍ အမှုမပြုနိုင်ပါ။ ဘုရား-လူ ဖြစ်သောကြောင့် ကျွန်ုပ်တို့ခံထိုက်သော ပြစ်ဒဏ်ကိုခံခြင်းငှါ လူသားများကိုယ်စား ရပ်တည်နိုင်ခြင်းဖြစ်၏။ သူသည်ကျွန်ုပ်တို့၏စုံလင်သော ကိုယ်စားပြုဖြစ်တော်မူ၏။

ဒါဝိတ်၏ဆွေစဉ်မျိုးဆက်၌ ယောယကိမ်အပေါ်တွင်ကျရောက်သော ဘုရားသခင်၏ကျိန်ခြင်းကို ရှောင်၍၊ ရှောလမုန်၏ညီအစ်ကို၊ ဒါဝိတ်နှင့်ဗာသရှေဘ၏သားနာသန်အားဖြင့် ဖော်ပြ၏။ မာရိသည် နာသန်အားဖြင့် ဒါဝိတ်၏မျိုးဆက်ဖြစ်သောကြောင့် ဒါဝိတ်မျိုးဆက်အားဖြင့် ကြွလာမည့်အကြောင်း ပရောဖက်ပြုချက်သည် ပြည့်စုံခြင်းရှိ၏။ ယောဟန်ဖော်ပြသော ယေရှု၏ဆွေစဉ်မျိုးဆက်သည် ယေရှု၏လူသားဖြစ်ခြင်းသာမက ဘုရားဖြစ်ခြင်းကို ဖော်ပြလျက်ရှိ၏။ ယေရှုသည် ဘုရားသခင်နှင့်အတူ ရှိတော်မူပြီး ဘုရားသခင်ဖြစ်တော်မူ၏။ ခမည်းတော်ဘုရားနှင့်အတူ အစမရှိသောသူ၊ အဆုံးမရှိသောသူဖြစ်တော်မူ၏။ ယေရှုသည် ဖန်ဆင်းခံမဟုတ်၊ ခမည်းတော်နှင့် သန့်ရှင်းသောဝိညာဉ်တော်နှင့် တလုံးတဝတည်းဖြစ်တော်မူ၏။

ယေရှုသည် လူ့ဇာတိခံတော်မူသော နှုတ်ကပတ်တော်ဖြစ်၏။ ကျွန်ုပ်တို့နှင့်အတူ ရှိတော်မူသော ဧမာနွေလဘုရားသခင်ဖြစ်တော်မူ၏။ သူသည် အဖခမည်းတော်ဘုရားသခင်၏ ထာဝရသားတော်ဖြစ်တော်မူ၏။ "ယေရှုခရစ်၌ရှိသောထိုစိတ်သဘောကို သင်တို့၌လည်းရှိစေကြလော့။ ထိုသခင်သည် ဘုရားသခင်၏သဏ္ဌာန်တော်နှင့်ပြည့်စုံတော်မူသည်ဖြစ်၍၊ ဘုရားသခင်နှင့် ပြိုင်သောအမှုကို လုယူခြင်းအမှုဟူ၍ မထင်မမှတ်လျက်ပင် မိမိအသရေကိုစွန့်၍ အစေခံကျွန်၏သဏ္ဌာန်ကို ယူဆောင်လျက် လူကဲ့သို့သောအဖြစ်၌ ဖွားမြင်ခြင်းကိုခံတော်မူ၏။ ထိုသို့လူ၏ကိုယ်အင်္ဂါလက္ခဏာနှင့်ပြည့်စုံလျက် အသေခံခြင်းသာမဟုတ်၊ လက်ဝါးကားတိုင်မှာ အသေခံခြင်းတိုင်အောင် အစေကျွန်ခံ၍ ကိုယ်ကိုကိုယ် နှိမ့်ချတော်မူ၏" (ဖိလိ ၂:၅-၈)။ ယေရှုခရစ်တော်သည် မည်သူဖြစ်ကြောင်းကို ကျွန်တော်တို့အမှန်နားလည်သဘောပေါက်ရပါမည်။

**ဆင်ခြင်ရန်** - ယေရှုသည် စုံလင်တော်မူသောဘုရား-လူ ဖြစ်ကြောင်းကို ကျွန်တော်ယုံကြည်ပါသလား။

**ဆုတောင်းချက်** - အဖဘုရား၊ အကျွန်ုပ်တို့အပေါ် ထားရှိသောယေရှု၏ အံ့ဖွယ်ချစ်ခြင်း မေတ္တာတော်ကို ကျွန်တော်တို့နားလည်သိရှိခြီးမွမ်းပါမည်အကြောင်း မစတော်မူပါ။

စနေ၊ ဇန်နဝါရီ (၂၀)
**လုကာ ၄း၁**
ယာကုပ် ၁း၁၃-၁၆

*"တပ်မက်သောစိတ်သည်ပဋိသန္ဓေယူ၍ ဒုစရိုက်ကိုဘွားတတ်၏"*

# ယေရှုခရစ်တော်ခံရသောဖြားယောင်းသွေးဆောင်ခြင်း

ဤအဖြစ်အပျက်သည် ယေရှုဗတ္တိဇံမင်္ဂလာခံပြီးနောက် တပည့်တော်တို့ထံ၌ သူသည် ဘုရားသခင်၏သားတော်၊ လောကီလူသားတို့၏ကယ်တင်ရှင်ဖြစ်ကြောင်း ကြေငြာပြီးမှ ဖြစ်ပျက်ခြင်းဖြစ်ပါသည်။ ဘုရားသခင်၏သားတော်သည် စုံစမ်းနှောင့်ယှက်ခြင်းကို ခံခဲ့ရ၏။ ဤသွေးဆောင်ခြင်းသည် ကျွန်တော်တို့အစဉ်ကြုံတွေ့ရသောအရာဖြစ်ပါသည်။ ယေရှုသည် မာရ်နတ်၏သွေးဆောင်ခြင်းကို အောင်နိုင်သကဲ့သို့ ကျွန်တော်တို့သည်လည်း ရန်သူအပေါ် အောင်နိုင်ခြင်းရခြင်းငှါ သေချာစေခဲ့၏။ မည်သူမဆို ဖြားယောင်းသွေးဆောင်ခြင်းနှင့်ကင်းလွတ်မည်မဟုတ်ပါ။ စာတန်သည် ဘုရားသခင်၏သားသမီးတို့ကို နည်းမျိုးစုံဖြင့် စုံစမ်းနှောင့်ယှက်မည်ဖြစ်ပါသည်။ စာတန်သည် အထူးသဖြင့် ဘုရားသခင်၏အလိုတော်သို့ မိမိကိုယ်ကိုဆက်ကပ်သော ကြိုးစားအမှုတော်ဆောင်ရွက်သော သစ္စာရှိသော အစေခံကျွန်တို့ကို အစဉ်စောင့်ကြည့်လျက်ရှိ၏။ ထို့ကြောင့်ယုံကြည်သူတိုင်းသည် သတိထားကြရပါမည်။ သေချာသည်မှာ ဘုရားသခင်သည် ထိုသို့သော စုံစမ်းနှောင့်ယှက်ခြင်းကို ခံရသောအခါ ကျွန်ုပ်တို့အား ကူညီမစတော်မူလိမ့်မည်။

ယေရှုသည် ထိုစုံစမ်းနှောင့်ယှက်ခြင်းထဲသို့ မိမိကိုယ်ကိုတိုးဝင်သည်မဟုတ်ဘဲ ဝိညာဉ်တော်က ထိုမာရ်နတ်၏သွေးဆောင်ခြင်းကိုခံစေခြင်းငှါ ခေါ်ဆောင်တော်မူ၏။ Matthew Henry က "ကျွန်တော်တို့သည် ဖြားယောင်းသွေးဆောင်ခြင်းထဲသို့ မဝင်ခြင်းငှါ သတိထားရမည်မဟုတ်ဘဲ ဘုရားသခင်ခွင့်ပြု၍ ထိုသို့သော စုံစမ်းစစ်ကြောခြင်းခံရသောအခါ အံ့သြခြင်းမရှိဘဲ အလွန်သတိရှိကြရပါမည်။ ထာဝရဘုရား၌အားယူ၍ ယုံကြည်ခြင်းအားဖြင့် တိုက်လှန်ခြင်းပြုလျှင် ဘုရားသခင်မစတော်မူလိမ့်မည်" ဟု ဆိုခဲ့၏။ သွေးဆောင်ခြင်းကို တွန်းလှန်နိုင်သောခွန်အား ကျွန်ုပ်တို့၌ရှိသည်ဟု မထင်သင့်ပါ။ မိမိကိုယ်ကိုအလွန်ယုံကြည်ခြင်းရှိ၍ စာတန်၏သွေးဆောင်ခြင်းကို စိန်ခေါ်လျက် မိမိကိုယ်ကိုအရှက်မရစေခြင်းငှါ သတိပြုရပါမည်။ ကျွန်တော်တို့သည် မိမိတို့၏တပ်မက်ခြင်းနောက်သို့ လိုက်သောအခါ ဖြားယောင်းသွေးဆောင်ခြင်းကို ခံရတတ်၏။ "တပ်မက်သောစိတ်သည် ပဋိသန္ဓေယူ၍ ဒုစရိုက်ကိုပွားတတ်၏။ ဒုစရိုက်သည်လည်း ပြည့်စုံလျှင် သေခြင်းကိုဖွားတတ်၏" (ယာကုပ် ၁း၁၅)။

ကျွန်တော်တို့သည် စာတန်၏ဖြားယောင်းသွေးဆောင်ခြင်းကို ခံရသောအခါ သခင်ယေရှုခရစ်တော်၏ ခွန်အားတန်ခိုးဖြင့်သာ တွန်းလှန်နိုင်ခြင်းရှိကြောင်းကို ကျွန်တော်တို့သတိရ အောက်မေ့ကြရပါမည်။ ဘုရားသခင်၏သားတော်သည် စာတန်၏သွေးဆောင်ခြင်းကို မိမိကိုယ်ကိုခံစေလျက် အောင်မြင်ခြင်းရယူခြင်းဖြင့်၊ ကျွန်တော်တို့သည်လည်း ထိုသို့သောသွေးဆောင်ခြင်းခံရသောအခါ ကိုယ်တော်အောင်နိုင်သကဲ့သို့ အောင်မြင်ခြင်းရမည်အကြောင်း ကတိတော်ထားခဲ့၏။

**ဆင်ခြင်ရန်** - ဖြားယောင်းသွေးဆောင်ခြင်းခံရသောအခါ ယေရှုကိုကျွန်တော်ယုံကြည်ကိုးစားပါသလား။

**ဆုတောင်းချက်** - ကောင်းကင်ဘုံရှိအဖဘုရား၊ စာတန်၏သွေးဆောင်ခြင်းတို့ကို ယေရှု၏အောင်နိုင်ခြင်းတန်ခိုးအားဖြင့် တွန်းလှန်နိုင်မည်အကြောင်း မစတော်မူပါ။

တနင်္ဂနွေ နံနက်၊ ဇန်နဝါရီ (၂၁)
**လုကာ ၄း၁-၄**
၁ ပေ ၂း၂

*"... နှုတ်ကပတ်တရား၏နို့စစ်အားဖြင့် ကြီးပွားမည် အကြောင်း... ထိုတရားကို အလွန်လိုချင်သောစိတ်ရှိကြလော့"*

## ခန္ဓာကိုယ်တပ်မက်ခြင်း

သခင်ယေရှုသည် အစာမစားဘဲ ရက်ပေါင်းလေးဆယ်လုံးလုံးနေခဲ့၏။ မာရ်နတ်က ကျောက်ခဲကိုမုန့်ဖြစ်စေခြင်းငှါ ယေရှုအားသွေးဆောင်ခဲ့၏။ မည်သို့ပြုသည်ဟူသောအချက်က အရေးမကြီး၊ အကျိုးရလဒ်ကောင်းလျှင် မည်သို့ပြုသည်ဖြစ်စေ ကောင်း၏ဟူသော စာတန်၏နည်းဗျူဟာပင်ဖြစ်ပါသည်။ ယေရှုကကျောက်ခဲကို မုန့်ဖြစ်စေနိုင်ကြောင်း ကျွန်တော်တို့သိပါ၏။ အကြောင်းမှာ ယေရှုသည် ကျောက်ခဲတို့ကိုအာဗြဟံ၏သားသမီးအဖြစ် ပြောင်းလဲစေနိုင်သောတန်ခိုးရှိပါ၏ (လုကာ ၃း၈)။ ဘုရားသခင်သည် ကမ္ဘာဦးမှစ၍ မိမိစီရင်တော်မူသောအမှုမှန်သမျှကို သိတော်မူ၏ (တမန် ၁၅း၁၈)။ ဘုရားသခင်၏အလိုတော်နှင့် ဆန့်ကျင်သောအမှုကိုပြုခြင်းငှါ အဘယ်သူကမျှ ယေရှုကို အမိန့်မပေးနိုင်ပါ။ ဘုရားသခင်သည် မိမိ၏ဇာတိသဘောကိုဆန့်ကျင်၍ အဘယ်အမှုကိုမျှပြုတော်မမူနိုင်ပါ။ ဆိုးယုတ်သောမာရ်နတ်၏အကြံအစည်သည် သန့်ရှင်းတော်မူသော ဘုရားသခင်ရှေ့၌ နေရာမရှိပေ။ စာတန်သည် ခရစ်တော်၏အဆုံးစွန်အာဏာတော်ကိုဆန့်ကျင်၍၊ ဆိုးညစ်သော၊ မပြုအပ်သောအမှုကို ပြုစေခြင်းငှါ ကြိုးစားခြင်းဖြစ်ပါသည်။

ယေရှုကစာတန်အားလူသည် မုန့်အားဖြင့်သာ အသက်မွေးသည်မဟုတ်ဟု နှုတ်ကပတ်တော် (တရား ၈း၃) မှတုံ့ပြန်ခဲ့သည်။ လူသည်အသွေးအသားဖြင့် ဖွဲ့စည်းထားသည်သာမက၊ ဝိညာဉ်ရှိသောသူဖြစ်ပါသည်။ ခန္ဓာကိုယ်ကအစားအစာလိုအပ်၍၊ ကျွန်ုပ်တို့၏အသက်ဝိညာဉ်က ဝိညာဉ်အစာကိုလိုအပ်လျက်ရှိ၏။ သန်မာထွားကြိုင်းသော ခရစ်ယာန်သည် အပြင်ပန်းအားဖြင့် အစားအစာကြွယ်ဝသည်ဟုထင်ရသော်လည်း၊ ဝိညာဉ်အစားအစာငတ်မွတ်သောသူဖြစ်နိုင်ပါသည်။ ထို့ကြောင့် ဝိညာဉ်အရာ၌ ကြီးထွားခြင်းရှိမည်အကြောင်း၊ လူသည် ဝိညာဉ်အစားအစာဖြစ်သော နှုတ်ကပတ်တော်ကို နေ့စဉ်စားသုံးရပါမည်။ သို့သော်လည်း၊ ကျေးဇူးတော်ကြောင့် ယုံကြည်ခြင်းအားဖြင့် ယေရှုခရစ်တော်ကို လက်ခံသော၊ ဘုရားသခင်၏ဝိညာဉ်တော်၏ ကိန်းဝပ်တော်မူခြင်းခံရသောသူသာလျှင် ထိုဝိညာဉ်အစာကို တောင့်တခြင်းရှိ၏။

ဝိညာဉ်အစာဖြစ်သော ဘုရားသခင်၏နှုတ်ကပတ်တော်သည် ကျွန်ုပ်တို့အတွက် ဝိညာဉ်ခွန်အားဖြစ်စေသော နို့နှင့်အစာဖြစ်၍ (၁ ပေ ၂း၂၊ ယောဟန် ၄း၃၄)၊ ဝိညာဉ်အသက်တာကြီးထွားရင့်ကျက်စေလျက်၊ စာတန်၏ဖြားယောင်းသွေးဆောင်ခြင်းတို့ကို တိုက်လှန်ခြင်းငှါ လက်နက်ဖြစ်ပါသည်။ ဤလောကီအစားအစာထက် ဘုရားခင်၏နှုတ်ကပတ်တော်ကို ကျွန်တော်တို့ပို၍လိုအပ်ခြင်းရှိပါသည်။ ဤခန္ဓာကိုယ်အစားအစာသည် ခဏတာမျှသာလူကို ရှောင့်ရှိတင်းတိမ်စေပြီး၊ ဝိညာဉ်အစာသည် ကျွန်ုပ်တို့အသက်တာကို ထာဝရတိုင်အောင် ကျေနပ်ခြင်းရှိစေလိမ့်မည်ဖြစ်ပါသည်။ အဘယ်အစားအစာကို သင်ပို၍နှစ်သက်ပါသနည်း။

**ဆင်ခြင်ရန်** - ခန္ဓာကိုယ်တပ်မက်ခြင်းသို့ကျွန်တော်အလွယ်တကူကျရောက်တတ်ပါသလား။

**ဆုတောင်းချက်** - အနန္တတန်ခိုးရှင်အဖဘုရား၊ ကိုယ်တော်သည် အကျွန်ုပ်တို့၏ဝိညာဉ်အသက်တာကို ရှင်စေတော်မူ၍၊ ကိုယ်တော်၏ဝိညာဉ်အစားအစာတို့ဖြင့် ကျွန်ုပ်တို့ကို ခွန်အားပေး၍ အားဖြည့်တော်မူပါ။ ဤလောကီအရာတို့ကို ကျွန်ုပ်တို့ဝိညာဉ်ကြီးထွားစေခြင်းငှါ အမှုမပြုနိုင်ပါ။

တနင်္ဂနွေ ညနေ၊ ဇန်နဝါရီ (၂၁)
**လုကာ ၄း၅-၈**
မသဲ ၆း၁၆-၂၄

*"အကြောင်းမူကား၊ အကြင်အရပ်၌သင်တို့၏ ဘဏ္ဍာရှိ၏။ ထိုအရပ်သို့သင်တို့၏စိတ်နှလုံး ရောက်တတ်၏"*

## မျက်စိတပ်မက်ခြင်း

ယေရှုခံရသောဒုတိယသွေးဆောင်ခြင်းသည် မျက်စိတပ်မက်ခြင်းဖြစ်၏။ မာရ်နတ်သည် မိမိပိုင်ဆိုင်သည်ဟုဆိုလျက် ဤလောကီနိုင်ငံတို့ကို ယေရှုအားပြသခဲ့၏။ စာတန်သည်ဘုရားသခင်၏ ခွင့်ပြုချက်မရဘဲ ဘယ်အရာအပေါ်၌မဆို မိမိအလိုအတိုင်း အာဏာမရှိနိုင်ပါ။ မာရ်နတ်သည် မိမိပြည့်စုံစေနိုင်စွမ်းမရှိသော အမှုအားဖြင့် ဂတိပေးလျက်လှည့်စားခဲ့၏။

ကြွယ်ဝမှု၊ ပျော်ရွှင်မှု၊ အပျော်ကျူးခြင်း၊ ချီးမြှောက်ခြင်းစသည့် ဤလောက၏စည်းစိမ်တို့ကို ယေရှုအားပေးမည်ဟု စာတန်ဆိုခဲ့၏။ သို့သော်လည်း သမ္မာကျမ်းထဲတွင်၊ "လောကကိုငင်း၊ လောက၌ရှိသောအရာတို့ကိုငင်း မချစ်ကြနှင့်။ လောကကိုချစ်သောသူမည်သည်ကား ခမည်းတော်ကို ချစ်ခြင်းမေတ္တာမရှိ။ လောက၌ရှိသမျှသောအရာတည်းဟူသော ကိုယ်ကာယတပ်မက်ခြင်း၊ မျက်စိတပ်မက်ခြင်း၊ လောကီစည်းစိမ်၌ ဝါကြွားခြင်းတို့သည် ခမည်းတော်နှင့်မစပ်ဆိုင်၊ လောကနှင့်သာစပ်ဆိုင်ကြ၏။ လောကနှင့်လောကီတပ်မက်ခြင်းသည် ရွှေ့သွားကွယ်ပျောက်တတ်၏။ ဘုရားသခင်၏ အလိုတော်နှင့်အညီ ကျင့်သောသူမူကား နိစ္စထာဝရတည်၏" (၁ ယော ၂း၁၅-၁၇) ဟုဆိုခဲ့၏။

ထို့ပြင် မာရ်နတ်သည် ဘုရားသခင်၏သားတော်ထံမှ ရိုသေကိုးကွယ်ခြင်းကိုရယူလိုခဲ့၏။ မာရ်နတ်ကိုးကွယ်ခြင်းထက် ဘုရားသခင်ရှေ့၌ပို၍ စက်ဆုပ်ရွံရှာစရာကောင်းသောအမှုမရှိတော့ပါ။ မာရ်နတ်သည် ဘုရားသခင်ကိုလုံးဝဆန့်ကျင်၍ ဘုရားနေရာကိုလုယူဖို့ရန် ကြိုးစားခဲ့၏။ အမြင့်ဆုံးသောဘုရားကဲ့သို့ဖြစ်မည်ဟု ထင်မှားခဲ့၏။ သူသည်ခရစ်တော်နှင့် မဆိုင်သောသူများအပေါ်၌ငင်း၊ ဤလောကီအမှုအရာတို့၌ငင်း တန်ခိုးရှိသောဘုရင်ဖြစ်ပါသည်။ ထို့ကြောင့်ခရစ်တော်ကို မိမိ၏ကယ်တင်ရှင်သခင်အဖြစ် စစ်မှန်သောယုံကြည်ခြင်းမရှိသောသူတို့သည် မာရ်နတ်၏နိုင်ငံတော်၌ နေထိုင်သောသူဖြစ်ကြ၏။ ခရစ်တော်ကို မပိုင်ဆိုင်ဘဲ၊ နှုတ်အားဖြင့်သာ ဝန်ခံသောသူသည် ဤလောကီရှင်ဘုရင်မာရ်နတ်ကို ကိုးကွယ်သောသူဖြစ်ပါ၏။ ဘုရားသခင်နှင့်မာရ်နတ်ကို တစ်ကြိမ်ထဲ ကိုးကွယ်၍မရပါ။ ဤလောကီအရာတို့ကို တပ်မက်ခြင်းသည် မာရ်နတ်ကိုကိုးကွယ်ခြင်းဖြစ်၏ (မသဲ ၆း၂၄)။

လူသည်မာရ်နတ်ကိုမဟုတ်ဘဲ၊ ဘုရားသခင်ကိုသာ ဝတ်ပြုကိုးကွယ်ရပါမည်။ ဘုရားသခင်နှင့် ကင်းကွာခဲ့သောလူသည် ဘုရားသခင်အားဝိညာဉ်နှင့်ငင်း၊ သစ္စာတရားနှင့်ငင်း မကိုးကွယ်နိုင်သောကြောင့် သံတမန်သခင်ယေရှုခရစ်တော်လိုအပ်ခြင်းဖြစ်၏ (၁ တိ ၂း၅)။ ထိုခရစ်တော်အားဖြင့်သာ မျက်စိတပ်မက်ခြင်းနှင့်စာတန်၏ သွေးဆောင်ခြင်းကို ကျွန်တော်တို့ကျော်လွှားနိုင်မည်ဖြစ်ပါသည်။

**ဆင်ခြင်ရန်** - ဤဆိုးညစ်သောလောကကြီးကို ကျွန်တော်ခင်တွယ်နေပါသလား။
**ဆုတောင်းချက်** - အဖဘုရား၊ ဤလောကီအရာတို့၏ ကျော့ကွင်း၌မကျမိစေခြင်းငှါ မစတော်မူပါ။

တနင်္လာ၊ ဇန်နဝါရီ (၂၂)
**လုကာ ၄း၉-၁၃**
၂ ပေ ၂း၁-၆

*“သူတို့ညစ်ညူးသောအကျင့်ဓလေ့တို့ကို အများသော သူတို့သည်လိုက်သောအားဖြင့် သမ္မာတရားလမ်းအသရေသည်ပျက်စီးလိမ့်မည်”*

# လောကီစည်းစိမ်၌ဝါကြွားခြင်း

စာတန်သည်ယေရှုအားနောက်ဆုံး၌ ဤသို့ဆိုခဲ့၏- “ကိုယ်တော်သည်ဘုရားသခင်၏ သားတော်မှန်လျှင် ဤအထွဋ်မှ ကိုယ်ကိုအောက်သို့ချလိုက်တော်မူပါ”။ စာတန်သည် မုသာစကား၌ ကျင်လည်သောသူဖြစ်၏။ “မုသာ၏အဘလည်းဖြစ်၏။ သူ၌သစ္စာတရားမရှိသောကြောင့် သစ္စာတရား၌မတည်မနေ” (ယော ၈း၄၄)။ ထို့ကြောင့် သူ့နှုတ်မှထွက်သောစကားသည် သမ္မာကျမ်းစာကို ကိုးကားပြောဆိုသော်လည်း၊ မုသာနှင့်ငြင်း၊ လှည့်ဖြားခြင်းနှင့်ငြင်း ရောနှောလျက်ရှိပါ၏။

ယေရှု၏တုံ့ပြန်မှုသည်အလွန်တိကျထိရောက်မှုရှိ၏။ ယုံကြည်သူတို့သည် ဘုရားသခင်၏ လမ်းပြမှုအောက်၌မိမိကိုယ်ကို ဆက်ကပ်ခြင်းရှိလျှင်၊ ဘုရားသခင်၏ပညတ်တရားလိုက်လျှောက်ခြင်းမှတပါး အခြားအမှုမပြုနိုင်ကြပါ။ မာရ်နတ်၏လှည့်စားခြင်းကို ယုံကြည်သောသူသည် မိမိကိုယ်ကို ငရဲမီးအိုင်ထဲသို့ ဆွဲချရာရောက်၏။ လူများတို့သည် ဘုရားသခင်၏တရားတော်ထက် မာရ်နတ်၏ ဖိတ်ခေါ်မှုကို အလေးထားတတ်ကြ၏။ စိတ်နှလုံးသည် ဆိုးညစ်သောကြောင့်၊ ဖြောင့်မတ်ခြင်းတရားထက်၊ ဆိုးသွမ်းသောလမ်းသို့လိုက်တတ်ကြ၏။ မိမိကိုယ်ကို ဝါကြွားခြင်းအမှုသို့လိုက်တတ်ကြ၏။ မာရ်နတ်ကဲ့သို့ မိမိကိုယ်ကိုဝါကြွားတတ်ကြ၏။ မိမိကိုယ်ကို ချစ်ခြင်းငှါပြုတတ်၏။ ခရစ်ယာန်စာရေးဆရာများဖြစ်သော Rick Warren, Joel Osteen နှင့် Joseph Prince ကဲ့သို့သော ပုဂ္ဂိုလ်တို့ကို ချီးမြှောက်ခဲ့၏။ “သူတို့ညစ်ညူးသော အကျင့်ဓလေ့တို့ကို အများသောသူတို့သည် လိုက်သောအားဖြင့်သမ္မာတရားလမ်းအသရေသည် ပျက်စီးလိမ့်မည်” (၂ ပေ ၂း၂)။

ယနေ့မြင်တွေ့ရသော ဝိညာဉ်ဆုကျေးဇူးအလွန်အကျွံယုံကြည်သောသူတို့၏ လှုပ်ရှားမှုတို့တွင် ရှုပ်ထွေးသောနိမိတ်လက္ခဏာနှင့် အံ့ဖွယ်အမှုတို့ကို တွေ့ရ၏။ ဤအရာတို့သည် ဘုရားသခင်၏ တန်ခိုးတော်ကို မှားယွင်းစွာဖော်ပြသော အတုအယောင်အံ့ဖွယ်နိမိတ်လက္ခဏာတို့ဖြစ်ကြ၏။ အံ့ဖွယ်နိမိတ်လက္ခဏာသည် ယုံကြည်ခြင်းရှိစေခြင်းငှါ မရှိမဖြစ်လိုအပ်သောအရာမဟုတ်ပါ။ ကယ်တင်ရှင်မိမိလိုအပ်ကြောင်း သိစေခြင်းငှါ လူတစ်ဦးအဖို့ ဘုရားသခင်၏ နှုတ်ကပတ်တော်သည် လုံလောက်ခြင်းရှိပါ၏။ ယခုခေတ်နည်းလမ်းတို့သည် ယေရှုအားသွေးဆောင်သောစာတန်၏ လှည့်ဖြားသွေးဆောင်ခြင်းနည်းလမ်းများနှင့်တူညီမှုရှိကြ၏။

ဘုရားသခင်ကိုဘယ်သောအခါမျှ ကျွန်တော်တို့စုံစမ်းခြင်းမပြုရပါ။ ဤလောကီနည်းလမ်းတို့ဖြင့် ဘုရားသခင်၏အလိုသို့လိုက်လျှောက်၍မရပါ။ နှုတ်ကပတ်တော်ဆန့်ကျင်သောအမှုအားဖြင့် ဘုရားသခင်ကိုစုံစမ်းခြင်းမပြုပါနှင့်။ ဘုရားသခင်၏စကားကိုသာ နာခံခြင်းရှိပါလော့။

**ဆင်ခြင်ရန်** - ဘုရားသခင်ကိုစုံစမ်းခြင်းပြုခြင်းငှါ ကျွန်တော်ထောင်လွှားခြင်းရှိနေပါသလား။

**ဆုတောင်းချက်** - အဖဘုရား၊ ကိုယ်တော်သည်အရာခပ်သိမ်းကို အစိုးရတော်မူသောကြောင့် ရိုသေကြောက်ရွံ့ခြင်းအပေါင်းကို ကိုယ်တော်ရထိုက်တော်မူ၏။ ကိုယ်တော်ရှေ့မှောက်၌ အကျွန်ုပ်သည်မြေမှုန့်သာဖြစ်ကြောင်း သိလျက်၊ နှိမ့်ချခြင်းစိတ်သဘောရှိမည်အကြောင်း သနားမစတော်မူပါ။

အင်္ဂါ၊ ဇန်နဝါရီ (၂၃)
**လုကာ ၄း၁၄-၂၁**
မသဲ ၅း၃-၁၂

*"စိတ်နှလုံးနှိမ့်ချသောသူတို့သည် မင်္ဂလာရှိကြ၏။ အကြောင်းမူကား၊ ကောင်းကင်နိုင်ငံတော်သည် ထိုသူတို့၏နိုင်ငံဖြစ်၏"*

## ဥပုသ်နေ့

ဥပုသ်နေ့ကိုအစိုးရသောသခင်ယေရှုသည် ယနေ့ရက်ကိုတရားဇရပ်သို့သွားရောက်ခြင်းဖြင့် သန့်ရှင်းစေတော်မူ၏။ ထိုသို့သွားရောက်ရုံသာမက မိမိအကြောင်းကိုရေးသားထားသော သမ္မာကျမ်းစာကို ဖတ်ကြား၍ဟောပြောခဲ့၏။ အနက်ဖွင့်လျက်လူတို့ကို နားလည်စေတော်မူ၏။ ထိုအခါ လူတို့သည် ယေရှု၏သွန်သင်ချက်၌ အံ့ဩခြင်းရှိခဲ့ကြပါသည်။ ယေရှုက ဘုရားသခင်မှုတ်သွင်းတော်မူသော၊ အမှားကင်းစင်သောတရားတော်ကို သွန်သင်ဟောကြားခဲ့၏။ မိမိအကြောင်း ပရောဖက်ပြုချက်တို့ကို ဖော်ပြ၍၊ မိမိပြည့်စုံစေခြင်းအကြောင်းကို သွန်သင်တော်မူ၏။ ဘုရားသခင်၏အလိုတော်အတိုင်း၊ ဘုရားသခင်နှစ်သက်တော်မူသော ရွေးနှုတ်ကယ်တင်ခြင်း အချိန်အခါဖြစ်ခဲ့ပါသည်။ မိမိလူတို့ကယ်တင်ခြင်းခံရခြင်းငှါ ဘုရားသခင်သတ်မှတ်တော်မူသော အချိန်ပေတည်း။

လူတို့သည်ယေရှု၏ တရားတော်ကြောင့် အံ့ဩခြင်းရှိကြ၏။ ကြားနာသောသူတို့သည် နာဇရက်မြို့မှဆင်းရဲသားများဖြစ်ကြ၏။ သမ္မာကျမ်းစာက ဤဆင်းရဲသားတို့ကို ကြေမွသောသူ၊ ဖမ်းဆီးခြင်းခံရသောသူ၊ မျက်စိကန်းသောသူ၊ ညှင်းဆဲခံရသောသူဟုဖော်ပြထား၏ (လုကာ ၄း၁၈)။ ထိုသူတို့သည် ဝိညာဉ်ရေးရာဆင်းရဲဒုက္ခ၊ မျက်ကန်းခြင်း၊ ကျွန်ကျခံရခြင်း၊ သေခြင်းစသည်တို့၏ ဖိနှိပ်ခြင်းကို ခံရကြ၏။ ထို့ကြောင့် သခင်ယေရှုကထိုဝိညာဉ်ရေးရာဒုက္ခဆင်းရဲထဲမှ ငရဲထဲမှ ကယ်နှုတ်မည်အကြောင်း၊ အသက်ရှင်စေခြင်းအလင်းအားဖြင့် သူတို့အားခွန်အားပေးတော်မူ၏။ ယေရှုက ယုံကြည်ကိုးစားသောသူအပေါင်းတို့သည် အလုံးစုံပြုပြင်ခြင်းခံရကြမည်အကြောင်း ကတိတော်ထားခဲ့၏။

ထိုသို့ကယ်တင်ခြင်းခံရသောသူတို့သည် အခြားသောယုံကြည်သူတို့နှင့်အတူတကွ ဘုရားသခင်၏နှုတ်ကပတ်တော်ကြားနာခြင်း၊ ဝတ်ပြုကိုးကွယ်ခြင်းအားဖြင့် ဥပုသ်နေ့ကို သန့်ရှင်းစေကြရမည်ဖြစ်ပါသည် (ဟေဗြဲ ၁၀း၂၅)။ ဥပုသ်နေ့၌ ဘုရားသခင်၏လူတို့နှင့်အတူ ဘုရားကျောင်း၌ ဘုရားသခင်၏ နှုတ်ကပတ်တော်သင်ကြားလေ့လာခြင်းပြုခြင်းထက် ပို၍ကောင်းသောအမှုမရှိနိုင်ပါ။ နှုတ်ကပတ်တော်က ယေရှုသည် မေရှိယဖြစ်ကြောင်းကြေငြာခဲ့၏။ ရှေးကကဲ့သို့ ယနေ့လူများတို့သည် ဤသမ္မာတရားကို မယုံကြည်ဘဲငြင်းပယ်ကြ၏။ ခရစ်ယာန်တို့သည် ဤအမှောင်လောကထဲ၌ ဘုရားသခင်နှုတ်ကပတ်တော်အလင်း၏ လမ်းပြမှုကိုလိုအပ်လျက်ရှိပါသည် (ဆာလံ ၁၁၉း၁၀၅)။ မာရ်နတ်သည်မိမိ၏အချိန်မရှိတော့ကြောင်း သိသဖြင့်၊ ကြိုးစားအမှုပြုနေသောကြောင့် ခရစ်ယာန်တို့သည် အစဉ်သတိထားနိုးကြားနေကြရပါမည်။

**ဆင်ခြင်ရန်** - ဥပုသ်နေ့၌ဘုရားသခင်ထံ ရှိသေသောစိတ်သဘောဖြင့် အကျွန်ုပ်ချဉ်းကပ်ဝတ်ပြုပါသလား။

**ဆုတောင်းချက်** - ကျေးဇူးကြီးလှတော်မူသောအဖဘုရား၊ ကိုယ်တော်အားဝတ်ပြုကိုးကွယ်ခြင်းငှါ ကျွန်တော်ပြင်ဆင်သောအခါ မိမိကိုယ်ကိုသိနားလည်ခြင်းရှိမည်အကြောင်း မစတော်မူပါ။

ဗုဒ္ဓဟူး၊ ဇန်နဝါရီ (၂၄)

**လုကာ ၄း၂၂-၃၀**

ယော ၁း၁၀-၁၃

*"သူသည်မိမိဒေသအရပ်သို့ကြွလာသော်လည်း မိမိလူမျိုးတို့သည် သူ့ကိုလက်မခံဘဲနေကြ၏"*

## ငြင်းပယ်ခြင်းခံရသောသူ

ယေရှုသည်နာဇရက်မြို့သူမြို့သားတို့၏ လေးစားကြည်ညိုခြင်းကိုမခံခဲ့ရပေ။ သူတို့၏စိတ်သဘောကို ဤသို့ယေရှုကဖော်ထုတ်ခဲ့၏- "သင်တို့သည် ပုံဥပမာကိုဆောင်လျက်၊ အချင်းဆေးသမား၊ ကိုယ်အနာကိုငြိမ်းစေလော့" (လုကာ ၄း၂၃) ဟုဆိုကြလိမ့်မည်။ ငယ်စဉ်ကတည်းက သိမြင်ခဲ့သော အိမ်နီးချင်းတို့က သူ့ကိုငြင်းပယ်ခဲ့ကြ၏။ သူတို့သည်သမ္မာတရား၌ စိတ်နှလုံးခိုင်မာခြင်းရှိ၍ မျက်စိကန်းခဲ့ကြ၏။ မယုံကြည်သူတို့၏ တုံ့ပြန်မှုပင်ဖြစ်ပါသည်။ ယေရှုကိုလက်ခံကြရမည့်အစား မိမိမြို့သူမြို့သားတို့သည် ယေရှု၏ဂုဏ်ပုဒ်ကိုမေးခွန်းထုတ်ခဲ့ကြ၏။ ယနေ့ယေရှုကြွလာတော်မူခဲ့သော်၊ အရင်ထက်ပို၍များသောငြင်းပယ်သောသူရှိလိမ့်မည်ဟု ထင်ရပါသည်။

ယေရှုကအဘယ်ပရောဖက်မျှ မိမိနေရင်းမြို့၌ မျက်နှာမရတတ်ဟု ဆိုခဲ့၏။ "ထိုသူသည် ဤလောက၌ရှိတော်မူပြီ။ ဤလောကကိုလည်း ဖန်ဆင်းတော်မူပြီ။ သို့သော်လည်း ဤလောကသည် ထိုသူကိုမသိ။ သူသည် မိမိဒေသအရပ်သို့ ကြွလာသော်လည်း၊ မိမိလူမျိုးတို့သည် သူ့ကိုလက်မခံဘဲနေကြ၏" (ယော ၁း၁၀-၁၁)။ ထိုသို့ငြင်းပယ်ကြသောကြောင့် မိမိမြို့၌ အံ့ဖွယ်နိမိတ်လက္ခဏာတို့ကို မပြုဘဲနေခဲ့၏။

ယေရှုကဘုရားသခင်၏ကျေးဇူးတော်ခံခဲ့ရသော ဇရတ္တမြို့မုဆိုးမနှင့် နေမန်၏အကြောင်းဖော်ပြခြင်းဖြင့် နာဇရက်မြို့သားတို့သည် ခံရမည့်ကျေးဇူးတော်ရုတ်သိမ်းလျက် အခြားသူထံပေးသနားတော်မူနိုင်ကြောင်းကို သွန်သင်တော်မူခဲ့၏။ ထိုအခါသူတို့သည် နောင်တရကြမည့်အစား၊ အမျက်ထွက်၍ ပြဿနာရှာကြ၏။ ယေရှုကိုယုံကြည်မည့်အစား၊ အမျက်ထွက်၍ မောင်းထုတ်ခဲ့ကြ၏။ သူတို့အထဲမှ ယေရှုလွတ်မြောက်ခဲ့ပါသည်။ ဘုရားသခင်၏ တန်ခိုးတော်အားဖြင့် ကွယ်ကာခြင်းခံရ၍၊ အပြစ်သားတို့အား ကယ်တင်ခြင်းငှါအမှုပြုရန်ရှိသေးသောကြောင့် ထွက်သွားခြင်းဖြစ်ပါ၏။

ယေရှုသည်လူတစ်ဦး၏စိတ်နှလုံးတံခါးကို ခေါက်တော်မူလျက်ပင် ထိုသူက ယေရှုအားမောင်းထုတ်ခဲ့လျှင် ထိုမြင်ကွင်းသည် ဝမ်းနည်းစရာကောင်းလှပါ၏။ ထာဝရအသက်ဆုကျေးဇူးသည် အယောက်စီတိုင်းထံသို့ ပေးကမ်းခြင်းခံရသော်လည်း၊ ထိုသူက လက်ခံယုံကြည်ခြင်းမရှိလျှင် ဘယ်သောအခါမျှ ပိုင်ဆိုင်ရမည်မဟုတ်ပါ။ ယေရှုကိုငြင်းပယ်ခြင်းမပြုဘဲ၊ "အိုဘုရားသခင်၊ အပြစ်များသောအကျွန်ုပ်ကို သနားခြင်းဂရုဏာစိတ်ရှိတော်မူပါ" (လုကာ ၁၈း၁၃) ဟုတောင်းလျှောက်ခြင်းပြုခြင်းငှါ သန့်ရှင်းသောဝိညာဉ်တော်သည် ကျွန်ုပ်တို့စိတ်နှလုံးကို နှိုးဆော်တို့ထိပါစေသော်။

**ဆင်ခြင်ရန်** - အကျွန်ုပ်စိတ်နှလုံးထဲသို့ ယေရှုမဝင်နိုင်အောင် ကျွန်တော်ဆီးတားခြင်းပြုနေပါသလား။

**ဆုတောင်းချက်** - အိုထာဝရဘုရား အကျွန်ုပ်၏မယုံကြည်ခြင်းကို မစတော်မူ၍၊ သားတော်ကိုယုံကြည်ခြင်းငှါ မစသနားတော်မူပါ။ ယေရှုအား ကယ်တင်ရှင်သခင်အဖြစ် အကျွန်ုပ်အားလက်ခံတော်မူပါ။

ကြာသပတေး၊ ဇန်နဝါရီ (၂၅)

**လုကာ ၄း၃၁-၄၄**

ရောမ ၁၂း၃

*“သင်တို့သည်ကိုယ်ကိုထင်သင့်သည် အတိုင်းထက်လွန်၍မထင်ဘဲ. . . ”*

## ဘုရားသခင်၏တန်ခိုးတော်

ယေရှုသည် “အာဏာနှင့်ဟောတော်မူသောကြောင့်” ပရိသတ်တို့က သူ၏ဆုံးမသြဝါဒနှင့် ဒေသနာတော်ကို အလွန်အံ့သြခြင်းရှိကြ၏။ ဆိုလိုသည်မှာ ယေရှုသည်တန်ခိုးပါလျက် ဟောတော်မူခြင်းဖြစ်၏။ သူသည် ဆွဲဆောင်မှုရှိ၍မဟုတ်၊ ထူးခြား၍မဟုတ်၊ တန်ခိုးအာဏာရှိတော်မူသောကြောင့်တည်း။ ထို့ကြောင့်လူတို့၏စိတ်နှလုံးကို ယေရှု၏ဒေသနာတော်က လှုပ်ခတ်စေတော်မူ၏။ “ဘုရားသခင်၏နှုတ်ကပတ်တရားတော်သည် အသက်ရှင်ခြင်း၊ တန်ခိုးနှင့်ပြည့်ပြင်ခြင်း၊ သန်လျက်တကာတို့ထက် ထက်ခြင်းနှင့်ပြည့်စုံသည်ဖြစ်၍၊ အသက်နှင့်စိတ်ဝိညာဉ်ကိုဇင်း၊ အရိုးဆစ်နှင့်ခြင်ဆီကိုဇင်း၊ ပိုင်းခြား၍ ထုတ်ချင်းခွင်းတတ်၏။ စိတ်နှလုံးအကြံအစည်များကိုလည်း သိမြင်တတ်၏” (ဟေဗြဲ ၄း၁၂)။

ယေရှု၏စကားတော်သည် နတ်ဆိုးတို့အပေါ်၌လည်း တန်ခိုးရှိတော်မူ၏။ ယေရှုသည် နတ်ဆိုးတို့အား နှုတ်တော်ဖြင့်ဆုံးမ၍ မောင်းထုတ်တော်မူခဲ့၏။ ထိုနတ်ဆိုးတို့သည် ယေရှုကို သိကြသော်လည်း နောင်တရ၍ ယုံကြည်ခြင်းအခွင့်မရနိုင်ကြပါ။ သူတို့သည်ထာဝရပျက်စီးခြင်းခံရမည့်သူများဖြစ်ကြ၏။

ထိုသို့ယေရှု၏စကားတော်အားဖြင့် ဝိညာဉ်ဆိုးတို့သည် ထွက်သွားကြရသောကြောင့်၊ နှုတ်တော်ထွက်စကား၏ တန်ခိုးအာဏာကိုလူတို့သည် အံ့သြခြင်းရှိခဲ့ကြ၏။ သာမန်လူသားမဟုတ်ကြောင်း၊ ခရစ်တော်ကို လူတို့ကသိမြင်လာကြ၏။ လူတိုင်းသည် ခန္ဓာကိုယ်သေခြင်းမခံရမီ၊ မိမိအပြစ်မှနောင်တရ၍ ယေရှုကိုယုံကြည်လျက် ထာဝရအသက်ရခြင်းငှါအခွင့်ရှိကြပါ၏။ ကယ်တင်ရှင်သခင်အဖြစ်လက်ခံ၍ ချဉ်းကပ်သောသူတို့အား ယေရှုသည်အဘယ်သူမျှငြင်းပယ်တော်မမူတတ်ပေ။ နတ်ဆိုးတို့သည် ယေရှု၏အကြောင်းကို မှန်ကန်စွာဖော်ပြကြွေးကြော်ခဲ့သော်လည်း၊ ယေရှုက ဆုံးမတော်မူခဲ့၏။ မယုံကြည်သူတို့၏သက်သေခံချက်ကို သခင်ယေရှုအသိအမှတ်ပြုတော်မမူ။ ထို့ကြောင့် ယုံကြည်သူတို့အား “ငါသည် သန့်ရှင်းတော်မူသောကြောင့်၊ သင်တို့သည်လည်း သန့်ရှင်းခြင်းရှိကြလော့” (၁ ပေ ၁း၁၆) ဟုမိန့်တော်မူခြင်းဖြစ်ပါသည်။

ယေရှုသည်အနာရောဂါအပေါ်၌လည်း တန်ခိုးရှိတော်မူ၏။ ပေတရု၏ယောက္ခမကိုလည်း ကျန်းမာစေခဲ့၏။ လူတို့၏အနာရောဂါအမျိုးမျိုးတို့ကို ယေရှုက ငြိမ်းစေတော်မူခဲ့ပါသည်။ အနန္တတန်ခိုးရှင်ဘုရားသခင်အတွက် မဖြစ်နိုင်သောအမှုအရာမရှိပါ။ အပြစ်ကို လွှတ်စေသည်သာမက အမျိုးမျိုးသောရောဂါအပေါ်၌လည်း ကျွန်တော်တို့၏ဘုရားသခင်သည် အာဏာတန်ခိုးရှိတော်မူကြောင်း သိခြင်းသည် အလွန်စိတ်ချမ်းသာစရာကောင်းလှပါသည်။

**ဆင်ခြင်ရန်** - အကျွန်ုပ်အသက်တာ၌ ဘုရားသခင်၏တန်ခိုးတော်ကိုကျွန်တော်ခံစားရပါသလား။

**ဆုတောင်းချက်** - အဖဘုရား၊ ကိုယ်တော်၏တန်ခိုးအာဏာတော်သည် အဆုံးအာဏာမရှိ ထာဝရတည်၍ပြောင်းလဲခြင်းရှိတော်မမူ။ ကိုယ်တော်အဖို့ နေ့စဉ်အသက်ရှင်စဉ် ကိုယ်တော်၏တန်ခိုးတော်ကို အကျွန်ုပ်အား လက်တွေ့ခံစားစေတော်မူပါ။

သောကြာ၊ ဇန်နဝါရီ (၂၆)
**လုကာ ၅း၁၂-၁၃**
မသဲ ၈း၁-၄

*"ယေရှုကလည်းငါအလိုရှိ၏၊ သန့်ရှင်းခြင်းသို့ ရောက်စေဟုမိန့်တော်မူလျက်၊ လက်တော်ကို ဆန့်၍ ထိုသူကိုတို့တော်မူ၏"*

## စစ်မှန်သောအနာငြိမ်းခြင်း

ယေရှုသည်အနာရောဂါအမျိုးမျိုးကို ငြိမ်းစေနိုင်သောအနန္တတန်ခိုးရှင်ဖြစ်တော်မူ၏။ ကြီးမြတ်သောသမားတော်လည်းဖြစ်၏။ သခင်ယေရှုမငြိမ်းစေနိုင်သောရောဂါဟူ၍ ဤလောက၌မရှိ။ ဤခန္ဓာကိုယ်အနာရောဂါငြိမ်းစေခြင်းသည် ထာဝရမဟုတ်သော၊ ခဏတာခံစားရသည့် ဒုက္ခဝေဒနာမှ ကင်းလွတ်စေခြင်းသာဖြစ်၏။ ဤခန္ဓာကိုယ်အနာရောဂါတို့အပေါ် ခရစ်တော်တန်ခိုးအာဏာရှိခြင်းက သူသည်ဘုရားသခင်ဖြစ်ကြောင်း၊ ထင်ရှားစွာဖော်ပြလျက်ရှိ၏။ ဘုရားသခင့်သားတော်၏ အံ့ဖွယ်တန်ခိုးကိုပြသခြင်းလည်းဖြစ်၏။ ထိုခရစ်တော်၏ တန်ခိုးအာဏာတော်ကို ရောဂါအနာငြိမ်းစေခြင်းအတွက် ချဉ်းကပ်သောသူတိုင်း အမှန်တကယ်ယုံကြည်ကိုးစားခြင်းရှိကြရပါမည်။

လူတို့အတွက် အဓိကကျသောအရာသည် ခန္ဓာကိုယ်အနာရောဂါမှကင်းလွတ်ခြင်းမဟုတ်ဘဲ၊ ဝိညာဉ်အနာရောဂါမှ သန့်ရှင်းကင်းလွတ်စေခြင်းဖြစ်ပါသည်။ မိမိထံနှိမ့်ချစွာချဉ်းကပ်သောသူတို့အား သန့်ရှင်းစင်ကြယ်စေနိုင်သောသူသည် ယေရှုဖြစ်တော်မူကြောင်း ယုံကြည်ခြင်းရှိရပါမည်။ ထိုသို့ခရစ်တော်၏သန့်ရှင်းစင်ကြယ်စေတော်မူခြင်း တန်ခိုးတော်ကိုယုံကြည်ကိုးစားခြင်းရှိရပါမည်။ ယေရှု၏မြတ်သောအသွေးတော်ဖြင့် သန့်ရှင်းဆေးကြောပေးတော်မမူနိုင်သော အပြစ်ဟူ၍မရှိပါ။ ယေရှု၏ဖြောင့်မတ်တော်မူခြင်းသည် အသရေစွန်းခြင်းနှင့်ကင်းလွတ်ခြင်းရှိ၍ ကျေးဇူးတော်တန်ခိုးသည် အပြစ်ကိုအောင်နိုင်၏။ ကျွန်တော်တို့ပြုရမည့်အမှုသည် ကိုယ်တော်ထံနှိမ့်ချသောစိတ်နှင့်ချဉ်းကပ်၍ "သခင်အလိုတော်ရှိလျှင် ကျွန်တော်ကိုသန့်ရှင်းစေနိုင်တော်မူသည်" (လုကာ ၅း၁၂) ဟု တောင်းလျှောက်ရမည်ဖြစ်ပါသည်။

ခရစ်တော်၏အနာငြိမ်းစေခြင်းအမှုက ကိုယ်တော်၏သနားကြင်နာမှုကိုဖော်ပြလျက်ရှိပါသည်။ ဤအချက်ကို မသဲ ၈း၃ ထဲ၌တွေ့ရ၏။ ယေရှုသည်ချက်ချင်းပင် လက်တော်ကိုဆန့်၍ လူနာကိုတို့တော်မူ၏။ နူနာရောဂါသည် လူတို့ရွံရှာသောရောဂါတစ်မျိုးဖြစ်၍ မည်သူမျှမထိလိုကြ။ သို့သော်လည်းခရစ်တော်သည် တို့ထိတော်မူ၏။ ယေရှုကိုအဘယ်ရောဂါကမျှ မကူးစက်နိုင်ပါ။ ခရစ်တော်သည် အလွန်သန့်ရှင်းစင်ကြယ်တော်မူသောကြောင့် အနာရောဂါအလုံးစုံကိုအောင်နိုင်တော်မူ၏။ သဘာဝတရားသည် ဖြည်းဖြည်းချင်းအမှုပြုသော်လည်း သဘာဝတရား၏အရှင်ဘုရားသခင်သည် ချက်ချင်းအမှုပြုတော်မူ၏။ နှုတ်ဖြင့်မြွက်ဆိုသောအခါ ပြောသည့်အတိုင်းဖြစ်လေ၏။ ဤအနာရောဂါငြိမ်းစေခြင်းအမှု၏ရည်ရွယ်ချက်မှာ မိမိ၏ဘုရားဖြစ်ခြင်းကိုသက်သေပြရန်ဖြစ်ပါသည်။ ယေရှုသည်အသက်ရှင်ခြင်း၏သခင်ဖြစ်တော်မူသောကြောင့် မူလအကောင်းပကတိအတိုင်း ပြန်လည်သက်သာစေတော်မူနိုင်၏။ အနာရောဂါအလုံးစုံအပေါ်၌ မိမိ၏တန်ခိုးပြသတော်မူခြင်းဖြင့် မိမိ၏သနားကြင်နာခြင်းစိတ်သဘောသာမက မိမိ၏ဘုရားသခင်ဖြစ်ခြင်းကိုသက်သေပြတော်မူ၏။

**ဆင်ခြင်ရန်** - ခရစ်တော်၏အနာငြိမ်းစေခြင်းပြုခြင်းအမှုရည်ရွယ်ချက်ကို ကျွန်တော်သိပါသလား။

**ဆုတောင်းချက်** - အဖဘုရား၊ ရောဂါအလုံးစုံကိုငြိမ်းစေတော်မူနိုင်သော ကြီးမြတ်တော်မူသော ကျွန်ုပ်တို့၏သမားတော်ထာဝရဘုရား၊ ဘုန်းအာနုဘော်အပေါင်းတို့သည် ကိုယ်တော်သာလျှင် ပိုင်ထိုက်တော်မူ၏။

စနေ၊ ဇန်နဝါရီ (၂၇)
**လုကာ ၅း၁၆-၂၆**
ကမ္ဘာ ၁၈း၂၅

*"မြေကြီးလုံးကိုစီရင်တော်မူသောသခင်သည် တရားသဖြင့်ပြုတော်မူမည်မဟုတ်လော"*

# အပြစ်လွှတ်ခြင်း

လက်ခြေသေခြင်းသည် မတော်တဆထိခိုက်ဒဏ်ရာရခြင်းကြောင့် လမ်းမလျှောက်နိုင်ဘဲ လေဖြတ်ခြင်းဖြစ်ပါသည်။ ထိုသူအဖို့ ယေရှုထံချဉ်းကပ်ရခြင်းအခွင့်မရှိသော်လည်း မိမိ၏ယုံကြည်ခြင်းနှင့်မိတ်ဆွေတို့၏ ယုံကြည်ခြင်းအားဖြင့် အိမ်မိုးကိုဖောက်၍ နည်းလမ်းရှာခဲ့ကြ၏။ သူသည် မလှုပ်ရှားနိုင်သော်လည်း သူငယ်ချင်းများက ကူညီခဲ့ကြ၏။ ထို့ကြောင့်ခရစ်ယာန်တိုင်းသည် ပျောက်သောသူတို့ကို ကယ်တင်ခြင်းခံရကြခြင်းငှါ ခရစ်တော်ထံခေါ်ဆောင်ကြရမည်ဖြစ်ပါသည်။ "ထိုမှတပါး လူသားသည်ပျောက်သောသူတို့ကို ကယ်တင်အံ့သောငှါ ကြွလာသတည်း" (မဿဲ ၁၈း၁၁)။

ယေရှုသည်လက်ခြေသေသောသူနှင့်သူ၏မိတ်ဆွေတို့ကို မြင်သောအခါ "အချင်းလူ၊ သင်၏အပြစ်ကိုလွှတ်စေပြီ" ဟုမိန့်တော်မူ၏ (လုကာ ၅း၂၀)။ ရောဂါဝေဒနာအပေါင်းတို့သည် အပြစ်ကျိန်ခြင်းမှထွက်လာခြင်းဖြစ်ပါသည်။ ယေရှုသည်လူတို့အား အပြစ်မှဧင်း၊ အပြစ်၏လွှမ်းမိုးခြင်းမှဧင်း ကယ်တင်အံ့သောငှါ ကြွလာတော်မူခြင်းဖြစ်၏။ ဒုတိယမွေးခြင်းခံရသောခရစ်ယာန်တို့သည် အပြစ်လွှတ်ခြင်းခံရ၍ ရှင်ပြန်ထမြောက်ရာနေ့၌စုံလင်သော၊ ဘုန်းအာနုဘော်နှင့်ပြည့်စုံသော ခန္ဓာကိုယ်ဖြင့် ပြန်လည်ထမြောက်မည်အကြောင်း ကတိတော်ခံရကြ၏ (၁ ကော ၁၅း၅၂-၅၇)။

ထိုလူ၏အပြစ်ကိုလွှတ်ပေးသောအခါ ကျမ်းပြုဆရာတို့နှင့်ဖာရိရှဲတို့က ယေရှုအားဘုရားကို လွန်ကျူးသောသူဟု အပြစ်တင်ကြ၏။ ဤအံ့ဖွယ်နိမိတ်လက္ခဏာကိုတွေ့ကြသော်လည်း သမ္မာကျမ်းစာကိုသိသောသူဖြစ်ကြသော်လည်း၊ သူတို့သည် ယေရှုခရစ်တော်ကို ငြင်းပယ်လျက်ရှိကြ၏။ မိမိကိုယ်ကိုခရစ်ယာန်ဟုခေါ်ကြသောအချို့သောသူတို့သည် ခရစ်တော်၏အပြစ်လွှတ်ခြင်းတန်ခိုးကို ငြင်းပယ်ကြပါ၏။ ထိုသူတို့သည်ကားတိုင်ပေါ်၌ ခရစ်တော်ပြုသောအမှုကို ယုံကြည်ကိုးစားခြင်းအားဖြင့် အပြစ်လွှတ်ခြင်းခံရသည်ကိုမယုံကြည်နိုင်ဖြစ်၍ မိမိတို့ပြုသောကောင်းမှုကုသိုလ်နှင့် အခြားသောဘာသာရေးလုပ်ထုံးတို့ကို ပို၍ကိုးစားကြပါသည်။

ယေရှုသည်ဘုရားသခင်ဖြစ်သောကြောင့် အပြစ်လွှတ်နိုင်သောတန်ခိုးရှိတော်မူ၏။ လူသားတို့၏အပြစ်သည် ပညတ်ပေးတော်မူသောဘုရားသခင်ကို ဆန့်ကျင်ခြင်းပြု၏။ သားတော်ယေရှုသည် ပညတ်တရားအလုံးစုံကို လိုက်လျှောက်ခဲ့ပြီး၊ အပြစ်၏ကျိန်ခြင်းကိုခံခြင်းဖြင့် ကျွန်တော်တို့အတွက် အပြစ်လွှတ်ခြင်းရယူပေးတော်မူ၏။ အပြစ်၏အဖိုးအခကိုဆပ်ပေးတော်မူပြီဖြစ်သောကြောင့် သခင်ယေရှုသည်အပြစ်ကိုခွင့်လွှတ်ပေးနိုင်တော်မူ၏။ "လာကြ၊ . . . သင်တို့အပြစ်သည် နီသောအဆင်းရှိသော်လည်း၊ မိုးပွင့်ကဲ့သို့ဖြူလိမ့်မည်" (ဟေရှာ ၁း၁၈)။

မယုံကြည်သောစိတ်နှလုံးသည် ဤအမှုကိုသဘောပေါက်နားလည်ခြင်းမရှိနိုင်ပါ။ သင်နားလည်နိုင်ပါသလား။

**ဆင်ခြင်ရန်** - ဘုန်းတော်ဝင်စားရမည့်နေ့ရက်ကို ကျွန်တော်မျှော်ကြည့်နေပါသလား။
**ဆုတောင်းချက်** - အဖဘုရား၊ ကယ်တင်ရှင်သခင်ယေရှုခရစ်တော်အားဖြင့် ထာဝရအသက် ရရှိခြင်းကြောင့်ကိုယ်တော့်ကိုကျေးဇူးတင်ပါ၏။

တနင်္ဂနွေ၊ ဇန်နဝါရီ (၂၈)
**လုကာ ၅း၂၇-၂၈**
ဆာလံ ၈၄

*"မတရားသောသူ၏နေရာ၌ နေရသောအခွင့်ထက်၊ အကျွန်ုပ်၏ဘုရားသခင့်အိမ်တော်၌ တံခါးစောင့် အရာကိုအကျွန်ုပ်သာ၍နှစ်သက်ပါ၏"*

## မသဲကိုခေါ်တော်မူခြင်း

ယေရှုသည်အခွန်ခံရာတဲ၌ မိမိ၏အလုပ်ကိုလုပ်နေသောမသဲကိုတွေ့တော်မူ၏။ လုကာက မသဲအား လေဝိဟုဖော်ပြခဲ့ပါသည် (လုကာ ၅း၂၇)။ ရောမအစိုးရလက်အောက်၌ အခွန်ခံအမှုကို ထမ်းရွက်သောသူတို့အား ယုဒလူတို့သည် သစ္စာဖောက်ဟုသတ်မှတ်ခဲ့ကြ၏။ အခွန်ခံသည် ပြည်သူ ထံမှအခွန်ကို ကောက်ခံခြင်း၄ါ တာဝန်ပေးခြင်းခံရသောသူများဖြစ်ကြ၏။ ထိုသို့မသဲသည် မိမိ၏ အလုပ်ကိုလုပ်နေသောအချိန်၌ ယေရှုကမိမိနောက်သို့လိုက်ခြင်း၄ါ ခေါ်တော်မူခဲ့၏။ မသဲသည် မိမိ၏အလုပ်ကိုထားခဲ့ပြီး ယေရှုနောက်သို့လိုက်ခဲ့၏။ ယုဒပြည်ရှိအခွန်ခံများစွာထဲမှ ယေရှုသည် မသဲကိုရွေးနုတ်တော်မူ၏။ ဤသည်ကား၊ ကမ္ဘာမတည်မရှိမီကပင် ခွဲခန့်မှတ်သားတော်မူခြင်းခံရသော သူတို့ကိုဘုရားသခင်သည် ကျေးဇူးတော်အားဖြင့် သီးခြားခွဲထားတော်မူကြောင်း ဖော်ပြခြင်းပေတည်း။ Matthew Henry က "အခွန်ခံရာတဲမှ အခွန်ခံကိုမိမိ၏နောက်လိုက်တပည့်တော်အဖြစ် ခေါ်တော်မူ ခြင်းသည် ဘုရားသခင်၏အံ့ဖွယ်ကျေးဇူးတော်ပင်ဖြစ်ပါသည်" ဟုဆိုခဲ့၏။

မသဲသည်မိမိ၏အသက်မွေးဝမ်းကျောင်းအလုပ်ကို ထားခဲ့၍နောက်တော်သို့လိုက်ခဲ့၏။ ဘုရားသခင့်အမှုတော်ကိုဆောင်ခြင်းထက် ကောင်းသောအလုပ်မရှိ။ ဘုရားသခင်၏အိမ်တော်ထက် ပို၍ကောင်းသောအလုပ်ရုံမရှိပါ။ ဆာလံဆရာက "မတရားသောသူ၏နေရာ၌နေရသောအခွင့်ထက်၊ အကျွန်ုပ်၏ဘုရားသခင်အိမ်တော်၌တံခါးစောင့်အရာကို အကျွန်ုပ်သာ၍နှစ်သက်ပါ၏" (ဆာလံ ၈၄း၁၀) ဟုဆိုခဲ့၏။ လူ့အမြင်ဖြင့်ကြည့်မည်ဆိုလျှင် မိမိကိုယ်ကိုငြင်းပယ်၍ ငွေကြေးမရှိသော၊ နေစရာအိမ်မရှိသောဆရာတစ်ဦး၏နောက်တော်သို့ လိုက်ရန်ဆုံးဖြတ်ချက်ချခြင်းသည် အလွန်ခဲယဉ်း ပါလိမ့်မည်။ William Bright က ဤသို့စပ်ဆိုခဲ့၏-

> အခွန်ခံရာတဲ၌ထိုင်နေခဲ့ပြီး၊
> တပါးအမျိုးသားသခင်တို့၏မုန်းတီးစရာကောင်းသော
> တန်ဆာပလာဖြစ်လျက်၊ လူတို့၏ကဲ့ရဲ့ခြင်းခံရသောသူဖြစ်၏။
> ကိုယ်တော်၏ဆုကျေးဇူးစောင့်ရှောက်သောသူ၊ မိမိပိုင်မဟုတ်၊
> ကိုယ်တော်အဖို့ဘဏ္ဍာစိုးဖြစ်မည်အကြောင်း အရာခပ်သိမ်းစွန့်သောသူတို့
> မသဲခံရသောစည်းစိမ်ကိုခံရကြပါစေ. . . ။

**ဆင်ခြင်ရန်** - ဘုရားသခင်ထံမှခေါ်တော်မူခြင်းကျွန်တော်ခံရပါသလား။

**ဆုတောင်းချက်** - ထာဝရအဘ၊ ကိုယ်တော်ပိုင်သောသူတို့ကို ကမ္ဘာမတည်မရှိမီကတည်းက ကိုယ်တော်သိတော်မူ၏။ ကိုယ်တော်၏အမှုတော်အတွက် အချို့သောသူကို ခွဲခန့်မှတ်သားခေါ်တော်မူပြီး၊ အကျွန်ုပ်ကိုလည်း ကယ်တင်ခြင်းနှင့်အမှုတော် မြတ်အတွက် ခေါ်တော်မူသောကြောင့် အရာခပ်သိမ်းကို ကိုယ်တော်၏ဘုန်းတော် ထင်ရှားခြင်းအတွက် ပြုခြင်း၄ါမစတော်မူပါ။

**လုကာ ၅း၂၉-၃၅**
မသဲ ၇း၁-၅

*"ကိုယ်မျက်စိ၌ရှိသောတံကျဉ်ကို မအောက်မေ့ဘဲ ညီအစ်ကိုမျက်စိ၌ရှိသော ငြောင့်ငယ်ကို အဘယ်ကြောင့်ကြည့်ရှုသနည်း"*

## ခေါ်တော်မူခြင်းခံရသောသူ၏စိတ်သဘောထား

လေဝိ (ခေါ်) မသဲသည်သခင်ယေရှုအတွက် ပွဲလုပ်ခဲ့၏။ ဤသည်ကားမိမိ၏ကယ်တင်ရှင်ကို ရိုသေချီးမြှောက်ခြင်းဖြစ်၍၊ သခင်ယေရှု၏တရားဟောချက်ကို နားထောင်စေခြင်းငှါ ဆွေမျိုးသူငယ်ချင်းတို့အား ဖိတ်ကြားခြင်းငှါ အခွင့်ကောင်းဖြစ်ပါသည်။ ထိုပွဲ၌ သခင်ယေရှုခရစ်တော်အား မိမိ၏အသစ်သောသခင်ဘုရားဖြစ်ကြောင်း ကြေငြာခဲ့ပါသည်။ သူ၏ပြောင်းလဲသောအသက်တာကို မြင်ကြခြင်းငှါ ဆွေမျိုးအပေါင်းအသင်းများစွာ ဖိတ်ကြား၍တက်ရောက်ခဲ့ကြ၏။ မိမိ၏ကယ်တင်ရှင်သခင်၏တရားဟောချက်ကိုကြားသိရခြင်းငှါ၊ လူထုအတွက်မင်္ဂလာရှိသောအချိန်ဖြစ်ခဲ့ပါသည်။

မိမိကိုယ်ကိုဖြောင့်မတ်သည်ဟုထင်သော ကျမ်းပြုဆရာတို့နှင့်ဖာရိရှဲတို့သည် သခင်ယေရှုအပေါ် ဒေါသထွက်ကြ၏။ အခွန်ခံနှင့်အပြစ်သားတို့နှင့်တကွ စားသောက်သည်ဟုယေရှုကိုပြစ်တင်ကြ၏။ သူတို့သည်ထိုအခွန်ခံတို့ထက် ပို၍ဆိုးသွမ်းကြသောကြောင့် သူတို့နှင့်အတူယေရှုစားသောက်ခြင်းမပြုသည်ကိုမသိခဲ့ကြပါ။ ယေရှုက "ကိုယ်မျက်စိ၌ရှိသောတံကျဉ်ကိုမအောက်မေ့ဘဲ၊ ညီအစ်ကိုမျက်စိ၌ရှိသောငြောင့်ငယ်ကို အဘယ်ကြောင့်ကြည့်ရှုသနည်း" (မသဲ ၇း၃)ဟုဆိုခဲ့၏။ ယေရှုသည် ဤကျမ်းပြုဆရာတို့နှင့်ဖာရိရှဲတို့ကို နူးညံ့သောစိတ်နှင့်တကွ အကျိုးအကြောင်းဆီလျော်စွာဖြေကြားတော်မူခဲ့၏။ သူတို့အပေါ်၌အမျက်ထွက်လျက် ကြမ်းတမ်းစွာပြုမူခြင်းမပြုဘဲ အခွန်ခံနှင့်အပြစ်သားတို့အပေါ်ထားရှိသော သနားကြင်နာခြင်းကိုပြတော်မူခဲ့၏။ ယေရှုကမိမိကိုယ်ကိုဖြောင့်မတ်သည်ဟုထင်သော ဖာရိရှဲနှင့်ကျမ်းပြုဆရာတို့ကဲ့သို့သောလူတို့ကို ခေါ်ခြင်းငှါကြွလာတော်မမူကြောင်း မိန့်တော်မူ၏။ သူတို့သည်ဖြောင့်မတ်ခြင်းမရှိ၊ မိမိကိုယ်ကိုဖြောင့်မတ်သယောင်ထင်ကြ၏။ ထိုသို့မိမိတို့၏ဟန်ဆောင်ဖြောင့်မတ်ခြင်းအားဖြင့် ကယ်တင်ခြင်းခံရမည်ဟုထင်ခြင်းသည် အလွန်မိုက်မဲလှပါသည်မဟုတ်လော။

ထိုနည်းတူ ယနေ့ခရစ်ယာန်သည် ဟန်ဆောင်ခြင်းများပြားလှသောခရစ်ယာန်ပင်ဖြစ်ပါသည်။ ခရစ်ယာန်အသက်တာ၌ "သင်ထက်ငါသန့်ရှင်းဖြောင့်မတ်၏" ဟူသောအတွေးအမြင်၊ စိတ်သဘောများစွာတွေ့ရ၏။ သခင်ဘုရား၏ကယ်တင်ခြင်းကိုလိုအပ်သော၊ မိမိကိုယ်ကိုအပြစ်သားဟုသိမှတ်သောသူတို့အတွက် ကြွလာတော်မူကြောင်း အတိအလင်းယေရှုမိန့်တော်မူချက်ကို သူတို့မသိခဲ့ကြပါ။

**ဆင်ခြင်ရန်** - မိမိကိုယ်ကိုအပြစ်သားဟု ကျွန်တော်သိမှတ်ပါသလား။
**ဆုတောင်းချက်** - ကောင်းကင်ဘုံရှိအဖ၊ ကျိုးပဲ့ကြေမွသောစိတ်နှလုံးကို အကျွန်ုပ်အားပေးသနားတော်မူပါ။

**လုကာ ၅း၃၆-၃၉**
၂ ကော ၅း၁၇

*“လူမည်သည်ကားခရစ်တော်၌ရှိလျှင်
အသစ်ပြုပြင်သောသတ္တဝါဖြစ်၏။
ဟောင်းသောအရာတို့သည်ပြောင်းလဲ၍. . . ”*

## အသစ်စက်စက်

ယေရှုကခရစ်တော်၌အသစ်ပြုပြင်ခြင်းအကြောင်းနှင့်ပတ်သက်၍ သာဓကသုံးခုဖော်ပြခဲ့ပါသည်။ ပထမသာဓကသည် အဝတ်ဟောင်းကိုအဝတ်သစ်ဖြင့်ဖာထေးခြင်းမပြုရန်ဖြစ်၏။ ထိုသို့ပြုလျှင် အဝတ်သစ်သည်ဟောင်းသောအဝတ်ကိုစွဲ၍ အဝတ်သည်ပို၍ပျက်စီးမည်အကြောင်းဖော်ပြခဲ့၏။ ဆိုလိုသည်မှာ ခရစ်တော်၌တည်သောဒုတိယမွေးခြင်းခံရသောသူအဖို့ အသက်တာဟောင်းသည် မသင့်လျော်တော့ကြောင်းဖော်ပြခြင်းဖြစ်ပါသည်။ အသက်တာသစ်နှင့်ဇာတိသဘောသည် အစဉ်တိုက်လှန်ခြင်းပြုကြမည်အကြောင်းတည်း။ “လူမည်သည်ကားခရစ်တော်၌ရှိလျှင် အသစ်ပြုပြင်သောသတ္တဝါဖြစ်၏။ ဟောင်းသောအရာတို့သည်ပြောင်းလဲ၍၊ ခပ်သိမ်းသောအရာတို့သည် အသစ်ဖြစ်ကြပြီ” (၂ ကော ၅း၁၇)။

နောက်သာဓကတစ်ခုမှာ ဟောင်းသောသားရေဘူးနှင့် အသစ်သောစပျစ်ရည်တို့၏မသင့်တင့်မှုဖြစ်ပါသည်။ အသစ်သောစပျစ်ရည်သည် ဟောင်းသောသရေဘူးကိုပေါက်ကွဲစေတတ်၏။ ဆိုလိုသည်မှာ ဒုတိယမွေးခြင်းခံရသောယုံကြည်သူသည် စရိုက်ဟောင်း၊ အကျင့်ဟောင်းနှင့်သင့်လျော်ခြင်းမရှိတော့ကြောင်း ပေါ်လွင်စေခြင်းဖြစ်ပါသည်။ “အထက်ဆိုခဲ့ပြီးသည်အတိုင်း၊ သင်တို့သည် ခရစ်တော်နှင့်အတူထမြောက်ကြသည်မှန်လျှင် ဘုရားသခင်၏လက်ျာတော်ဘက်မှာ ခရစ်တော်သည် ထိုင်နေတော်မူရာအရပ်၌ရှိသော အထက်အရာတို့ကိုရှာကြလော့။ မြေကြီးပေါ်မှာရှိသောအရာတို့ကို စွဲလန်းသောစိတ်မရှိကြနှင့်။ အထက်အရာတို့ကိုသာစွဲလန်းခြင်းရှိကြလော့” (ကော ၃း၁-၂)။

နောက်ဆုံးသာဓကမှုကား ရှေးကစပျစ်ရည်သောက်သောသူတို့သည် အသစ်သောစပျစ်ရည်ကိုမနှစ်သက်ကြပါဟူ၍ဖြစ်၏။ ဆိုလိုသည်မှာ “ဇာတိဟောင်း” သည် အသစ်သောအသက်တာဖြင့် အသက်ရှင်ခြင်းကိုမနှစ်သက်တတ်ကြောင်းဆိုလို၏။ ဒုတိယမွေးခြင်းမခံရသောသူသည် ဘုရားသခင်နှင့်ဆိုင်သောအရာတို့ကို နှစ်သက်ခြင်းမရှိပါ။ ဇာတိလူသည် လောကီတပ်မက်ခြင်း၊ အပျော်ကျူးခြင်းတည်းဟူသော ဟောင်းသောစပျစ်ရည်မူးယစ်သောသူဖြစ်သောကြောင့်၊ ဘုရားသခင်၏ကျေးဇူးတော်နှင့်သတင်းကောင်းတည်းဟူသော အသစ်သောစပျစ်ရည်ကို လိုလားတောင့်တခြင်းမရှိပါ။ “ဇာတိပကတိလူသည်ဘုရားသခင်၏ ဝိညာဉ်တော်အရာတို့ကိုမခံမယူ။ ထိုအရာတို့သည် မိုက်မဲသောအရာဖြစ်သည်ဟုထင်တတ်၏။ ထိုအရာတို့ကို ဝိညာဉ်အားဖြင့်သာ ပိုင်းခြား၍နားလည်နိုင်သောကြောင့် ဇာတိပကတိလူသည်နားမလည်နိုင်” (၁ ကော ၂း၁၄)။ သင်သည်မည်သို့သောလူဖြစ်ပါသနည်း။ ယေရှု၌တည်သောယုံကြည်ခြင်းအားဖြင့် ခရစ်တော်၌အသစ်ပြုပြင်သောလူဖြစ်ပါသလား။

**ဆင်ခြင်ရန်** - ခရစ်တော်၌အသစ်ပြုပြင်သောလူ၏အသက်တာကို ကျွန်တော်ပေါ်လွင်စေပါသလား။

**ဆုတောင်းချက်** - ကောင်းကင်ဘုံရှိအဖ၊ ကိုယ်တော်သည်အသက်ကိုပေးတော်မူသော၊ သခင်ယေရှုခရစ်တော်၌တည်သော အသစ်သောအသက်တာကိုပေးတော်မူသောသူဖြစ်တော်မူ၏။ ကိုယ်တော်၏အလိုတော်နှင့် နှုတ်ကပတ်တော်အတိုင်း အကျွန်ုပ်အသက်တာကိုပြောင်းလဲစေတော်မူပါ။

ဗုဒ္ဓဟူး၊ ဇန်နဝါရီ (၃၁)
**လုကာ ၆း၁-၁၁**
မသဲ ၁၅း၁-၉

*"လူတို့စီရင်သောပညတ်တို့ကိုသွန်သင်၍ နည်းဥပဒေသပေးလျက်ပင် ငါ့ကိုအချည်းနှီး ကိုးကွယ်ကြ၏. . . "*

---

# ဥပုသ်နေ့ကိုအစိုးရသောသခင်

ကျမ်းပြုဆရာတို့နှင့်ဖာရိရှဲတို့သည် ယေရှု၏ရန်သူများဖြစ်ကြပါသည်။ သူတို့သည်ယေရှုကိုအစဉ်စောင့်ကြည့်လျက် အပြစ်ရှာကြ၏။ ယေရှုတပည့်တော်တို့သည် ဖာရိရှဲတို့၏ပညတ်တရားအရ ဥပုသ်နေ့၌မပြုအပ်သောအမှု၊ စပါးအသီးအနှံကိုစွတ်၍ လက်နှင့်ပွတ်နယ်လျက်စားကြသည်ကို ဖာရိရှဲတို့မြင်သောအခါ ယေရှုအားမေးခွန်းထုတ်ကြ၏။ ဖာရိရှဲတို့သည်သမ္မာကျမ်းစာအပြင် ပြင်းထန်ကျပ်တည်းသောပညတ်တရားတို့ကို ပြဋ္ဌာန်း၍ထိုပညတ်တရားတို့ကို ဖြောင့်မတ်ရာသို့ရောက်ခြင်းငှါ လိုက်လျှောက်ရမည်ဟုထင်မှတ်ကြ၏။ "လူတို့စီရင်သောပညတ်တို့ကို သွန်သင်၍ နည်းဥပဒေသပေးလျက်ပင်ငါ့ကိုအချည်းနှီးကိုးကွယ်ကြ၏" (မသဲ ၁၅း၉)။ သမ္မာတရားအတိုင်းမဟုတ်ဘဲ သူတို့စီရင်သောနည်းဥပဒေသအားဖြင့် စီရင်ခြင်းပြုကြ၏။

ယေရှုကလူသားသည်ဥပုသ်နေ့ကိုအစိုးရသောသခင်ဖြစ်ကြောင်း မိန့်တော်မူခဲ့၏။ ခြောက်ရက်အတွင်းအရာခပ်သိမ်းဖန်ဆင်းတော်မူ၍ ခုနစ်ရက်မြောက်နေ့ကိုသန့်ရှင်းစေတော်မူသောဘုရားသခင်နှင့်သူတို့စကားပြောနေကြသည်ကို ဖာရိရှဲတို့မသိခဲ့ကြပါ။ ဖာရိရှဲတို့သည် နည်းဥပဒေသတို့၏ချုပ်နှောင်ခြင်းကိုမခံရကြသော်လည်း၊ ပညတ်တရားပေးတော်မူသောသူကို ငြင်းပယ်ကြ၏။ "ထိုသူတို့သည် မှန်သောပညာမရှိသော်လည်း ဘုရားသခင်ဘက်၌စိတ်အားကြီးသည်ဟု သူတို့အဖို့ငါသက်သေခံ၏။ ထိုသူတို့သည်ဘုရားသခင်၏ဖြောင့်မတ်ခြင်းတရားကိုမသိဘဲ ကိုယ်ဖြောင့်မတ်ခြင်းကို တည်စေခြင်းငှါ ရှာကြံသောကြောင့် ဘုရားသခင်၏ဖြောင့်မတ်ခြင်းတရားကို ဝန်မခံကြ" (ရောမ ၁၀း၂-၃)။

အခြားသောဥပုသ်နေ့၌ယေရှုသည် လက်ျာလက်သေနေသောသူကို အနာငြိမ်းစေခဲ့၏။ ကျမ်းပြုဆရာတို့နှင့်ဖာရိရှဲတို့သည် ယေရှုအားအပြစ်တင်ခြင်းငှါ စောင့်ကြည့်နေကြ၏။ ထိုသို့ အနာငြိမ်းစေသောအခါ ယေရှုအားဥပုသ်နေ့ကို ညစ်ညူးစေသည်ဟုစွပ်စွဲကြ၏။ သူတို့၏အကြံအစည်ကို ယေရှုသိတော်မူ၏။ ဘုရားသခင်သည် အရာခပ်သိမ်းကိုသိမြင်တော်မူသောသူဖြစ်သောကြောင့် မိမိရှေ့၌အဘယ်အရာမျှဝှက်ထား၍မရပါ။ ယေရှုသည်ဥပုသ်နေ့၌ပြုအပ်သော ချစ်ခြင်းမေတ္တာ၊ ဂရုဏာတော်အားဖြင့်ပြုရသောအမှုကိုပြုတော်မူ၏။ ယေရှုသည်ဖာရိရှဲတို့၏မယုံကြည်ခြင်း၊ အမှားရှာခြင်းအပြုအမူကြောင့် ဝမ်းနည်းခြင်းရှိ၏။ ယေရှုသည်ဥပုသ်နေ့ကိုအစိုးရသော အရှင်သခင်ဖြစ်ကြောင်း ဖော်ပြခြင်းငှါ ထိုသူ၏လက်ကို မိမိ၏တန်ခိုးတော်အားဖြင့် အနာငြိမ်းစေတော်မူ၏။ သူတို့သည် အံ့သြခြင်းရှိ၍ ယေရှုကိုယုံကြည်သင့်သည်ဖြစ်သော်လည်း ယေရှုပြုသောအမှုကိုနားမလည်ကြ။ မယုံကြည်ခဲ့ကြပါ။ ယေရှုကိုယုံကြည်ကိုးစားမည့်အစား ယုဒခေါင်းဆောင်တို့သည် သခင်ယေရှုအပေါ်၌အမျက်ထွက်ခဲ့ကြ၏။

**ဆင်ခြင်ရန်** - ဥပုသ်နေ့ကိုသန့်ရှင်းစေခြင်းငှါ ထိုနေ့ရက်ကို ကျွန်တော်အောက်မေ့ပါသလား။

**ဆုတောင်းချက်** - ဥပုသ်နေ့၏အရှင်သခင်၊ ကိုယ်တော်အားဝိညာဉ်နှင့်ဇင်း၊ သစ္စာတရားနှင့်ဇင်း ကိုးကွယ်ခြင်းငှါ မစတော်မူပါ။ ထိုဥပုသ်နေ့၌ ကိုယ်တော်ကိုစိတ်နှလုံးအကြွင်းမဲ့ချစ်၍ ဝတ်ပြုကိုးကွယ်ခြင်းငှါမစတော်မူပါ။

ကြာသပတေး၊ ဖေဖော်ဝါရီ (၁)
**လုကာ ၆း၁၂-၁၆**
မသဲ ၁၀း၅-၈

*"သွားစဉ်တွင်၊ ကောင်းကင်နိုင်ငံတော်တည်လုနီးပြီဟု သိတင်းကြားပြောကြလော့"*

## တကျိပ်နှစ်ပါး

ယေရှုသည်တောင်ပေါ်သို့ဆုတောင်းရန် လူထုထံမှခွာ၍သွားခဲ့၏။ ဆုတောင်းသောအချက်ဟူမူကား တပည့်တော်ဆယ့်နှစ်ပါးရွေးကောက်ခြင်းအကြောင်းနှင့် သက်ဆိုင်မှုရှိသည်ဟု ယူဆရပါသည်။ ဆုံးဖြတ်ချက်မချမီ ဆုတောင်းခြင်းသည်မည်မျှအရေးကြီးကြောင်းကို ယေရှုကသာဓကပြခဲ့၏။ ကြုံတွေ့လာမည့်အခက်အခဲကြောင့် တစ်ညလုံးခမည်းတော်နှင့် မိဿဟာယဖွဲ့ခဲ့ပါသည်။

များစွာသောလူတို့သည် ယေရှုနောက်သို့လိုက်ခဲ့ကြသော်လည်း မိမိ၏တမန်တော်အဖြစ် တကျိပ်နှစ်ပါးကိုသာရွေးကောက်တော်မူခဲ့၏။ တမန်တော်ဆိုသည်မှာ သတင်းကောင်းဟောကြားဖို့ရန် ခရစ်တော်စေလွှတ်တော်မူသောသူဖြစ်၏။ ခရစ်တော်၏အမှုတော်ကိုဆောင်ရွက်သောသူဖြစ်ကြ၏။ ထိုသူတို့ကိုကမ္ဘာမတည်မရှိမီကပင် ယေရှုကသိနှင့်တော်မူခဲ့၏။ ယုဒသည် သစ္စာဖောက်ဖြစ်ကြောင်းကို သိနှင့်ခဲ့သော်လည်း ယေရှုကတမန်တော်အဖြစ်မှ မဖယ်ရှားခဲ့ပါ။ အရာခပ်သိမ်းကို စီမံခန့်ခွဲတော်မူသော ဘုရားသခင်သည် ယေရှုကို သစ္စာဖောက်မည့်ပုဂ္ဂိုလ်အား ရွေးနှုတ်ခြင်း၌ အခွင့်ပေးတော်မူခဲ့၏ (ယော ၆း၇၀-၇၁)။

ယေရှုသည် တကျိပ်နှစ်ပါးသောသူတို့ကို တစ်ဦးချင်းစီရွေးနှုတ်ခဲ့၏။ သူတို့အားမိမိနှင့်အတူသွားလာ၍မိမိ၏အမှုတော်ကို ဆောင်ရွက်ခြင်း၌ ခွဲခန့်မှတ်သားခဲ့ပါသည်။ မိမိ၏မိတ်ဆွေသူငယ်ချင်းသာသာမဟုတ်ဘဲ တန်ခိုးအာဏာပိုင်ဆိုင်ခြင်း၌ ရွေးနှုတ်ခဲ့ခြင်းဖြစ်၏။ သခင်သည် သူတို့အား ဘုရားသခင်၏နိုင်ငံတော်အကြောင်း ဟောပြောခြင်း၌ အာဏာပေးတော်မူခဲ့၏။ ထို့ပြင် ယေရှုသည် သူတို့ကိုအနာငြိမ်းစေသောတန်ခိုးနှင့် နတ်ဆိုးနှင်ထုတ်နိုင်သော တန်ခိုးတို့ကိုလည်း ပေးတော်မူ၏။

ယနေ့ယုံကြည်သူကျွန်တော်တို့သည် တမန်တော်များမဟုတ်သော်လည်း ဘုရားသခင်၏နှုတ်ကပတ်တော်ဟောပြောသင်ပေးခြင်း၌ တာဝန်ပေးခြင်းခံရပါသည်။ ထာဝရငရဲမှ ကယ်နှုတ်နိုင်သော တန်ခိုးရှိသော အသက်ရှင်ခြင်းနှုတ်ကပတ်တရားဟောပြောရသောအခွင့်ကို ကျွန်ုပ်တို့အား ပေးသနားတော်မူ၏။ ကျွန်တော်တို့သည် ယေရှုခရစ်တော်ယုံကြည်ခြင်းအားဖြင့် ကောင်းကင်နိုင်ငံဝင်ရသောအခွင့်နှင့်ဆိုင်သော ထာဝရအသက်ရှင်ခြင်းသတင်းကောင်းကို ဝေငှခွင့်ရသူများဖြစ်ကြ၏။ ထိုသို့သခင်ယေရှုခရစ်တော်၏ သံတမန်ဖြစ်ရသောအခွင့်ရရှိပြီး၊ ဘုရင့်အမှုတော်ထမ်းရွက်ဖို့ရန်စေလွှတ်ခြင်းခံသော ကျွန်ုပ်တို့သည် ထိုအမှုကိုကြိုးစားမဆောင်ရွက်သင့်သလော။ ဘုရားသခင်၏အမိန့်တော်ကို ကျွန်တော်တို့နာခံခြင်းရှိပါသလား။ ဘုရားသခင်ပေးအပ်သောတာဝန်ကို ကျွန်တော်တို့ကျေပွန်စွာဆောင်ရွက်ပါသလား။

**ဆင်ခြင်ရန်** - ခရစ်ယာန်ဖြစ်သည်အလျောက် အကျွန်ုပ်လုပ်ရမည့်ဝတ္တရားကို ကျွန်တော်ပြုနေပါသလား။

**ဆုတောင်းချက်** - အဖဘုရား၊ အလွန်ကြီးမြတ်တော်မူသောတာဝန်ကို အကျွန်ုပ်အားပေးသနားတော်မူသောကြောင့် ထိုအမှုကိုကြိုးစားဆောင်ရွက်နိုင်ခြင်း၌ မစတော်မူပါ။

သောကြာ၊ ဖေဖော်ဝါရီ (၂)

**လုကာ ၆း၁၇-၂၆**

ကောလော ၃း၁-၇

*“. . . သင်တို့သည်ခရစ်တော်နှင့်အတူ ထမြောက်ကြသည်မှန်လျှင်. . . အထက်အရာတို့ကိုရှာကြလော့”*

## ကောင်းချီးမင်္ဂလာနှင့်အမင်္ဂလာ

သခင်ယေရှုခရစ်တော်သည် မိမိ၏တရားဟောချက်၌ မင်္ဂလာရှိသောသူ၏အကြောင်းကို ဖော်ပြခဲ့ပါသည်။ သူတို့သည်ဝမ်းနည်းခြင်းလည်း ကြုံတွေ့ရနိုင်ကြောင်း ဖော်ပြခဲ့၏။ သူတို့ခံရသော ကောင်းချီးမင်္ဂလာတို့သည် လောကလူတို့သတ်မှတ်ထားချက်နှင့် တူညီမှုမရှိပါ။ စိတ်နှလုံးနှိမ့်ချသောသူသည် ကောင်းကင်နိုင်ငံတော်၌နေရာရလိမ့်မည်။ ဖြောင့်မတ်ခြင်းကို ဆာငတ်မွတ်သိပ်သောသူသည် ရောင့်ရဲတင်းတိမ်ခြင်းခံရလိမ့်မည်။ ငိုကြွေးသောသူသည် ဝမ်းမြောက်ခြင်းရှိလိမ့်မည်။ ယေရှု၏နာမတော်ကြောင့် မုန်းတီးခြင်းခံရသောသူသည် ကောင်းကြီးမင်္ဂလာခံရလိမ့်မည်။

ယေရှုဟောပြောသောအမင်္ဂလာတို့သည် အလွန်ဝမ်းနည်းစရာကောင်းလှပါ၏။ ဤအမင်္ဂလာတို့သည် လောကီတပ်မက်ခြင်းနောက်သို့လိုက်သောသူများအသက်တာ၌ ဖြစ်ပွားပါလိမ့်မည်။ ဓမ္မဟောင်းခေတ်ပရောဖက် တို့သည် ဤလောကီအမှုတို့မှ မိမိကိုယ်ကိုသီးခြားနေကြ၍ ထာဝရတည်မြဲသောအရာကို ရှာဖွေခဲ့ကြ၏။ ဤအကြောင်းကို ကြွယ်ဝချမ်းသာခြင်း၌ ကြီးစားအားထုတ်သော သူတို့အား ယေရှုက ရည်ညွှန်း၍ပြောဆိုခြင်းဖြစ်သည်။ ထိုသို့မတည်မြဲသော ဝမ်းမြောက်ခြင်းနှင့်လောကီစည်းစိမ်ခံစား ခြင်းတို့သည် ငိုကြွေးခြင်းနှင့်အဆုံးသတ်ရမည်အကြောင်း ဖော်ပြခဲ့၏။ လောကီစည်းစိမ်တပ်မက်သော သူသည် ဘယ်သောအခါမှရောင့်ရဲတင်းတိမ်ခြင်းရှိလိမ့်မည်မဟုတ်ပါ။ “အထက်ဆိုခဲ့ပြီးသည်အတိုင်း သင်တို့သည် ခရစ်တော်နှင့်အတူထမြောက်ကြသည်မှန်လျှင် ဘုရားသခင်၏လက်ျာတော်ဘက်မှာ ခရစ်တော်သည်ထိုင်နေတော်မူရာအရပ်၌ ရှိသောအထက်အရာတို့ကို ရှာကြလော့။ မြေကြီးပေါ်မှာရှိသောအရာတို့ကိုစွဲလမ်းသောစိတ်မရှိကြနှင့်။ အထက်အရာတို့ကိုသာ စိတ်စွဲလန်းခြင်းရှိကြလော့။ အကြောင်းမူကား သင်တို့သည် သေသောသူဖြစ်၍ သင်တို့အသက်သည် ခရစ်တော်နှင့်အတူ ဘုရားသခင်၌ဖွက်ထားလျက်ရှိ၏။ ငါတို့အသက်တည်းဟူသော ခရစ်တော်သည် ထင်ရှားတော်မူသောအခါ ငါတို့သည်လည်း ထိုသခင်နှင့်အတူ ဘုန်းကြီး၍ထင်ရှားကြလတ္တံ့။” (ကောလော ၃း၁-၄)။

ယုံကြည်သူသည် လောကီအရာများကို ရှောင်ရှားကြရပါမည်။ အကြောင်းမှာ ထိုအရာတို့သည် မာရ်နတ်နှင့်သက်ဆိုင်ကြ၏။ ထိုလောကီအရာတို့သည် ပျောက်ကွယ်ကြပါလိမ့်မည်။ ထာဝရတည်သော ပျော်ရွှင်ဝမ်းမြောက်ခြင်းကောင်းကင်ဘဏ္ဍာတို့နှင့် လုံးဝနှိုင်းယှဉ်၍မရပါ (ဗျာ ၂၁း၄)။ လောကီသတ်မှတ်ချက်၌ ကျွန်တော်တို့သည် ဆင်းရဲသောသူဖြစ်နိုင်ပါသည်။ သို့သော်လည်း ကယ်တင်ရှင်နှင့်အတူ ထာဝရဘုန်းတော်ခံစားရမည့်အချိန်ကို မျှော်ကြည့်ရင်းနှင့် ကျွန်တော်တို့သည် ဝမ်းမြောက်ခြင်းရှိကြရပါမည်။ ကောင်းကင်စည်းစိမ်ခံစားရမည့် ဘုရားသခင်၏သားသမီးများဖြစ်ကြသောကြောင့် ကျွန်တော်တို့သည်ဤလောကီအရာ၏ ချုပ်နှောင်မှုကို မခံသင့်ကြပါ။ သခင်ယေရှုမိန့်တော်မူသော မင်္ဂလာရှိသောအသက်တာကို ကျွန်တော်တို့သတိပြုကြပါစို့။

**ဆင်ခြင်ရန်** - ကျွန်ုပ်အသက်တာ၌ ဘုရားသခင်၏သွန်သင်ချက်ကို ကျွန်တော်သတိပြုပါသလား။

**ဆုတောင်းချက်** - ဖန်ဆင်းရှင်ထာဝရဘုရား ကိုယ်တော်သည်ကောင်းကြီးမင်္ဂလာအပေါင်း၏အရင်းအမြစ်၊ ဤလောကီစည်းစိမ်၏ ဖြားယောင်းသွေးဆောင်ခြင်းကို ခုခံနိုင်ခြင်း၌ အကျွန်ုပ်တို့အား ခွန်အားပေးတော်မူသောသူဖြစ်ပါသည်။

စနေ၊ ဖေဖော်ဝါရီ (၃)
**လုကာ ၆း၂၇-၄၉**
၁ ယော ၃း၁၄-၁၉

*". . . မိမိညီအစ်ကိုဆင်းရဲခြင်းကိုမြင်၍၊ သနားခြင်းဂရုဏာစိတ်ကိုချုပ်တည်း၏။ ထိုသူ၌ဘုရားသခင်၏မေတ္တာတော်သည် အဘယ်သို့တည်မည်နည်း"*

# တိုက်တွန်းနှိုးဆော်ခြင်းနှင့်သတိပေးခြင်း

ယေရှုက ကျွန်ုပ်တို့အား မိမိရန်သူတို့ကို ချစ်ခြင်းငါ့ငှါ၊ မေတ္တာပို့ခြင်းငှါဖြင့် တိုက်တွန်းခဲ့ပါသည်။ အံ့ဖွယ်အမိန့်တော်ပါတကား။ ဤသည်ကား သန့်ရှင်းသောဝိညာဉ်တော်၏တန်ခိုးတော်ဖြင့် ဒုတိယမွေးခြင်းခံရသောသူတို့အသက်တာ၌သာလျှင် ရှိနိုင်သောအရာဖြစ်၏။ ပုံမှန်အားဖြင့် ကျွန်ုပ်တို့ကိုကျိန်ဆဲသောသူအား မေတ္တာပို့ခြင်းသည် အလွန်ခဲယဉ်းသောအမှုဖြစ်ပါသည်။ ကျွန်ုပ်တို့ကိုအနာတရဖြစ်စေသောသူထံ ကောင်းသောအမှုပြုခြင်းသည် မလွယ်ကူလှပေ။ ဝတ်လုံကိုသိမ်းယူသောသူအား အကျီကိုလည်းယူစေခြင်းငှါ အခွင့်ပေးခြင်းသည် ခဲယဉ်းလှပါ၏။

ယေရှုက အကျွန်ုပ်တို့အား မိမိကိုချစ်သောသူတို့သာလျှင် မချစ်မည်အကြောင်း ကောင်းသောအမှုပြုသောသူထံ၌သာ မေတ္တာပြုရန်တိုက်တွန်းခြင်းမပြုပါ။ ဘာအကျိုးမှမျှော်ကိုးခြင်းမရှိဘဲ သူတပါးထံပေးကမ်းခြင်းငှါ တိုက်တွန်းနှိုးဆော်ပါ၏။ သူတပါးအမှုကိုမစီရင်ဘဲ ကျွန်ုပ်တို့၏အပြစ်များကို ခွင့်လွှတ်တော်မူသော ဘုရားသခင်ကဲ့သို့ ခွင့်လွှတ်ခြင်းရှိဖို့ရန် တိုက်တွန်းခဲ့ပါသည်။ ခံစားရသောကောင်းကြီးမင်္ဂလာများကို သူတပါးထံဝေမျှခြင်းငှါ တိုက်တွန်းခဲ့ပါသည်။ "အကြင်သူသည် လောကီစည်းစိမ်ဥစ္စာရှိလျက်ပင် မိမိညီအစ်ကိုဆင်းရဲခြင်းကိုမြင်၍ သနားခြင်းကရုဏာစိတ်ကို ချုပ်တည်း၏။ ထိုသူ၌ဘုရားသခင်၏မေတ္တာတော်သည် အဘယ်သို့တည်မည်နည်း" (၁ ယော ၃း၁၇)။

တစ်ဖက်တွင် ယေရှုကမျက်ကန်းခေါင်းဆောင်များကို သတိပေးတော်မူခဲ့၏။ သူတို့သည် ခေါင်းဆောင်ဖြစ်လိုသော အယောင်ဆောင်များဖြစ်ကြပြီး၊ သူတို့၏လမ်းဆုံးသည် ပျက်စီးခြင်းဖြစ်ပါသည်။ ဤခေါင်းဆောင်တို့သည် သူတို့ပြောသည့်အတိုင်း အသက်မရှင်ကြ။ ဤမှားယွင်းသော ဆရာတို့၏ မှားယွင်းသောသွန်သင်ခြင်းကို သတိပြုရန် ယေရှုမိန့်တော်မူ၏။ အဆိပ်ရှိသောအစာသည် ခန္ဓာကိုယ်ကို ဖျက်ဆီးတတ်၏။ ထိုနည်းတူ မှားယွင်းသောသွန်သင်ခြင်းသည် ဝိညာဉ်အသက်တာအဖို့ ပျက်စီးခြင်းကိုဖြစ်စေတတ်၏။ ကျွန်တော်တို့သည် ထိုသူတို့ကိုသတိပြုကြရပါမည် (၁ ကော ၁၅း၃၃)။ ထိုသို့သတိပြုနိုင်ခြင်းငှါ ဘုရားသခင်၏နှုတ်ကပတ်တော်ကို စေ့စေ့စပ်စပ်လေ့လာ၍၊ သိရှိနားလည် လိုက်လျှောက်ဖို့လိုပါသည်။

ထိုအယောင်ဆောင်ခေါင်းဆောင်များ၏ အဆိပ်ရှိသောသွန်သင်ချက်မှ ကျွန်ုပ်တို့ကို ကယ်နှုတ်နိုင်သော နည်းလမ်းအား သာဓကအားဖြင့် ယေရှုကဖော်ပြခဲ့၏။ ယုံကြည်သူသည် ကျောက်ဖြစ်တော်မူသော သခင်ယေရှုအပေါ်၌ မြဲမြံစွာရပ်တည်ရပါမည်။ အလွယ်တကူပျက်စီးနိုင်သော သဲပေါ်၌ ဆောက်ထားသော အိမ်ကဲ့သို့ခရစ်ယာန်တို့သည် မဖြစ်သင့်ပါ။

**ဆင်ခြင်ရန်** - အကျွန်ုပ်သည် ဘုရားသခင်၏နှိုးဆော်ခြင်းနှင့် သတိပေးခြင်းကို နာခံသောသူဖြစ်ပါသလား။

**ဆုတောင်းချက်** - အဘဘုရား၊ သူတပါးကိုချစ်ခြင်းငှါဖြင့်၊ ဤလောကီစည်းစိမ်၏သွေးဆောင်ခြင်းကို ရှောင်ရှားခြင်းငှါဖြင့်၊ အကျွန်ုပ်အား မစတော်မူပါ။

တနင်္ဂနွေ၊ ဖေဖော်ဝါရီ (၄)

**လုကာ ၇း၁-၁၈**

ယော၁း၁-၅

*"ထိုနှုတ်ကပတ်တော်၌ အသက်ရှိ၏။
ထိုအသက်သည်လည်း လူတို့၏အလင်းဖြစ်၏"*

## အနာရောဂါအောင်နိုင်သောတန်ခိုးတော်

ယေရှုသည် အနန္တတန်ခိုးရှင်ဖြစ်တော်မူ၏။ မိမိတန်ခိုးတော်အားဖြင့် မငြိမ်းစေနိုင်သော အနာရောဂါဟူ၍မရှိပါ။ သူသည်ဖန်ဆင်းရှင်ဖြစ်တော်မူ၍၊ ဖန်ဆင်းထားသောအရာမည်သို့ပြုပြင်ရမည်ကို သိတော်မူ၏။ သူသည်ခန္ဓာကိုယ်အနာသာမက ဝိညာဉ်နှင့်ဆိုင်သော အနာရောဂါများကိုလည်း ငြိမ်းစေခြင်းငှါ အလိုရှိတော်မူ၏။ "ငါတို့ယဇ်ပုရောဟိတ်မင်းသည် ငါတို့ခံရသော ဆင်းရဲဒုက္ခများကြောင့် မကြင်နာနိုင်သောသူမဟုတ်၊ ငါတို့ခံရသည်နည်းတူ အမျိုးမျိုးသောစုံစမ်းနှောင့်ယှက်ခြင်းတို့ကို ခံဖူးသောသူဖြစ်တော်မူ၏။ သို့ရာတွင် ဒုစရိုက်အပြစ်နှင့်ကင်းလွတ်တော်မူ၏။ ထို့ကြောင့် ငါတို့သည် သနားခြင်းကရုဏာကိုရင်း၊ တော်လျော်သောမစခြင်းကျေးဇူးတော်ကိုရင်း ခံရမည်အကြောင်း၊ ရဲရင့်သောစိတ်နှင့် ကျေးဇူးပလ္လင်တော်သို့ တိုးဝင်ချဉ်းကပ်ကြကုန်အံ့" (ဟေဗြဲ ၄း၁၅-၁၆)။

စစ်သားတစ်ရာကိုအစိုးရသော ရောမတပ်မှူးသည် မိမိကျွန်အဖို့ တောင်းလျှောက်ခြင်းပြုခဲ့၏။ သူသည်ယုဒလူမျိုးမဟုတ်သော်လည်း ယုဒဘာသာကို စိတ်ဝင်စားခြင်းရှိ၍၊ ဣသရေလလူမျိုးကိုချစ်သောသူ၊ သူတို့အတွက် တရားဇရပ်ဆောက်ပေးသောသူဟု ဖော်ပြခဲ့ပါသည်။ သူသည် လူတို့ကိုစေလွှတ်၍ ယေရှုအားတောင်းပန်ခဲ့၏။ သို့သော်လည်း ယေရှုသည် သူပြုသောအမှုမဟုတ်ဘဲ သူ၏ယုံကြည်ခြင်းကို စိတ်ဝင်စားခဲ့၏။ ထိုစစ်သူကြီး၏ယုံကြည်ခြင်းကို ဤသို့တွေ့ရပါသည်။ "သခင်ကိုယ်ကိုပင်ပန်းစေတော်မမူပါနှင့်။ အကျွန်ုပ်၏အိမ်မိုးအောက်သို့ ကြွဝင်တော်မူခြင်းကျေးဇူးတော်ကို အကျွန်ုပ်မခံထိုက်ပါ။ . . . အမိန့်တော်တစ်ခွန်းရှိလျှင် အကျွန်ုပ်၏ငယ်သားသည် ချမ်းသာရပါလိမ့်မည်" (လုကာ ၇း၆-၇)။ ယေရှုက "ဤမျှလောက်သောယုံကြည်ခြင်းကို ဣသရေလအမျိုး၌ပင် ငါမတွေ့ဘူးသေးဟုမိန့်တော်မူ၏" (လု ၇း၉)။ သေအံ့ဆဲဆဲလူနာသည် ယေရှုနှင့်အလှမ်းဝေးသောအရပ်၌ရှိသော်ငြားလည်း ယေရှု၏တန်ခိုးတော်ကိုအကွာအဝေးက မကန့်သတ်ထားနိုင်ပါ။ ယေရှုမိန့်တော်မူသောအချိန်၌ ထိုငယ်သားသည် ကျန်းမာခြင်းအခွင့်ရ၏ (မသဲ ၈း၁၃)။ ဤတပါးအမျိုးသားတပ်မှူး၏ ယုံကြည်ခြင်းကဲ့သို့သော ယုံကြည်ခြင်းသင့်၌ရှိပါသလား။

ယေရှုက မိမိ၏တန်ခိုးတော်ကို သေသောသူအား အသက်ပြန်ရှင်စေခြင်းအားဖြင့် ထပ်၍ ဖော်ပြခဲ့ပါသည်။ ယောဟန်က "ထိုနှုတ်ကပတ်တော်၌အသက်ရှိ၏။ ထိုအသက်သည်လည်း လူတို့၏အလင်းဖြစ်၏"(ယော ၁း၄) ဟုဆိုခဲ့ပါသည်။ ယေရှုသည် အသက်ကိုပေးပိုင်သော သခင်ဖြစ်တော်မူ၍ ကျွန်ုပ်တို့အား ဤလောက၌အသက်ရှင်ခြင်းသာမက ကောင်းကင်ဘုံဝင်စားရသော ထာဝရအသက်ကို လည်းပေးတော်မူ၏။ ကျွန်ုပ်တို့၏အသက်တာကို သူသာလျှင်ထိန်းသိမ်းစောင့်ရှောက်နိုင်ပြီး၊ ထိုသို့ထာဝရမပျက်မစီးစောင့်ရှောက်ပေးတော်မူမည်။ ကျွန်ုပ်တို့၏အပြစ်များကို နောင်တရ၍ယေရှုကိုယုံကြည်ကိုးစားခြင်းရှိလျှင် ကြွယ်ဝသောအသက်တာပိုင်ဆိုင်မည်အကြောင်း ယေရှုမိန့်တော်မူ၏။

**ဆင်ခြင်ရန်** - ဘုရားသခင်သည် အနာရောဂါတိုင်းအပေါ်၌တန်ခိုးရှိတော်မူကြောင်း ကျွန်တော်ယုံကြည်ပါသလား။

**ဆုတောင်းချက်** - ကိုယ်တော်သည် ကြီးမြတ်သောသမားတော်ဖြစ်တော်မူ၏။ အကျွန်ုပ်၏ဝိညာဉ်ကျန်းမာခြင်းအဖို့ ဆုတောင်းလိုပါ၏။ ထိုအနာငြိမ်းခြင်းသည် ထာဝရတည်မည့်အနာငြိမ်းခြင်းဖြစ်ပါသည်။

**လုကာ ၇း၃၆-၃၉**
ယောဟန် ၈း၁၂-၂၄

*"ငါသည်ဤမည်သောသူဖြစ်သည်ကို
သင်တို့သည်မယုံလျှင်၊ ကိုယ်အပြစ်၌သေကြလိမ့်မည်"*

## ဘိသိတ်စံရသောသူအားဆီလိမ်းခြင်း

ဖာရိရှဲတစ်ဦးသည် ယေရှုအားမိမိအိမ်၌ ညစာစားခြင်းငှါဖိတ်ခဲ့၏။ ထိုသူ၏စိတ်နှလုံးကို ယေရှုသည်သိသော်လည်း ထိုဖိတ်ကြားချက်ကို လက်ခံခဲ့သည်။ ထို့နောက်ထိုဖာရိရှဲသည် ယေရှုကို ဆီလိမ်းပေးသော မိန်းမနှင့်ပတ်သက်၍ အပြစ်ရှာခဲ့၏။ ခရစ်တော်အား အဆိုးအကောင်းမခွဲခြားနိုင်သောသူဟု သုံးသပ်ခဲ့၏။ အကြောင်းမှာ သူ့ကိုဆီလိမ်းပေးသောမိန်းမသည် အပြစ်သားဖြစ်သောကြောင့်တည်း။

ထိုမိန်းမသည် မိမိ၏အကျင့်စရိုက်ကြောင့် ရှုတ်ချခြင်းခံထိုက်သောသူဖြစ်ပါသည်။ သို့သော်လည်း ယေရှုအကြောင်း ကြားသိသောအခါ မိမိ၏ကြီးမားသောအပြစ်ကို သိနားလည်ခြင်းရှိ၍ ငိုကြွေးခဲ့ပါသည်။ မိမိ၏မျက်ရည်ဖြင့် ယေရှု၏ခြေကိုသုတ်ပေးခဲ့၏။ ထိုမျက်ရည်တို့သည် နောင်တရခြင်းမျက်ရည်အမှန်ဖြစ်ပါသည် (၂ ကော ၇း၁၀)။ မိမိ၏သခင်ရှေ့၌ နှိမ့်ချသောစိတ်နှင့် ပြပ်ဝပ်လျက်သခင်၏ခြေကို မိမိ၏ဆံပင်ဖြင့် သုတ်ပေးခဲ့၏။ သခင်၏ခြေကိုလည်း နမ်းခဲ့၏။ ထိုအပြုအမူသည် ချစ်ခြင်း၊ ရိုသေခြင်း၊ နာခံခြင်း၊ ဆက်ကပ်ခြင်းတို့ကို ဖော်ဆောင်ပါသည်။ ထိုမိန်းမသည် ဆီမွှေးကျောက်ဖြူခွက်ကိုယူခဲ့၏။ ထိုသို့သောခွက်သည် အဖိုးတန်ဆီမွှေးထည့်သောခွက်ဖြစ်၏။ ထိုသို့သောဆီလိမ်းပေးခြင်းသည် ယေရှုခေတ်ကာလ၌ ဧည့်ဝတ်ကျေပွန်ခြင်းအားဖြင့် ပြုသောအမှုဖြစ်၏။ လုကာ ၇း၄၆ ထဲတွင် ယေရှုကသူမပြုသောအမှုကို ဖာရိရှဲ၏ဧည့်ဝတ်မကျေပွန်မှုနှင့် နှိုင်းယှဉ်ခဲ့ပါ၏။ သူမသည် ယေရှုအားမိမိအိမ်ထဲသို့မဟုတ်ဘဲ မိမိ၏နှလုံးသားထဲသို့ ကယ်တင်ရှင်သခင်အဖြစ် လက်ခံခဲ့ပါသည်။ နောင်တရသောအပြစ်သားတို့သည် မိမိတို့၏အရင်အသက်တာတို့ကို စွန့်ပစ်၍ဘုရားသခင်ထံ မိမိအသက်တာကို ဆက်ကပ်ကြရပါမည်။ "သင်၏လက်သည် သင့်ကိုမှားယွင်းစေလျှင် လက်ကိုဖြတ်လော့။ ပိုးမသေ မီးမငြိမ်းရာငရဲအတွင်း မငြိမ်းနိုင်သောမီးထဲသို့ လက်နှစ်ဖက်စုံနှင့် ဝင်ရသည်ထက် လက်ချို့တဲ့၍အသက်ရှင်ခြင်းသို့ ဝင်စားသော်သာ၍ကောင်း၏" (မာကု ၉း၄၃-၄၄)။

အပြစ်ရှာသောဖာရိရှဲသည် ထိုမိန်းမကိုအပြစ်သားဟု ရှုတ်ချလျက် မိမိ၏အပြစ်ကိုသတိမရပါ။ သူသည်ယေရှုအား ဓမ္မဟောင်း၌ပရောဖက်ပြုထားသော မေရှိယအဖြစ် လက်မခံခဲ့ပါ။ "ထို့ကြောင့် သင်တို့သည် ကိုယ်အပြစ်၌သေကြလိမ့်မည်ဟု ငါဆို၏။ ငါသည်ဤမည်သောသူဖြစ်သည်ကို သင်တို့သည်မယုံလျှင် ကိုယ်အပြစ်၌ သေကြလိမ့်မည်ဟုမိန့်တော်မူ၏"(ယောဟန် ၈း၂၄)။ သင်၏အပြစ်မှနောင်တရ၍ ယေရှုအားသင်၏မေရှိယအဖြစ် ယုံကြည်လက်ခံခြင်းရှိပါသလား။

**ဆင်ခြင်ရန်** - အကျွန်ုပ်သည် ယေရှု၌ယုံကြည်ခြင်းရှိပါသလား (သို့မဟုတ်) အပြစ်ရှာနေပါသလား။

**ဆုတောင်းချက်** - ထာဝရဘုရား၊ ကိုယ်တော်၌ယုံကြည်ခြင်းရှိမည်အကြောင်း သွန်သင်တော်မူပါ။

*"... သင်တို့အပြစ်များပြေစေခြင်းငှါ နောင်တရ၍ စိတ်ပြောင်းလဲခြင်းသို့ရောက်ကြလော့"*

# ကြွေးရှင်နှင့်ကြွေးစားအကြောင်း

ယေရှုသည် အပြစ်လွှတ်ခြင်းနှင့်ဆိုင်သော သာဓကကိုပေးတော်မူ၏။ သူသည်ကြွေးစား နှစ်ဦးအကြောင်းကိုဖော်ပြခဲ့၏။ တစ်ဦးသည် အခြားတစ်ဦးထက် ပို၍များသောအကြွေးတင်ခဲ့၏။ ကြွေးရှင်က ထိုသူနှစ်ဦးစလုံးကို ကြွေးကင်းစေခဲ့၏။ ထိုအခါယေရှုက ထိုသူနှစ်ဦးထဲမှ အဘယ်သူ သည် ကြွေးရှင်အပေါ် ချစ်ခြင်းရှိမည်နည်းဟုဆိုခဲ့၏။ ထိုဖာရိရှဲက ထိုသာဓကအားဖြင့် မိမိကို ဆုံးမနေသည်ဟုမသိဘဲ မှန်ကန်စွာအဖြေပေးခဲ့၏။ သူသည်ဘုရားသခင်ကို ချစ်သင့်သည်အတိုင်း မချစ်သောယနေ့ခရစ်ယာန်များနှင့်တူပါ၏။ များစွာသောသူတို့သည် မိမိတို့၏အပြစ်မှ နောင်တရခြင်း မရှိဘဲ မိမိတို့ဘဝအဆင်ပြေဖို့ရန် ယေရှုကိုယုံကြည်ခဲ့ကြ၏။ ခရစ်ယာန်ဖြစ်လျှင် ငွေကြေးအဆင် ပြေမည်ဟု ထင်မှတ်ထားကြ၏။ ယေရှာယ ၂၉း၁၃ ထဲတွင် "ဤလူမျိုးသည် နှုတ်နှင့်ငါ့ထံသို့ချဉ်း ကပ်၍ နှုတ်ခမ်းနှင့်ငါ့ကိုရိုသေကြ၏။ စိတ်နှလုံးမူကား ငါနှင့်ဝေးလှ၏။ လူတို့စီရင်သောပညတ်တို့ကို အမှီပြု၍ ငါ့ကိုကြောက်ရွံ့ကြ၏" ဟုတွေ့ရ၏။

ယေရှုက ထိုဖာရိရှဲအား ဤမိန်းမ၏အပြုအမူသည် စစ်မှန်သောနောင်တရခြင်းကို ပြသ ကြောင်း ရှင်းပြတော်မူခဲ့၏။ သူမပြုသောအမှုသည် ဖာရိရှဲပြုသောအမှုထက် ဘုရားသခင်ရှေ့၌ မွှေးသောနံ့သာကဲ့သို့ဖြစ်ပါသည်။ ယေရှုက ဖာရိရှဲ၏ဖိတ်ကြားမှုသည် စစ်မှန်သောအသက်တာ ပြောင်းလဲခြင်းမရှိဘဲ ဖိတ်ကြားသောအမှုဖြစ်ပါ၏။ "... သင်တို့အပြစ်များပြေစေခြင်းငှါ နောင်တရ ၍ စိတ်ပြောင်းလဲခြင်းသို့ရောက်ကြလော့" (တမန် ၃း၁၉)။

ဤသာဓကအားဖြင့် ယေရှုသည် မိမိ၏အပြစ်လွှတ်ခြင်းအကြောင်းကို ပြသတော်မူခဲ့၏။ ဖာရိရှဲက ငြင်းခုံခြင်းပြုခဲ့သော်လည်း ယေရှုသည် မိမိကိုယုံကြည်၍အမှန်တကယ်နောင်တရသော ထိုမိန်းမအပေါ်၌ မိမိ၏ကရုဏာတော်နှင့်ကျေးဇူးတော်ကို ပြသတော်မူခဲ့၏။ ယေရှုသည်ဆက်လက် ၍ လူများတို့ထံသို့ သတင်းကောင်းကို ဟောပြောခဲ့ပါ၏။ အနာငြိမ်းခြင်းခံရသော များစွာသောမိန်းမ တို့သည် ယေရှုနောက်သို့လိုက်ကြ၏။ ဘုရားသခင်၏ကယ်တင်ခြင်းအလင်းကို မြင်တွေ့ခဲ့ကြသော သူတို့သည် ယေရှုခရစ်တော်အား အလုပ်အကျွေးပြုခဲ့ကြ၏။ ဘုရားသခင်၏ကယ်နှုတ်တော်မူခြင်း ခံရသော ကျွန်တော်တို့သည်လည်း အမှုတော်ဆောင်ရွက်ဖို့ရန် ဆက်ကပ်ကြရပါမည်။ သန့်ရှင်းသော သူတို့သည် သူတပါးကိုစေစားခြင်းငှါမဟုတ်ဘဲ သူတပါးအစေကိုခံခြင်းငှါဖြစ်ကြ၏။

**ဆင်ခြင်ရန်** - အကျွန်ုပ်သည် ယုံကြည်ခြင်းအားဖြင့် ကျေးဇူးတော်ကြောင့်သာလျှင် ကယ်တင် ခြင်းသို့ရောက်ပါသလား။

**ဆုတောင်းချက်** - ကောင်းကင်ဘုံရှိအဘ၊ အပြစ်သားကျွန်ုပ်အပေါ်၌ ထားရှိတော်မူသော ကိုယ်တော်၏ကျေးဇူးတော်နှင့် ကရုဏာတော်ကြောင့် ကိုယ်တော့်ကိုကျေးဇူးတင် ပါ၏ ။

ဗုဒ္ဓဟူး၊ ဖေဖော်ဝါရီ (၇)

**လုကာ ၈း၄-၁၈**

ဖိလိ ၂း၁၂-၁၆

*" . . . ကြောက်ရွံ့တုန်လှုပ်သောစိတ်နှင့်၊ ကိုယ်ကို ကယ်တင်ခြင်းငှါ ကိုယ်တိုင်ကြိုးစားအားထုတ်ကြလော့"*

## မျိုးစေ့နှင့်အလင်းသာဓက

ယေရှုက အခြားသာဓကတစ်ခုကို ဖော်ပြခဲ့၏။ ဤသာဓကကို မျိုးစေ့ကြဲသောသူ သာဓကဟု လူသိများသော်လည်း အဓိကရည်ရွယ်ချက်သည် မျိုးစေ့ကြဲခြင်းမဟုတ်ဘဲ (၄) မျိုး ကွဲပြားသောမြေပေါ်၌ ကျခဲ့သော မျိုးစေ့တို့၏ အဖြစ်အပျက်ပင်ဖြစ်ပါသည်။ ယေရှုက " ကြားစရာနားရှိသောသူမည်သည်ကား ကြားပါစေဟု ကြွေးကြော်တော်မူ၏" (လုကာ ၈း၈)။ ဤသာဓကသည် ဟောပြောသော ဘုရားသခင်၏နှုတ်ကပတ်တော်သည် ကောင်းမွန်စွာထွန်ယက်ထားသော (သို့) မြေဩဇာကြွယ်ဝသော မြေမဟုတ်လျှင် အစဉ်အသီးသီးခြင်းမရှိကြောင်း ဖော်ပြခဲ့ပါသည်။ ယေရှုက သူသည်မျိုးစေ့ကြဲသောသူကဲ့သို့ ဖော်ပြ၍ မိမိဟောသောတရားကို ကြားနာသော များစွာသောသူတို့သည် မာကြောသော ကျောက်ခဲနှင့်ပြည့်နှက်နေသော မြေကဲ့သို့လည်းကောင်း၊ ဆူးပင်များ ထူထပ်စွာပေါက်နေသော မြေကဲ့သို့လည်းကောင်း ဖော်ပြခဲ့၏။

ယေရှုက လူသည်ဆီမီးကို တောင်းဖြင့်ဖုံးအုပ်ခြင်းငှါ မထွန်းကြကြောင်း ဆက်လက်ဖော်ပြခဲ့၏။ ဆီမီးခုံပေါ်၌ တင်ခြင်းငှါ ထွန်းလေ့ရှိကြ၏။ ကယ်တင်ခြင်းသည်လည်း ထိုကဲ့သို့ဖြစ်ပါသည်။ ကျွန်တော်တို့သည် ကယ်တင်ခြင်းခံရပြီးနောက် ကျွန်ုပ်တို့အသက်တာ၌ ဘုရားသခင်၏ကျေးဇူးတော်ကို သူတစ်ပါးသည် မြင်တွေ့ကြရပါမည်။ ကျွန်ုပ်တို့ခံရသော ကယ်တင်ခြင်းသည် ဖုံးအုပ်ခြင်းငှါမဟုတ်ဘဲ ဤလောကီအမှောင်လူသားများက ထိုအလင်းကိုမြင်ခြင်းငှါ ဖော်ပြရန်ဖြစ်ပါသည်။ ကျွန်ုပ်တို့အားဖြင့် ဘုရားသခင်သည်မိမိအလင်းကို လင်းစေမည်ဖြစ်ပါသည်။ ထိုသို့မဟုတ်လျှင် ကျွန်ုပ်တို့ကိုယ်တိုင်၌ အလင်းမရှိသောကြောင့် ဖြစ်နိုင်ပါသည်။ ကျွန်တော်တို့သည် ခံရသောကယ်တင်ခြင်းကို ကြိုးစားဖော်ထုတ်ကြရပါမည်(ဖိလိ ၂း၁၂)။ ထိုကယ်တင်ခြင်းအလင်းကို ကျွန်တော်တို့သည် မလင်းလက်စေခဲ့လျှင် ဘုရားသခင်ရှေ့၌ ကျွန်တော်တို့သည် အပြစ်ရှိပါ၏။

ဤသာဓကများကို သဘောပေါက်နားလည်စေခြင်းငှါ သန့်ရှင်းသောဝိညာဉ်တော်၏ ဉာဏ်အလင်းပေးခြင်းကို ကျွန်တော်တို့တောင်းလျှောက်ကြပါစို့။ ကျွန်တော်တို့သည် ဘုရားသခင်၏နှုတ်ကပတ်တော် ကို နားလည်နိုင်ခြင်းငှါ ခရစ်တော်၏စိတ်တော်နှင့် ဝိညာဉ်မျက်စိပိုင်ဆိုင်သောသူ ဖြစ်သောကြောင့် ဘုရားသခင်ကို ကျေးဇူးတင်ပါ၏။ Matthew Henry က ဤသို့ပုံသာဓကပေးခဲ့၏။ ထိုသာဓကသည် မိုးတိမ်တိုင်နှင့် မီးတိုင်ကဲ့သို့ဖြစ်၏။ မှောင်မဲသောအခြမ်းသည် အဲကုတ္တုလူတို့ဘက်၌ ကျရောက်ပြီး သူတို့ကို ရှုပ်ထွေးစေပါ၏။ သို့သော်လည်း လင်းလက်သောအခြမ်းသည် ဣသရေလတို့ဘက်၌ ကျရောက်လျက် သူတို့ကိုနှစ်သိမ့်ခြင်းပေး၏။ ထိုအလင်းသည် အချို့သောသူ၏ အမြင်ကို ထင်ရှားစေ၍ အချို့သောသူ၏အမြင်ကို ဝေဝါးစေ၏။ ယေရှု၏ အနက်ဖွင့်ခြင်းသည် သမ္မာကျမ်းစာ၌တွေ့ရသော သာဓကများ နားလည်ခြင်းငှါ အတုယူရမည့်နည်းဖြစ်၏။ သမ္မာကျမ်းစာကို သမ္မာကျမ်းစာအားဖြင့် အနက်ဖွင့်ရပါမည်။ ဘုရားသခင်သည် နှုတ်ကပတ်တရားကို သိမြင်နားလည်စေခြင်းငှါ ကျွန်ုပ်တို့အား မစတော်မူမည်။

**ဆင်ခြင်ရန်** - ဘုရားသခင်၏နှုတ်ကပတ်တော်အနက်ကို အကျွန်ုပ်သိလိုပါသလား။

**ဆုတောင်းချက်** - အဘဘုရား၊ သတင်းကောင်း၏တန်ခိုးကို အကျွန်ုပ်အသက်တာ၌ ပေါ်လွင်စေမည်အကြောင်း သွန်သင်တော်မူပါ။ ကိုယ်တော်၏နှုတ်ကပတ်တော်ကို နားလည်သဘောပေါက်ခြင်းငှါ မစတော်မူပါ။

ကြာသပတေး၊ ဖေဖော်ဝါရီ (၈)

**လုကာ ၈း၂၂-၅၆**
မသဲ ၈း၂၃-၂၇

*"ယုံကြည်အားနည်းသောသူတို့၊ အဘယ်ကြောင့် ကြောက်တတ်သနည်း"*

## ဖန်ဆင်းထားသောအရာအပေါ် ယေရှု၏တန်ခိုးတော်

ယေရှုသည် တပည့်တော်တို့နှင့်တကွ ဂါလိလဲအိုင်တစ်ဘက်ကမ်းသို့ ကြွတော်မူ၏။ အိုင်ကို ဖြတ်ကျော်နေစဉ် မုန်တိုင်းကျရောက်ခဲ့၏။ မုန်တိုင်းကြောင့် သူတို့၏လှေထဲသို့ရေများ ဝင်ရောက်လာခဲ့၏။ တပည့်တော်များအကြားတွင် မုန်တိုင်းများစွာကြုံတွေ့ခဲ့ဖူးသော တံငါသည်များပါဝင်ကြ၏။ သို့သော်လည်း ထိုမုန်တိုင်းသည် ကြုံတွေ့ဖူးသော မုန်တိုင်းထက် ပိုဆိုးရွားကြောင်း သူတို့၏တုန့်ပြန်မှုအားဖြင့် သိရပါသည်။ နစ်မြုပ်လိမ့်မည်ဟုသူတို့ထင်ကြ၏။ အိပ်ပျော်နေသော်လည်း ယေရှုသည် ဖြစ်ပျက်သောအရာကိုသိတော်မူ၏။ အစဉ်ယေရှုက "အိုင်တစ်ဖက်သို့ကူးကြကုန်အံ့ဟု မိန့်တော်မူပြီ" (လုကာ ၈း၂၂)။ ထို့ကြောင့် အဘယ်မုန်တိုင်းပဲလာလာ သူတို့ရည်မှန်းသောနေရာအရပ်သို့ သူတို့အမှန်ရောက်ကြပါလိမ့်မည်။ ထိုသို့သောမုန်တိုင်းအကြားတွင် တပည့်တော်တို့သည် မိမိတို့နှင့်အတူ ယေရှုရှိတော်မူကြောင်း သတိရခဲ့ကြ၏ (မသဲ ၈း၂၅)။ ယေရှုက မုန်တိုင်းနှင့်လှိုင်းကို အမိန့်ပေးတော်မူ၏။ ထိုအခါ ချက်ချင်းပင်ငြိမ်သက်ခြင်းရှိလေ၏။

ဂါဒရပြည်သို့ယေရှုရောက်လာသောအခါ နတ်ဆိုးစွဲလျက်အဝတ်မဝတ်သောသူနှင့် ကြုံတွေ့ရ၏။ ထိုနတ်ဆိုးသည် ယေရှုကိုသိ၍မိမိအားထာဝရညှဉ်းဆဲခြင်းက စောင့်လျက်နေသည်ကိုလည်း သိခဲ့၏။ ထိုလူ၌လေဂေါင်ဟုခေါ်သော များစွာသောနတ်ဆိုးစွဲလျက်ရှိပါသည်။ ယေရှုသည် မိမိ၏တပည့်တော်တို့အား နတ်ဆိုးများအပေါ်၌ မိမိ၏တန်ခိုးအာဏာရှိခြင်းကို သိမြင်စေလို၏။ နတ်ဆိုးများနှင်ထုတ်ခြင်းခံရပြီး ထိုလူသည် မိမိ၏ပုံမှန်အနေအထားသို့ ပြန်ရောက်ခဲ့၏။

တရားဇရပ်မှူးယာဣရုသည် သေအံ့ဆဲဆဲဖြစ်သော မိမိ၏သမီးအနာငြိမ်းစေခြင်းအတွက် မိမိအိမ်သို့ကြွလာခြင်းငှါ ယေရှုအား တောင်းလျှောက်အသနားခံခဲ့၏။ ယေရှုသည်လက်ခံ၍ လမ်း၌သွားစဉ် ၁၂ နှစ်ပတ်လုံးသွေးသွန်အနာစွဲသောမိန်းမသည် အနာငြိမ်းစေခြင်းငှါ တောင်းလျှောက်ခဲ့၏။ ယုံကြည်ခြင်းအားဖြင့် ထိုမိန်းမသည် ယေရှုအဝတ်တော်၏ပန်းပွားကို ထိခြင်းအားဖြင့် အနာငြိမ်းမည်ဟု ယုံကြည်ခဲ့၏။ ချက်ချင်းထိုမိန်းမသည် အနာငြိမ်းလေ၏။ ယေရှုက "ငါ့သမီးမစိုးရိမ်နှင့်။ သင်၏ယုံကြည်ခြင်းသည် သင့်အနာကိုငြိမ်းစေပြီ။ ငြိမ်ဝပ်စွာသွားလော့" ဟုမိန့်တော်မူ၏ (လုကာ ၈း၄၈)။ ယာဣရုအိမ်သို့ယေရှုရောက်သောအခါ သူ၏သမီးသည် သေနှင့်ပြီဖြစ်၏။ ယေရှုက သူငယ်၏လက်ကို ကိုင်လျက် ထခြင်းငှါ ခေါ်တော်မူ၏။ ချက်ချင်းသူငယ်သည် ထလာခဲ့၏။ ယေရှု၏တန်ခိုးတော်ကို သင်ယုံကြည်ပါသလား။ ယေရှုသည်သင်၏ကယ်တင်ရှင်ဖြစ်ပါသလား။

**ဆင်ခြင်ရန်** - အကျွန်ုပ်အား အဆုံးတိုင်အောင်ကယ်တင်မည်အကြောင်း ယေရှု၏တန်ခိုးတော်ကို အကျွန်ုပ်ယုံကြည်ကိုးစားခြင်းရှိပါသလား။

**ဆုတောင်းချက်** - အိုအနန္တတန်ခိုးရှင်ဘုရားသခင်၊ အကျွန်ုပ်တို့၏ခန္ဓာ၊ စိတ်၊ ဝိညာဉ်အနာငြိမ်းစေခြင်းငှါ ကိုယ်တော်သိက္ခမ်းတော်မူ၏။ အိုအကျွန်ုပ်၏ဘုရားသခင် အကျွန်ုပ်ကို အားဖြည့်တော်မူပါ။

သောကြာ၊ ဖေဖော်ဝါရီ (၉)
**လုကာ ၉း၁-၁၇**
ဇာခရိ ၄း၁-၁၀

*"ဤအမှုသည်ဗိုလ်ခြေအားဖြင့်မဟုတ်၊ အာဏာတန်ခိုး အားဖြင့်မဟုတ်၊ ငါ့ဝိညာဉ်အားဖြင့်ဖြစ်လိမ့်မည်ဟု ကောင်းကင်ဗိုလ်ခြေအရှင်ထာဝရဘုရားမိန့်တော်မူ၏"*

## ယေရှု၏အာဏာတန်ခိုးတော်

ယေရှု၌အလုံးစုံသောတန်ခိုးအာဏာရှိတော်မူ၏။ ယေရှုသည်အကြီးဆုံးသော တပ်မှူးထက် ပို၍ပညာရှိတော်မူ၏။ အကြောင်းမှာ သူသည်မိမိ၏တပ်ကို လေ့ကျင့်ပေးသည်သာမက၊ သူတို့နှင့်အတူ မိမိကိုယ်တိုင်ပါရှိတော်မူ၏။ "ဤအမှုသည်ဗိုလ်ခြေအားဖြင့်မဟုတ်၊ အာဏာတန်ခိုးအားဖြင့် မဟုတ်၊ ငါ့ဝိညာဉ်အားဖြင့်ဖြစ်လိမ့်မည်ဟု ကောင်းကင်ဗိုလ်ခြေအရှင်ထာဝရဘုရား မိန့်တော်မူ၏" (ဇာခရိ ၄း၆)။

အမှုတော်မြတ်၌ ယေရှုသည် တမန်တော်တို့ကိုစေလွှတ်၍ ဟောပြောမည့်အကြောင်းကိုလည်း ပေးတော်မူခဲ့၏။ မိမိတို့၏အသိပညာကို အားမကိုးဘဲ ဘုရားသခင်၏နှုတ်ကပတ်တော်ကိုသာ ကိုးစားခြင်းရှိမည်အကြောင်း သတိပေးခဲ့၏။ ယုံကြည်သောသူအဖို့ ကယ်တင်ခြင်းခံရခြင်းငှါ ဘုရားသခင်၏တန်ခိုးတော်ဖြစ်သော သတင်းကောင်းဖြင့် သူတို့ကိုမွမ်းမံပြင်ဆင်တော်မူ၏။ သူတို့သည် ယေရှု၏အမှုတော်မြတ်ကို ဆောင်ရွက်ရာ၌ ချိုးငှက်ကဲ့သို့သူတပါးကိုမနာကျင်စေခြင်းငှါရင်း၊ မြွေကဲ့သို့ လိမ္မာစေခြင်းငှါရင်း၊ ယေရှုမိန့်တော်မူ၏။

ရောမအင်ပါယာကိုလေးပုံတစ်ပုံအုပ်စိုးသော စော်ဘွားဟေရုဒ်သည် ယေရှု၏တန်ခိုးအာဏာတော်ကိုအံ့ဩခြင်းရှိ၏။ သူသည် ယေရှုအားဗတ္တိဇံဆရာယောဟန်ပြန်လည်ရှင်ပြန်ထမြောက်သည်ဟု ထင်ခဲ့၏။ အကြောင်းမှာ ဗတ္တိဇံဆရာယောဟန်သည် ခရစ်တော်၏အသက်တာကဲ့သို့ နေထိုင်ခဲ့၏။ ကျွန်တော်တို့သည်ခရစ်တော်၌တည်လျှင် ခရစ်တော်နှင့် မျက်နှာချင်းဆိုင် မြင်တွေ့ရသောနေ့တိုင်အောင် သူသည် ကျွန်ုပ်တို့အားဖြင့်အမှုပြုတော်မူလိမ့်မည်။

ဤဘဝ၌ ကျွန်ုပ်တို့၏လိုအပ်ချက်များကို ယေရှုပေးတော်မူလေ၏။ တပည့်တော်တို့သည် များစွာသောလူတို့ကို မကျွေးမွေးနိုင်ဟုထင်ကြသောကြောင့် လူများကိုအိမ်ပြန်စေခြင်းငါ ယေရှုအား တောင်းလျှောက်ကြ၏။ ထိုအခါယေရှုက "သူတို့စားစရာအဖို့ သင်တို့ပေးကြလော့ဟု မိန့်တော်မူ၏" (လုကာ ၉း၁၃)။ ကျွန်ုပ်တို့၏ဘုရားသခင်သည် ဝိညာဉ်ရေးရာအကြောင်း စိတ်ဝင်စားသောသူဖြစ်သော်ငြားလည်း ကျွန်ုပ်တို့ခန္ဓာကိုယ်လိုအပ်သောအရာကိုလည်း တာဝန်ယူပေးတော်မူ၏။ ယေရှုသည် တပည့်တော်တို့၌ ပေးစရာဘာမျှမရှိကြောင်း သိခဲ့သော်လည်း မိမိအားယုံကြည်ကိုးစားခြင်းငှါ ထိုသို့တိုက်တွန်းတော်မူခြင်းဖြစ်၏။ တပည့်တော်တစ်ပါးသည် လူငယ်တစ်ဦးထံမှ မုန့်ငါးလုံးနှင့် ငါးနှစ်ကောင်ကို တွေ့ခဲ့၏။ ငါးနှင့်မုန့်ကိုကောင်းကြီးပေးပြီးမှ တပည့်တော်တို့သည် လူများတို့ထံ ပေးဝေကြ၏။ အားလုံးဝလင်စွာစားပြီးမှ အကြွင်းအကျန်ဆယ့်နှစ်တောင်းကောက်ရကြ၏။

ယေရှု၏တန်ခိုးအာဏာတော်သည် စုံလင်ခြင်းရှိ၍ အကန့်အသတ်မရှိပါ။ မိမိလူတို့အား အမှုတော်ဆောင်ရွက်လျက် သက်သေခံကြခြင်းငှါ လမ်းပြတော်မူ၏။ ကျွန်ုပ်တို့၏လိုအပ်ချက်များကို ဖြည့်ဆည်းပေးတော်မူ၏။ သူသည်ဘုရားသခင်ဖြစ်သောကြောင့် ကျွန်တော်တို့ယုံကြည်ကိုးစားကြကုန်အံ့။

**ဆင်ခြင်ရန်** - ယေရှုသည် အကျွန်ုပ်အပေါ်၌ တန်ခိုးအာဏာရှိကြောင်းကို ကျွန်တော်သတိရပါသလား။

**ဆုတောင်းချက်** - ကောင်းကင်ဘုံရှိအဘ၊ ကိုယ်တော်ထံမိမိကိုယ်ကို ဆက်ကပ်ခြင်းငှါ မစတော်မူပါ။

စနေ၊ ဖေဖော်ဝါရီ (၁၀)

**လုကာ ၉း၂၈-၃၆**

၂ ပေ ၁း၁၇-၁၈

*“. . . ခမည်းတော်ဘုရားသခင့်အထံတော်မှ ဂုဏ်အသရေဘုန်းအာနုဘော်ကို ခံရတော်မူ၏”*

## မျက်နှာတော်ထူးခြားသောအဆင်းအရောင်ရှိခြင်း

ယေရှုသည် မိမိ၏တပည့်တော်သုံးယောက်နှင့်အတူ ဆုတောင်းခြင်းငှါ တောင်ပေါ်သို့ ကြွတော်မူခဲ့၏။ ထိုသို့ဆုတောင်းနေစဉ် မျက်နှာတော်သည်ထူးခြား၍ အဝတ်တော်သည်ပြောင်ပြောင်လက်လက်ဖြူ၏။ ဤအမှုသည် ကောင်းကင်ဘုံ၌ခံစားရမည့် မိမိ၏ဘုန်းအာနုဘော်ကို ပေါ်လွင်စေခြင်းဖြစ်၏။ ယေရှုသည် မိမိပရောဖက်ပြုချက်မှန်ကန်ကြောင်း ထင်ရှားစေခဲ့ပါ၏။ ယေရှုသည် အသေခံမည်ဖြစ်သော်လည်း ရှင်ပြန်ထမြောက်လျက် ခမည်းတော်၏လက်ျာဘက်၌ ထိုင်တော်မူလိမ့်မည်။ သူသည် ဆင်းရဲဒုက္ခနှင့်မှောင်မိုက်သောသေခြင်းချိုင့်ဝှမ်းကို ကျော်ဖြတ်မည်ဖြစ်၍ မိမိကို ယုံကြည်သောသူအပေါင်းတို့သည် မိမိနှင့်အတူ ထာဝရဘုန်းတော်ခံစားဖို့ရန်ဖြစ်ပါသည်။

ပေတရု၊ ယာကုပ်နှင့်ယောဟန်တို့သည် သူတို့သခင်၏ မျက်နှာတော်ထူးခြားသောအဆင်းအရောင်ရှိခြင်းအမှု၌ မျက်မြင်သက်သေများဖြစ်ကြ၏။ ယေရှုကတစ်ဦးတစ်ယောက်တည်းမဟုတ်ဘဲ ထိုအမှုကိုသက်သေခံဖို့ရန် သက်သေသုံးဦးရွေးကောက်တော်မူခဲ့၏။ ထိုတမန်တော်သုံးဦးတို့က မောရှေနှင့်ဧလိယတို့သည် ယေရှုနှင့်စကားပြောနေကြသည်ကို မြင်တွေ့ခဲ့ကြ၏။ တမန်တော်တို့သည် အိပ်ငိုက်ခဲ့ကြသော်လည်း သူတို့မြင်တွေ့သောအရာသည် အိပ်မက်မဟုတ်၊ အမှန်ဖြစ်ပျက်သောအရာဖြစ်ပါသည်။ ထိုသုံးဦးစလုံးသည် တစ်ကြိမ်တည်း၌ တူညီသောအိပ်မက်ကို မြင်မက်နိုင်ပါမည်လော။ ယေရှုသည် ဆင်းရဲဒုက္ခခံ၍ ယေရုရှလင်မြို့၌ အသေခံမည်အကြောင်း သူတို့ကြားသိခဲ့၏။ သို့သော်လည်း ထိုမျက်နှာတော်ထူးခြားသောအဆင်းအရောင်ရှိခြင်းအမှုက ခရစ်တော်ပြုသောအမှုသည် မင်္ဂလာရှိသောမျှော်လင့်ချက်ကို ယူဆောင်လာမည်ဟု သေချာသိစေခဲ့၏။ တမန်တော်တို့သည် မောရှေနှင့်ဧလိယကိုသာ မြင်တွေ့ရသည်မဟုတ်။ ကောင်းကင်ဘုံမှခမည်းတော်၏အသံကိုလည်း ကြားခဲ့ရ၏။ “ဤသူကား ငါ၏ချစ်သားပေတည်း။ သူ၏စကားကို နားထောင်ကြလော့” (လုကာ ၉း၃၅)။ ဤသည်ကား ခမည်းတော်ထံမှ ဒုတိယအကြိမ်အတည်ပြုခြင်းဖြစ်ပါသည်။ ပထမတစ်ကြိမ်သည် ယေရှုဗတ္တိဇံခံသောအချိန်၌ဖြစ်၏။ ခမည်းတော်ဘုရားက ယေရှုသည်ခရစ်တော်ဖြစ်ကြောင်း ထိုခရစ်တော်၏နောက်သို့ လိုက်ကြရမည့်အကြောင်း တမန်တော်တို့အား ထပ်၍အသိပေးခြင်းဖြစ်ပါသည်။ ပေတရုက “ဤသူသည် ငါနှစ်သက်မြတ်နိုးရာ ငါ၏ချစ်သားပေတည်းဟူသော အသံတော်သည် ထူးမြတ်သောအရောင်အဝါတော်ထဲက ထိုသခင်သို့ရောက်သောအခါ ခမည်းတော်ဘုရားသခင့်အထံတော်မှ ဂုဏ်အသရေဘုန်းအာနုဘော်ကို ခံရတော်မူ၏။ ကောင်းကင်ကရောက်လာသော ထိုအသံတော်ကို ငါတို့သည် သန့်ရှင်းသောတောင်ပေါ်မှာ သခင်ဘုရားနှင့်အတူရှိသောအခါ ကြားရကြ၏” (၂ ပေ ၁း၁၇-၁၈) ဟုရေးခဲ့ပါသည်။

ယေရှု၏မျက်နှာတော်ထူးခြားသောအဆင်းအရောင်ရှိခြင်းက တပည့်တော်တို့အား ယေရှု၏ ဘုန်းတော်ကို မြည်းစမ်းစေခဲ့၏။ မျက်နှာတော်သည် နေကဲ့သို့လင်းလက်ခဲ့ပါသည်။ ရှေးအခါ၌ ဘုရား သခင်သည် ရှေးယုံကြည်သူတို့နှင့် ပရောဖက်တို့ထံ ထင်ရှားခဲ့၏။ သို့သော်လည်း ကောင်းကင်ဘုံတွင် သန့်ရှင်းသောသူအပေါင်းတို့သည် ပလ္လင်တော်ပေါ်၌ကိုယ်တော်ဖြစ်တော်မူသည်အတိုင်း မြင်ရကြလတ္တံ့ (၁ ယော ၃း၂)။

**ဆင်ခြင်ရန်** - ယေရှုအားမျက်နှာချင်းဆိုင်မြင်တွေ့ရမည်ဟု ကျွန်တော်သေချာပါသလား။

**ဆုတောင်းချက်** - ကောင်းကင်ဘုံရှိအဘ၊ ကိုယ်တော်၏မျက်နှာတော်ကို ထာဝရဖူးမြော်ရမည့်အချိန်ကိုအကျွန်ုပ်အလွန်တောင့်တခြင်းရှိပါ၏။

တနင်္ဂနွေ၊ ဖေဖော်ဝါရီ (၁၁)
**လုကာ ၉း၃၇-၅၆**
ဖိလိ ၂း၁-၄

*“သူတပါးသည်ကိုယ်ထက်သာ၍ ကောင်းမြတ်သည်ဟုနှိမ့်ချသောစိတ်ရှိ၍ တယောက်ကို တယောက်ထင်မှတ်ကြလော့”*

## တပည့်တော်တို့၏အားနည်းချက်များ

သခင်ယေရှု၏တပည့်တော်တို့သည် နတ်ဆိုးစွဲသောကလေးငယ်အပေါ်၌ တန်ခိုးမရှိခဲ့ကြပါ။ အမှုတော်၏သက်သေအနေဖြင့် ယေရှုက သူတို့အား အံ့ဖွယ်နိမိတ်လက္ခဏာပြနိုင်သောတန်ခိုးကို ပေးခဲ့သော်လည်း ထိုသို့သောအမှုပြုခြင်း၌ ယုံကြည်ခြင်းအားနည်းခဲ့ကြ၏။ ယေရှုကမိမိ၏တန်ခိုးတော်အားဖြင့် အနာငြိမ်းစေသောအခါ “သင်၏ယုံကြည်ခြင်းသည် သင့်အနာကိုငြိမ်းစေပြီ” ဟုဆိုသော်လည်း သူတို့၏ယုံကြည်ခြင်းအားဖြင့် အနာငြိမ်းသည်မဟုတ်။ သူတို့ယုံကြည်သောယေရှု၏ကတိတော်နှင့် အနန္တတန်ခိုးရှင်ဘုရားသခင်၏တန်ခိုးတော်အားဖြင့်သာ အနာငြိမ်းခြင်းဖြစ်၏။ မယုံကြည်သောသူတို့ကို ယေရှုက ယုံကြည်ခြင်းမရှိသောသူ၊ ဖောက်ပြန်သောသူဟု ခေါ်ခြင်းသည် ထိုသူတို့ကိုယ်တိုင်က အကျင့်ပျက်လျက်ခိုင်မာသောစိတ်ရှိကြသောကြောင့်ဖြစ်၏။ သူတို့သည် ဘုရားသခင်နှင့်ဆိုင်သော အရာတို့ကို နားမလည်သောဇာတိလူများဖြစ်ကြ၏။ နတ်ဆိုးကိုနှင်ထုတ်နိုင်သောတန်ခိုး ဘုရား၌မရှိဟုယုံကြည်ကြ၏။ ယေရှုက မိမိ၏သေခြင်းအကြောင်းနှင့် ရှင်ပြန်ထမြောက်ခြင်းအကြောင်း ပြောကြားသောအခါ သူတို့သည်သဘောပေါက်နားလည်ခြင်းမရှိကြ။

တပည့်တော်တို့သည် ဝါကြွားထောင်လွှားခြင်းရှိကြ၏။ တမန်တော်များအကြား၌ပင် အကြီးဆုံးသောသူဖြစ်လိုကြ၏။ ယေရှုက သူငယ်ကိုသာဓကယူခြင်းအားဖြင့် သူတို့ကိုသင်ပေးခဲ့၏။ သူတို့အား သူငယ်၏ယုံကြည်ခြင်းကဲ့သို့သော ယုံကြည်ခြင်းကိုရှိစေလို၏။ သူတို့၌ရှိသောသင်းကွဲလိုသောစိတ်ဓာတ်ကိုလည်း ယေရှုကရှုတ်ချခဲ့၏။

တပည့်တော်တို့သည် သနားကြင်နာခြင်းမရှိသောသူများလည်းဖြစ်၏။ ယေရှုသည် မိမိအသေခံမည့်အချိန်နီးသည်ကိုသိလျက် ပရောဖက်ပြုချက်ပြည့်စုံစေမည်အကြောင်း ယေရှုရှလင်သို့သွားဖို့ရန် စိတ်ဆုံးဖြတ်ခဲ့၏။ သူသည် ဘုရားသခင်၏သိုးသငယ်ကဲ့သို့ ပူဇော်ခြင်းကိုခံရမည်ဖြစ်၏။ ထိုသို့ယေရှုသည် ရှမာရိမြို့သို့မဟုတ်ဘဲယေရုရှလင်မြို့သို့ သွားခြင်း၌ ဦးတည်နေသောကြောင့် ရှမာရိလူတို့သည် ယေရှုကိုငြင်းပယ်ခဲ့ကြကြောင်း တပည့်တော်တို့က မြင်တွေ့ခဲ့၏။ ယာကုပ်နှင့် ယောဟန်တို့သည် ယေရှု၏အကြံအစည်ကိုမသိကြသောကြောင့် မိမိအားလက်မခံခဲ့သော ရှမာရိလူတို့ကို ဖျက်ဆီးခြင်း၌ အလိုရှိခဲ့ကြ၏။

ဘုရားသခင်သည် လူ့အသက်ကိုဖျက်ဆီးခြင်း၌မဟုတ်ဘဲ ကယ်တင်ခြင်း၌ ကြွတော်မူသောကြောင့်ကျေးဇူးတော်ချီးမွမ်းကြပါစို့။ တပည့်တော်တို့၌ အားနည်းချက်များရှိသော်ငြားလည်း ကျွန်ုပ်တို့အားလုံးကို ဘုရားသခင်သည်ထိန်းသိမ်းစောင့်ရှောက်တော်မူ၏။ ဘုရားသခင်သာလျှင် ဘုန်းအာနုဘော်အပေါင်းရရှိထိုက်သောသူဖြစ်၏။

**ဆင်ခြင်ရန်** - ကျွန်ုပ်သည်ယေရှုခရစ်တော်၏တပည့်အမှန်ဖြစ်ပါသလား။

**ဆုတောင်းချက်** - ကျေးဇူးတော်နှင့်ပြည့်စုံတော်မူသောဘုရားသခင် ကိုယ်တော်၏ဘုန်းတော်ကို ထင်ရှားစေမည့်အကြောင်း ယေရှုအလိုရှိတော်မူသော တပည့်တော်ဖြစ်စေတော်မူပါ။

တနင်္လာ၊ ဖေဖော်ဝါရီ (၁၂)

**လုကာ ၉း၅၇-၆၂**

မသဲ ၂၈း၁၈-၂၀

*“သင်တို့သွား၍လူမျိုးတကာတို့ကို ငါ့တပည့်ဖြစ်စေလျက်. . . ”*

## နိုင်ငံတော်နှင့်ထိုက်တန်ခြင်း

ယေရှုအတွက်အဆုံးရှုံးခံဖို့ရန် သင်အဆင်သင့်ဖြစ်ပါသလား။ လူတစ်ဦးက ယေရှုနောက်တော်သို့လိုက်လိုသောအခါ ယေရှုက ထိုသူအားမိမိ၌ နေစရာမရှိကြောင်းနှင့် မိမိနောက်တော်သို့လိုက်လျှင် ပေးဆပ်မှုများစွာပြုရမည်အကြောင်း သတိပေးခဲ့၏။ ယေရှုကအသေခံသည့်တိုင်အောင် မိမိအသက်တာကို ပေးဆပ်ခဲ့ကြောင်း ဖော်ပြခဲ့၏။ ခရစ်ယာန်တို့သည်လည်း ထိုနည်းတူပြုရပါမည်။ သေခြင်းမှရှင်ပြန်ထမြောက်ပြီးနောက် ယေရှုကမိမိတပည့်တော်တို့အား သတင်းကောင်းဟောပြောခြင်းငှါ ကမ္ဘာစွန်းထိတိုင်အောင်သွားကြခြင်းငှါ ခိုင်းစေခဲ့၏ (မသဲ ၂၈း၁၈-၂၀)။

ဘုရားသခင်၏ နိုင်ငံတော်အကြောင်း ဟောပြောဖို့ရန် သင်အဆင်သင့်ဖြစ်ပါသလား။ အခြားတစ်ဦးကိုယေရှုက မိမိနောက်လိုက်ခြင်းငှါ ဖိတ်ခေါ်သောအခါ ထိုသူကမိမိ၏ဖခင်ကို အရင်သင်္ဂြိုဟ်ခြင်းငှါ ခွင့်တောင်းခဲ့၏။ ထိုအခါ ယေရှုကသူ့ကို ဆုံးမတော်မူ၏။ “လူသေတို့သည် မိမိလူသေတို့ကိုသင်္ဂြိုဟ်ပါလေစေ” ဟူသောစကားစုသည် လောကီအရာမှန်သမျှ၏ချုပ်နှောင်ခြင်းကို ထားခဲ့ဖို့ရန် တိုက်တွန်းခြင်းဖြစ်၏။ ယေရှု၏နောက်လိုက်များသည် လောကီအမှုရေးရာနှင့် အသီးအခြားနေပြီး သူတပါး၏ကယ်တင်ခြင်းအတွက် ဘုရားသခင်၏အမှုတော်မြတ်၌ စိတ်ရောကိုယ်ပါ ပါဝင်ရပါမည်။ ထိုသို့ဆိုသော် မိမိ၏ဆွေမျိုးသားချင်းတို့ကို ဂရုမစိုက်ဘဲနေရမည်ဟု မဆိုလိုပါ။ သူတို့အပေါ်၌လည်း သနားကြင်နာခြင်းရှိလျက် နေထိုင်ရမည်ဟုကျမ်းစာကသွန်သင်ခဲ့၏။ ဘုရားသခင်အတွက် အမှုတော်မဆောင်ရွက်ဘဲနေခြင်းအမှု၌ အဘယ်ဆင်ခြေမျှ ကျွန်တော်တို့မပေးသင့်ပါ။

ဘုရားသခင်အတွက်အမှုပြုခြင်းငှါ သင်အဆင်သင့်ဖြစ်ပါသလား။ တတိယတစ်ဦးသည် နောက်တော်သို့လိုက်လိုသော်လည်း မိမိဆွေမျိုးသားချင်းများနှင့် မိမိအရင်အသက်တာကို စွဲလန်းခြင်းရှိခဲ့၏။ ယေရှုကထိုသူအား အရာခပ်သိမ်းကိုထားခဲ့ပြီးမှ မိမိနောက်တော်သို့လိုက်ခြင်းငှါ မိန့်ဆိုခဲ့၏။ ယေရှုနောက်တော်သို့လိုက်ခြင်းငှါ ဆုံးဖြတ်ချက်ချသောသူအဖို့ “နောက်ပြန်လှည့်ခြင်းမရှိ နောက်ပြန်လှည့်ခြင်းမရှိ”။

Matthew Henry က “ယေရှုနောက်တော်သို့ကျွန်တော်တို့လိုက်လိုလျှင် ဤလောကီအရာတို့ကို ဘေးဖယ်ထား၍ အမှုတော်ဆောင်ခြင်းထက် ပို၍ကြီးမြတ်သောအရာမရှိဟု စိတ်ဆုံးဖြတ်ရပါမည်။ ခရစ်ယာန်အမှုတော်ဆောင်ခြင်းအားဖြင့် လောကီစည်းစိမ်ခံစားခြင်းငှါ မရည်ရွယ်သင့်ပါ။ ခရစ်တော်က လောကီပျော်မွေ့ခြင်းနှင့်အမှုတော်ဆောင်ခြင်းတို့ကို သီးခြားခွဲထား၏။ ကျွန်တော်တို့သည် ကောင်းကင်နိုင်ငံဝင်ရောက်ဖို့ရန် အခက်အခဲပေါင်းများစွာကျော်ဖြတ်လျက် မိမိကိုယ်ကိုငြင်းပယ်ပြီး မိမိကားတိုင်ကို နေ့စဉ်ထမ်းရွက်ရပါမည်” ဟုဆိုခဲ့၏။

**ဆင်ခြင်ရန်** - ခရစ်တော်အတွက် အရာခပ်သိမ်းကိုထားခဲ့ခြင်းငှါ ကျွန်တော်အဆင်သင့်ဖြစ်ပါသလား။

**ဆုတောင်းချက်** - ကောင်းကင်ဘုံရှိအဘ၊ အကျွန်ုပ်အသက်တာအားဖြင့် ကိုယ်တော်၏အမှုတော်ဆောင်ခြင်းငှါ မစတော်မူပါ။

အင်္ဂါ၊ ဖေဖော်ဝါရီ (၁၃)
**လုကာ ၁၀း၁-၂၄**
ယေဇ ၂း၁-၅

*“ငါ့ကိုပုန်ကန်တတ်သောအမျိုးတည်းဟူသော. . .
ပြစ်မှားသောဣသရေလအမျိုးသားတို့ရှိရာသို့
သင့်ကိုငါစေလွှတ်မည်”*

# ခွဲစန့်ခြင်းနှင့်စေလွှတ်တော်မူခြင်း

သခင်ယေရှုကတပည့်တော်တို့အား နှစ်ယောက်စီနှစ်ယောက်စီစေလွှတ်တော်မူ၏။ မိမိသတ်မှတ်ထားသောအရပ်သို့ သူတို့ကိုစေလွှတ်ခြင်းဖြစ်၏။ ယေရှုက စပါးရိတ်စရာများစွာရှိ၏၊ ရိတ်သောသူတို့သည်နည်းကြ၏၊ ထို့ကြောင့်စပါးရိတ်သောသူတို့ကို စေလွှတ်ခြင်းငှါ ဘုရားသခင်ထံဆုတောင်းကြရန် တပည့်တော်တို့အားမိန့်တော်မူခဲ့၏။ ယေရှုကသူတို့အား တောခွေးစုထဲသို့ သိုးသငယ်ကဲ့သို့စေလွှတ်တော်မူ၏။ အကြောင်းမှာ ဘုရားသခင်စေလွှတ်တော်မူသော အမှုတော်ဆောင်တို့သည် နူးညံ့သိမ်မွေ့ခြင်းရှိ၍ ခမည်းတော်၏အလိုတော်သို့ယေရှုဆက်ကပ်သည်နည်းတူ ညှင်းပန်းနှိပ်စက်သောသူတို့ကိုလည်း လက်တုံ့ပြန်ခြင်းမပြုရပါ။ သူတို့စားဝတ်နေရေးနှင့် ငွေကြေးအဖို့ စိုးရိမ်ခြင်းမရှိကြရန်မိန့်တော်မူ၏။ သူတို့ဝင်ရောက်သောအိမ်တိုင်း၌ ယေရှုခရစ်တော်အားဖြင့် ငြိမ်သက်ခြင်းမင်္ဂလာကျရောက်ပါစေဟု ပြောကြရပါမည်။

ယေရှုက ခေါရဇိန်မြို့၊ ဗက်ဇဲဒမြို့နှင့် ကပေရနောင်မြို့မှလူတို့၏ မပြောင်းလဲခြင်းကို ယေရှုကရှုတ်ချတော်မူခဲ့၏။ သူတို့၏စိတ်နှလုံးသည် ခရစ်တော်၏သတင်းကောင်းကို မနာခံဘဲ ခိုင်မာကြ၏။ လူတို့သည် ဘုရားသခင်ငြင်းပယ်သောသူတို့အပေါ် စီရင်ခြင်းမပြုသင့်ပေ။ ဘုရားသခင်ကိုယ်တိုင်ကသာလျှင် သူတို့အပေါ်သို့ အမင်္ဂလာကျရောက်စေမည်ဖြစ်ပါသည်။ (ယေဇ ၂း၃ ကိုဖတ်ပါ)။

တပည့်တော်တို့သည် သူတို့၏အောင်မြင်မှုအတွက် ဝမ်းမြောက်ခြင်းရှိ၍ ယေရှုထံပြန်လျှောက်ခဲ့ကြ၏။ သူတို့ပြုသောနိမိတ်လက္ခဏာတို့ကြောင့် ဝါကြွားခြင်းရှိခဲ့ကြသည်ဟု ထင်ရပါသည်။ မိမိတို့၌ တန်ခိုးမရှိဘဲ သူတို့သည် ဘုရားသခင်၏တန်ဆာပလာများသာလျှင်ဖြစ်ကြောင်းကို ချက်ချင်းမေ့လျော့ခဲ့ကြ၏။ ဘုရားသခင်၏အမှုတော်ဆောင်တို့သည် ဘုန်းအာနုဘော်အပေါင်းကို ဘုရားသခင်ထံ ပေးအပ်ကြရပါမည်။ တပည့်တော်တို့၏မှားယွင်းသော ခံယူချက်ကို ပြင်ဆင်ပေးခဲ့ပါသည်။ သူတို့သည် အပြင်ပန်းအောင်မြင်ခြင်းမဟုတ်ဘဲ ကမ္ဘာမတည်မရှိမီ ကယ်တင်ခြင်းခံရခြင်းငှါ ရွေးကောက်တော်မူလျက် ဘုရား၏အမှုတော်ဆောင်ရွက်ခြင်းငှါ ခေါ်တော်မူသောကြောင့် ပို၍ဝမ်းမြောက်ခြင်းရှိရပါမည်။ ဘုရားသခင်၏အမှုတော်ဆောင်ရွက်ခြင်းသည် ကြီးမားသောအခွင့်ဖြစ်၍ ဘုရားသခင့်နိုင်ငံတော်၏ အစေခံဖြစ်ခြင်းသည် ကြီးမြတ်သောအခွင့်ဖြစ်ပါသည်။ ထို့ကြောင့်ယေရှုက မိမိ၏အလိုတော်ကိုပြုခြင်းငှါ ဤလောက၏အားနည်းသောသူနှင့် သေးငယ်သောသူတို့ကို ဘုရားသခင်ကရွေးကောက်တော်မူသောကြောင့် ခမည်းတော်အားချီးမွမ်းခဲ့ပါသည်။ အဘယ်သူမျှဘုရားသခင်ရှေ့၌ဝါကြွားခြင်းမပြုရပါ။ ခမည်းတော်သည် မိမိ၏အလိုတော်အတိုင်း အရာခပ်သိမ်းကိုဖြစ်ပျက်စေခြင်းဖြစ်ပါသည်။

**ဆင်ခြင်ရန်** - အကျွန်ုပ်သည် ခရစ်တော်စေလွှတ်သောသူဖြစ်ပါသလား။
**ဆုတောင်းချက်** - ကောင်းကင်ဘုံရှိအဘ၊ ကိုယ်တော်သည်အကျွန်ုပ်အား ကယ်တင်ခြင်းခံရခြင်းငှါရင်း၊ အမှုတော်ဆောင်ရွက်ခြင်းငှါရင်း၊ ခေါ်တော်မူသောသူဖြစ်၏။ ထိုတာဝန်ကို ဆောင်ရွက်နိုင်ခြင်းငှါ မစတော်မူပါ။

ဗုဒ္ဓဟူး၊ ဖေဖော်ဝါရီ (၁၄)
**လုကာ ၁၀း၂၅-၃၇**
မသဲ ၅း၁၇-၂၀

*“. . . အငယ်ဆုံးသောပညတ်တစ်ခုကို ကိုယ်တိုင်လွန်ကျူး၍. . . ထိုသူသည်ကောင်းကင်နိုင်ငံတော်၌ အငယ်ဆုံးသောသူဖြစ်လိမ့်မည်”*

# ပညတ်တရား၏အရေးကြီးမှု

ဘုရားသခင်သည် မိမိအားစိတ်နှလုံးအကြွင်းမဲ့၊ ဉာဏ်အစွမ်းရှိသမျှနှင့်ချစ်ခြင်းငှါ ကျွန်ုပ်တို့ကိုမိန့်တော်မူ၏။ ကျမ်းတတ်တစ်ယောက်က ယေရှုအားထာဝရအသက်အမွေခံရခြင်းနှင့်ပတ်သက်၍ မေးလျှောက်ခဲ့၏။ ယေရှုက ထိုသူ၏စိတ်နှလုံးပြဿနာကို ဖြေရှင်းခြင်းငှါ ပညတ္တိကျမ်းအကြောင်းကို မေးတော်မူ၏။ ထိုကျမ်းတတ်ပုဂ္ဂိုလ်က ပညတ်တရားကို - ‘ဘုရားသခင်အား စိတ်နှလုံးအကြွင်းမဲ့၊ ဉာဏ်အစွမ်းရှိသမျှနှင့်ချစ်ရမည်၊ ကိုယ်နှင့်စပ်ဆိုင်သောသူကိုကိုယ်နှင့်အမျှ ချစ်ရမည်’ ဟုဖော်ပြခဲ့၏။ ယေရှုက ထိုအမှုအလုံးစုံတို့ကိုပြုလျှင် ထာဝရအသက်ရမည်ဟု မိန့်တော်မူ၏။ ယေရှုက ကယ်တင်ခြင်းသည် ကောင်းမှုကုသိုလ်ပြုခြင်းအားဖြင့်ရနိုင်သည်ဟု သွန်သင်ခြင်းမဟုတ်ပါ။ ထိုပုဂ္ဂိုလ်အား ထာဝရအသက်ရခြင်းငှါ ထိုက်တန်ခြင်းမရှိသေးကြောင်းကို သိစေခြင်းငှါ မိန့်တော်မူခြင်းဖြစ်၏။ ဘုရားသခင်သည် ပညတ်တရားလိုက်လျှောက်ခြင်းအမှုကို ပြုခြင်းငါတောင်းလျှောက်ခဲ့ပြီး၊ ယနေ့၌လည်း ထိုသို့ပြုခြင်းငါ တောင်းလျှောက်ဆဲဖြစ်၏။ “ထို့ကြောင့်အကြင်သူသည် အငယ်ဆုံးသောပညတ်တစ်ခုကို ကိုယ်တိုင်ကျူးလွန်၍ သူတပါးတို့အားလည်း ထိုအတူသွန်သင်၏။ ထိုသူသည် ကောင်းကင်နိုင်ငံတော်၌ အငယ်ဆုံးသောသူဖြစ်လိမ့်မည်။ အကြင်သူသည်ကိုယ်တိုင်ကျင့်၍ သူတပါးတို့အားလည်းသွန်သင်၏။ ထိုသူသည်ကောင်းကင်နိုင်ငံတော်၌ ကြီးသောသူဖြစ်လိမ့်မည်” (မသဲ ၅း၁၉)။

ထိုကျမ်းတတ်ပုဂ္ဂိုလ်သည် မိမိထိုက်တန်ခြင်းမရှိကြောင်းကို လက်မခံနိုင်ခဲ့ပေ။ ကိုယ်နှင့်စပ်ဆိုင်သောသူကား အဘယ်သူနည်းဟု ယေရှုအားထပ်၍မေးခဲ့၏။ ယေရှုကသနားကြင်နာခြင်းရှိ၍ သာဓကတစ်ခုကို ပြောပြခဲ့၏။ ထိုအကြောင်းသည် သူခိုးတို့လက်ထဲ၌ ကျရောက်လျက် သေအံ့ဆဲဆဲဖြစ်သောသူ၏အကြောင်းဖြစ်ပါသည်။ ယဇ်ပုရောဟိတ်သည် မြင်သော်လည်း မကူညီဘဲကျော်သွားခဲ့၏။ ယဇ်ပုရောဟိတ်တို့သည် လူတို့အတွက် ယဇ်ပူဇော်သောသူဖြစ်သော်ငြားလည်း လူတို့အပေါ် သနားကြင်နာခြင်းမရှိခဲ့ကြပါ။ လေဝိအမျိုးသားတစ်ဦးကလည်း ထိုဒဏ်ရာရနေသောပုဂ္ဂိုလ်၏ လိုအပ်ချက်ကို သိမြင်သော်လည်း အကူအညီမပေးခဲ့ပေ။ လေဝိအမျိုးသားတို့သည် ဗိမာန်တော်၌ အမှုပြုသောသူဖြစ်ကြ၏။ ထို့ကြောင့် ကိုယ်နှင့်စပ်ဆိုင်သောသူကို ချစ်ရမည်အကြောင်း ဘုရားသခင်၏ ပညတ်တော်ကို သိခဲ့ပါလိမ့်မည်။ နောက်ဆုံး၌ဘုရားသခင်၏နိုင်ငံတော်နှင့်မဆိုင်ဟု သူတို့သတ်မှတ်သော ရှမာရိလူသည် မှန်ကန်သောအမှုကို ပြုခဲ့ပါ၏။

ဘုရားသခင်၏ပညတ်တရားသည် ဘယ်သောအခါမှ ပျက်စီးခြင်းမရှိခဲ့ပါ။ ကယ်တင်ခြင်းရခြင်းငှါ ပညတ်တရားကို လိုက်လျှောက်သည်မဟုတ်ဘဲ၊ ထိုပညတ်တရားသည် အကျွန်ုပ်တို့၏ စုံလင်သောဖြောင့်မတ်ခြင်းအတွက် အသက်ရှင်တော်မူပြီး ကျွန်ုပ်တို့ကိုယ်စား အသေခံတော်မူသော ခရစ်တော်ကို ညွှန်ပြခြင်းဖြစ်၏။

**ဆင်ခြင်ရန်** - ပညတ်တရားသည် အကျွန်ုပ်အတွက် အဓိပ္ပာယ်ရှိပါသလား။
**ဆုတောင်းချက်** - အိုထာဝရဘုရား၊ ကိုယ်တော်ကိုပိုင်ဆိုင်ရသောအခွင့် ပေးတော်မူသောကြောင့် ကျေးဇူးတင်ပါ၏။ ကိုယ်တော်၏ပညတ်တရားကို လိုက်လျှောက်ခြင်းငှါ ဉာဏ်ပညာပေးသနားတော်မူပါ။

*"... ထာဝရဘုရား၏အိမ်တော်မှာ တစ်သက်လုံး နေရမည်အကြောင်းတည်းဟူသော အခွင့်တစ်ခုကို ထာဝရဘုရား၌ငါဆုတောင်းပြီ"*

## အလွန်လိုအပ်သောအရာတစ်ခု

ဘုရားသခင်ထံအကောင်းဆုံးပေးအပ်ခြင်း၌ ကျွန်ုပ်တို့ထံမှ ဘုရားသခင်မျှော်လင့်တော်မူ၏။ ဘုရားသခင်အတွက် ကျွန်ုပ်တို့၏ချစ်ခြင်းမေတ္တာပြခြင်း၌ ရှင်လုကာသည် မာရိနှင့်မာသ အကြောင်းကို ဖော်ပြခဲ့ပါ၏။ လုကာ ၁၀း၂၇ ကိုဖတ်ပါ။

မာသသည်ကိုယ်တော်အတွက် အလုပ်များသောအစေခံဖြစ်ပါ၏။ သူသည်ခန္ဓာကိုယ် လိုအပ်သောအရာများကို အလေးထားခဲ့၏။ သခင်ယေရှုအတွက် တတ်နိုင်သလောက်အကောင်းဆုံး ဆောင်ရွက်ခဲ့ပါ၏။ ယေရှုကလည်း ထိုလိုအပ်သော အမှုများပြုခြင်းကို ဆီးတားခြင်းမပြုပါ။ ယနေ့ အသင်းတော်များ၌ မာသကဲ့သို့သော လူများစွာ လိုအပ်လျက်ရှိပါ၏။ Calvin က "လူသည် အမျိုးမျိုး သောအမှုကိုပြုခြင်း၌ ဖန်ဆင်းခြင်းဖြစ်ကြောင်း ကျွန်တော်တို့သိပါ၏။ လူသည်မိမိ ကိုယ်ကျိုး အတွက်သာမဟုတ်ဘဲ လူအများအကျိုးအတွက် မိမိတတ်စွမ်းသောအရာများကို အသုံးပြုခြင်းသည် ဘုရားသခင်ရှေ့၌ ထိုထက်ကြီးမားသော ဆက်ကပ်ခြင်းမရှိပါ" ဟုဆိုခဲ့၏။

မာရိသည် အရာခပ်သိမ်းကိုထားခဲ့ပြီး ယေရှုခြေတော်ရင်း၌ ထိုင်လျက် နားထောင်နေခဲ့၏။ ထိုသို့အရာခပ်သိမ်းကိုထားခဲ့ပြီး၊ စိတ်နှလုံးအကြွင်းမဲ့သခင်ယေရှုကို ချစ်ခဲ့ပြီး၊ ယေရှုဟောသောစကား ကို နာခံခြင်း၌ မိမိဥာဏ်စွမ်းရှိသမျှကို ထုတ်သုံးခဲ့ပါ၏။ သူသည်ထာဝရဘုရား၏ မျက်နှာတော်ကို ဖူးမျှော်ခြင်း၌၎င်း၊ ဗိမာန်တော်၌ တရားဆည်းပူးခြင်း၌၎င်း၊ ဘုရားသခင်၏အိမ်တော်၌ တစ်သက်လုံး နေလိုသော ဆာလံဆရာကဲ့သို့ဖြစ်ပါသည် (ဆာလံ ၂၇း၄)။ ယေရှုက မာရိအားကောင်းသောအရာ ကို ရွေးခဲ့သောကြောင့် ချီးကျူးခဲ့၏။

ကျွန်တော်တို့သည် မရှိမဖြစ်လိုအပ်သောအမှုကို ပြုကြရပါမည်။ သို့သော်လည်း သူတပါး နှင့် မိမိကိုယ်ကို မနှိုင်းယှဉ်သင့်ပါ။ ယေရှုသည်မာသအား ထိုအမှုပြုခြင်းကြောင့် ဆုံးမသည်မဟုတ်၊ သူတပါးအပေါ် မနာလိုခြင်းစိတ်ရှိသောကြောင့် ဆုံးမခြင်းဖြစ်၏။ သူသည် ယေရှုထံမှဝိညာဉ်အစာ စားဖို့ထက် မြင်သာသောအမှုကိုပြုခြင်းသည် ပို၍လိုအပ်သည်ဟု ထင်ခဲ့၏။ ဘုရားသခင်၏အမှု တော်ဆောင်ရွက်ခြင်း၌ ဘုရားသခင်တောင်းလျှောက်သောအရာသည် ကျွန်ုပ်တို့၏လိုအင်ဆန္ဒမဟုတ် ဘဲ ကိုယ်တော်၏အလိုတော်၌ သစ္စာရှိခြင်းသာလျှင်ဖြစ်ပါသည်။

**ဆင်ခြင်ရန်** - ဘုရားသခင်သွန်သင်ချက်ကို နာခံခြင်းဖြင့် ကျွန်တော်အမှုတော်ဆောင်ရွက် နေပါသလား။

**ဆုတောင်းချက်** - အဘဘုရား၊ နှိမ့်ချသောစိတ်သဘောဖြင့် ကိုယ်တော်သင်ပေးသောအမှုကို သင်ကြားလိုပါ၏။

သောကြာ၊ ဖေဖော်ဝါရီ (၁၆)
**လုကာ ၁၁း၁-၄**
မသဲ ၆း၆

*“. . မထင်ရှားသောအရပ်၌ရှိတော်မူသော သင်၏အဘကို ဆုတောင်းလော့။ မထင်ရှားသောအရာကိုမြင်တော်မူသော သင်၏အဘသည်အကျိုးကိုထင်ရှားစွာ ပေးတော်မူလတ္တံ့.”*

# ဆုတောင်းခြင်းနည်းလမ်း

တပည့်တော်တို့သည် သခင်ယေရှုခရစ်တော်၏ ဆုတောင်းခြင်းအသက်တာကို သိမြင်ခဲ့ကြ၏။ ထို့ကြောင့် ဆုတောင်းနည်းသင်ပေးခြင်းငှါ တောင်းလျှောက်ကြ၏။ ယေရှုကလည်း သင်ပေးတော်မူ၏။ ဤဆုတောင်းနည်းကို သုံးပါးတဆူဘုရားသခင်၏ ဒုတိယပုဂ္ဂိုလ်ဖြစ်သောသားတော်မှ သင်ပေးခြင်းဖြစ်ပါသည်။ ခမည်းတော်ဘုရားနှင့်မည်သို့မိဿဟာယဖွဲ့မည်ကို ကောင်းစွာသိတော်မူသောယေရှုက သူတို့အား ဆုတောင်းနည်းသင်ပေးခဲ့၏။ ဤသည်ကား ဘုရားသခင်ပေးသနားတော်မူသော စုံလင်သောဆုတောင်းနည်းဖြစ်၏။

ဆုတောင်းခြင်းကို ကျေးဇူးတော်ချပေးဖို့ရန် အစဉ်အသင့်ရှိတော်မူသော ခမည်းတော်ဘုရား ထံပြုရမည်ဖြစ်ပါသည်။ “သင်သည်ဆုတောင်းသောအခါ ဆိတ်ငြိမ်ရာအခန်းသို့ဝင်၍ တံခါးကိုပိတ်ပြီးမှ မထင်ရှားသောအရပ်၌ ရှိတော်မူသော သင်၏အဘကို ဆုတောင်းလော့။ မထင်ရှားသောအရာကိုမြင်တော်မူသော သင်၏အဘသည် အကျိုးကိုထင်ရှားစွာ ပေးတော်မူလတ္တံ့.” (မသဲ ၆း၆)။ ဆုတောင်းခြင်းကို သန့်ရှင်းသောဝိညာဉ်တော်၏ လမ်းပြမှုအားဖြင့် ယေရှု၏တောင်းလျှောက်ပေးခြင်းကို အမှီပြု၍ ခမည်းတော်ဘုရားထံပြုရပါမည်။ ထာဝရဘုရားတစ်ဆူ၌ ပုဂ္ဂိုလ်သုံးပါးရှိသော်ငြားလည်း တစ်ပါးချင်းစီ၌ အသီးသီးသောတာဝန်ရှိကြ၏။ ယေရှုနှင့်သန့်ရှင်းသောဝိညာဉ်တော်ထံ တိုက်ရိုက်ကျွန်တော်တို့ဆုတောင်းခြင်းပြုနိုင်သော်လည်း ခရစ်တော်သည် မိမိနာမတော်အားဖြင့် ခမည်းတော်ဘုရားထံ ဆုတောင်းခြင်းငှါ သွန်သင်တော်မူခဲ့၏။ ခရစ်ယာန်သည် ခမည်းတော်ဘုရားထံ၌သာ ဆုတောင်းရပါမည်။ မာရိ (သို့မဟုတ်) အခြားသောရုပ်တုများနှင့် သန့်ရှင်းသောသူတို့ထံ မပြုရပါ။ ယေရှုက ကောင်းကင်ဘုံ၌ရှိတော်မူပြီး စုံလင်သန့်ရှင်းတော်မူသော ခမည်းတော်ကိုသာ ချီးမွမ်း၍ နိုင်ငံတော်တည်ထောင်ခြင်းငှါတောင်းလျှောက်လျက် ခမည်းတော်၏အလိုတော်သို့ ဆက်ကပ်ခြင်းငှါ သင်ပေးတော်မူ၏။

ဤဆုတောင်းခြင်းသည် ဝိညာဉ်တော်နှင့်ယေရှု၏တောင်းလျှောက်ပေးခြင်းကို လိုအပ်သော၊ ခမည်းတော်ဘုရား၏သနားခြင်းကို လိုအပ်သော၊ ခရစ်ယာန်တိုင်းအဖို့ မရှိမဖြစ်လိုအပ်သောအရာ ဖြစ်ပါသည်။ ဤတောင်းလျှောက်ခြင်းက ကျွန်ုပ်တို့၏ဘုရားသခင်ကိုးစားမှုကို ဖော်ပြလျက်ရှိ၏။ ခမည်းတော်၏မစမှုမပါလျှင် လူသည်မိမိကိုယ်ကို မစောင့်ရှောက်နိုင်ကြောင်းကို ယေရှုသိတော်မူ၏။ လူသား၏အားနည်းမှု၊ ပျက်စီးယိုယွင်းမှုနှင့် မိုက်မဲမှုတို့ကို ယေရှုသိတော်မူ၏။ ခမည်းတော်ဘုရား၏ ခွင့်လွှတ်ခြင်းခံရသောသူဖြစ်သောကြောင့် သူတပါးအပြစ်ကို ခွင့်လွှတ်ကြခြင်းငှါ သတိပေးခဲ့၏။ ဘုရားသခင်သည် စုံလင်သောအကွယ်အကာဖြစ်တော်မူသောကြောင့် အပြစ်နှင့်သွေးဆောင်ခြင်းကို ဆန့်ကျင်နိုင်ခြင်းငှါ ဘုရားသခင်၏ကွယ်ကာတော်မူခြင်းကို တောင်းလျှောက်ခြင်းငှါ သွန်သင်တော်မူခဲ့၏။

**ဆင်ခြင်ရန်** - ကျွန်တော်မှန်ကန်စွာ ဆုတောင်းပါသလား။

**ဆုတောင်းချက်** - အို အကျွန်ုပ်၏အဖဘုရား၊ အပြစ်ရှိလျက် ကိုယ်တော်၏သန့်ရှင်းသောပလ္လင်တော်သို့ မချဉ်းကပ်နိုင်သောကြောင့် အကျွန်ုပ်အပြစ်များကို ဆေးကြောခွင့်လွှတ်ပေးတော်မူပါ။

စနေ၊ ဖေဖော်ဝါရီ (၁၇)
**လုကာ ၁၁း၅-၁၃**
ဇဖက် ၆း၁၀-၁၈

*“ကာလအစဉ်စိတ်နှလုံးပါလျက် ဆုတောင်းပဌနာပြုခြင်း အမျိုးမျိုးတို့ဖြင့် ဆုတောင်းကြလော့။ ထိုသို့ဆုတောင်းခြင်း၌ အားမလျော့ဘဲလျက်၊ သန့်ရှင်းသူအပေါင်းတို့အဘို့ ဆုတောင်းလျက်စောင့်ရှောက်ကြလော့”*

## ဆုတောင်းခြင်းစိတ်သဘောထား

ဖွဲလုံ့လသည် ဘုရားသခင်၏တန်ခိုးတော်၌ယုံကြည်ကိုးစားခြင်းရှိကြောင်းကိုပြသလျက်ရှိ၏။ ယေရှုက မိမိတပည့်တော်တို့အား ဆုတောင်းခြင်းအမှု၌ ဖွဲလုံ့လရှိခြင်း၌ သာဓကအားဖြင့်ဖော်ပြခဲ့၏။ ဤအချက်က ဘုရားသခင်သည်မိမိ၏အချိန်အခါနှင့်အလိုတော်အတိုင်း ဆုတောင်းခြင်းကိုအဖြေပေးတော်မူမည့်အကြောင်း ဖော်ပြလျက်ရှိ၏။ ဆုတောင်းခြင်းအမှု၌လည်း ဘုရားသခင်၏အဆုံးစွန်အာဏာတော်ကို ကျွန်တော်တို့သိမှတ်ကြရပါမည် (ဇဖက် ၆း၁၈ ကိုဖတ်ပါ)။

စိတ်အားထက်သန်စွာဆုတောင်းခြင်းက ဘုရားသခင်၏မစတော်မူခြင်းမရှိလျှင် အကူအညီမဲ့နေကြောင်းကို ဖော်ပြလျက်ရှိ၏။ ဤစိတ်သဘောကို မိမိ၏မိတ်ဆွေရောက်လာသောအခါ စားစရာတည်ခင်းဖို့ပရန် အစားအစာမရှိသောကြောင့် တောင်းလျှောက်ခြင်းကို ပြုသောသူ၏အပြုအမူ၌ထင်ရှားခဲ့ပါသည်။ ယေရှုက ခမည်းတော်ဘုရား၏မစတော်မူခြင်းမရှိလျှင် လူသည်အဘယ်အမှုမျှမတတ်နိုင်ကြောင်း၊ အကူအညီမဲ့နေခြင်းအကြောင်း ဖော်ပြခြင်းဖြစ်၏။ ကြေကွဲဆို့နင့်သောဆုတောင်းခြင်းက ဘုရားသခင်၏အဖြေပေးတော်မူခြင်းမရှိလျှင် မျှော်လင့်ခြင်းကင်းမဲ့ကြောင်းကို ပြသလျက်ရှိ၏။ ဤဆုတောင်းခြင်းကို စိတ်နှလုံးကြေကွဲလျက်မျက်ရည်ကျခြင်း၌ တွေ့ရ၏။ ထိုသို့စိတ်အားထက်သန်စွာနှင့်ကြေကွဲမျက်ရည်ဖြင့် ဆုတောင်းသောကြောင့် အဖြေပေးခြင်းခံရသည်မဟုတ်ဘဲ၊ ဖွဲလုံ့လရှိစွာ တောင်းလျှောက်သောကြောင့်ပင်ဖြစ်ပါသည်။

ဘုရားသခင်ကဆုတောင်းခြင်းကို အဖြေပေးခြင်း၌ ကတိထားတော်မူ၏။ တောင်းလော့၊ တောင်းလျှင် ရလိမ့်မည်။ ယေရှုက မိမိသင်ပေးသောနည်းအတိုင်း ဆုတောင်းလျှင် ရမည်အကြောင်း မိန့်တော်မူ၏။ တောင်းသောသူ၊ ရှာသောသူနှင့်ခေါက်သောသူတိုင်းသည် ချစ်ခြင်းမေတ္တာတော်နှင့်ဌင်း၊ ကျေးဇူးတော်နှင့်ဌင်း ပြည့်စုံသောဘုရားသခင်၏ငြင်းပယ်မှုကို မခံရကြပါ။ မိမိလူတို့ကို ကျွေးမွေးပြုစုရမည့်မိမိ၏စိတ်သဘောကို ဘုရားသခင်ငြင်းပယ်၍မရပါ။ ဤလောကရှိအဘတို့သည် ကောင်းသောအရာကို ပေးတတ်လျှင်၊ ကောင်းကင်ဘုံ၌ရှိတော်မူသော ကျွန်ုပ်တို့၏အဘသည် ပို၍မပေးတတ်သဘော။ ဘုရားသခင်၏ချစ်ခြင်းမေတ္တာသည် ဖြောင့်မတ်စင်ကြယ်ခြင်းရှိ၍ ကျေးဇူးတော်သည် အစဉ်ပေါ်များကြွယ်ဝလျက်ရှိ၏။ လူတို့မတတ်နိုင်သောအမှုကို ဘုရားသခင်တတ်နိုင်တော်မူ၏။

သန့်ရှင်းသောဝိညာဉ်တော်၏ကိုယ်စားတောင်းလျှောက်တော်မူခြင်းကြောင့် ဆုတောင်းခြင်းအဖြေရမည်မှာ သေချာလှပါ၏။ ခမည်းတော်သည် သန့်ရှင်းသောဝိညာဉ်တော်တောင်းလျှောက်သောသူတို့အား ပေးတော်မူခြင်း၌ အစဉ်အသင့်ရှိတော်မူ၏။ သို့သော်လည်း မသန့်ရှင်းသောသူ၌ သန့်ရှင်းသောဝိညာဉ်တော်သည် ကိန်းဝပ်တော်မူမည်မဟုတ်ပါ။ ခရစ်တော်၏ဖြောင့်မတ်ခြင်းတရားအားဖြင့် သန့်ရှင်းစေခြင်းအရင်ခံရမှသာ သန့်ရှင်းသောဝိညာဉ်တော်၏ ကိန်းဝပ်တော်မူခြင်းခံရမည်ဖြစ်ပါသည်။ ထို့ကြောင့် ထိုသို့သန့်ရှင်းသောဝိညာဉ်တော်ကိန်းဝပ်တော်မူခြင်း၌ လူသည်မိမိအပြစ်မှနောင်တရ၍ သခင်ယေရှုခရစ်တော်ကို ယုံကြည်ကိုးစားဖို့လိုအပ်ပါ၏။

**ဆင်ခြင်ရန်** - စိတ်သဘောဖြူစင်စွာ ကျွန်တော်ဆုတောင်းပါသလား။

**ဆုတောင်းချက်** - အဖဘုရား၊ ကိုယ်တော်သည် ချိုးမွမ်းခြင်းခံထိုက်တော်မူသောကြောင့် ကိုယ်တော့်ကို ချဉ်းကပ်ခြင်း၌ နှိမ့်ချသောစိတ်သဘောကို အကျွန်ုပ်အားသနားတော်မူပါ။

တနင်္ဂနွေနံနက်၊ ဖေဖော်ဝါရီ (၁၈)
**လုကာ ၁၁း၁၄-၂၃**
၁ ယော ၄း၁

*". . . ခပ်သိမ်းသောစိတ်ဝိညာဉ်တို့ကို မယုံကြနှင့်။ စိတ်ဝိညာဉ်တို့သည် ဘုရားသခင်နှင့်စပ်ဆိုင်သည် မစပ်ဆိုင်သည်ကိုစုံစမ်းကြလော့"*

---

# ဝိညာဉ်တော်ကိုဆန့်ကျင်မထီမဲ့မြင်ပြုခြင်း

ကျွန်တော်တို့သည် ခရစ်ယာန်ယုံကြည်ခြင်းကို ဖျက်ဆီးခြင်း၌၊ လှည့်ဖြားခြင်းပေါ်များလှသော နောက်ဆုံးသောကာလအနှောင်းပိုင်းကို ရောက်နေကြပါပြီ။ စာတန်သည် ဘုရားသခင်၏ နှုတ်ကပတ်တော်ကို လူတို့သံသယဝင်စေခြင်း၌ အစအဦးမှ ထိုသို့ပြုခဲ့ပြီ။ ထိုသို့သောအမှုကို ကျွမ်းကျင်လှပါ၏။ "ဧကန်စင်စစ် ဘုရားသခင်မိန့်တော်မူသလော" (ကမ္ဘာ ၃း၁)။ ထိုသို့ဘုရားသခင်၏ နှုတ်ကပတ်တော်ကို ယုံမှားသံသယဝင်သောအခါ ပြုတော်မူသောအမှုကိုလည်း သံသယဝင်ကြ၏။ ယေရှု၏တန်ခိုးတော်ကို မယုံကြည်ကြ။ ယေရှုသည် ဓမ္မဟောင်းထဲမှ ယေဟောဝါဘုရားဖြစ်ကြောင်းကို မသိခဲ့ကြပါ။

သန့်ရှင်းသောဝိညာဉ်တော်မထီမဲ့မြင်ပြုခြင်းသည် ဝိညာဉ်တော်၏တန်ခိုးတော်ကို ငြင်းဆန်ခြင်းဖြစ်၏။ လူတို့ကယေရှုသည် ထိုတန်ခိုးတော်ကိုမာရ်နတ်ထံမှ ရရှိခြင်းဖြစ်သည်ဟု စွပ်စွဲကြ၏။ ယုဒလူတို့က သခင်ယေရှုသည် နတ်ဆိုးတို့ကိုဗေလဇေဗုလအားဖြင့် နှင်ထုတ်ခြင်းဖြစ်ကြောင်း၊ သူသည် နတ်ဆိုးမင်းဖြစ်ကြောင်း စွပ်စွဲကြ၏။ မိမိနှင်ထုတ်တော်မူသော နတ်ဆိုးတို့၏ ခေါင်းဆောင်ဖြစ်သည်ဟု သခင်ယေရှုအား စွပ်စွဲကြ၏ (မသဲ ၁၀း၂၅၊ ၁၂း၂၄၊ မာကု ၃း၂၂၊ လုကာ ၁၁း၁၅၊ ၁၈၊ ၁၉)။ အတိအလင်း မရှိသေးပြခြင်းပေတည်း။ ယေရှုက နတ်ဆိုးတို့ကို နှင်ထုတ်နိုင်သောသူသည် ဗေလဇေဗုလမဟုတ်၊ ဘုရားသခင်သာလျှင်ဖြစ်ကြောင်း ရှင်းပြတော်မူခဲ့၏ (မသဲ ၁၂း၂၅-၂၉)။ နတ်ဆိုးတန်ခိုးထက်ပို၍ ကြီးမြတ်သောတန်ခိုးအားဖြင့်သာလျှင် နတ်ဆိုးကို အောင်နိုင်၏။ ယနေ့အချို့သောသူတို့သည် သန့်ရှင်းသောဝိညာဉ်တော်၏တန်ခိုးရသည်ဟု ဆိုကြသော်လည်း အမှန်မှာ နတ်ဆိုးတို့၏တန်ခိုးရကြခြင်းဖြစ်ကြောင်း သတိပြုပါလော့။ ဝိညာဉ်ဆုကျေးဇူးအလွန်ကျွံယုံကြည်သောသူတို့သည် အံ့ဖွယ်နိမိတ်လက္ခဏာတို့ကို ပြကြသော်လည်း သမ္မာကျမ်းစာနှင့်ကိုက်ညီမှုမရှိသောကြောင့် ထိုအံ့ဖွယ်အမှုတို့သည် ဘုရားသခင်ထံမှမဟုတ်ပါ။ လူတို့ကို လှည့်ဖြားခြင်း၌ စာတန်၏မှသာတို့သာ ဖြစ်ကြ၏။ လူတို့၏စိတ်ကိုဖမ်းချုပ်ခြင်း၌ ထိုသို့ပြုခြင်းသည် စာတန်၏ နည်းလမ်းဖြစ်ပါသည်။

မထီမဲ့မြင်ပြုခြင်းဆိုသည်မှာ ဘုရားသခင်၏တန်ခိုးတော်ကိုငြင်းပယ်ခြင်းဖြစ်၏။ ယေရှုက မိမိနှင့်အတူ စုသိမ်းခြင်းမပြုသောသူတို့သည် ကြဲဖြန့်သောသူဖြစ်ကြောင်း သတိပေးခဲ့၏။ စစ်မှန်သော စည်းလုံးမှုသည် ခရစ်တော်၌သာတည်၏။ ယနေ့တွေ့ရသောတစ်ကမ္ဘာ၊ တစ်ဘာသာလှုပ်ရှားမှုသည် ခရစ်တော်၌တည်သောစည်းလုံးခြင်းမဟုတ်။ မာရ်နတ်အတွက် နိုင်ငံတော်တည်ထောင်နေကြခြင်းဖြစ်ပါသည်။ ယေရှုက "ငါသည်လမ်းခရီးဖြစ်၏။ သမ္မာတရားလည်းဖြစ်၏။ အသက်လည်းဖြစ်၏။ ငါ့ကိုအမှီမပြုလျှင် အဘယ်သူမျှခမည်းတော်ထံသို့ မရောက်ရ" (ယောဟန် ၁၄း၆) ဟု မိန့်တော်မူ၏။

**ဆင်ခြင်ရန်** - ဝိညာဉ်တို့ကို ဘုရားသခင်ထံမှ ဖြစ်မဖြစ်ကျွန်တော်ဆန်းစစ်သိရှိခြင်းရှိပါသလား။

**ဆုတောင်းချက်** - အဖဘုရား၊ အကျွန်ုပ်အသက်တာ၌ ဝိညာဉ်တော်ပြုသောအမှုကို သိမြင်နိုင်မည့်အကြောင်း ဉာဏ်ပညာပေးသနားတော်မူပါ။ လှည့်ဖြားခြင်းမခံရအောင် မစတော်မူပါ။

တနင်္ဂနွေညနေ၊ ဖေဖော်ဝါရီ (၁၈)

**လုကာ ၁၁း၂၄-၃၂**

ယောဟန် ၅း၃၁-၄၀

*“. . . ကျမ်းစာကိုစေ့စေ့ကြည့်ရှုကြ၏။ ထိုကျမ်းစာပင်ငါ၏သက်သေဖြစ်၏”*

## မယုံကြည်ခြင်းလက္ခဏာများ

မိမိကိုယ်ကိုကိုးစားခြင်းသည် ဘုရားသခင်မယုံကြည်ခြင်းလက္ခဏာဖြစ်ပါသည်။ ယေရှုက မိမိကိုယ်ကို ပြောင်းလဲစေခြင်းသည် အချည်းနှီးသက်သက်ဖြစ်ကြောင်းဖော်ပြခဲ့၏။ နတ်ဆိုး၏ ချုပ်နှောင်ခြင်းခံရသောသူသည် လွတ်မြောက်ခြင်းခံရသော်လည်း၊ ဘုရားသခင်၏ ဝိညာဉ်တော် ကိန်းဝပ် ခြင်းမခံရသောကြောင့် ထိုလွတ်မြောက်ခြင်းသည် ကြာကြာမခံပါ။ မကြာမမြင့်မီ သူသည်ပို၍ များလှသောနတ်ဆိုးတို့၏ ချုပ်နှောင်ခြင်းကို ခံခဲ့ရ၏။ ထို့ကြောင့် မိမိကိုယ်ကို ပြုပြင်ခြင်းသည် ခဏတာ ကာလအတွက် ကောင်းသည်ဟုထင်ရသော်လည်း (သို့) ကောင်းသောအကျင့်ကျင့်၍ တစ်သက်လုံးနေခဲ့ပါသော်လည်း၊ နောက်ဆုံးဘုရားသခင်၏ တရားစီရင်ခြင်းခံရသောအခါ အချည်းနှီး ဖြစ်ပါလိမ့်မည်။ ထိုနည်းတူ မိမိကိုယ်ကို ကျေနပ်အားရခြင်းသည် အချည်းနှီးဖြစ်ပါလိမ့်မည်။ ဘုရား သခင်ထက် လူကိုပို၍ချီးမြှောက်သောမိန်းမအား ယေရှုဆုံးမခဲ့၏။ လူတို့ချီးမြှောက်ခြင်းခံရသော သူတို့ထက်၊ ဘုရား သခင်၏နှုတ်ကပတ်တော်လိုက်လျှောက်သောသူတို့သည် ပို၍မင်္ဂလာရှိကြ၏။

အံ့ဖွယ်နိမိတ်လက္ခဏာတောင်းလျှောက်ခြင်းသည်လည်း မယုံကြည်ခြင်းဖြစ်ပါ၏။ ထိုသို့ မိမိ၏စကားကိုမယုံကြည်ဘဲ၊ အံ့ဖွယ်နိမိတ်လက္ခဏာတောင်းသောသူတို့အား ဆိုးညစ်သောအမျိုးဟု ယေရှုမိန့်တော်မူ၏။ အံ့ဖွယ်နိမိတ်လက္ခဏာတောင်းခြင်းသည် မယုံကြည်ခြင်းစိတ်သဘောဖြစ်၏။ ယေရှုသည်ဘုရားသခင်ဖြစ်တော်မူကြောင်းကို မယုံကြည်လိုကြပေ။ အံ့ဖွယ်နိမိတ်လက္ခဏာပြုခဲ့ သော်လည်း၊ သခင်ယေရှုကို မယုံကြည်ခဲ့ကြပါ။ ထိုသို့မိမိ၏ဘုရားဖြစ်ခြင်းကို ပြတော်မူသော်လည်း၊ ဘုရား သခင်၏ကျေးဇူးတော်အားဖြင့် စိတ်နှလုံးဖွင့်ခြင်းမခံရသောသူတို့သည် ဒုတိယမွေးခြင်းမခံရသော စိတ်နှလုံးသည် သမ္မာတရားကိုမခံယူနိုင်။ မယုံကြည်နိုင်ကြပါ။ ယေရှုကမိမိကိုယ်တိုင်သည် ကြီး မြတ်သောနိမိတ်လက္ခဏာဖြစ်ကြောင်း ဖော်ပြခဲ့၏။ နိနေဝေမြို့သို့ ယောနသွားသောအခါ မြို့သူမြို့ သားတို့သည် ယောန၏စကားကို ယုံကြည်၍ နောင်တရခဲ့ကြ၏။ ယေရှုကသူသည် မေရှိယဖြစ် ကြောင်း၊ ယောနနှင့်ရှောလမုန်တို့ထက် ပို၍ကြီးမြတ်တော်မူကြောင်း ရှင်းလင်းစွာပြောကြားခဲ့ပါသည်။

ယနေ့ကျွန်ုပ်တို့လက်ထဲ၌ စုံလင်ပြည့်စုံသော ဘုရားသခင်နှင့်နှုတ်ကပတ်တော်၊ ကျွန်ုပ် တို့ကို လမ်းပြခြင်းငှါရှိပါ၏ (ယောဟန် ၅း၃၉)။ သမ္မာကျမ်းစာသည် ကျွန်တော်တို့ဘုရားသခင်ကို သိခြင်းငှါဒင်း၊ သခင်ယေရှုခရစ်တော်အားဖြင့် ထိုဘုရားသခင်ပြုသော ကယ်တင်ခြင်းအစီအစဉ်ကို ဒင်း သိခြင်းငှါ လုံလောက်လျက်ရှိပါသည်။ ဤလောက၌ အသက်ရှင်စဉ် ကျွန်ုပ်တို့အား လမ်းပြခြင်း ငှါ လုံလောက်ခြင်းရှိ၏။ အခြားဘယ်အရာကို ကျွန်တော်တို့ရှာရပါမည်နည်း။

**ဆင်ခြင်ရန်** - ယေရှုကိုကျွန်တော်ယုံကြည်ပါသလား။

**ဆုတောင်းချက်** - ကောင်းကင်ဘုံရှိအဘ၊ ကိုယ်တော်သည် သမ္မာတရားဖြစ်တော်မူ၏။ ကိုယ်တော် ၏ နှုတ်ကပတ်တော်ကို ယုံကြည်လက်ခံ၍၊ အကျွန်ုပ်၏ခြေ၌ဒင်း၊ အကျွန်ုပ် လမ်းခရီး၌ဒင်း လင်းလက်စေတော်မူပါ။

တနင်္လာ၊ ဖေဖော်ဝါရီ (၁၉)

**လုကာ ၁၁း၃၃-၃၆**

ရောမ ၈း၁၀-၁၆

*"ဘုရားသခင်၏ဝိညာဉ်တော်ဆုံးမပဲ့ပြင်တော်မူသမျှ သောသူတို့သည် ဘုရားသခင်၏သားဖြစ်ကြ၏"*

## အလင်းဖြင့်ပြည့်ဝကြလော့

ယေရှုကပုံမှန်အားဖြင့် အဘယ်သူကမှ ဆီမီးကိုထွန်း၍ ဖုံးထားကြမည်မဟုတ်ကြောင်း ဖော်ပြခဲ့၏။ ဉာဏ်ပညာဖြင့် ပြည့်စုံတော်မူသော ဘုရားသခင်သည် လူတစ်ဦးကို မိမိအဖို့ ဝှက်ထားခြင်းငှါ ကယ်တင်ခြင်းမဟုတ်ပါ။ စိတ်ဝင်စားစရာကောင်းသည်မှာ လုကာ ၁၁း၃၃ ၌ တွေ့ရသော "အလင်း" သည် လထံသို့ သက်ရောက်သောအလင်း၊ အခြားသူတစ်ယောက်ကပေးသော အလင်းကို ဆိုလို၏။ ဤအချက်က ခရစ်ယာန်တို့သည်မိမိကိုယ်ကို၌ အလင်းမရှိသော်လည်း၊ ထိုလင်းကို ခရစ်တော်က ပေးတော်မူသောကြောင့် ထိုအလင်းကိုလင်းစေကြရမည်ဖြစ်ပါသည်။

ယေရှုက ထိုခန္ဓာကိုယ်၏အလင်းသည် မျက်စိ (စိတ်နှလုံး) ဖြစ်ကြောင်း ရှင်းပြတော်မူခဲ့၏။ မျက်စိကြည်လင်ခြင်းရှိသောအခါ မရှုပ်ထွေးဘဲ ရိုးရှင်းခြင်းရှိသောအခါ၊ ခန္ဓာကိုယ်တစ်ခုလုံး မှန်ကန်ပါလိမ့်မည်။ တစ်ဖက်တွင် စိတ်ကြည်လင်ခြင်းမရှိဘဲ ရှုပ်ထွေးခြင်း၊ အာရုံမစိုက်နိုင်ခြင်းတို့ဖြင့် ပြည့်နှက်သောအခါ တစ်ကိုယ်လုံးသည် အမှောင်ဖုံး၍၊ ကောင်းသောအခြေအနေ၌မရှိချေ။ ထို့ကြောင့် ခရစ်ယာန်အသက်တာနှင့် ဒုတိယမွေးခြင်းမခံရသော အသက်တာတို့သည် ဆန့်ကျင်ခြင်းရှိ၏။ ခရစ်ယာန်တို့သည် ဘုရားသခင်ထံမှ စစ်မှန်သောအလင်းကို ရသောကြောင့် လင်းလက်ခြင်းရှိ၍၊ အခြားသူသည် ဤအမှောင်လောကထံမှ ရှုပ်ထွေးခြင်းရသောကြောင့် အမှောင်၌ ကျင်လည်လျက်ရှိ၏။

ယေရှုက လူတို့အားသူတို့အသက်တာ၌ အလင်းရှိမရှိစစ်ခြင်းငှါ သတိပေးတော်မူခဲ့၏။ စစ်မှန်သောခရစ်ယာန်၊ သန့်ရှင်းသောဝိညာဉ်တော်ပိုင်ဆိုင်သောသူသည် အလင်းရှိကြ၏။ အကြောင်းမှာ ဘုရားသခင်ထံ၌မှောင်မိုက်ခြင်းလုံးဝမရှိ။ ခမည်းတော်ဘုရားရှေ့တော်၌ ယုံကြည်သူသည် ခရစ်တော်၏ဖြောင့်မတ်ခြင်းဝတ်လုံတော်ကြောင့် လင်းလက်လျက်ရှိပါ၏။ ကျေးဇူးတော်ကြောင့် ယုံကြည်ခြင်းအားဖြင့် ကယ်တင်ခြင်းခံရသောသူ၌ စစ်မှန်သောအလင်းရှိ၏ (ယော ၈း၁၂၊ ၉း၅)။

ရောမ ၈း၁၄ ကိုဖတ်ပါလော့။ ဘုရားသခင်၏ဝိညာဉ်တော်လမ်းပြပဲ့ပြင်ခြင်းခံရသောသူတို့သည် ဘုရားသခင်၏သားဖြစ်ကြ၏။ ခရစ်ယာန်အမည်ခံ၊ ဝိညာဉ်တော်မပိုင်ဆိုင်သောသူတို့သည် ဟန်ဆောင်သောသူဖြစ်သောကြောင့် ကောင်းကင်နိုင်ငံသို့ မရောက်နိုင်။ ဘုရားသခင်၏ဝိညာဉ်တော် လမ်းပြခြင်းခံရသောသူတို့သည် ကယ်တင်ခြင်းခံရသောသူဖြစ်ကြောင်း သေချာလှပါ၏။ သင်၏ ကယ်တင်ခြင်းစိတ်ချရပါသလား။ ကိုယ်တော်၏အလင်းပိုင်ဆိုင်သောသူသည် ကယ်တင်ခြင်းစိတ်ချမှုရှိပါ၏။ ထိုအလင်းဖြင့် သင်ပြည့်ဝပါသလား။

**ဆင်ခြင်ရန်** - ဘုရားသခင်၏လမ်းပြတော်မူခြင်း ကျွန်တော်ခံရပါသလား။

**ဆုတောင်းချက်** - အဖဘုရား၊ ကိုယ်တော်၏နိုင်ငံတော်သို့ သွားရာခရီးလမ်း၌ လမ်းပြတော်မူသော သန့်ရှင်းသောဝိညာဉ်တော်ကြောင့် ကျေးဇူးတင်ပါ၏။

**လုကာ ၁၁း၃၇-၅၄**
၂ ကော ၅း၁၆-၂၁

*"လူမည်သည်ကား ခရစ်တော်၌ရှိလျှင်
အသစ်ပြုပြင်သောသတ္တဝါဖြစ်၏"*

## ခရစ်တော်မိန့်တော်မူသောအမင်္ဂလာများ

လက်ဆေးခြင်းမပြုဘဲ ယေရှုအစာစားသောကြောင့်၊ ဖာရိရှဲတို့က ကဲ့ရဲ့ခဲ့ကြ၏။ ဤဆေးကြောခြင်းသည် ကျန်းမာရေးအရပြုခြင်းမဟုတ်ဘဲ၊ ဖာရိရှဲတို့ပြဋ္ဌာန်းထားသော သမ္မာကျမ်းစာပြင်ပ ထုံးတမ်းစဉ်လာသာလျှင်ဖြစ်ပါ၏။ မသန့်ရှင်းသောအရာထိမိခဲ့ခြင်းကြောင့် ထိုညစ်ညမ်းမှုကို ရေအနည်းငယ်အသုံးပြုခြင်းဖြင့် သန့်ရှင်းခြင်းရှိကြောင်း ပြသခြင်းဖြစ်၏။ ယေရှုက မိမိလက်မဆေးကြောခြင်းဖြင့် သူတို့၏ဟန်ဆောင်ခြင်းအမှုကို ဖော်ထုတ်တော်မူခဲ့၏။ အပြင်ပန်းသဏ္ဌာန်၌ သန့်ရှင်းသယောင်ရှိသော်လည်း အတွင်းစိတ်မူကား ဆိုးသွမ်းခြင်း၊ ညစ်ညမ်းခြင်းနှင့်ပြည့်လျက်ရှိ၏။ အပြင်ပန်းဖြောင့်မတ်ခြင်းကိုသာ ပြကြသောကြောင့် သူတို့သည်မထိုက်တန်သောတန်ဆာပလာဖြစ်ကြ၏။

ယေရှုကသူတို့၏ မိုက်မဲသောအလို၊ လူတို့၏အထင်ကြီးခံရလိုမှုကို ရှုတ်ချတော်မူခဲ့၏။ ပွဲလုပ်သော၊ လူထုအကြား၌ အကြီးအကဲတို့ထိုင်သောထိုင်ခုံ၌ ထိုင်လိုကြ၏။ သူတို့အား ယေရှုက လူတို့မမှန်မိဘဲ နင်းနေသောအုတ်ဂူကဲ့သို့၎င်း၊ အကျိုးမရှိသောလူအသေအလောင်းကဲ့သို့၎င်း ရှုတ်ချတော်မူခဲ့၏။

ကျမ်းတတ်တို့က ယေရှုအားခြိမ်းခြောက်ခဲ့သော်လည်း ကြောက်ရွံ့ခြင်းမရှိဘဲ သူတို့၏ ဆိုးသွမ်းသော အသက်တာကိုဆက်လက်ဖော်ထုတ်ခဲ့ပါ၏။ ဤကျမ်းတတ်တို့သည် လူတို့အား ဘုရားသခင်ပညတ်ထားတော်မူသော လူ့ဥပဒေသတို့ကို လိုက်လျှောက်စေကြပြီး၊ သူတို့ကိုယ်တိုင်သည် မလိုက်လျှောက်ကြပါ။ သူတို့၏အပြောနှင့်အလုပ်ကိုက်ညီမှုမရှိပါ။ဘုရားသခင်၏ ပညတ်တော်ဟောပြောသောသူဟု သူတို့ကိုယ်သူတို့ ထင်ကြသော်လည်း၊ ဘုရားသခင်၏ပရောဖက်တို့ကို သတ်ဖြတ်ကြ၏။ ထိုသို့ပညတ်တရားကိုမှားယွင်းစွာအသုံးပြုခြင်းကြောင့် ယေရှုက ရှုတ်ချခဲ့ပါသည်။ ထိုသို့သော မှားယွင်းသောသွန်သင်ခြင်းအားဖြင့် လူတို့အား စစ်မှန်သောအသိတရားမရနိုင်အောင် ဆီးတားကြ၏။ သူတို့၏အကျင့်တို့အားဖြင့် လူတို့အား ဘုရားသခင်ထံ မချဉ်းကပ်နိုင်အောင် ဆီးတားကြပါသည်။

ဤကျမ်းတတ်တို့နှင့် ဖာရိရှဲတို့ကဲ့သို့ ကျွန်တော်တို့ဖြစ်ပါသလား။ ယုံကြည်သူတိုင်းသည် သခင်ဘုရား၌ ဒုတိယမွေးဖွားခြင်းခံရသောသူဖြစ်ကြ၏။ "လူမည်သည်ကား ခရစ်တော်၌ရှိလျှင် အသစ်ပြုပြင်သောသတ္တဝါဖြစ်၏။ ဟောင်းသောအရာတို့သည် ပြောင်းလဲ၍ခပ်သိမ်းသောအရာတို့သည် အသစ်ဖြစ်ကြပြီ" (၂ ကော ၅း၁၇)။ အသစ်ပြုပြင်သောသူကဲ့သို့ သင်အသက်ရှင်ပါသလား။

**ဆင်ခြင်ရန်** - ကျိန်ခြင်း၊ အမင်္ဂလာခံရသောသူအထဲ၌ ကျွန်တော်ပါဝင်ပါသလား။

**ဆုတောင်းချက်** - ဂရုဏာတော်ရှင်အဘဘုရား၊ ကိုယ်တော်၏နှုတ်ကပတ်တော်မှ ဆုံးမသွန်သင်ခြင်းတို့ကို နာခံလိုက်လျှောက်မည်အကြောင်း၊ နာခံသောစိတ်နှလုံးပေးသနားတော်မူပါ။

*"အကြောင်းမူကား၊ ဘုရားသခင်သည် ခပ်သိမ်းသော ဝှက်ထားခြင်းမှစ၍၊ အလုံးစုံသောအမှု. . . တို့ကို စစ်ကြော၍တရားသဖြင့် စီရင်တော်မူလတ္တံ့"*

## ဟန်ဆောင်ခြင်းတဆေး

ဟန်ဆောင်သောသူသည်မဟုတ်ဘဲနှင့် ဟုတ်သကဲ့သို့နေသောသူ၊ ဘုရားကြောက်ရွံ့သယောင်ရှိသော်လည်း၊ တန်ခိုးမရှိသောသူ၊ ဘာသာတရားကိုင်းရှိုင်းသယောင်ရှိသော်လည်း စစ်မှန်သောတရားမရှိသောသူဖြစ်၏။ သူသည်အကျင့်အရာ၌၎င်း၊ ဘာသာတရား၌၎င်း၊ အတုအယောင်ဖြစ်၏။ ယေရှုက ဟန်ဆောင်ခြင်းအမှုကို ပြင်းထန်စွာရှုတ်ချတော်မူ၏။ သမ္မာကျမ်းစာက မပေါက်ကြားအောင် ဖုံး၍ရသောအမှုမရှိ၊ တိုးတိုးတိတ်တိတ်ပြောသောစကားပင်လျှင် ကြွေးကြော်ခြင်းခံရလိမ့်မည်အကြောင်း ဖော်ပြထား၏။ ခရစ်ယာန်ဖြစ်ခြင်း၌ ဟန်ဆောင်ခြင်းသည် နေရာမရှိပါ။ ဘုရားသခင်သည် လူတိုင်း၏စိတ်နှလုံးအတွေးကို သိမြင်တော်မူ၏။ "အကြောင်းမူကား၊ ဘုရားသခင်သည် ခပ်သိမ်းသောဝှက်ထားခြင်းမှစ၍၊ အလုံးစုံသောအမှု ကောင်းမကောင်းရှိသမျှတို့ကို စစ်ကြော၍တရားသဖြင့် စီရင်တော်မူလတ္တံ့" (ဒေ ၁၂း၁၄)။

ဟန်ဆောင်သောသူတို့သည် ဘုရားသခင်ထက်လူကိုကြောက်ကြ၏။ သခင်ယေရှုက တပည့်တော်တို့အား ငရဲသို့ပစ်ချနိုင်သောတန်ခိုးရှိသောသူကို ကြောက်ရမည်ဟု မိန့်တော်မူ၏။ အသေ သတ်မည်ဟုခြိမ်းခြောက်သောသူတို့ကို မကြောက်ခြင်းငှါ ယေရှုတိုက်တွန်းတော်မူခဲ့၏။ ခန္ဓာကိုယ် သည် အသေသတ်၍ရနိုင်သော်လည်း ထာဝရတည်သောအသက်ဝိညာဉ်မူကား သတ်၍မရပါ။ ကျွန်တော်တို့သည် ခရစ်တော်၏နောက်လိုက်အရာသို့ ခေါ်ခြင်းခံရသောသူ ဖြစ်ကြသောကြောင့်၊ ပတ်ဝန်းကျင်အခြေအနေနှင့် ညီထွေအားလျော်စွာ ကျွန်ုပ်တို့အသက်တာ ပြောင်းလဲခြင်းမရှိဘဲ၊ အစဉ်ခရစ်တော်အတွက် သက်သေခံကောင်းဖြစ်ရပါမည်။ သခင်ယေရှုသည် ကတိတော်ထားသည်အတိုင်း ကျွန်တော့်ကို ဘယ်သောအခါမျှ စွန့်ပစ်ထားခဲ့တော်မူမည်မဟုတ်ပါ။ ကျွန်ုပ်တို့၏ ဆံပင်ကိုပင် ရေတွက်တော်မူ၏။ David Livingstone က "ကျွန်ုပ်တာဝန်မပြီးမချင်း ကျွန်တော်မသေနိုင်ပါ" ဆိုခဲ့ဖူး၏။

ဟန်ဆောင်သောသူတို့သည် သခင်ယေရှုခရစ်တော်ကို အမှန်ဝန်ခံသောသူမဟုတ်ကြပါ။ ယုံကြည်သူတိုင်းသည် ခရစ်တော်၏နာမတော်ကို လူတို့ရှေ့၌ဝန်ခံကြရမည်ဖြစ်၏။ ခရစ်တော်အကြောင်းကို သက်သေခံကြရမည်ဖြစ်၏။ ခရစ်တော်ကို ကျွန်တော်တို့သည်ရှုက်လျှင်၊ သူသည်လည်း အကျွန်ုပ်တို့အား ရှက်တော်မူမည်။ ညှင်းပန်းနှိပ်စက်ခြင်းခံရသော်လည်း၊ သန့်ရှင်းသောဝိညာဉ်တော်သည် မစတော်မူမည်အကြောင်း၊ တရားစွဲခြင်းခံရသော်လည်း မစတော်မူမည်အကြောင်း ဂတိပေးခဲ့ပါ၏။ ကျွန်တော်တို့သည် ရှက်ကြောက်ခြင်းမရှိဘဲ ယေရှုအကြောင်းကို သက်သေခံလျှင် ရန်သူတို့၏ ပြင်းထန်သော ညှင်းပန်းနှိပ်စက်ခြင်းခံရသော်လည်း၊ ဘုရားသခင်သည် ခွန်အားပေးတော်မူမည်အကြောင်း ကတိတော်ရှိ၏။ ရှေးခရစ်ယာန်တို့သည် ကယ်တင်ရှင်ကို ငြင်းပယ်မည့်အစား၊ ခေါင်းဖြတ်ခြင်း (သို့) မီးရှို့ခြင်းကိုပင် ရွေးချယ်ခဲ့ကြ၏။ ကျွန်တော်တို့သည် ဟန်ဆောင်သောသူမဟုတ်ဘဲ၊ ခရစ်တော်အတွက် ရဲရင့်သောသူဖြစ်ကြရပါမည်။

**ဆင်ခြင်ရန်** - ကျွန်တော်သည် ဟန်ဆောင်သောသူဖြစ်ပါသလား။

**ဆုတောင်းချက်** - အလုံးစုံကိုသိတော်မူသောအဖဘုရား၊ ကျွန်ုပ်၏စိတ်နှလုံးအတွေးအလုံးစုံကို ကိုယ်တော်သိတော်မူ၏။ အချိန်တိုင်းကိုယ်တော်အတွက် သစ္စာရှိသောသူဖြစ်မည် အကြောင်းမစတော်မူပါ။

**လုကာ ၁၂:၁၃-၃၄**
၁ တိ ၆:၆-၈

*"စားရန်၊ ဝတ်ရန်ရှိသမျှနှင့်ရောင့်ရဲလျက်နေကြကုန်အံ့"*

## ချမ်းသာကြွယ်ဝခြင်းသတင်းကောင်း၏မိုက်မဲမှု

အသက်ရှင်ခြင်းသည် ပိုင်ဆိုင်သောပစ္စည်းဥစ္စာကြွယ်ဝမှု၌ မတည်ပါ။ ငွေကြေးအားဖြင့် လုံခြုံမှုမရနိုင်ပါ။ အပျော်ကျူးခြင်းဖြင့် ရောင့်ရဲတင်းတိမ်ခြင်းမရနိုင်ပါ။

ယေရှုအား လူတစ်ဦးက မိမိညီအစ်ကိုနှင့်အတူ ခံရမည့်အမွေကို ခွဲဝေပေးစေခြင်းငှါ တောင်းလျှောက်ခဲ့၏။ ထိုအခါ ယေရှုက တပ်မက်သောစိတ်မရှိရန် သတိပေးတော်မူခဲ့၏။ ယေရှုက ကျေနပ်ရောင့်ရဲခြင်းမရှိသော၊ ထပ်၍လိုချင်နေသော သူဌေးပုံသာဓကကို ပြောကြားခဲ့၏။ ထိုလူသည် ဘဝ၌ပျော်ရွှင်စွာနေထိုင်ခြင်းငှါ စိတ်ကူးရှိခဲ့၏။ သို့သော်လည်း ဘုရားသခင်က ထိုသူအား လူမိုက်ဟု ခေါ်တော်မူ၏။ ကျွန်တော်တို့သည် ဘုရားသခင်ပေးသနားတော်မူသော အရာဖြင့် ရောင့်ရဲခြင်းရှိကြရပါမည်။ ဤလောကီစည်းစိမ်ဥစ္စာကိုခံစားလိုသော၊ ကြွယ်ဝချမ်းသာလိုသူတို့သည် ဤလောကီစည်းစိမ်ဥစ္စာကို သယ်ဆောင်၍မရကြောင်းကို မေ့လျော့ခဲ့ကြ၏။

စိတ်ချရသောလုံခြုံမှုသည် ဘုရားသခင်၏ကြွယ်ဝချမ်းသာမှု၌တည်၏။ ဤလောကီစည်းစိမ်၌မတည်။ ထို့ကြောင့် ယေရှုက ဘုရားသခင်၌ကြွယ်ဝချမ်းသာ၍၊ သခင်ယေရှုခရစ်တော်၌ အဖိုးမဖြတ်နိုင်သော ရတနာရခြင်းနှင့် ကောင်းကင်ဘုံဝင်စားရသောအခွင့်ရခြင်းသည် သာ၍မြတ်ကြောင်း မိန့်တော်မူ၏။ ဤကျေနပ်ရောင့်ရဲခြင်းသည် စစ်မှန်၍၊ လုယူ၍မရသောအရာဖြစ်၏။ ခဏမျှသာ တည်သောဤလောကီစည်းစိမ်ကိုထားခဲ့ပြီး၊ ထာဝရတည်သောရတနာကို ကြိုးစားရှာဖွေကြပါစို့။

ဘုရားသခင်သည်ငှက်များကိုပင် ကျွေးမွေးတော်မူသည်ဖြစ်သောကြောင့်၊ သင်တို့ကိုလည်း ပြုစုကျွေးမွေးတော်မူမည်ဖြစ်၏။ အစားအစာထက် အသက်သည်ပို၍မြတ်သောကြောင့်၊ နေ့စဉ်စားရမည့်အစားအစာအတွက် စိုးရိမ်ပူပန်ခြင်းမရှိခြင်းငှါ ယေရှုသွန်သင်တော်မူ၏။ ငှက်များတို့သည် မျိုးစေ့မကြဲ၊ ရိတ်သိမ်းခြင်းမပြုသော်လည်း၊ အစားအစာအတွက် ပူပန်ခြင်းမရှိကြပါ။ သို့သော်လည်း လူသည် မိမိစားနေသော အစားအစာမကုန်မီပင် နောက်တစ်နပ်အတွက် စိုးရိမ်ပူပန်လျက်နေ၏။

ဘုရားသခင်သည်ပန်းပွင့်တို့ကို တန်ဆာဆင်သည်ဖြစ်၍၊ သင်တို့ကိုလည်း တန်ဆာဆင်တော်မူမည်။ ကျန်းမာခြင်းရှိသောကြောင့် ဘုရားသခင်ကို ချီးမွမ်းပါလော့။ သို့သော်လည်း ဝတ်စရာအဖို့ သင်စိုးရိမ်ပူပန်ခြင်းရှိလျှင်၊ သင်၏ကိုယ်ခန္ဓာပင်ပန်းခြင်းရှိ၍၊ အားနည်းပါလိမ့်မည်။ "သို့ဖြစ်၍၊ စားရန်၊ ဝတ်ရန်ရှိသမျှနှင့် ရောင့်ရဲလျက်နေကြကုန်အံ့" (၁ တိ ၆:၈)။ ဘုရားသခင်သည် ကျွန်ုပ်တို့ကို တာဝန်ယူပါလိမ့်မည်။ ကောင်းကင်ဘုံသို့သင်မယူဆောင်နိုင်သော အရာတို့ကို သင်လက်လွှတ်ဖို့ ဆန္ဒရှိပါသလား။

**ဆင်ခြင်ရန်** - ဘုရားသခင်ပေးသနားတော်မူသောအရာဖြင့် ကျွန်တော်ရောင့်ရဲခြင်းရှိပါသလား။

**ဆုတောင်းချက်** - အကျွန်ုပ်ကိုဖန်ဆင်းတော်မူ၍၊ ယနေ့ထက်တိုင်ပြုစုကျွေးမွေးတော်မူသော ကောင်းကင်ဘုံရှိအဖဘုရား၊ ကောင်းကင်ဘုံကိုသာ မြော်လင့်ခြင်းရှိမည်အကြောင်း မင်္ဂလာရှိသောစိတ်နှလုံးပေးသနားတော်မူပါ။

သောကြာ၊ ဖေဖော်ဝါရီ (၂၃)
**လုကာ ၁၂:၃၅-၄၈**
၁ ပေ ၁း၁၃-၂၃

*"သင်တို့စိတ်နှလုံးကိုခါးပန်းစည်း၍၊ သမ္မာသတိရှိကြလော့။ . . . ဆုကျေးဇူးကို အဆုံးတိုင်အောင် မြော်လင့်ကြလော့"*

## ခရစ်တော်ဒုတိယအကြိမ်ကြွလာတော်မူခြင်း

တပည့်တော်တို့အား "ခါးပန်းစည်းလျက်" (လုကာ ၁၂:၃၅) နေကြလော့ဟု ယေရှုမိန့်တော်မူချက်သည် မိမိဒုတိယအကြိမ်ကြွလာတော်မူခြင်းကို စောင့်၍ အဆင်သင့်ဖြစ်ရမည်အကြောင်း ဆိုလိုခြင်းဖြစ်၏။ ရှေးခေတ်၌ အပေါ်ဝတ်လုံရှည်ကိုဝတ်ကြသောကြောင့် အလုပ်လုပ်သောအခါ၊ လမ်းလျှောက်သောအခါနှင့်ပြေးသောအခါ၌ အနှောင့်အယှက်မဖြစ်ရလေအောင် သေချာစွာခါးပန်းစည်းရမည်ဖြစ်၏။ ဆိုလိုသည်မှာ သခင်ယေရှုခရစ်တော်ကြွလာတော်မူခြင်းအား စောင့်သောသူသည် သခင်ယေရှု၏အမှုတော်၌ ကြိုးစားအားထုတ်လျက်နေသည်ကို ဆိုလိုခြင်းဖြစ်၏။ ထိုနည်းတူ ဆီမီးမငြိမ်းစေခြင်းသည် ကြိုးစားအားထုတ်၍အမှုပြုခြင်းကို ပြသလျက်ရှိ၏။ နေ့အချိန်၌ ကြိုးစားအားထုတ်သည်သာမက၊ ညအချိန်၌လည်း ဘုရားအတွက် အမှုပြုပါ၏။ Clarke က "အစဉ်နိုးကြားခြင်းရှိ၍ ကြိုးစားအားထုတ်ကြလော့။ အနှောင့်အယှက်အဆီးအတားတို့ကို ဖယ်ရှားကြလော့။ သင့်လက်ထဲ၌ ဘုရားသခင်၏ဆီမီးအစဉ်အမြဲ လင်းလက်ခြင်းရှိပါစေ" ဟုဆိုခဲ့၏။

ယေရှု၏လောက၌ အသက်ရှင်စဉ်အချိန်၌ ယုဒလူတို့၏ ထိမ်းမြားခြင်းမင်္ဂလာဆောင်ပွဲသည် ညအချိန်ထိ ဆင်နွှဲကြရ၏။ အစေခံကျွန်သည် မိမိသခင်ပြန်လာမည့်အချိန်ကို စောင့်မျှော်နေတတ်၏။ သခင်ပြန်လာ၍ အိပ်ယာမဝင်မီတိုင်အောင် အစေခံကျွန်သည် မအိပ်ဘဲနေရမည်ဖြစ်၏။ ဤသည်ကား သူပြုရမည့်တာဝန်ဖြစ်ပါ၏။ ယေရှုက ထိုသို့သောအစေခံကျွန်သည် အိမ်ကို ကောင်းမွန်စွာစောင့်ရှောက်သော ကောင်းသောအစေခံကျွန်ဟု ဖော်ပြခဲ့၏။ သူခိုးဓားပြတို့မဝင်ရောက်နိုင်ရန် ကာကွယ်ဆီးတားခြင်းပြု၏။ ဤသာဓကသည် မိမိကြွလာတော်မူမည့်အချိန် မည်သူမျှမသိကြောင်း၊ သတိပြု၍ စောင့်နေကြရမည်ဖြစ်ကြောင်း ဖော်ပြခြင်းဖြစ်၏။

သခင်ပြန်လာမည့်အချိန်စောင့်နေရင်း၊ အစေခံကျွန်သည် ဘာမှမလုပ်ဘဲထိုင်နေရမည်မဟုတ်။ ကြိုးစားအလုပ်လုပ်နေရမည်ဖြစ်၏။ သခင်နောက်ကျမည်ဟုဆို၍ အလုပ်မလုပ်ဘဲ နေသောသူသည် တာဝန်မကျေပွန်သော၊ စိတ်ချ၍မရသော အစေခံကျွန်ဖြစ်၏။ စိတ်နှလုံးနိုးကြားမှုနှင့်အတူ စောင့်နေရမည်ဖြစ်၏။ အခြားသောကျွန်တို့ကိုလည်း ကောင်းမွန်စွာဆက်ဆံရမည်ဖြစ်၏။ မိမိထံပေးအပ်ထားသော အာဏာနှင့်လုပ်ပိုင်ခွင့်ကို အလွဲသုံးစားမပြုရပါ။

ထိုသို့မိမိသခင်ပြန်လာသောအခါ သခင်အလိုတော်ကို ပြုလျက်တွေ့ခြင်းခံရသောသူသည် မင်္ဂလာရှိ၏။

**ဆင်ခြင်ရန်** - ခရစ်တော်ဒုတိယအကြိမ်ကြွလာမည့်အချိန်ကို စောင့်မြော်ရင်း ကျွန်တော်အသက်ရှင်နေပါသလား။

**ဆုတောင်းချက်** - အဖဘုရား၊ ကယ်တင်ရှင်သခင် ယေရှုခရစ်တော်ကို စေလွှတ်တော်မူသောကြောင့် ကျေးဇူးတင်ပါ၏။ ပြန်လည်ကြွလာတော်မူမည့်အချိန် စောင့်မျှော်နေခြင်းငှါ မစတော်မူပါ။

စနေ၊ ဖေဖော်ဝါရီ (၂၄)

**လုကာ ၁၂း၄၉-၅၉**

မသဲ ၁၀း၂၁-၂၄

*“သားသမီးတို့သည်လည်း မိဘကိုရန်ဘက်ပြု၍ သေစေကြလိမ့်မည်”*

## ခရစ်တော်ကခွဲခြင်းအမှုကိုပြုတော်မူမည်

ယေရှုက မိမိပထမအကြိမ်ကြွလာတော်မူခြင်းသည် ငြိမ်သက်ခြင်းပေးရန်မဟုတ်ဘဲ၊ အချင်းချင်းကွဲပြားခြင်းရှိစေခြင်းငှါ ကြွလာတော်မူခြင်းဖြစ်ကြောင်း ဖော်ပြခဲ့၏။ သတင်းကောင်းသည် ယုံကြည်သူအပေါင်းတို့ကို စည်းလုံးစေသောတန်ခိုးကြီးသောအရာဖြစ်သော်လည်း၊ သတင်းကောင်းကို ဆန့်ကျင်သော၊ မုန်းတီးသောသူတို့နှင့် ကွဲပြားစေပါ၏။ ဤလောကီလူသားများစွာသောသူတို့သည် ယေရှုကိုလက်ခံခြင်းမရှိဘဲ ဆန့်ကျင်ခြင်းပြုကြ၏။ ခရစ်တော်ကို ယုံကြည်သောသူသည် ဤလောကီလူတို့၏ မုန်းတီးခြင်း၊ ဆန့်ကျင်ခြင်းမခံရသောသူဟူ၍မရှိပါ။ ခရစ်ယာန်တို့သည် ဘုရားသခင်၏နှုတ်ကပတ်တော်အတွက် ဝိညာဉ်တိုက်ပွဲဆင်နွှဲခြင်းငှါ ပြင်ဆင်ကြရမည်အကြောင်း သတိပေးခြင်းခံရကြပါသည်။

မိသားစုကွဲပြားခြင်းရှိလိမ့်မည်။ ယုံကြည်သူမိဘနှင့်မယုံကြည်သူသားသမီးအချင်းချင်း ကွဲပြားကြပါလိမ့်မည်။ “ထိုအခါ ညီအစ်ကိုချင်းတစ်ယောက်ကိုတစ်ယောက် သေစေခြင်းငှါ အပ်ကြလိမ့်မည်။ အဘသည်လည်းသားကို အပ်လိမ့်မည်။ သားသမီးတို့သည်လည်း မိဘကိုရန်ဘက်ပြု၍ သေစေကြလိမ့်မည်” (မသဲ ၁၀း၂၁)။ ဤကွဲပြားခြင်းသည် သိမ်မွေ့သောခွဲခြားခြင်းမဟုတ်ဘဲ၊ ယုံကြည်သူတို့သည် ပြင်းထန်စွာနှိပ်စက်ခြင်းခံရမည့်ကြီးမားသော ရန်လိုမှုဖြစ်ပါသည်။ ယေရှုက ဤသို့ဖော်ပြခြင်းဖြင့် လူတို့သည် ယေရှုပြန်လည်ကြွလာတော်မူသောအခါ ထာဝရခွဲခြားခြင်းရှိမည်အကြောင်း နားလည်သဘောပေါက်စေ ခြင်းငှါ ဖော်ပြခြင်းဖြစ်၏။

ယေရှုကလူတို့၏ ခွဲခြားနိုင်စွမ်းမရှိခြင်း၊ ယုဒလူတို့၏ မိုက်မဲမှုနှင့်ဖာရိရှဲတို့၏ဟန်ဆောင်ခြင်းအမှုတို့ကို ပြင်းထန်စွာရှုတ်ချတော်မူ၏။ ဤလောကီအမှုတို့ကို ခွဲခြားသိနိုင်ကြသော်လည်း၊ မေရှိယကြွလာတော်မူသည့်အချိန်ကို မသိနားမလည်ခဲ့ကြ။ တရားစီရင်ရာနေ့ရောက်ရှိမည့်အချိန် နီးကပ်သည်ကို သိကြလျှင်၊ လျှင်မြန်စွာဘုရားသခင်နှင့် သင့်မြတ်ခြင်းငှါ ကြိုးစားခဲ့သင့်ပါ၏။ အပြစ်ကျူးလွန်သောသူသည် တရားသူကြီးစီရင်ချက်မချမီ မိမိ၏ရန်ဘက်နှင့်အလျှင်အမြန်သင့်မြတ်ခြင်းပြုသင့်ကြောင်း ယေရှုဖော်ပြခဲ့၏။ အချိန်မလွန်မီ စီရင်ချက်မချမီဆပ်သင့်သောအကြွေးကို အကုန်ပေးဆပ်ရမည်ဖြစ်ပါသည်။ ထို့ကြောင့် ကယ်တင်ခြင်းမရသေးသောသူတို့သည် ယနေ့အခွင့်ရှိနေသေးသောအချိန်၌ နောင်တရ၍ သခင်ယေရှုခရစ်တော်ကို ယုံကြည်ကိုးစားကြရမည်ဖြစ်၏။ ခွင့်လွှတ်ခြင်းမရှိတော့သော ဘုရားသခင်၏တရားစီရင်ရာနေ့ကို စောင့်၍မနေသင့်ပေ။

**ဆင်ခြင်ရန်** - နောက်ဆုံးသောကာလအချိန်၏ လက္ခဏာတို့ကို ကျွန်တော်သိနားလည်ခြင်းရှိပါသလား။

**ဆုတောင်းချက်** - ကောင်းကင်ဘုံရှိအဖဘုရား၊ အကျွန်ုပ်၏ကယ်တင်ရှင်ယေရှုခရစ်တော်အချိန်မရွေးကြွလာတော်မူနိုင်ကြောင်း နားလည်စေတော်မူသောကြောင့် ကျေးဇူးတင်ပါ၏။

တနင်္ဂနွေ၊ ဖေဖော်ဝါရီ (၂၅)
**လုကာ ၁၃း၁-၉**
၅ ရာ ၁၆း၃၀-၃၃

*“. . . ထာဝရဘုရားရှေ့တော်၌ရွှင်လန်းစွာ သီချင်းဆိုကြလိမ့်မည်။ အကြောင်းမူကားကိုယ်တော်သည်မြေကြီးသားတို့ကို တရားစီရင်ခြင်းငှါ ကြွလာတော်မူ၏”*

## ဘုရားသခင်၏တရားစီရင်ခြင်း

ယေရှုအား ရောမကိုပုန်ကန်လျက်ပြင်းထန်စွာ အပြစ်ပေးခြင်းခံရသော ဂါလိလဲလူတို့၏ အကြောင်းကို လျှောက်ခဲ့ကြ၏။ ထိုအခါ ယေရှုက ထိုသူတို့အား ဂါလိလဲလူတို့ထက် မိမိလူတို့သည် ပို၍ဖြောင့်မတ်သည်ဟု မထင်ကြရလေအောင် ပြောကြားခဲ့၏။ နောက်ဆုံးသောတရားစီရင်ရာ နေ့တွင် ဘုရားသခင်၏အတူတကွစီရင်ခြင်းကို ခံရကြလိမ့်မည်။ ယေရှုက သူတို့အား ရှိလောင်၌ အသေသတ်ခြင်းခံရကြလိမ့်မည်။ ယေရှုက သူတို့အား ရှိလောင်၌ အသေသတ်ခြင်းခံရသော လူဆယ့်ရှစ်ဦးအကြောင်းကို သတိရခြင်းငှါဆိုခဲ့၏။ ထိုပြင်လူသားတိုင်းသည် ဘုရားသခင်ရှေ့မှောက်၌ အပြစ်သား များဖြစ်ကြကြောင်း ယေရှုကဖော်ပြခဲ့ပါသည်။ ထို့ကြောင့်အချင်းချင်းမရှုတ်ချသင့်ပါ။

ယေရှုက သူတို့အား “သင်တို့ရှိသမျှသည်လည်း နောင်တမရလျှင်၊ ပျက်စီးခြင်းသို့ ရောက်ကြလိမ့်မည်” (လုကာ ၁၃း၃၊ ၅) ဟုမိန့်တော်မူ၏။ ထိုသို့ပြုခြင်းသည် ချက်ချင်းနောင်တရကြခြင်းငှါ တိုက်တွန်းခြင်းဖြစ်၏။ နောင်တရခြင်းဆိုသည်မှာ ဘုရားသခင်ထံကျူးလွန်သော အပြစ်အတွက် အလွန်ဝမ်းနည်းခြင်းနှင့်တကွ စိတ်နှလုံးပြောင်းလဲခြင်းဖြစ်ပါသည်။ ဤသို့ဖြင့်အပြစ်သားသည် မိမိ အပြစ်ကိုရွံရှာခြင်းရှိ၍ ထိုအပြစ်ကိုထားခဲ့ပြီး၊ ယေရှုခရစ်တော်၏ကိုယ်စားအပြစ်ဒဏ်ခံခြင်းကို ယုံကြည်ကိုးစားလက်ခံခြင်းဖြစ်၏။ ယေရှုက နောင်တမရလျှင် ကြုံတွေ့ရမည့်အရာကို သေချာစွာ ဖော်ပြခဲ့ပါသည်။ ပျက်စီးခြင်းသို့ရောက်ကြရမည်ဖြစ်၏။ နောင်တရခြင်းမရှိသောသူမှန်သမျှတို့သည် ထာဝရသေခြင်းနှင့် ထိုက်တန်သောသူဖြစ်ကြ၏။

ယေရှုက မိမိကိုယ်ကို စိတ်ရှည်သည်းခံတတ်သော တရားသူကြီးဖြစ်ကြောင်း သာဓကဖြင့် ဖော်ပြခဲ့ပါသည်။ သင်္ဘောသဖန်းပင်တစ်ပင်သည် ဥယျာဉ်ထဲ၌ ပေါက်လျက်ရှိပါ၏။ သို့သော်လည်း အသီးသီးခြင်းမရှိပါ။ ဤသည်ကား ဘုရားသခင်၏စောင့်ရှောက်ခြင်းခံရသော၊ နှုတ်ကပတ်တရား တိုက်ကျွေးခြင်းခံရသော်လည်း အသီးသီးခြင်းမရှိသော ယုဒလူတို့ကို ရည်ညွှန်းခြင်းဖြစ်ပါသည်။ သင်္ဘောသဖန်းပင်သည် ယေရှု၏အမှုတော်သုံးနှစ်လုံးလုံးဆောင်ရွက်ခြင်း၌ အသီးလုံးဝမသီးခဲ့ချေ။ နှုတ်ကပတ်တော်တိုက်ကျွေးခြင်းခံရသော်လည်း လက်ခံခြင်းမရှိကြ။ မေရှိယကိုငြင်းပယ်ခဲ့ကြ၏။ ဥယျာဉ်စောင့်ကလည်း နောက်တစ်နှစ်ဆက်လက်ပြုစု၍ အသီးသီးခြင်းရှိမရှိစောင့်ကြည့်ခြင်းငှါ ဆိုခဲ့၏။ အသီးမသီးသောသူကို ဘုရားသခင်ခုတ်လှဲခြင်းငှါ ဘုရားသခင်သည် စီရင်ခြင်းအမှု၌ ဖြောင့်မတ်တော်မူ၏။ သို့သော်လည်း မိမိအချိန်တန်မှ အသီးကိုသီးစေခြင်းငှါ ဘုရားသခင်သည် ကျေးဇူးတော်အားဖြင့် စောင့်တော်မူခဲ့၏။ ၅ ရာ ၁၆း၃၃ ကိုဖတ်ပါ။ များစွာသောအသီးကိုသီးကြလော့။

**ဆင်ခြင်ရန်** - ရောက်ရှိလာမည့်တရားစီရင်ခြင်းကို ကျွန်တော်သတိပြုပါသလား။

**ဆုတောင်းချက်** - ကောင်းကင်ဘုံရှိအဖဘုရား၊ ဤလောကလူအပေါင်းတို့ကို စီရင်အပ်သော တရား သူကြီးမင်း၊ ခရစ်တော်အားဖြင့် ကိုယ်တော်ကို မြင်ခွင့်ရမည်အကြောင်း ဂတိ တော်ရှိသောကြောင့် ကျေးဇူးတင်ပါ၏။

တနင်္လာ၊ ဖေဖော်ဝါရီ (၂၆)

**လုကာ ၁၃း၁၀-၁၇**
ဟေရှာ ၅၃း၄-၉

*". . . ထိုသူသည်ငါတို့အနာရောဂါဝေဒနာများကို ယူတင်ဆောင်ရွက်လေ၏"*

## ဘုရားသခင်၏ဂရုဏာတော်

ယေရှုသည်မိမိလူတို့အပေါ် ဂရုဏာတော်စိတ်ရှိတော်မူ၍ ကယ်တင်ခြင်းလမ်းကို သွန်သင်ပေးတော်မူ၏။ ဣသရေလလူတို့၏ ဘုရားသခင့်သားတော်ကိုငြင်းပယ်ခြင်းသည် သူတို့အား ပြစ်ဒဏ်ခတ်ခြင်းငှါ လုံလောက်ခြင်းရှိသော်လည်း ယေရှုသည် ဆက်လက်၍ တစ်ကြိမ်မက သွန်သင်ပေးတော်မူ၏။ သူတို့၏မယုံကြည်ခြင်းက သခင်ယေရှုခရစ်တော်ကိုင်း၊ ပြုတော်မူသောအမှုကိုင်း နားမလည်နိုင်အောင်ဖြစ်စေခဲ့၏။ ဟေရှာယက ဟေရှာယ ၅၃း၄ ထဲတွင် မိန့်တော်မူသောအချက်ကို နာခံခဲ့သင့်ပါ၏။

နှစ်ပေါင်းဆယ့်ရှစ်နှစ်လုံးလုံး ရောဂါခံစားနေရသောမိန်းမတစ်ဦးကို ယေရှုက ဆုံတွေ့ခဲ့၏။ သူသည် ယေရှုထံတောင်းလျှောက်ခြင်းပြုသည်ကို မတွေ့ရ။ ယေရှုထံမှ တစ်ခုခုမြော်လင့်ထားခြင်း မတွေ့ရပါ။ သို့သော်လည်း ယေရှုသည် သူ့ကိုစိတ်ဝင်စားတော်မူ၏။ သူသည် ယေရှုထံလာ၍ သွန်သင်ခြင်းကိုင်း၊ မိမိအသက်ဝိညာဉ်အတွက် အနာငြိမ်းခြင်းကိုင်းခံခဲ့ရ၏။ ခရစ်တော်ထံမှ ကောင်းကြီးမင်္ဂလာများစွာခံရ၏။ ခန္ဓာကိုယ်အနာငြိမ်းခြင်းနှင့် ဝိညာဉ်အနာငြိမ်းခြင်းတို့ကို ခံရခဲ့၏။

ယေရှုက ထိုမိန်းမအား ဥပုသ်နေ့တွင် အနာငြိမ်းစေခြင်းဖြစ်၏။ ယုဒလူတို့သည် ဥပုသ်နေ့နှင့် ပတ်သက်၍ သမ္မာကျမ်းစာပြင်ပဥပဒေသတို့ကို လိုက်လျှောက်ကြပြီး၊ ထိုသို့သောတင်းကြပ်သော ဥပဒေသအားဖြင့် ဘုရားသခင်၏ဘုန်းတော်ထင်ရှားစေကြသည်ဟု ထင်ကြ၏။ ထိုထုံးတမ်းစဉ်လာ လိုက်လျှောက်ခြင်းအားဖြင့် လိုအပ်သောသူတို့ကို မေ့လျော့ခဲ့ကြ၏။ ဘုရားသခင်၏သဏ္ဍာန်တော်နှင့်အညီ ဖန်ဆင်းတော်မူခြင်းခံရသော ထိုမိန်းမထက်၊ တိရစ္ဆာန်တို့အပေါ် သူတို့သည် ဂရုဏာစိတ်ပို၍ရှိကြ၏။ ချစ်ခြင်းမေတ္တာပြုရမည့်အစား၊ "ဘုရားသခင်၏ပုံသဏ္ဍာန်တော်နှင့်အညီ ဖန်ဆင်းသောလူတို့ကို လျှာဖြင့်ကျိန်ဆဲတတ်ကြ၏" (ယာကုပ် ၃း၉)။ ထိုမိန်းမထက်သူတို့သည် ယေရှု၏ဂရုဏာတော်ပို၍လိုအပ်လျက်ရှိကြကြောင်း မသိကြဘဲ၊ ထိုအနာငြိမ်းစေခြင်းအမှုကို မေးခွန်းထုတ်ကြ၏။

ထိုမိန်းမခန္ဓာကိုယ်အနာရောဂါတို့သည် ပျောက်ကင်းလျက်ရှိပါသည်။ ထိုအခါ သူသည် ဘုရားသခင်အားချီးမွမ်းခဲ့ပါသည်။ တရားဇရပ်မှူးအား ယေရှုကဟန်ဆောင်သောသူဟု ခေါ်ခဲ့၏။ အကြောင်းမှာ ထိုသူသည် အနာငြိမ်းခြင်းကိုပို၍ လိုအပ်သောသူဖြစ်ကြောင်း မိမိကိုယ်ကို မသိခဲ့ပါ။ မိမိရန်သူတို့၏ ပညာမဲ့ခြင်းအကြောင်းကြောင့် ဘုရားသခင်သည် သူတို့ကို ဒဏ်ခတ်တော်မူနိုင်သော်လည်း သူတို့အပေါ် ဂရုဏာစိတ်ရှိတော်မူ၍၊ အပြစ်သားတို့အား နောင်တရခြင်းငှါ ဖိတ်ခေါ်တော်မူလျက်ရှိပါသည်။ အိုဘုရားသခင်၏ ဂရုဏာတော်သည် အစဉ်အမြဲတည်၏။ သင်၏စိတ်နှလုံး ယနေ့ခိုင်မာခြင်းမရှိပါနှင့်။

**ဆင်ခြင်ရန်** - အကျွန်ုပ်သည် ယေရှုထံမှ ခန္ဓာကိုယ်အနာငြိမ်းခြင်း (သို့) ဝိညာဉ်အနာငြိမ်းခြင်း နှစ်ခုထဲတွင် အဘယ်အရာကိုရှာနေပါသနည်း။

**ဆုတောင်းချက်** - အိုထာဝရဘုရား၊ ကိုယ်တော်သာလျှင် ဝိညာဉ်ရေးရာနှင့် ခန္ဓာကိုယ်အနာငြိမ်းခြင်းအဘို့ တစ်ခုတည်းသောအရင်းအမြစ်ဖြစ်တော်မူ၏။ အသက်တာ၌ ပို၍လိုအပ်သောအရာကိုရှာမည်အကြောင်း မစတော်မူပါ။

အင်္ဂါ၊ ဖေဖော်ဝါရီ (၂၇)
**လုကာ ၁၄း၁-၁၄**
ဟေရှာ ၅၈း၁၃-၁၄

*"... ဥပုသ်နေ့ကိုမွေ့လျော်ရာနေ့၊ ထာဝရဘုရားအဘို့ သန့်ရှင်းသောနေ့၊ ရိုသေဘွယ်သောနေ့ဟူ၍ ခေါ်သဖြင့်... ထိုနေ့ကိုရိုသေလျှင်..."*

## ထာဝရဘုရား၌မော်မွေ့ခြင်း

ယေရှုသည်ဥပုသ်နေ့၌ ဖာရိရှဲအရာရှိတစ်ဦး၏အိမ်၌ အစာစားခြင်းငှါ ဖိတ်ခေါ်ခြင်းခံရခဲ့၏။ ထိုနေရာတွင် ရေဖျဉ်းနာစွဲသောသူတစ်ယောက်ကို ယေရှုကတွေ့ခဲ့၏။ ဥပုသ်နေ့၌ ယေရှုက အနာငြိမ်းစေခြင်းအမှုပြုမပြုစမ်းသပ်ခြင်းငှါ ဤလူနာကိုလည်းဖိတ်ခေါ်ခြင်းဖြစ်နိုင်ပါသည်။ ယေရှုသည် ဂရုဏာတော်စိတ်ရှိတော်မူသဖြင့် အနာကိုငြိမ်းစေတော်မူ၏။ ယေရှုက ဖာရိရှဲတို့အား ဥပုသ်နေ့၏အဓိပ္ပာယ်ကို ငြင်းပယ်လျက်၊ သမ္မာကျမ်းစာပြင်ပနည်းဥပဒေသကို ပို၍အလေးထားလိုက်လျှောက်ကြသောကြောင့် ပြစ်တင်တော်မူခဲ့၏ (မာကု ၂း၂၇)။

ခရစ်ယာန်တို့သည် ဥပုသ်နေ့၌ ဘုရားသခင်အားနံဝိညာဉ်နှင့်ဒင်း၊ သစ္စာတရားနှင့်ဒင်း ဝတ်ပြုကိုးကွယ်ခြင်းဖြင့် ဘုရားသခင်၌မွေ့လျော်ခြင်းရှိကြရပါမည်။ အပြင်ပန်းသဏ္ဌာန် ဘာသာတရားကိုင်းရှိုင်းသယောင်ပြုရမည့်နေ့မဟုတ်ဘဲ အသက်ရှင်တော်မူသော စစ်မှန်သောဘုရားသခင်ကို စိတ်နှလုံးထဲမှ အမှန်ကိုးကွယ်ရမည့်နေ့ဖြစ်ပါသည်။ "သင်သည်
ရိုသေလျှင်" (ဟေရှာ ၅၈း၁၃) ဥပုသ်နေ့အမှန်စောင့်ခြင်းဖြစ်၏။

ယေရှုသည် လူတို့၏အထင်ကြီးလေးစားမှုကို အလွန်နှစ်သက်သောဖာရိရှဲတို့အား ရည်ညွှန်း၍ သာဓကဖော်ပြခဲ့၏။ သူတို့သည်ကိုယ်ကို ချီးမြှောက်ကြသောကြောင့် ဘုရားသခင်ထံမှ ကရုဏာတော်ခံရကြသည်မဟုတ်ကြောင်း ဖော်ပြခဲ့၏။ မိမိကယ်တင်ခြင်းခံရဖို့ရန် အနည်းငယ်ပါဝင်ခြင်းရှိကြောင်း ဝါကြွားသောသူတို့သည် အမှန်ကယ်တင်ခြင်းခံရသောသူမဟုတ်၊ ဘုရားသခင်၏ငြင်းပယ်ခြင်းခံရလိမ့်မည်ဖြစ်၏။ တစ်ဖက်တွင် မိမိကိုယ်ကိုနှိမ့်ချသောသူတို့သည် ချီးမြှောက်ခြင်းခံရကြလိမ့်မည်။ လူသည် ဘုရားသခင်ရှေ့၌ ဘာမျှမဟုတ်ကြောင်း ဝန်ခံလျက် နှိမ့်ချခြင်းသဘောရှိခြင်းသည် သာ၍ကောင်း၏။

ဘုရားသခင်၌ မွေ့လျော်ခြင်းသည် ဂရုဏာတော်စိတ်ရှိခြင်းဖြစ်ပါသည်။ အကျိုးကို မမျှော်ကူးဘဲ ပေးကမ်းခြင်းဖြစ်၏။ ပြန်၍မတုံ့ပြန်နိုင်သောသူတို့အပေါ် ကောင်းမှုကုသိုလ်ပြုခြင်းဖြစ်၏။ ဤသည်ကား ယေရှု၏နည်းလမ်းဖြစ်ပါသည်။ လူအပေါင်းတို့အဖို့ ကားတိုင်ပေါ်၌ အသေခံခြင်းအတွက် မိမိကိုယ်ကိုစတေးတော်မူ၍၊ အဘယ်သူကမျှ ပြန်၍ထိုသို့မပေးဆပ်နိုင်ခဲ့ပါ။ ထို့ကြောင့် ကျွန်တော်တို့သည် သူတပါးထံကောင်းသောအမှုပြုခြင်း၌ စိတ်ကျေနပ်မွေ့လျော်ခြင်းရှိကြရပါမည်။

**ဆင်ခြင်ရန်** - ဘုရားသခင်၌ကိုယ်တော်၏နည်းလမ်းအတိုင်း မွေ့လျော်ခြင်းကျွန်တော်ရှိပါသလား။

**ဆုတောင်းချက်** - ဂရုဏာတော်နှင့်ပြည့်စုံတော်မူသော ကောင်းကင်ဘုံရှိအဘဘုရား၊ မယုံကြည်သော၊ ဆန့်ကျင်ခြင်းပြုသောစိတ်နှလုံးမှ အကျွန်ုပ်ကို ကယ်နှုတ်တော်မူသည်ဖြစ်၍၊ ကိုယ်တော်အား နာမ်ဝိညာဉ်နှင့်ဒင်း၊ သစ္စာတရားနှင့်ဒင်း၊ ဝတ်ပြုကိုးကွယ်ခြင်းငှါ အကျွန်ုပ်၌ သန့်ရှင်းသောစိတ်နှလုံးဖန်ဆင်းတော်မူပါ။

ဗုဒ္ဓဟူး၊ ဖေဖော်ဝါရီ (၂၈)

**လုကာ ၁၄း၁၅-၂၄**

ဗျာ ၂၂း၁၂-၁၇

*“ရေငတ်သောသူသည်လာပါစေ။ အလိုရှိသောသူသည် အဘိုးကိုမပေးဘဲ အသက်ရေကိုယူပါစေ”*

# ကြီးစွာသောပွဲ

ယေရှုက လူများစွာတို့ကိုပွဲ၌ဆင်နွှဲဖို့ရန် ဖိတ်ခေါ်ခြင်းပြုသောသာဓကကို ဖော်ပြခဲ့၏။ ဤသည်ကား မိမိ၏နိုင်ငံတော်သို့ လူများတို့ကိုကြိုဆိုလျက်ရှိကြောင်း သခင်ယေရှု၏စိတ်ဆန္ဒကို ပြသခြင်းဖြစ်ပါသည်။ ယေရှုသည် “ငါတို့တွင်အဘယ်သူမျှ မပျက်စီးဘဲ၊ ရှိသမျှတို့သည် နောင်တရစေခြင်းငှါ အလိုတော်ရှိ၍ ငါတို့ကို သည်းခံတော်မူ၏” (၂ ပေ ၃း၉)။ ဤဖိတ်ခေါ်မှုကိုယေရှုသွန်းတော်မူသော အသွေးတော်အားဖြင့်ပြုခြင်းဖြစ်၏။ ဤသည်ကား အာဒံမစ၍ နောက်ဆုံးသောလူသားတိုင်အောင် လူ၏အပြစ်လွှတ်ခြင်းအမှုအတွက် တစ်ခုတည်းသောနည်းလမ်းဖြစ်၏။ ဤသည်ကား နောင်တရ၍၊ သခင်ယေရှုအားမိမိ၏ကယ်တင်ရှင်သခင်အဖြစ် လက်ခံယုံကြည်သောသူတို့အဖို့ အကျိုးရှိတော်မူ၏။

သို့သော်လည်းဖိတ်ခေါ်ခြင်းခံရသော သူတို့သည် ငြင်းပယ်ခြင်းပြုကြ၏။ ယေရှုက မတူညီသော ဆင်ခြေသုံးမျိုး၊ လောကီလူတို့၏စိတ်သဘောကို ဖော်ပြခဲ့၏- ခန္ဓာကိုယ်တပ်မက်ခြင်း၊ မျက်စိတပ်မက်ခြင်း၊ လောကီစည်းစိမ်၌ဝါကြွားခြင်းတို့ဖြစ်၏။ “. . . လောကီမိဿဟာယသည် ဘုရားသခင်နှင့် ဆန့်ကျင်ဘက်ဖြစ်သည်ကို မသိကြသလော။ ဤလောကနှင့်မိဿဟာယဖွဲ့လိုသောသူသည် ဘုရားသခင်၏ရန်သူဖြစ်၏” (ယာကုပ် ၄း၄)။ လူတို့သည် ဘုရားသခင့်ဂရုဏာတော်၏ ဖိတ်ခေါ်ခြင်းကို ငြင်းပယ်ခဲ့လျှင်၊ ငရဲမီးအိုင်၌ ပြစ်ဒဏ်ခတ်ခြင်းခံရမည့်အချိန် သူတို့အတွက် ရောက်လာပါလိမ့်မည်။

ယုဒလူတို့သည် သခင်ယေရှုကိုငြင်းပယ်ခဲ့ကြသောကြောင့် မိမိ၏ဂရုဏာတော်ကို တပါးအမျိုးသားတို့ထံ ပေးအပ်မည်အကြောင်း ဤသာဓက၌ ယေရှုဖော်ပြခဲ့၏။ သို့သော်လည်း ဣသရေလလူတို့အဖို့ ဘုရားသခင်၌အစီအစဉ်ရှိကြောင်းကို ကျွန်တော်တို့သိမှတ်ကြရပါမည်။ ယခုအသင်းတော်ကာလရှိကျွန်တော်တို့သည် ခရစ်တော်၌တည်သော ဘုရားသခင်၏ကြီးမြတ်သောဂရုဏာတော်ကို လိုအပ်ကြပါ၏။ “စိတ်နှလုံးနှိမ့်ချသောသူတို့သည် မင်္ဂလာရှိကြ၏။ အကြောင်းမူကား၊ ကောင်းကင်နိုင်ငံတော်သည် ထိုသူတို့၏နိုင်ငံဖြစ်၏။ စိတ်မသာညည်းတွားသောသူတို့သည် မင်္ဂလာရှိကြ၏။ အကြောင်းမူကား ထိုသူတို့သည်သက်သာခြင်းသို့ရောက်ကြလတ္တံ့” (မသဲ ၅း၃-၅)။

“ဝိညာဉ်တော်နှင့်မင်္ဂလာဆောင်သတို့သမီးက လာခဲ့ပါဟုဆိုကြ၏။ ကြားသောသူကလည်း လာခဲ့ပါဟုဆိုပါစေ။ ရေငတ်သောသူသည်လာပါစေ။ အလိုရှိသောသူသည် အဖိုးကိုမပေးဘဲ အသက်ရေကို ယူပါစေ” (ဗျာ ၂၂း၁၇)။ ယေရှုသည်လူသားအပေါင်းတို့ အတွက် အသေခံတော်မူခဲ့၏။ ထို့ကြောင့် ကယ်တင်ရှင်ယေရှုမိမိလိုအပ်ကြောင်း သိနားလည်သောသူတိုင်းသည် အသက်ရေကို အဖိုးအခမပေးဘဲ သောက်ကြပါစေသော်။

**ဆင်ခြင်ရန်** - သိုးသငယ်၏ကြီးမြတ်သောပွဲ၌ ကျွန်တော်ပါဝင်ဆင်နွှဲခွင့်ရပါမည်လော။

**ဆုတောင်းချက်** - ဂရုဏာတော်ရှင်အဖဘုရား၊ ကိုယ်တော်သည်အကျွန်ုပ်အား ဤကမ္ဘာမတည်မရှိမီကတည်းက ရွေးနုတ်တော်မူ၏။ ကိုယ်တော်၏နိုင်ငံတော်သို့ ဝင်ရမည်အကြောင်း အကျွန်ုပ်အားသေချာစေတော်မူပါ။

**လုကာ ၁၅း၁-၁၀**
ဟေရှာ ၅၃း၄-၉

*"ငါတို့ရှိသမျှသည်သိုးကဲ့သို့လမ်းလွဲလျက်၊ ကိုယ်လမ်းသို့ အသီးအသီးလိုက်သွားကြသည်ဖြစ်၍. . . "*

## ကောင်းကင်ဘုံ၌ကြီးစွာသောဝမ်းမြောက်ခြင်း

အခွန်ခံနှင့်အပြစ်သားတို့သည် ယေရှုထံလာကြသောအခါ၊ ဖာရိရှဲတို့က ယေရှုအား အပြစ်သားတို့ကို လက်ခံသည်ဟုစွပ်စွဲကြ၏။ ယေရှုကမိမိသိုးပျောက်လျက်ရှိသောသိုးထိန်းတစ်ဦးသာဓကကို သူတို့အားပြောကြားခဲ့၏။ သိုးထိန်းသည်ပျောက်သောသိုးရှာဖွေခြင်းအမှုကိုဆောင်ရွက်ခဲ့ပါသည်။ အကြောင်းမှာ သိုးသည် မိမိကိုယ်ကိုသိုးခြံသို့ပြန်မလာနိုင်ကြောင်း သိုးထိန်းသိခဲ့သည်။ ပျောက်သောသိုးဆိုသည်မှာ ဘုရားသခင်ထံမှလမ်းလွဲသောအပြစ်သားကို ဆိုလိုပါ၏။ "ငါတို့ရှိသမျှသည် သိုးကဲ့သို့ လမ်းလွဲလျက် ကိုယ်လမ်းသို့အသီးသီးလိုက်သွားကြသည်ဖြစ်၍၊ ထာဝရဘုရားသည် ခပ်သိမ်းသော ငါတို့၏အပြစ်များကို သူ့အပေါ်၌တင်တော်မူ၏" (ဟေရှာ ၅၃း၆)။ ယေရှုက မိမိ၏ပလ္လင်တော်ကို ထားခဲ့ပြီး၊ ဤလောကသို့ကြွလာတော်မူရခြင်းအကြောင်းရင်းကို ဖော်ပြခဲ့ပါ၏။ ယေရှုသည် ပျောက်သောသူတို့အား ပညတ်တရားလိုက်လျှောက်ခြင်းဟူသော ပြုခြင်းနာခံခြင်းနှင့် ကားတိုင်ပေါ်၌ အသေခံခြင်းတည်းဟူသော ခံခြင်းနာခံခြင်းအားဖြင့် ရှာဖွေတော်မူခဲ့၏။ ဤသာဓကပျောက်သော သိုးကို ရှာဖွေ တွေ့ရှိခဲ့သော သိုးထိန်း၏ပျော်ရွှင်ဝမ်းမြောက်မှုကို ဖော်ပြခဲ့ပါ၏။ သူသည်မိမိနှင့်အတူ ဝမ်းမြောက် ခြင်းရှိရန် မိတ်ဆွေအိမ်နီးချင်းတို့ကို ဖိတ်ခေါ်ခဲ့၏။ အပြစ်သားသည် နောင်တရ၍ ယေရှုခရစ်တော်ကို ယုံကြည်ခြင်းရှိသောအခါ ကောင်းကင်ဘုံ၌ ဝမ်းမြောက်ခြင်းရှိသည်အကြောင်း ယေရှုဖော်ပြခဲ့၏။

ယေရှုက အထက်သာဓကနှင့်ဆက်နွယ်လျက်ရှိသော ပျောက်သောဒင်္ဂါးပြားသာဓကကို ဆက်လက်ဖော်ပြတော်မူ၏။ ပျောက်သောအရာရှာဖွေတွေ့ရှိခြင်းအကျိုးတရားကို ဖော်ပြခဲ့၏။ ဤသာဓက၌ မိန်းမတစ်ဦးတွင် ငွေဆယ်ပြားရှိခဲ့၏။ ထိုဆယ်ပါးတွင် တစ်ပြားပျောက်သောကြောင့် ကြိုးစားရှာဖွေခဲ့ပါသည်။ တွေ့ရသောအခါ အလွန်ဝမ်းမြောက်ခြင်းရှိ၍ မိတ်ဆွေအိမ်နီးချင်းတို့ကို ဖိတ်ခေါ်ခဲ့၏။ ယေရှုကအပြစ်သားတစ်ဦးသည် နောင်တရ၍ယေရှုခရစ်တော်ကို မိမိ၏ကယ်တင်ရှင်သခင်အဖြစ် လက်ခံသောအခါ ကောင်းကင်ဘုံ၌ကြီးစွာသောဝမ်းမြောက်ခြင်းရှိကြောင်း တဖန် ဖော်ပြတော်မူခဲ့၏။ ယုံကြည်သူတို့သည် သခင်ယေရှုပိုင်တော်မူသော ရတနာဖြစ်ကြပါသည်။ ယေရှုသည် ပျောက်သောသူတို့ကို ကြိုးစားရှာဖွေခြင်းအားဖြင့် မိမိ၏စိတ်ရှည်သည်းခံမှုကို ထပ်၍ပြသခဲ့၏။ "ဝိညာဉ်တော်နှင့်မင်္ဂလာဆောင်သတို့သမီးက လာခဲ့ပါဟုဆိုကြ၏။ ကြားသောသူကလည်း လာခဲ့ပါဟုဆိုပါစေ။ ရေငတ်သောသူသည်လာပါစေ။ အလိုရှိသောသူသည် အဖိုးကိုမပေးဘဲ အသက်ရေကို ယူပါစေ" (ဗျာ ၂၂း၁၇)။ သခင်ယေရှုကဲ့သို့ ကျွန်တော်တို့သည်လည်း ပျောက်သော သူတို့ကို သွားရောက်ရှာဖွေလိုသောသူများဖြစ်ကြပါစို့။

**ဆင်ခြင်ရန်** - အပြစ်သားကယ်တင်ခြင်းခံရသောအခါ ကျွန်တော်ပျော်ရွှင်ဝမ်းမြောက်ခြင်း ရှိပါသလား။

**ဆုတောင်းချက်** - အကျွန်ုပ်၏မြတ်သောသိုးထိန်း၊ ကိုယ်တော်သည် အကျွန်ုပ်ကိုရှာဖွေ၍သိုးခြံထဲသို့ သွင်းတော်မူ၏။ ထာဝရသေခြင်းမှအကျွန်ုပ်ကို ကယ်တင်တော်မူသောကြောင့် ကျေးဇူးတင်ပါ၏။

သောကြာ၊ မတ် (၂)

**လုကာ ၁၅း၁၁-၃၂**

မသဲ ၂၁း၂၈-၃၂

*“အခွန်ခံတို့နှင့်ပြည့်တန်ဆာတို့သည် သင်တို့အရင် ဘုရားသခင်၏နိုင်ငံတော်သို့ဝင်တတ်ကြ၏”*

## အဘ၏ဝမ်းမြောက်ခြင်း

ယေရှုတတိယမြောက်သာဓကဖြစ်သော နောင်တရသောအပြစ်သားအပေါ်၌ ကောင်းကင်ဘုံရှိအဘ၏ဝမ်းမြောက်ခြင်းအကြောင်းကို ဟောပြောခဲ့ပါသည်။ ထိုသာဓက၌ဖခင်တစ်ဦးတွင် သားနှစ်ယောက်ရှိခဲ့၏။ သားအငယ်သည်မိမိရထိုက်သည့်အမွေကို တောင်းလျှောက်ခဲ့၏။ အမွေဟူသည် မိဘကွယ်လွန်ပြီးမှ လက်ခံရမည့်အရာဖြစ်သောကြောင့် ထိုသို့အမွေတောင်းခြင်းသည် ဖခင်အား သေလော့ဟုကျိန်ခြင်းပြုသကဲ့သို့ဖြစ်ပါသည်။ အမွေရပြီးမှ ထိုသားငယ်သည် အဝေးသို့ထွက်သွားခဲ့၏။ ထိုအမွေကုန်သည်တိုင်အောင် လောကီအပျော်ကျူးခြင်းကို ပြုခဲ့၏။ နောက်ဆုံးတွင် ယုဒလူတို့အဖို့ မသန့်ရှင်းသော၊ ဝက်ကျောင်းခြင်းအမှုကိုပြုခဲ့၏။ သူသည်ဖခင်နှင့်ဘုရားသခင်အပေါ် အပြစ်ကျူးလွန်ကြောင်း သတိရခဲ့၏။ နောင်တရလျက် ဖခင်ထံပြန်သွားခြင်းငှါ ဆုံးဖြတ်ချက်ချခဲ့ပါသည်။ သားဟုပင် မခေါ်ထိုက်တော့ကြောင်း မိမိကိုယ်ကိုဝန်ခံခဲ့ပြီး၊ အလုပ်လုပ်မှသာလျှင် လုပ်ခရသော အစေခံကျွန်ဖြစ်ခြင်းငှါဆန္ဒရှိခဲ့၏။

အံ့သြစရာကောင်းသည်မှာ ထိုသားအား ကြီးကျယ်ခမ်းနားစွာကြိုဆိုခြင်းပြုခဲ့ပါ၏။ အကောင်းဆုံးသော အဝတ်အထည်၊ လက်စွပ်နှင့်ဖိနပ်တို့ကိုပေးခြင်းခံရ၏။ သေပြီဟုထင်ရသော မိမိ၏သားအသက်ပြန်ရှင်လာသောကြောင့် အဘသည်ပွဲကိုကျင်းပစေခဲ့၏။ ယေရှုက အဘခမည်းတော်၏မြတ်သောချစ်ခြင်းမေတ္တာကို ဖော်ပြခဲ့ပါသည်။ နောင်တရသောအပြစ်သားအပေါ် ထားရှိသော ကောင်းကင်ဘုံရှိအဘဘုရား၏ချစ်ခြင်းမေတ္တာပေတည်း။ အပြစ်သားတို့အား နောင်တရ၍ ယေရှုအား ယုံကြည်ကိုးစားခြင်းငှါ ဖိတ်ခေါ်ခြင်းလည်းဖြစ်၏။ ဘုရားသခင်အပေါ် ကြီးမားသော အပြစ်လွန်ကျူးသည့်အပြစ်သားပင်လျှင် နောင်တရ၍ ယေရှုခရစ်တော်ကိုယုံကြည်ခြင်းရှိလျှင်၊ ဝမ်းမြောက်ခြင်းဖြင့် ကြိုဆိုခြင်းခံရမည်ဖြစ်ပါသည်။

တစ်ဖက်တွင် သားအကြီးသည် ဖခင်ကပျောက်သောသားအပေါ်၌ ဂရုဏာထားသောကြောင့် အမျက်ထွက်ခဲ့၏။ ဤအချက်ကိုယေရှုကဘေး၌ရှိသော ဖာရိရှဲနှင့်ကျမ်းပြုဆရာတို့ကို ရည်ညွှန်း၍ ဖော်ပြခြင်းဖြစ်၏။ သခင်ယေရှုသည်မိမိကိုယ်ကို ဖြောင့်မတ်သည်ဟုထင်မှတ်သောသူ၊ ဘုရားသခင်အဘို့ အမှုပြုသည်ဖြစ်သောကြောင့် ကောင်းကြီးမင်္ဂလာခံထိုက်သည်ဟု မိမိကိုယ်ကို ထင်မှတ်သောသူတို့အား အမျက်ထွက်တော်မူ၏။ ထိုမိမိကိုယ်ကိုဖြောင့်မတ်သည်ဟု ထင်မှတ်သောသူတို့အား ယေရှုက “အခွန်ခံတို့နှင့်ပြည့်တန်ဆာတို့သည် သင်တို့အရင်ဘုရားသခင်၏နိုင်ငံတော်သို့ ဝင်တတ်ကြ၏” (မသဲ ၂၁း၃၁) ဟုမိန့်တော်မူ၏။ သင်သည်သင်၏အပြစ်တို့ကိုအမှန်နောင်တရ၍ ယေရှုကိုအမှန်ယုံကြည်ခြင်းရှိပါလား။

**ဆင်ခြင်ရန်** - အပြစ်သားနောင်တရသောအခါ အဘဘုရားဝမ်းမြောက်ခြင်းရှိသည်ကို ကျွန်တော်သတိပြုမိပါသလား။

**ဆုတောင်းချက်** - အဖဘုရား၊ အကျွန်ုပ်၏အပြစ်များကို သတိပြုမည်အကြောင်း မစတော်မူပါ။

စနေ၊ မတ် (၃)

**လုကာ ၁၆း၁-၁၈**

ကမ္ဘာ ၂း၁၈-၂၅

*“ယောကျ်ားသည် . . . ကိုယ်ခင်ပွန်း၌မှီဝဲသဖြင့်၊ ထိုသူတို့သည် တစ်သားတစ်ကိုယ်တည်းဖြစ်ရလိမ့်မည်”*

## တပ်မက်သောစိတ်ကို ရှုတ်ချခြင်း

တပ်မက်ခြင်းဆိုသည်မှာ တစုံတခု၊ ကြွယ်ဝချမ်းသာခြင်းနှင့် စည်းစိမ်ဥစ္စာစသည်တို့ကို အလွန်အကျွံပိုင်ဆိုင်လိုချင်သောစိတ်ဟု ဆိုနိုင်ပါသည်။ တပ်မက်ခြင်းသည် ပျက်စီးခြင်းနှင့်သစ္စာမဲ့ခြင်းသို့ခေါ်ဆောင်တတ်၏။ ဤသာဓကထဲမှ ပုဂ္ဂိုလ်သည် မိမိအပိုင်မဟုတ်သောအရာကို ဖြုန်းတီးပစ်ခဲ့၏။ မိမိမပိုင်ဆိုင်သော သခင်၏ပစ္စည်းဥစ္စာ၊ ကြွယ်ဝချမ်းသာမှုကို ဖြုန်းတီးခဲ့ပါသည်။ ထိုမကောင်းသောအမှုကို ပေါ်လွင်သောအခါ၊ သူသည် မုသာကိုသုံးခဲ့၏။ သခင်သည် မတရားမှုကို မဟုတ်ဘဲ “လိမ္မာစွာပြုသည်” ဟု (လုကာ ၁၆း၈) ဘုရားသခင်၏သားသမီးတို့နှင့် နှိုင်းယှဉ်ချီးမွမ်းခဲ့၏။ တပ်မက်ခြင်းရှိသောအစေခံကျွန်သည် “အဆွေရှိစေခြင်းငှါ မမြဲသောလောကီစည်းစိမ်ကို” (လုကာ ၁၆း၉)၊ အသုံးပြုခဲ့၏။ သို့သော်လည်း ယုံကြည်သူတို့သည် တရားသောနည်းဖြင့် ငွေကြေးကို ရှာဖွေကြရမည့်အစား၊ ဘုရားသခင်ကို ကြောက်ရွံ့ခြင်းမရှိသောသူတို့ကို အတုယူ၍မမြဲသောလောကီစည်းစိမ်ကိုကိုးစားတတ်ကြ၏။

တပ်မက်သောစိတ်ရှိသောသူသည် မိမိကိုယ်ကျိုးကိုသာရှာသောသူဖြစ်သောကြောင့် ရိုသေလေးစားထိုက်သောပုဂ္ဂိုလ်မဟုတ်ပါ။ ဖာရိရှဲတို့သည် ဤသာဓကကိုကြားရသောအခါ ယေရှုအား မထီမဲ့မြင်ပြုကြ၏။ သူတို့သည်ဘုရားသခင်မဟုတ်ဘဲ မမြဲသောစည်းစိမ်ဥစ္စာကို ကိုးကွယ်ကြကြောင်း လက်မခံကြပါ။ ထို့ပြင်သူတို့သည် လူတို့၏အထင်ကြီးလေးစားမှုကို ခံလိုကြ၏။ ယေရှုက လူတို့၏ချီးမြှောက်ခြင်းခံရသောသူသည် ဘုရားသခင်၏ချီးမွမ်းခြင်းမခံရဟုဆိုခဲ့၏။ အမှန်မှာ ဘုရားသခင်ရှေ့မှောက်၌ ထိုသို့သောသူသည် ရွံရှာစရာကောင်းပါ၏။

တပ်မက်ခြင်းသည် စည်းစိမ်ဥစ္စာအလွန်အကျွံလိုချင်သောစိတ်သာမက၊ ခန္ဓာကိုယ်တပ်မက်ခြင်းလည်းပါ၏။ ရှင်မသဲခရစ်ဝင်ကျမ်းထဲ၌ ဖာရိရှဲတို့က ယေရှုအား အကြင်လင်မယားကွာရှင်းခွင့်ရှိပါသလောဟုမေးခဲ့ကြ၏။ ယေရှုကသူတို့အား ထိုသို့ပြုခြင်းသည် ဘုရားသခင်၏ရည်ရွယ်ချက်မဟုတ်ကြောင်း (ကမ္ဘာ ၂း၂၄)၊ အဘယ်သူကမျှသူတို့ကို ခွဲရသောအခွင့်အာဏာမရှိကြောင်း ဆုံးမခဲ့၏။ တပ်မက်ခြင်းသည် အိမ်ထောင်ရေးကိုပျက်ပြားစေတတ်၏။ ကွာရှင်းခြင်းသည် အမည်ခံခရစ်ယာန်များအကြား၌လည်း ဖြစ်ပွားမှုနှုန်းမြင့်တက်လျက်ရှိကြောင်း သိရပါ၏။ သူ့မယားပြစ်မှားခြင်းသည် တပ်မက်ခြင်းမှ အစပျိုးခဲ့ပြီး၊ ကွာရှင်းခြင်း၊ မိသားစုပြိုကွဲခြင်းနှင့် ဆုံးမ၍မရသော သားသမီးပေါ်ပေါက်လာခြင်းတို့ဖြစ်စေတတ်၏။

**ဆင်ခြင်ရန်** - အကျွန်ုပ်သည်တပ်မက်သောစိတ်ရှိသောသူဖြစ်ပါသလား။

**ဆုတောင်းချက်** - ကျေးဇူးတော်ရှင်အဖဘုရား၊ အကျွန်ုပ်စိတ်ကိုတပ်မက်ခြင်းအရာမှ ကင်းရှင်းစေတော်မူပါ။ ကိုယ်တော်၏ကောင်းချီးမင်္ဂလာနှင့် ကျေနပ်ရောင့်ရဲခြင်းရှိမည့်အကြောင်း မစတော်မူပါ။

တနင်္ဂနွေ၊ မတ် (၄)
**လုကာ ၁၆း၁၉-၃၁**
မသဲ ၁၃း၂၄-၄၃

*"ငိုကြွေးခြင်း၊ အံ့ဖွယ်ခဲကြိတ်ခြင်းရှိရာမီးဖို၌ ချကြလတ္တံ့"*

## ယေရှု၏ငရဲအကြောင်းဖော်ပြခြင်း

သခင်ယေရှုသည် ဤအဖြစ်အပျက်အမှန်ကိုပြောကြားခဲ့ပြီး၊ ရှင်လုကာကလည်း သာဓကမဟုတ်သောကြောင့် သာဓကအကြောင်းနှင့် ရှေ့ဆင့်နောက်ဆင့်မထားဘဲ ဖော်ပြခဲ့၏။ ယေရှုက အမည်မဖော်ပြဘဲ ကာမဂုဏ်စည်းစိမ်ကို ပျော်မွေ့လျက်နေသောသူဌေးတစ်ယောက်အကြောင်း ဖော်ပြခဲ့၏။ ထိုသူ၌လူသားအပေါင်းလိုချင်ကြသောအရာများ ပိုင်ဆိုင်ထား၏။ တစ်ဘက်တွင် လာဇရုသည် ထိုသူ၏အိမ်တံခါး၌ အကူအညီတောင်းခံနေသောသူတောင်းစားဖြစ်ပါသည်။ စားနပ်စားပေါက်ကိုတောင်းခံနေသော လာဇရုအပေါ်၌ ထိုသူဌေးသည် လုံးဝသနားကြင်နာခြင်းမရှိခဲ့ပါ။ သူဌေးသည် အလွန်ကပ်စေးနဲသော၊ သူတပါးကို မဝေမျှလိုသောသူဖြစ်၏။

သူဌေးနှင့်လာဇရုတို့သည် နှစ်ဦးစလုံးသေခဲ့ကြ၏။ လာဇရုကိုကောင်းကင်တမန်တို့က ခေါ်ဆောင်သွား၍ အာဗြဟံ၏ရင်ခွင်သို့ပို့ဆောင်ခဲ့ကြ၏၊ ထိုအရပ်သည် ယေရှုခရစ်တော်ကို ယုံကြည်သောသူတို့အဖို့ နေစရာအရပ်ဖြစ်ပါသည်။ အကြောင်းမှာ အာဗြဟံသည် ဘုရားသခင်၏ အဆွေတော်ဖြစ်၏။ သူဌေးသည် ငရဲသို့ရောက်၍၊ ဒုက္ခခံနေရ၏။ လူ့လောက၌ အသက်ရှင်စဉ် မိမိ၌မရှိခဲ့သော သနားခြင်းဂရုဏာကို တောင်းလျှောက်ခဲ့၏။ လာဇရုသည် အနည်းငယ်သော သနားကြင်နာခြင်းကိုသာအဘယ်ကြောင့် တောင်းလျှောက်ခဲ့သည်ကို ယခုသူသဘောပေါက်နားလည်ခဲ့ပါ၏။ ငရဲထဲတွင် လူတို့သည် နောင်တရခြင်းငှါ ဘုရားသခင်အခွင့်ပေးတော်မူသောအချိန်တို့ကို ပြန်လည်အောက်မေ့ခြင်းရှိ၍ ဝမ်းနည်းခဲ့ကြရ၏။ ထိုအချိန်၌ နောင်တမရဘဲ စိတ်နှလုံးခိုင်မာစေခဲ့ကြသောကြောင့်တည်း။ "ငိုကြွေးခြင်း၊ အံသွားခဲကြိတ်ခြင်းမီးဖို၌ ချကြလတ္တံ့" (မသဲ ၁၃း၄၂)။ ကောင်းကင်နှင့်ငရဲအကြား၌ ကြီးမားသောချိုင့်ကြီးရှိပါ၏။

ငရဲသို့ရောက်ရှိနေသော သူဌေးကြီးသည် အလွန်စိတ်အားထက်သန်သောဧဝံဂေလိဆရာဖြစ်လာခဲ့၏။ သူ၏ညီအစ်ကိုတို့အား ထိုငရဲ၏နာကျင်မှုနှင့်ဒုက္ခများအကြောင်း သိရှိကြခြင်းငှါ သတိပေးစေလိုခဲ့၏။ သူတို့သည် ယေရှုခရစ်တော်အား မိမိတို့၏ကယ်တင်ရှင်သခင်အဖြစ် လက်ခံကြခြင်းငှါ ဆန္ဒပြင်းပြလျက်ရှိ၏။ အာဗြဟံကထိုသူတို့၌ ယုံကြည်စရာဘုရားသခင်မှတ်သွင်းတော်မူ၍ ထိန်းသိမ်းစောင့်ရှောက်တော်မူသော နှုတ်ကပတ်တော်ရှိကြောင်း ဆိုခဲ့၏။ သေသောသူပြန်လည်အသက်ရှင်လျှင်လည်း၊ သူတို့သည် ယုံကြည်ခြင်းရှိမည်မဟုတ်သောကြောင့် လာဇရုအား စေလွှတ်ဖို့မလိုကြောင်းဆိုခဲ့၏။ ယေရှုသည်သေခြင်းမှရှင်ပြန်ထမြောက်ခဲ့သော်လည်း ယနေ့တိုင်အောင် လူတို့သည် ငြင်းပယ်၍ကယ်တင်ခြင်းသတင်းကောင်းကို မယုံကြည်ခဲ့ကြပါ။ ဤယေရှုဖော်ပြသော အဖြစ်အပျက်၏အဓိကအချက်သည် ငရဲမှလွတ်မြောက်နိုင်လမ်းတစ်လမ်းကို ဖော်ပြခြင်းဖြစ်၏။ လူသားတို့၏တစ်ပါးတည်းသော ကယ်တင်ရှင်သည် ယေရှုသာလျှင်ဖြစ်ကြောင်း ဖော်ပြတော်မူသော ဘုရားသခင်၏နှုတ်ကပတ်တော်ကို ယုံကြည်ခြင်းရှိပါလော့။

**ဆင်ခြင်ရန်** - သမ္မာကျမ်းစာဖော်ပြသော ယေရှုခရစ်တော်ကို ကျွန်တော်ယုံကြည်ခြင်းရှိပါသလား။

**ဆုတောင်းချက်** - အကျွန်ုပ်တို့၏ကြီးမြတ်တော်မူသော ကယ်တင်ရှင်ဘုရား၊ ယေရှုခရစ်တော်သည် လူသားတို့၏တပါးတည်းသော ကယ်တင်ရှင်ဖြစ်ကြောင်း ဖော်ပြတော်မူသော ကိုယ်တော်၏စုံလင်သောနှုတ်ကပတ်တော်ကြောင့် ကိုယ်တော့်ကိုကျေးဇူးတင်ပါ၏။

တနင်္လာ၊ မတ် (၅)
**လုကာ ၁၇း၁-၆**
မသဲ ၆း၁၄-၁၅

*"သင်တို့သည်သူတပါးတို၏အပြစ်ကိုလွှတ်လျှင်၊ ကောင်းကင်ဘုံ၌ရှိတော်မူသောသင်တို့အဘသည် သင်တို့၏အပြစ်ကိုလွှတ်တော်မူမည်"*

# **ခွင့်လွှတ်ခြင်းမင်္ဂလာ**

ယေရှုက တပည့်တော်တို့အားအသက်တာ၌ မှားယွင်းစရာအကြောင်းရှိမည်ဖြစ်ကြောင်း သတိပေးတော်မူခဲ့၏။ သို့သော်လည်း ထိုမှားယွင်းခြင်းကိုဖြစ်စေသောသူမဖြစ်မည်အကြောင်း သတိပြုခြင်းငှါ မိန့်တော်မူ၏။ "မှားယွင်းခြင်း" ဟူသောစကားလုံးသည် သူတပါးကိုအပြစ်ပြုစေခြင်းဟူ၍ အဓိပ္ပာယ်ရ၏။ သူတို့သည် သူတပါးကိုလဲကျစေနိုင်ပါ၏။ ဥပမာအားဖြင့် ယုံကြည်ခြင်း၌ အားနည်းသောသူတို့သည် လွယ်ကူစွာမှားယွင်းခြင်းရှိတတ်ကြ၏။

ကြိတ်ဆုံကျောက်သည် တိရိစ္ဆာန်တို့၏ လှည့်ဆွဲခြင်းဖြင့်လည်နေသောကြိတ်ဆုံ၌ အသုံးပြုသောကြီးမားသောကျောက်ဖြစ်၏။ ဤကျောက်သည် အလွန်လေးသောကြောင့်လူတစ်ဦး၏ လည်ပင်း၌ဆွဲ၍ပင်လယ်ထဲသို့ ပစ်ချလျှင် အလွန်နစ်မြုပ်သေဆုံးလိမ့်မည်ဖြစ်ပါသည်။ သူတပါးကို မှားယွင်းစေခြင်းထက် ပင်လယ်ထဲ၌ နစ်မြုပ်သေဆုံးခြင်းသည် သာ၍ကောင်း၏။ အပြစ်၏ ဆွဲနိုင်သောတန်ခိုးကို ယေရှုဖော်ပြခြင်းဖြစ်၏။ မှားယွင်းစေခြင်းအပြစ်၏ ကြီးလေးမှုကိုလည်း ထင်ရှားစွာဖော်ပြခဲ့၏။

သူတို့အပေါ်အပြစ်ပြုသောသူတို့အား ဆုံးမခြင်းငှါ ယေရှုအားပေးတော်မူ၏။ ထိုသို့ပြုခြင်းသည် သူတပါးမမှားယွင်းစေခြင်းငှါ ရှောင်ရှားခြင်းဖြစ်၏။ ထိုသို့ပြစ်မှားသောသူတို့သည် နောင်တရလျှင် ခွင့်လွှတ်ကြရမည်ဖြစ်၏။ ထိုသို့နောင်တရသောသူတို့ကို အကြိမ်ကြိမ်ခွင့်လွှတ်ခြင်းငှါ သတိပေးတော်မူ၏ (မသဲ ၆း၁၄)။ အပြစ်လွှတ်ခြင်းအမှုသည် မှားယွင်းစေခြင်းကို ကာကွယ်ခြင်းပြု၏။ ကလဲ့စားချေခြင်းအမှုသည် သူတပါးကိုမှားယွင်းစေရာရောက်၏။

တပည့်တော်တို့သည် မိမိတို့၏ယုံကြည်ခြင်းတိုးပွားစေခြင်းငှါ သခင်ယေရှုအားဆုတောင်းကြ၏။ အကြိမ်ကြိမ်အပြစ်ပြုလျှင် ခွင့်လွှတ်ဖို့ရန်ခဲယဉ်းလှပါ၏။ လူ့စိတ်သည်မကျေနပ်ချက်တို့ကို သိမ်းထားတတ်၏။ ထိုသို့အပြစ်ကိုအကြိမ်ကြိမ်ပြုလျှင်၊ ကလဲ့စားချေခြင်းသည် ရုတ်တရက်ပေါက်ကွဲတတ်၏။ ယေရှုကမိမိအားယုံကြည်ခြင်းရှိကြခြင်းငှါ မိန့်တော်မူ၏။ ကျွန်ုပ်တို့၌ သေးငယ်သောယုံကြည်ခြင်းရှိလျှင်ပင် သူတပါးကိုချစ်နိုင်၍ ခွင့်လွှတ်ခြင်းရှိနိုင်၏။ ထိုသို့ပြုခြင်းငှါ ကျွန်ုပ်တို့ ယုံကြည်ကိုးစားသောဘုရားသခင်သည် ခွန်အားပေးတော်မူမည်။ သန့်ရှင်းသောဝိညာဉ်တော်ကိန်းဝပ်ခြင်းခံရသောယုံကြည်သူတို့သာလျှင် အဆုံးမရှိခွင့်လွှတ်ခြင်းရှိနိုင်ကြ၏။ အကြောင်းမှာ "ဝိညာဉ်တော်၏ အသီးသည် ချစ်ခြင်းမေတ္တာ" (ဂလာ ၅း၂၂) ဖြစ်ပါ၏။ "ဘုရားသခင်၏ချစ်ခြင်းမေတ္တာတော်သည် ပြော၍မကုန်၊ ရေး၍မကုန်ကြီးမြတ်တော်မူ၏။ အမြင့်ဆုံးသောကြယ်ထက်မြင့်၍ အနက်ဆုံးသော ငရဲထက် နက်တော်မူ၏" (Lehman)။

**ဆင်ခြင်ရန်** - အကျွန်ုပ်ကိုပြစ်မှားသောသူတို့အား ကျွန်တော်ခွင့်လွှတ်ပါသလား။
**ဆုတောင်းချက်** - အဖဘုရား၊ ခွင့်လွှတ်တတ်သောစိတ်သဘောကို အကျွန်ုပ်အား ပေးသနားတော်မူပါ။

အင်္ဂါ၊ မတ် (၆)
**လုကာ ၁၇း၇-၁၀**
ကောလော ၃း၂၂-၂၅

*“သခင်ဘုရားကိုကြောက်ရွံ့လျက် . . . စိတ်နှစ်ခွ မရှိဘဲ၊ လောကီသခင်၏စကားကိုအရာရာ၌ နားထောင်ကြလော့”*

---

## ကြိုးစားအားထုတ်ခြင်းမင်္ဂလာ

ကြိုးစားအားထုတ်ခြင်းဆိုသည်မှာ တစ်စုံတစ်ခုပြုခြင်း၌ မရှိမဖြစ်လိုအပ်သော ဖွဲ့လုံ့လဖြစ်ပါသည်။ ယေရှုကဘုရားသခင်၏ အမှုတော်ဆောင်ရွက်ခြင်း၌ကြိုးစားအားထုတ်မှုရှိရမည်အကြောင်းမိန့်တော်မူ၏။ စိတ်ပါလက်ပါလယ်ကွင်းထဲသို့သွား၍၊ လယ်ထွန်ပြီး သခင်၏တိရစ္ဆာန်တို့ကို ထိန်းကျောင်းမှုပြုသော အစေခံကျွန်တစ်ဦးအကြောင်း သာဓကဖော်ပြခဲ့ပါသည်။ ထိုသို့ပြန်လာ၍ မိမိသခင်အတွက်အမှုများဆောင်ရွက်လျက်၊ အစားအစာပြင်ဆင်ထားခဲ့၏။ ထိုနည်းတူဘုရားသခင်၏အစေခံကျွန်သည် ပျင်းရိခြင်းမရှိဘဲ ဘုရားသခင်၏အမှုတော်ကို ကြိုးစားဆောင်ရွက်ရပါမည်။

ထို့ပြင်ယေရှုက နာခံမှုရှိသောအစေခံကျွန်အကြောင်းကို ဆက်လက်ဖော်ပြခဲ့၏။ ပင်ပန်းစွာအလုပ်လုပ်ပြီးမှ အခြားအလုပ်လုပ်ခြင်းငှါ ခိုင်းစေခြင်းခံရသောအခါ ညည်းတွားခြင်းမရှိဘဲ ဆက်လက်ဆောင်ရွက်ခဲ့၏။ ဤသည်ကား မိမိ၏တာဝန်ဝတ္တရားဖြစ်ကြောင်း သိတော်မူ၏။ ပြုရမည့်အမှုပြီးစီးစွာမဆောင်ရွက်မီ အနားယူခြင်းမပြုပါ။ ခရစ်ယာန်သည် နာခံခြင်းဖြင့်ဘုရားသခင်၏အမှုတော်ကိုဆောင်ရွက်ရပါမည်။ ဘုရားသခင်၏ပညတ်တရားကို အကုန်အစင်လိုက်လျှောက်ခြင်းငှါ ဆုတောင်းခြင်းပြုရပါမည်။ Calvin က “ဤသာဓက၏အဓိကရည်ရွယ်ချက်သည် ကျွန်တော်တို့ပိုင်ဆိုင်ထားသောအရာမှန်သမျှသည် ဘုရားသခင်အမှန်ပိုင်တော်မူကြောင်း၊ ကျွန်ုပ်တို့၏အသက်တာနှင့် ပြုသောအမှုပင်လျှင် ဘုရားသခင်လက်တော်ထဲ၌ရှိတော်မူကြောင်း ဖော်ပြခြင်းဖြစ်၏။ ထို့ကြောင့် ကျွန်တော်တို့၏တာဝန်ထမ်းရွက်သောအခါ ကြိုးစားအားထုတ်မှုအပြည့်ရှိရပါမည်။ ကျွန်တော်တို့သည် ဘုရားပိုင်တော်မူသောကြောင့် ဘုရားသခင်သည် ကျွန်ုပ်တို့အပေါ်၌ အကြွေးမတင်နိုင်ပါ” ဟုရှင်းပြခဲ့၏။

ထိုသို့အမှုပြုခြင်းဖော်ပြပြီးမှ ယေရှုကအစေခံကျွန်၏ စိတ်နှိမ့်ချခြင်းသဘောကို ဖော်ပြခဲ့၏။ မိမိပြုသောအမှုတိုင်းသည် မိမိ၏တာဝန်ဝတ္တရားအရပြုရမည့်အမှုဖြစ်ကြောင်း သိသဖြင့်၊ ဘုရားသခင်ရှေ့မှောက်၌ ဝါကြွားခြင်းလုံးဝမရှိပါ။ ခရစ်ယာန်တို့သည် ဘုရားသခင်ပေးတော်မူသော တာဝန်ဝတ္တရားကိုပင် ပြီးစီးစွာမပြုနိုင်ကြကြောင်း သိထားကြရပါမည်။ ကျွန်တော်တို့ပြုရမည်မှာ ကျွန်ုပ်တို့အသက်တာ၌ အမှုပြုတော်မူသော သန့်ရှင်းသောဝိညာဉ်တော်၏မစတော်မူခြင်းအားဖြင့် ကျွန်ုပ်တို့၏တာဝန်ကို ကြိုးစားဆောင်ရွက်ကြရမည်သာဖြစ်ပါသည်။ ကျွန်တော်တို့အကောင်းဆုံးကြိုးစားအားထုတ်ခြင်းရှိကြပါသလား။ ထိုသို့အမှုဆောင်ရွက်သောအခါ ချီးမွမ်းခြင်းခံလိုသောစိတ်နှင့် မပြုရ။ ကျွန်ုပ်တို့တာဝန်ဆောင်ရွက်ခြင်းသာဖြစ်သည်ကို သတိရကြလော့။ ကျွန်တော်တို့အသက်ရှင်သည်ကာလပတ်လုံး ဘုရားသခင်၏အမှုတော်ကို ဆောင်ရွက်ကြရပါမည်။

**ဆင်ခြင်ရန်** - ယေရှုအတွက် အကျွန်ုပ်အကောင်းဆုံးဆောင်ရွက်ပါသလား။
**ဆုတောင်းချက်** - ထာဝရဘုရား၊ ကိုယ်တော်၏အမှုတော်ဆောင်ရွက်ရသောအခွင့်ကို ကျွန်တော်အစဉ်ကြိုးစားရှာဖွေလိုပါ၏။

ဗုဒ္ဓဟူး၊ မတ် (၇)
**လုကာ ၁၇း၁၁-၁၉**
ဆာလံ ၁၀၇း၁-၇

*"ထာဝရဘုရားသည် ကောင်းမြတ်တော်မူ၍၊ ဂရုဏာတော်အစဉ်အမြဲတည်သောကြောင့်၊ ဂုဏ်ကျေးဇူးတော်ကိုချီးမွမ်းကြလော့"*

## ကျေးဇူးတော်ချီးမွမ်းခြင်းမင်္ဂလာ

ယေရှုကလုကာ ၁၇း၁၁-၁၉ ထဲတွင် ကျေးဇူးတော်ချီးမွမ်းခြင်းမင်္ဂလာကို ဖော်ပြတော်မူခဲ့၏။ ဂရုဏာတော်ခံစားရသောသူသည် ကျေးဇူးတော်ချီးမွမ်းရမည်ဖြစ်ပါသည်။ လူများတို့သည် ဘုရားသခင်၏ကောင်းမြတ်တော်မူခြင်းကို နေ့စဉ်ခံစားရသော်လည်း၊ ကျေးဇူးတော်ချီးမွမ်းခြင်းအမှုကို မပြုတတ်ကြပါ။ နူနာရောဂါစွဲသောဆယ်ဦးထဲမှ တစ်ဦးကသာလျှင် အနာငြိမ်းစေခြင်းခံရပြီးမှ ယေရှုထံကျေးဇူးတင်စကားပြောခဲ့၏။ များသောအားဖြင့် ခရစ်ယာန်ဟုခေါ်သော သူတို့ထက်၊ ဘုရားသခင်ကို မသိဘဲနေထိုင်ခဲ့ကြသောသူတို့ထံ ပို၍ဘုရားသခင်ချီးမွမ်းခြင်းခံရသည်ဟု ထင်ရပါသည်။ ထိုသို့မဖြစ်သင့်ပါ။ မှတ်သားထားရမည်မှာ ကျေးဇူးတော်ချီးမွမ်းသောသူတစ်ဦးသာလျှင် စစ်မှန်သောအနာငြိမ်းခြင်းတည်းဟူသော ကယ်တင်ခြင်းကို ခံရကြောင်းဖြစ်၏။ အခြားသူတို့သည် ခန္ဓာကိုယ်အနာငြိမ်းခြင်းခံရကြသော်လည်း ကယ်တင်ခြင်းမခံရသောကြောင့် သေခြင်းကြုံတွေ့ပြီးမှ ငရဲထဲ၌ဘဝကုန်ဆုံးကြရမည်ဖြစ်ပါသည်။

ကျေးဇူးတော်ချီးမွမ်းခြင်းသည် ခရစ်ယာန်တိုင်း၏ လက္ခဏာဖြစ်ရပါမည်။ ဤအချက်ကို ယေရှုကရှင်းလင်းစွာသင်ပေးတော်မူ၏။ ယေရှုသည် ကျေးဇူးမတင်တတ်သောသူ၊ ဘုရားသခင်၏ကောင်းမြတ်ခြင်းကိုမသိသောသူတို့သည် ရောဂါငြိမ်းစေခြင်းခံရကြသော်လည်း၊ ထာဝရအတွက်အကျိုးမခံစားရကြ။ ဆာလံဆရာက လူသားအပေါင်းတို့အား "ထာဝရဘုရားသည် ကောင်းမြတ်တော်မူ၍၊ ကရုဏာတော်အစဉ်အမြဲတည်သောကြောင့် ဂုဏ်ကျေးဇူးတော်ကို ချီးမွမ်းကြလော့" (ဆာလံ (၁၀၇း၁)ဟုဖိတ်ခေါ်လျက်၊ ရှင်ပေါလုကလည်း "အရာရာ၌ကျေးဇူးတော်ကိုချီးမွမ်းကြလော့။ အကြောင်းမူကား သင်တို့သည် ထိုသို့ကျင့်စေခြင်းငှါ၊ ယေရှုခရစ်၌ဘုရားသခင်အလိုတော်ရှိ၏ " (၁ သက် ၅း၁၈) ဟုတိုက်တွန်းခဲ့ပါသည်။

ကျေးဇူးတော်ချီးမွမ်းခြင်းက ဘုရားသခင်၏ဘုန်းတော်၊ ဂုဏ်တော်ကိုထင်ရှားစေ၏။ အရာရာတိုင်း ဘုရားသခင်၏ကျေးဇူးတော်အားဖြင့်ဖြစ်ကြောင်း၊ ဘုရား၏ဘုန်းတန်ခိုးတော်အားဖြင့်ဖြစ်ကြောင်းကို အောက်မေ့သိရခြင်းဖြစ်၏။ ဤကျေးဇူးတော်ချီးမွမ်းခြင်းကို ယနေ့လူတို့မေ့လျော့ကြ၏။ အချို့သောခရစ်ယာန်တို့ပင်လျှင် မိမိတို့၏အစွမ်းအားဖြင့် အောင်မြင်မှုရသည်ဟုထင်လျက်၊ ဘုရားသခင်၏ဘုန်းတော်နှင့်ဂုဏ်တော်ကို မချီးမွမ်းတတ်ကြပါ။ အထူးသဖြင့် ကျွန်တော်တို့သည် ကယ်တင်ခြင်းခံရသောကြောင့် ဘုရားသခင်၏ကျေးဇူးတော်ကို ချီးမွမ်းကြရမည်ဖြစ်၏။ အကြောင်းမှာ ဘုရားသခင်ပြုတော်မူသော ကယ်တင်ခြင်းအမှုဖြစ်၏။ ဘုရားသခင်၏ကျေးဇူးတော် ကျွန်တော်တို့ချီးမွမ်းကြသောအခါ သတိပြုရမည်မှာ ထိုဘုရားသခင်ကိုယ်တိုင်ထံမှရရှိသော ကျွန်တော်တို့မထိုက်တန်ဘဲ ရရှိသောကျေးဇူးတော်ပင်ဖြစ်ပါသည်။

**ဆင်ခြင်ရန်** - ဘုရားသခင်၏ကျေးဇူးတော်ကိုအစဉ်ချီးမွမ်းခြင်းကျွန်တော်ပြုပါသလား။
**ဆုတောင်းချက်** - ထာဝရဘုရား၊ ကျေးဇူးတော်ချီးမွမ်းတတ်သောသူဖြစ်မည်အကြောင်း မစတော်မူပါ။

ကြာသပတေး၊ မတ် (၈)

**လုကာ ၁၇း၂၀-၃၇**
တမန် ၁း၆-၁၁

*“ခမည်းတော်၏တန်ခိုးအားဖြင့် စီရင်တော်မူသော အချိန်ကာကိုသိရသောအခွင့်သည် သင်တို့၌မရှိ”*

## ဒုတိယအကြိမ်ကြွလာတော်မူမည့်အကြောင်းကိုကြိုတင်ဟောပြောခြင်း

ဖာရိရှဲတို့က သခင်ယေရှုအားဘုရားသခင်၏ နိုင်ငံတော်တည်ထောင်မည့်အချိန်ကို မေးလျှောက်ခဲ့ကြ၏။ ထိုသို့မေးရခြင်းရည်ရွယ်ချက်သည် ယေရှုအားပြက်ရယ်ပြုခြင်းငှါဖြစ်၏။ ယေရှုက နိုင်ငံတော်သည် မျက်မြင်သောအရာ၌မတည်ကြောင်း ဆိုခဲ့၏။ ယခုသူတို့မြင်တွေ့နေရသော လောကီရှင်ဘုရင်တို့ကဲ့သို့ ကြွလာမည်မဟုတ်ပါ။ ယေရှုကထိုနိုင်ငံတော်သည် လူတည်ထောင်သော နိုင်ငံမဟုတ်ဘဲ၊ ဘုရားသခင်၏နိုင်ငံတော်ဖြစ်ကြောင်း မိန့်တော်မူ၏။ ထို့ပြင် ယေရှုကတပည့်တော်တို့အား “အချိန်ကာလကိုသိရသောအခွင့်သည် သင်တို့၌မရှိ” (တမန် ၁း၇) ဟုကောင်းကင်သို့ ကြွသွားတော်မမူမီမိန့်တော်မူ၏။ ပို၍အားကြီးသောမေးခွန်းမူကား၊ ကျွန်တော်တို့အဆင်သင့်ရှိပါသလားဟူ၍ဖြစ်၏။

သို့သော်လည်း ယေရှုကထိုအမှုမတိုင်မီ ကျွန်ုပ်တို့၏အပြစ်အတွက် ဆင်းရဲဒုက္ခခံ၍ ငြင်းပယ်ခြင်းခံရမည်အကြောင်းဆိုခဲ့၏။ အပြစ်နှင့်ကျရောက်လာမည့်အမျက်တော်မှ ကယ်နှုတ်ခြင်းငှါ ကားတိုင်ပေါ်၌အသေခံမည့်အကြောင်း ဖော်ပြခဲ့၏။ ယေရှုကမိမိ၏ဒုတိယအကြိမ်ကြွလာတော်မူမည့်နေ့ရက်ကာလသည် နောဧ၏ခေတ်ကဲ့သို့ဖြစ်မည်အကြောင်း၊ လူတို့သည်ယုံကြည်ခြင်းမရှိဘဲ နေကြမည်အကြောင်းဆိုခဲ့၏။ ရေလွှမ်းမိုးခြင်းမခံရမချင်း ယုံကြည်ခြင်းမရှိကြ။ သိမြင်ကြသောအခါ တံခါးပိတ်လျက်ရှိပြီဖြစ်၏။ ခရစ်တော်ကြွလာမည့်အချိန်သည် ထိုသို့ဖြစ်လိမ့်မည်။ မယုံကြည်သောသူတို့သည် အံ့ဩမိန်းမောခြင်းရှိကြပါလိမ့်မည်။

ယေရှုကမိမိကြွလာတော်မူမည့်အချိန်ကို လောတ၏ခေတ်နှင့်နှိုင်းယှဉ်ထားတော်မူ၏။ သောဒုံနှင့်ဂေါမောရမြို့၏လူနေမှုစရိုက်သည် အကျင့်ပျက်ခြင်းဖြစ်ပါသည်။ ကောင်းကင်ဘုံမှကန့်မီးကျရောက်လာပြီး အားလုံးသေခဲ့ကြ၏။ ရုတ်တရက်ကျရောက်မည်ဖြစ်၏။ မမျှော်လင့်သောအချိန်၌ကျရောက်လျက် ရွေးကောက်ထားသောသူတို့သာ သတိရှိကြလိမ့်မည်ဖြစ်၏။ ယနေ့အချိန်၌လည်း အကျင့်ပျက်ခြင်းနှင့်လိင်တူထိမ်းမြားခြင်းတို့ကို နေရာတကာ၌တွေ့နေကြရပြီဖြစ်ပါသည်။

ယေရှုကလူတို့အား မိမိကိုယ်ကိုကယ်တင်ခြင်းငှါ မကြိုးစားသင့်ကြောင်း ဘုရားသခင်၏အမျက်တော်မှ မိမိကိုယ်ကိုလွတ်မြောက်အောင် မပြုနိုင်ကြောင်းမိန့်တော်မူ၏။ ယေရှုအတွက် မိမိ၏အသက်ကိုစွန့်လွှတ်အနစ်နာခံပြီး၊ ကယ်တင်ခြင်းခံရခြင်းငှါ တိုက်တွန်းခဲ့၏။ တပည့်တော်တို့က ယေရှုအား ကယ်တင်ခြင်းခံရသောသူတို့သည် အဘယ်အရပ်သို့ရောက်၍၊ ကျန်သောသူတို့သည် အဘယ်အရပ်သို့နေကြရမည်ကို မေးခဲ့ကြ၏။ ယေရှု၏မိန့်တော်မူချက်အားဖြင့်ကျိန်ခြင်းခံရသောသူတို့သည် ထာဝရပြစ်ဒဏ်ချခြင်းခံရ၍၊ ချီဆောင်ခြင်းခံရသောသူတို့သည် ဘုရားသခင်နှင့်အတူ ဘုရားသခင်၏နိုင်ငံတော်၌ထာဝရနေကြရမည်ဖြစ်ကြောင်း သိရပါသည်။

**ဆင်ခြင်ရန်** - သခင်ယေရှုကြွလာတော်မူမည့်အချိန်ကို ကျွန်တော်မျှော်လင့်လျက်ရှိပါသလား။
**ဆုတောင်းချက်** - အဖဘုရား၊ အကျွန်ုပ်၏ကယ်တင်ရှင်သခင်ကို မြင်တွေ့လိုလှပါ၏။

**လုကာ ၁၈း၁-၈**
၁ သက် ၅း၁၆-၂၂

*"မခြားမလပ်ဆုတောင်းပဌနာပြုကြလော့။*
*အရာရာ၌ကျေးဇူးတော်ကို ချီးမွမ်းကြလော့. . .*
*အကြောင်းမူကား၊ . . . ဘုရားသခင်အလိုတော်ရှိ၏"*

## ဆုတောင်းခြင်းငှါနှိုးဆော်ခြင်း

ယေရှုကလူတို့အားအစဉ်ဆုတောင်း၍ အားမလျော့စေခြင်းငှါ တိုက်တွန်းတော်မူ၏။ "အားလျော့" ဟူသောစကားလုံးသည် ပျင်းရိခြင်းကိုဆိုလို၏။ ယုံကြည်သူသည် တောင်းလျှောက်ခြင်း၊ ဆုတောင်းခြင်းနှင့်ကျေးဇူးတော်ချီးမွမ်းခြင်းအမှု၌ မပျင်းရိသင့်ပါ။ ယေရှုကဆက်လက်၍ သာဓကအားဖြင့် လူတို့အားဆုတောင်းခြင်းငှါ နှိုးဆော်တော်မူခဲ့၏။ မုဆိုးမတစ်ယောက်သည် ဘုရားသခင်ကို မကြောက်ရွံ့သောတရားသူကြီးထံ တောင်းလျှောက်ခြင်းပြု၍၊ လုံ့လဝီရိယဖြင့် တောင်းလျှောက်ခဲ့သောကြောင့် ခွင့်ပြုခြင်းခံခဲ့ရ၏။ ကျေးဇူးတော်နှင့်ပြည့်ဝတော်မူသောကောင်းကင်ဘုံရှိအဘသည် သားသမီးတို့အားပို၍အဖြေပေးတော်မူမည် မဟုတ်ပါလော။ သို့သော်လည်း ခရစ်ယာန်တို့သည် မိမိတို့၏နည်းလမ်းအားဖြင့် ဦးစွာပြု၍မဖြစ်နိုင်သည့်အဆုံး၌သာ ဘုရားသခင်ကိုအောက်မေ့တတ်ကြ၏။

မုဆိုးမသည် ထိုတရားသူကြီးမှလွဲ၍အဘယ်သူမျှမကူညီနိုင်ကြောင်းကို သိပါ၏။ ထို့ကြောင့် ထိုမျှော်လင့်ခြင်းကြိုးတစ်မျှင်ကိုဆွဲကိုင်လျက် ထိုတရားသူကြီးအားနေ့ညတောင်းလျှောက်ခြင်းဖြစ်၏။ ခရစ်ယာန်တို့ကလည်း ကျွန်ုပ်တို့၌ဘုရားသခင်မှလွဲ၍ မစနိုင်သောသူမရှိကြောင်း သိထားကြရပါမည်။ ကျွန်ုပ်တို့၏ပြဿနာတို့ကို ဖြေရှင်းပေးတော်မူနိုင်သော၊ တစ်ဦးတည်းသော ဘုရားသခင်ထံ အစဉ်ဆုတောင်းခြင်းပြုကြရပါမည် (၁ သက် ၅း၁၇-၁၈ ကိုဖတ်ပါ)။

ဘုရားကိုကြောက်ရွံ့ခြင်းမရှိသော်လည်း ထိုတရားသူကြီးသည် မုဆိုးမ၏အစဉ်တောင်းလျှောက်မှုကိုသည်းမခံနိုင်သောကြောင့် အခွင့်ပေးခဲ့၏။ ထိုအဖြေပေးခြင်းသည် ချက်ချင်းပေးခဲ့ခြင်းဖြစ်၏။ ယေရှုကထိုဆိုးသွမ်းသောတရားသူကြီးကပင်လျှင် ထိုသို့ပြုလျှင်၊ ကောင်းမြတ်တော်မူသောဘုရားသခင်ကမိမိ၏သားသမီးအပေါ်သို့ ကောင်းချီးမင်္ဂလာချပေးတော်မမူဘဲ နေမည်မဟုတ်ကြောင်းမိန့်တော်မူ၏။ ဘုရားသခင်သည်ဆုတောင်းခြင်းကို အဖြေပေးသောအခါ မစောတတ်သကဲ့သို့ နောက်လည်းမကျတတ်ပါ။ မိမိအချိန်အတိအကျ၌ ပေးတော်မူ၏။ ကျွန်ုပ်တို့၌ ယုံကြည်ခြင်းမရှိခြင်းသည် ပြဿနာဖြစ်ပါ၏။ အမည်ခံခရစ်ယာန်တို့သည် ဘုရားသခင်ကိုအမှန်နားမလည်ကြပါ။ အချို့သည်ဘုရားသခင်ပြုသော ကယ်တင်ခြင်းကိုပင် မေ့လျော့ခဲ့ကြ၏။ ယေရှုက "လူသားသည် ကြွလာသောအခါ ယုံကြည်ခြင်းကိုမြေကြီးပေါ်မှာ တွေ့မည်လော" (လုကာ ၁၈း၈) ဟုဆိုခဲ့၏။ သန့်ရှင်းသူတို့၌ တစ်ကြိမ်တစ်ခါအပ်ပေးတော်မူသော ယုံကြည်ခြင်းကို လူများတို့သည် ငြင်းပယ်ခဲ့ကြပါလိမ့်မည်။ များစွာသောအမည်ခံယုံကြည်သူတို့သည် အဆုံးထိ သစ္စာရှိကြမည်မဟုတ်ပါ။ မိမိသားသမီးတို့ကို အဆုံးတိုင်အောင် ထိန်းသိမ်းစောင့်ရှောက်တော်မူမည်ဖြစ်သောကြောင့် ဘုရားသခင်ကို ချီးမွမ်းကြပါစို့။

**ဆင်ခြင်ရန်** - မခြားမလပ်ကျွန်တော်ဆုတောင်းပါသလား။

**ဆုတောင်းချက်** - အိုကျေးဇူးတော်ရှင်အဖဘုရား၊ အစဉ်ဆုတောင်းခြင်းငှါ ကြိုးစားအားထုတ်မှုနှင့် လုံ့လဝီရိယပေးတော်မူပါ။ အကျွန်ုပ်၏အတွေး၊ အပြောအဆိုတို့သည် ကိုယ်တော်ကို ကိုးစားသောစိတ်ဖြင့်ပြုသောအရာဖြစ်ပါစေသော်။

စနေ၊ မတ် (၁၀)

**လုကာ ၁၈း၉-၁၇**

ဆာလံ ၆၆း၁၃-၂၀

*“ငါသည်စိတ်နှလုံးထဲမှာ ဒုစရိုက်ကိုငဲ့ကွက်လျှင်၊ ဘုရားရှင်သည် နားထောင်တော်မမူ”*

## စိုးမြောက်ခြင်းသည်စိတ်နှိမ့်ချသောသူအဖို့ဖြစ်၏

ယေရှုကလူတို့အား ဘုရားသခင်ကိုမည်သို့ဆုတောင်းခြင်းဖြင့် ချဉ်းကပ်ကြရမည်ကို သွန်သင်ပေးခဲ့၏။ သာဓကထဲ၌ ဆန့်ကျင်ဖက်ဖြစ်သောအခွန်ခံနှင့် ဖာရိရှဲ၏ဆုတောင်းချက်ကို ဖော်ပြခဲ့၏။ ယေရှုက ဖာရိရှဲ၏ဝါကြွားခြင်း၊ မိမိကိုယ်ကိုဖြောင့်မတ်သည်ဟုထင်သောစိတ်ဖြင့် ကောင်းသော ဆုတောင်းချက်ကိုရှုတ်ချခဲ့ပါသည်။ ဖာရိရှဲသည်မိမိကောင်းသည်ထင်သော၊ မိမိပြုသော ကောင်းမှုတို့ကိုဖော်ပြ၍ မိမိကိုယ်ကိုဖြောင့်မတ်သည်ဟုထင်ခဲ့၏။ တစ်ဖက်တွင် အခွန်ခံသည် နောင်တရသောဆုတောင်းခြင်းကိုပြုခဲ့၏။ ယေရှုခေတ်ကာလ၌ အခွန်ခံတို့သည်ကောင်းကင်နှင့် ထိုက်တန်ခြင်းမရှိသောအပြစ်သားဟု သတ်မှတ်ကြ၏။ သို့သော်လည်းမိမိကိုယ်ကို ဝါကြွားခဲ့သော ဖာရိရှဲမဟုတ်ဘဲ၊ ထိုအခွန်ခံသည်ဖြောင့်မတ်ရာသို့ရောက်ခဲ့ပါ၏။

ကျွန်တော်တို့သည်ဆုတောင်းသောအခါ ဘုရားသခင်၏သန့်ရှင်းသောပလ္လင်တော်သို့ ချဉ်းကပ်ခြင်းငှါအလွန်ထိုက်တန်သောသူဟု မိမိကိုယ်ကိုထင်မှတ်ပြီးဆုမတောင်းသင့်ပါ။ သခင်ယေရှုခရစ်တော်ပြုသောအမှုအားဖြင့် ထိုသို့ပြုရသောအခွင့်ကို ကျွန်တော်တို့ရကြခြင်းဖြစ်၏။ ဖာရိရှဲကဲ့သို့ အဘယ်ခရစ်ယာန်မှဆုမတောင်းသင့်ပါ။ ကျွန်တော်တို့သည်မိမိတို့၏အပြစ်ကို ဝန်ခံလျက်ခွင့်လွှတ်ခြင်းတောင်းလျှောက်ခြင်းဖြင့် ရိုးသားဖြူစင်သောစိတ်သဘောနှင့် ဆုတောင်းကြရပါမည်။ “ငါသည်စိတ်နှလုံးထဲမှာ ဒုစရိုက်ကိုငဲ့ကွက်လျှင်၊ ဘုရားရှင်သည် နားထောင်တော်မမူ” (ဆာလံ ၆၆း၁၈)။ လူသည်ပြုသော ကောင်းမှုကုသိုလ်အားဖြင့်မဟုတ်ဘဲ အမှန်နောင်တရလျက်၊ သခင်ယေရှုခရစ်တော်၌ ယုံကြည်ခြင်းအားဖြင့်သာ ဘုရားသခင်ရှေ့၌ဖြောင့်မတ်ရာသို့ ရောက်ခြင်းဖြစ်၏။ ဖြောင့်မတ်စေတော်မူခြင်းသည် အပြစ်သားအတွက် ကားတိုင်ပေါ်၌ ယေရှုပြုတော်မူသောအမှုအားဖြင့် ဘုရားသခင်သည် အပြစ်သားအတွက် ကားတိုင်ပေါ်၌ယေရှုပြုတော်မူသောအမှုအားဖြင့် ဘုရားသခင်သည် အပြစ်သားအား ပြစ်ဒဏ်နှင့်ကင်းလွတ်ကြောင်း ကြေငြာတော်မူခြင်းဖြစ်၍ ဘုရားသခင်ပြုတော်မူသောအမှုဖြစ်၏။

ယေရှုကဘုရားသခင်ထံ မည်သို့ချဉ်းကပ်ရမည်အကြောင်း ကလေးငယ်ကိုသာဓကအဖြစ် အသုံးပြုခဲ့ပါ၏။ ကလေးသူငယ်ကဲ့သို့သောစိတ်သဘောရှိသောသူတို့ကို ဘုရားသခင်လက်ခံတော်မူ၏။ သူတို့သည်နှိမ့်ချခြင်းသဘောရှိ၍၊ သွန်သင်ဆုံးမမှုကိုနာခံသောသူ၊ ကိုယ်ကျိုးမရှာသောသူဖြစ်ကြ၏။ ခရစ်ယာန်တို့သည် ထိုကဲ့သို့သောကလေးသူငယ်၏စိတ်သဘောရှိလျက် ယုံကြည်ကိုးစားခြင်းဖြင့်ဘုရားသခင်ကို ချဉ်းကပ်ကြရပါမည်။

ကျွန်တော်တို့သည် ညည်းတွားခြင်း၊ ညည်းညူခြင်းမပြုဘဲ အပြစ်လွှတ်ခြင်းတရားကို တောင်းလျှောက်ခြင်းဖြင့် ယေရှုထံချဉ်းကပ်ကြရပါမည်။ မိမိတို့ပြုသောကောင်းမှုကုသိုလ်ကို အမှီမပြုဘဲ ဘုရားသခင်၏ကယ်တင်ခြင်းကျေးဇူးတော်ကို လုံးဝယုံကြည်ကိုးစားခြင်းရှိကြရပါမည်။ ယေရှုက ထိုသို့သောကလေးငယ်၏ယုံကြည်ခြင်းကဲ့သို့သော ယုံကြည်ခြင်းမရှိလျှင်၊ ဘုရားသခင်၏နိုင်ငံတော်သို့ဝင်ခွင့်မရနိုင်ကြောင်း မိန့်တော်မူ၏။

**ဆင်ခြင်ရန်** - ဆုတောင်းခြင်းဖြင့်ဘုရားသခင်ထံ ချဉ်းကပ်စဉ်ကျွန်တော်နှိမ့်ချခြင်းစိတ်သဘောရှိပါသလား။

**ဆုတောင်းချက်** - ထာဝရဘုရား၊ အကျွန်ုပ်၏ဝါကြွားလိုခြင်း၊ မာနထောင်လွှားခြင်းတို့ကို ခွင့်လွှတ်တော်မူပြီး၊ နှိမ့်ချခြင်းစိတ်သဘောကို အကျွန်ုပ်အားပေးသနားတော်မူပါ။

တနင်္ဂနွေ၊ မတ် (၁၁)
**လုကာ ၁၈း၁၈-၃၀**
ယာကုပ် ၂း၈-၁၃

*“ပညတ်တရားအလုံးစုံကိုစောင့်ရှောက်သည်တွင် တစ်စုံတစ်ခု၌မှားမိလျှင်၊ ပညတ်တရားအလုံးစုံကို လွန်ကျူးသောအပြစ်ရှိ၏”*

# ထာဝရအမွေတော်

ကြွယ်ဝချမ်းသာသောအရာရှိတစ်ယောက်က ယေရှုအားထာဝရအသက်အမွေခံရခြင်းငှါ မည်သို့ပြုရမည်ကိုမေးလျှောက်ခဲ့၏။ မိမိ၏ကောင်းမြတ်မှုကို ဝါကြွားခြင်းဖြင့် ယေရှုအားကောင်းမြတ်သောဆရာဟု ခေါ်ခဲ့၏။ သို့သော်လည်း ယေရှုကဘုရားသခင်မှတပါး ကောင်းမြတ်သောသူ တစ်ယောက်မျှမရှိဟုချက်ချင်းဖော်ပြခဲ့၏။ ထိုသူသည်မိမိ၏ကောင်းမြတ်ခြင်းအားဖြင့် ထာဝရအသက်ရမည်ဟုထင်မှတ်ထားသော်လည်း ယေရှုကကောင်းမှုကုသိုလ်ပြုခြင်းအားဖြင့် အဘယ်သူမျှထာဝရအသက်မရနိုင်ကြောင်း မိန့်တော်မူ၏။ ယေရှုသာလျှင် ကောင်းမြတ်သောလူသားဖြစ်တော်မူ၏။ သူသည်ဘုရားသခင်ဖြစ်ပါ၏။

အရာရှိ၏စိတ်နှလုံးကို သိတော်မူသောကြောင့် ယေရှုကပြုရမည့်အမှုဟူမှုကား ပညတ်တော်ကို လိုက်လျှောက်ရန်ဖြစ်ကြောင်းမိန့်တော်မူ၏။ ထိုသူကအလုံးစုံလိုက်လျှောက်သည်ဟု ဆိုခဲ့၏။ ယေရှုကမုသာဖြစ်ကြောင်းသိသော်လည်း၊ စိတ်ရှည်၍ဂရုဏာထားလျက် ဘုရားသခင်၏ပညတ်တရားမလိုက်လျှောက်ကြောင်းကို ဖော်ထုတ်ခဲ့၏။ ဘုရားသခင်၏ပညတ်တရားကို အလုံးစုံမလိုက်လျှောက်သောကြောင့် ထာဝရအသက်ရမည်မဟုတ်ပါ (ယာကုပ် ၂း၁၀)။ အရာရှိသည် အလုံးစုံလိုက်လျှောက်သည်ထင်မှတ်သော်လည်း၊ အမှန်မှာလုံးဝမဟုတ်ပါ။ သူသည်ဘုရားသခင်နှင့် မိမိနှင့်ဆိုင်သောသူတို့ထက် မိမိ၏စည်းစိမ်ဥစ္စာကိုပို၍ချစ်ကြောင်းတွေ့ရ၏။ ယေရှုကပိုင်ဆိုင်သမျှကိုရောင်း၍ဆင်းရဲသားတို့အား ဝေငှခြင်းငှါ မိန့်တော်မူသောအခါ၊ ထာဝရအသက်ထက်ထိုပစ္စည်းဥစ္စာတို့ကို ပို၍ချစ်ကြောင်းပေါ်လွင်ခဲ့၏။

ထို့နောက်ပေတရုက ယေရှုအားသူတို့ရရှိမည့်ဆုနှင့်ပတ်သက်၍ မေးလျှောက်သောအခါ၊ သခင်ယေရှုက များစွာသောကောင်းချီးမင်္ဂလာခံစားရမည်အကြောင်း၊ နောက်ဘဝ၌ပို၍များစွာခံစားကြရမည်အကြောင်းမိန့်တော်မူ၏။ ထို့ပြင်များစွာသောမိဘညီအစ်ကိုများရှိကြမည်အကြောင်းမိန့်တော်မူ၏။ သခင်ဘုရား၏အလိုတော်ကိုပြုသော ခရစ်ယာန်သည်ဝိညာဉ်တော်နှင့်ဆိုင်သော မိဘညီအစ်ကိုများစွာရရှိမည်အကြောင်းဆိုခဲ့၏။ သို့သော်လည်း မိန်းမယောကျ်ားများစွာယူခြင်းဟူသော မှားယွင်းသောသွန်သင်မှုကို ကျွန်ုပ်တော်တို့သတိထားကြရပါမည်။ မာကု ၁၀း၂၉-၃၀ ထဲတွင် ထိုသွန်သင်ချက်မှားယွင်းကြောင်းဖော်ပြခဲ့၏။ သမ္မာကျမ်းစာရှင်းပြချက်အကောင်းဆုံးသည် သမ္မာကျမ်းစာပင်ဖြစ်သည်။ ယေရှုက အမွေတော်သည်ဤလောက၌သာမဟုတ်၊ မိမိ၏ထာဝရနိုင်ငံတော်၌လည်း ရရှိမည်ဖြစ်ကြောင်း ဂတိထားတော်မူ၏။ ဖော်ပြ၍မရသောကြွယ်ဝချမ်းသာမှုကိုလည်း ဂတိထားတော်မူ၏။ ထိုသို့ဂတိတော်ရှိသောထာဝရကြွယ်ဝချမ်းသာမှုသည် လူ့စိတ်ဖြင့်လုံးဝမမီပါ။ ထိုအမွေတော်ရရှိခြင်းငှါ သင်ပြင်ဆင်ပြီးပြီလား။

**ဆင်ခြင်ရန်** - ခရစ်တော်ယေရှု၌တည်သော ထာဝရကြွယ်ဝချမ်းသာမှုရရှိရန် ကျွန်တော်သေချာမှုရှိပါသလား။

**ဆုတောင်းချက်** - ကောင်းကင်ဘုံရှိအဘ၊ ကိုယ်တော်သည်ကောင်းကင်နှင့်မြေကြီးဖန်ဆင်းရှင်ဖြစ်တော်မူ၍၊ အထောင်အသောင်းသော တောင်ပေါ်ရှိတိရိစ္ဆာန်တို့ကိုပိုင်တော်မူ၏။ ကိုယ်တော်မှတပါး အခြားဘယ်အရာမျှ တောင့်တခြင်းမရှိသောစိတ်နှလုံး ပေးသနားတော်မူပါ။

တနင်္လာ၊ မတ် (၁၂)
**လုကာ ၁၈း၃၁-၃၄**
၁ သက် ၄း၁၃-၁၈

*"ယေရှုသည်သေပြီးမှတဖန်ထမြောက်တော်မူသည်ကို ငါတို့သည်ယုံလျှင်၊ . . ယေရှု၌အိပ်ပျော်သောသူတို့ကို လည်းထိုသခင်နှင့်အတူဘုရားသခင်ပို့ဆောင်တော်မူလိမ့်မည်"*

# သေခြင်းမှရှင်ပြန်ထမြောက်ခြင်း

ယေရှုမိမိ၏ပြုခြင်းနာခံခြင်းဖြစ်သော ပညတ်တရားလိုက်လျှောက်ခြင်းနှင့်ခံခြင်းနာခံခြင်းဖြစ်သော ကားတိုင်ပေါ်၌အသေခံခြင်းအားဖြင့်သာလျှင် လူသားတို့အတွက် ထာဝရအသက်ရယူပေးခဲ့ကြောင်း ဖော်ပြတော်မူ၏။ ပညတ်တရားအလုံးစုံကို ယေရှုသာလျှင် လိုက်လျှောက်နိုင်၏။ ထို့ကြောင့်အပြစ်နှင့်ကင်းစင်သော ဘုရားသခင်၏သိုးသငယ်ယေရှုသာလျှင် ယဇ်ပူဇော်ခြင်းအတွက် ထိုက်တန်မှုရှိ၏။ အပြစ်မှနောင်တရ၍ သခင်ယေရှုခရစ်တော်ကိုယုံကြည်ကိုးစားသောသူတို့သာလျှင် အပြစ်ဒဏ်မှလွတ်လျက် ဖြောင့်မတ်သောသူအဖြစ် ကြေငြာခြင်းခံရ၍၊ ဘုရားသခင်နှင့်အတူ မိဿဟာယဖွဲ့ခွင့်ပြန်၍ရကြ၏။

ခမည်းတော်၏အလိုတော်သို့ ယေရှုဆက်ကပ်တော်မူသောကြောင့် လူသားတို့၏အပြစ်အတွက် ကိုယ်စားအသေခံခြင်းကို ပြုနိုင်ခဲ့ခြင်းဖြစ်၏။ ရောမ ၅း၁၉ ကိုဖတ်ပါ။ ယေရှုသည်လူတို့၏ ပြက်ရယ်ပြုခြင်း၊ ညှင်းဆဲခြင်းကိုခံရခဲ့၏။ ရိုက်နှက်ခြင်း၊ တံတွေးထွေးခြင်း၊ သံမှိုရိုက်ခြင်းနှင့် အသက်မထွက်မီ ၆ နာရီလုံးလုံးကားတိုင်ပေါ်၌ ဝေဒနာခံစားခဲ့ရ၏။ ထာဝရဝေဒနာကျွန်တော်တို့ မခံရအောင် ယေရှုသည်ကျွန်ုပ်တို့အတွက် ဝေဒနာခံခဲ့ရ၏။ ကျွန်တော်တို့ပြုသောအမှုအားဖြင့် မဟုတ်ဘဲ၊ ယေရှုပြုတော်မူသောအမှုကြောင့်သာလျှင် ကျွန်တော်တို့ထာဝရအမွေတော်ကို ခံရကြခြင်းဖြစ်၏။ ဤသတင်းကောင်းကို အစဉ်ဟောပြောခြင်းပြုကြရမည်ဖြစ်၏။ မွေးကတည်းက ယိုယွင်းပျက်စီးနေသော လူသားတို့သည်ထိုသတင်းကောင်းကို လျစ်လျူရှု၍ ခရစ်ယာန်တို့ပင်လျှင် မေ့လျော့တတ်ကြ၏။

အဖိုးထိုက်တန်ဆုံးသောအမွေတော်၊ ခရစ်ယာန်ရရှိမည်အရာကား သေခြင်းမှရှင်ပြန်ထမြောက်လျက် ခရစ်တော်နှင့်အတူ ထာဝရအသက်ဘုန်းတော်ခံစားရမည့်အရာပင်ဖြစ်ပါသည်။ "ညီအစ်ကိုတို့၊ မျှော်လင့်ခြင်းမရှိသော အခြားသူတို့သည် ဝမ်းနည်းသကဲ့သို့ သင်တို့သည်ဝမ်းမနည်းမည်အကြောင်း၊ အိပ်ပျော်သောသူတို့၏အမှုအရာကို မသိဘဲနေစေခြင်းငှါ ငါတို့အလိုမရှိ။ ယေရှုသည် သေပြီးမှတဖန်ထမြောက်တော်မူသည်ကို ငါတို့သည်ယုံလျှင် ထိုနည်းတူယေရှု၌အိပ်ပျော်သောသူတို့ကိုလည်း ထိုသခင်နှင့်အတူ ဘုရားသခင်ပို့ဆောင်တော်မူလိမ့်မည်" (၁ သက် ၄း၁၃-၁၄)။ သခင်ယေရှု ပြန်လည်ကြွလာတော်မူသောအခါ၊ ခရစ်ယာန်တို့သည် အသက်ရှင်သောသူဖြစ်စေ၊ သေသောသူ ဖြစ်စေ၊ ယေရှု၏သေခြင်းမှ ရှင်ပြန်ထမြောက်တော်မူသော ခန္ဓာကိုယ်ကဲ့သို့သော ဘုန်းတော်ခံစားရသော ခန္ဓာကိုယ်ရရှိကြမည်ဖြစ်၏ (၁ ကော ၁၅း၅၁-၅၅)။ ယုံကြည်သူသည် ဤအမွေတော်ကိုခံရ ကြမည်ဖြစ်၏။ ရှင်ပေါလုက "ငါတို့သည် ခရစ်တော်ကိုအမှီပြု၍၊ ယခုဘဝ၌သာ မျှော်လင့်စရာရှိလျှင် အခြားသောသူအပေါင်းတို့ထက် သာ၍ဆင်းရဲသောသူဖြစ်ကြ၏" (၁ ကော ၁၅း၁၉)။ အကျွန်ုပ်တို့၏ယုံကြည်ခြင်းသည် ရှင်ပြန်ထမြောက်တော်မူသော ခရစ်တော်၌တည်၍၊ ခရစ်တော်ကိုပြန်လည်ရှင်ပြန်ထမြောက်စေတော်မူသော သူသည်ထိုသခင်နှင့်အတူ ကျွန်ုပ်တို့အား ပြန်လည်ရှင်ပြန်ထမြောက်စေတော်မူလိမ့်မည်ဟု ယုံကြည်ကြပါ၏။

**ဆင်ခြင်ရန်** - ဘုန်းတော်ဝင်စားမည့်ခန္ဓာကိုယ်ရရှိမည်ဟု ကျွန်တော်သေချာပါသလား။
**ဆုတောင်းချက်** - အဖဘုရား၊ ယုံကြည်သူခံရသော ထာဝရလုံခြုံမှုကို နားလည်ခြင်းငှါ၊ အကျွန်ုပ်အား သွန်သင်တော်မူပါ။

အင်္ဂါ၊ မတ် (၁၃)

**လုကာ ၁၉း၁-၁၀**

ဝတ် ၆း၁-၇ *"ငါးစုတစ်ခုကိုထပ်၍. . . ဥစ္စာရှင်အားပြန်ပေးရမည်"*

## ပြုပြင်သောအသက်တာ

အခွန်ခံတို့သည်ယုဒလူမျိုးများဖြစ်၍၊ မိမိအမျိုးသားချင်းတို့က သစ္စာဖောက်ဟု သတ်မှတ်ခြင်းခံရသောသူဖြစ်ကြ၏။ အကြောင်းမှာ သူတို့သည် ရောမအစိုးရ၏လက်အောက်၌ အခွန်ကောက်ခံသောသူဖြစ်ကြ၏။ ထို့ကြောင့် "အခွန်ခံ" ဟူသောအသုံးအနှုန်းသည် "အပြစ်သား"၊ "ဘုရားမသိသောသူ"(လုကာ ၁၅း၁-၂၊ မသဲ ၁၈း၁၇၊ ၅း၄၆၊ ၂၁း၃၁၊ မာကု ၂း၁၅-၁၆) ဟူ၍ နားလည်ခဲ့ကြ၏။ ထို့ကြောင့်အခွန်ခေါင်းဖြစ်သော ဇကဲသည်ဖာရိရှဲတို့အမြင်၌ အပြစ်ကြီးသောသူဟု သတ်မှတ်ခြင်းခံရ၏။ ထိုသို့ဇကဲသည် အခွန်ခေါင်းဖြစ်သောကြောင့် လုပ်ဖော်ကိုင်ဖက်တို့ထက် ပို၍ဝင်ငွေများစွာ ရရှိခြင်းငှါ အခွင့်အရေးပို၍ရခဲ့၏။

စိတ်ဝင်စားစရာကောင်းသည်မှာ ထိုပုဂ္ဂိုလ်က ယေရှုကိုရှာခဲ့၏။ ထိုသူ၏စိတ်နှလုံးထဲ၌ သန့်ရှင်းသောဝိညာဉ်တော်အမှုပြုတော်မူခြင်းဖြစ်ကြောင်း သေချာလှပါ၏။ ထိုသို့ယေရှုကို မြင်တွေ့ရခြင်းငှါ သဘော်သဖန်းပင်ပေါ်သို့ တက်ခြင်းအားဖြင့်သူ၏ ကြိုးစားအားထုတ်မှုကို သေချာစွာမြင်တွေ့ရပါသည်။ ထိုသို့မပြုမီကတည်းကပင် ယေရှုသည်သိတော်မူခဲ့၏။ ယေရှုကဇကဲကိုခေါ်၍၊ သူ့အိမ်သို့တည်းမည်အကြောင်း မိန့်တော်မူခဲ့၏။ ကျွန်ုပ်တို့၏စိတ်နှလုံးထဲသို့ဝင်ရောက်ခြင်းငှါ ယေရှုအလိုရှိတော်မူသည်တိုင်အောင် ယေရှုနှင့်အတူ မိဿဟာယဖွဲ့လိုခြင်းတောင့်တမှုကျွန်ုပ်တို့၌ ရှိပါသလား။

မိမိ၏အပြစ်တို့ကို ပြန်လည်သတိရ၍၊ ဇကဲသည် ယေရှုထံဝန်ခံခဲ့ပါ၏။ ဘုရားသခင်ရှေ့၌ မိမိအပြစ်တို့ကိုအမှန်ဝန်ခံသောသူတို့သည် ခွင့်လွှတ်ခြင်းကိုရကြ၏။ လူသည်ကယ်တင်ခြင်းခံရသောအခါ မိမိပြုခဲ့သော၊ မှားယွင်းသောအမှုတို့ကို ပြန်လည်ပြုပြင်လိုသောဆန္ဒနှင့်အမြင်သစ်ရရှိခဲ့ကြ၏။ "မဟုတ်မမှန်ဘဲကျိန်ဆို၍ရသောဥစ္စာအဖိုးနှင့်တကွ၊ ငါးစုတစ်ခုကိုထပ်၍ဒုစရိုက်ဖြေသောယဇ်ပူဇော်သောနေ့၌ ဥစ္စာရှင်အားပြန်ပေးရမည်" (ဝတ် ၆း၅)။

ဤအသစ်သောအတွေးအမြင်ကြောင့် ယုံကြည်သူသည် ဘုရားသခင်နှစ်သက်သောအသက်တာကို လိုချင်တောင့်တခြင်းရှိ၏။ ပြောင်းလဲသောသူသည် အသစ်ပြုပြင်သောသတ္တဝါ၊ အသစ်သောစိတ်သဘောပိုင်ဆိုင်သောသူဖြစ်၏။ အရင်ကပြုခဲ့သောဒုစရိုက်အသက်တာကို မုန်းတီးခြင်းရှိ၏။ ဇကဲကယေရှုအား မှားယွင်းစွာရယူခဲ့သောအရာတို့ကို ပိုင်ရှင်ထံပြန်လည်၍များစွာဆပ်ပေးမည်အကြောင်း ဆိုခဲ့၏။ အမှန်တကယ်ကယ်တင်ခြင်းခံရသောသူသည် ပြောင်းလဲခြင်းနှင့်ဆိုင်သော လက္ခဏာကိုအသက်တာ၌ပေါ်လွင်ခြင်းရှိ၏။ အရင်ကအသက်တာအတိုင်း ဆက်၍မနေတော့ပါ။

**ဆင်ခြင်ရန်** - မှားယွင်းစွာအကျွန်ုပ်ပြုခဲ့သောအရာကို ကျွန်တော်ပြန်၍ဆပ်ပေးပါမည်လော။

**ဆုတောင်းချက်** - အဖဘုရား၊ ကျွန်တော်လည်ဖြားခဲ့သောသူတို့ထံ ပြန်၍ဆပ်ပေးလိုသော စိတ်သဘောအား အကျွန်ုပ်၌ဖန်ဆင်းပေးတော်မူပါ။

**လုကာ ၁၉း၁၁-၂၇**
ယော ၁၅း၁-၇

*"အကြင်သူသည်ငါ၌တည်၍၊ ငါသည်လည်းသူ၌တည်၏။ ထိုသူသည်များစွာသောအသီးကိုသီးတတ်၏"*

## အသီးသီးသောအသက်တာ

ဘုရားသခင်၏နိုင်ငံတော်တည်လုနီးပြီဖြစ်ကြောင်း မယုံကြည်သဖြင့်၊ သာဓကတစ်ခုကို ဟောပြောခဲ့ပါ၏။ ယေရှုကမိမိတို့၏သခင်ထံမှ ငွေတစ်ပိဿာစီရ၍ "ငါပြန်၍မလာမီတိုင်အောင် ကုန်သွယ်ခြင်းအမှုကိုပြုလော့" (လုကာ ၁၉း၁၃) ဟုသခင်ခိုင်းစေခြင်းခံရသော အစေခံကျွန်များ အကြောင်းကို ပြောကြားခဲ့၏။ ငွေတစ်ပိဿာသည် ဂရိငွေကြေးရေတွက်ခြင်း၌ ငွေအခွက်တစ်ရာနှင့် ညီမျှပြီး ငွေတစ်ခွက်သည် စစ်သား (သို့) အလုပ်သမားတစ်ဦး၏ တစ်နေ့ဝင်ငွေဖြစ်ပါသည်။ ထို အမတ်သည် သူတို့အားမိမိမရှိသောကာလ၌ ထိုငွေဖြင့်ကုန်သွယ်ခြင်းကိုပြု၍ အမြတ်ရစေခြင်းငှါ အလိုရှိခဲ့၏။

ထိုအမတ်ပြန်လာသောအခါ၊ ငယ်သားတိုင်းကို စာရင်းစစ်၍မေးမြန်းခဲ့ပါသည်။ Calvin က "ကျွန်ုပ်တို့၌အပ်ပေးသောဘုရားသခင်ထံမှ ဆုကျေးဇူးတိုင်းသည် ငွေကြေးကဲ့သို့သတ်မှတ်၍ အမြတ်ရခြင်းငှါ ပေးအပ်ခြင်းဖြစ်ကြောင်း ကျွန်တော်တို့သိကြရပါမည်။ ထိုအရာကိုမသုံးဘဲ မြေကြီး၌ မြှုပ်ထားခြင်းသည် လုံးဝမဖြစ်သင့်ပါ။ အသီးသီးခြင်းအမှု၌ ဘုရားသခင်ဝမ်းမြောက်တော်မူ၏" ဟုဆိုခဲ့ပါသည်။ အမြတ်ရသောသူတို့သည် အသီးသီးသောသူများဖြစ်ကြ၏။ သခင်သည် ထိုသူတို့အား သစ္စာစောင့်သိကြသောကြောင့် ဆုချတော်မူ၏။ ယောဟန် ၁၅း၅ ကိုဖတ်ပါလော့။

သို့သော်လည်း နောက်ဆုံးငယ်သားတစ်ဦးသည် ထိုငွေကိုပဝါဖြင့်ထုပ်ထား၍ ယူလာခဲ့၏။ ထိုငွေဖြင့်အဘယ်အမှုမျှမပြုခဲ့ပါ။ ဤသူသည် ဘုရားသခင်၏ကောင်းမြတ်ခြင်းခံစားရခဲ့သော်လည်း စိတ်နှလုံးခိုင်မာခြင်းရှိသောသူတို့ကို ပုံဆောင်ခြင်းဖြစ်ပါသည်။။ မိမိတတ်နိုင်သောအမှုကို ပြုခဲ့သင့်သော်လည်း မပြုခဲ့ပါ။ ထိုငွေကိုမိမိပိုင်သည်မဟုတ်၊ သခင့်အပိုင်ဖြစ်သောကြောင့် သခင့်အမိန့်တော်ကို နာခံခဲ့သင့်ပါ၏။ ဘာမျှမပြုခြင်းအားဖြင့် မိမိ၏ပျင်းရိခြင်းကိုဖော်ပြခဲ့ပါ၏။ ထိုသို့ပျင်းရိခဲ့သောကြောင့် ပေးအပ်ခဲ့သောငွေကို အမြတ်မပါဘဲ ပြန်၍အားငယ်စွာယူလာခဲ့၏။

ခရစ်ယာန်တို့သည် ယေရှု၌မတည်လျှင်အသီးမသီးနိုင်ပါ။ အလွန်သနားစရာကောင်းသော မြင်ကွင်းမှုကား -"ငါ၌မတည်သောသူသည် သွေ့ခြောက်သောအခက်ကဲ့သို့ ပြင်သို့ပစ်လိုက်ခြင်းကို ခံရ၏။ ထိုသို့သောအခက်များကို လူတို့သည်စုသိမ်း၍၊ မီးထဲသို့ချလိုက်ကြသဖြင့် မီးလောင်ခြင်းသို့ ရောက်ကြ၏" (ယော ၁၅း၆) ဟူ၍ဖြစ်၏။

**ဆင်ခြင်ရန်** - အကျွန်ုပ်သည်အသီးမသီးသောခရစ်ယာန်ဖြစ်ပါသလား။

**ဆုတောင်းချက်** - အဖဘုရား၊ ဆုကျေးဇူးတော်အပေါင်းနှင့်ခွန်အားကိုပေးတော်မူသောဘုရား၊ ကိုယ်တော်၏စပျစ်ဥယျာဉ်ထဲ၌ ကြိုးစားမှုပြုမည်အကြောင်း ခွန်အားပေးသနားတော်မူပါ။

ကြာသပတေး၊ မတ် (၁၅)
**လုကာ ၁၉း၂၈-၄၄**
ဇာခရိ ၉း၉-၁၇

*“အိုဇိအုန်သတို့သမီး၊ အလွန်ဝမ်းမြောက်လော့။ . . . သင်၏အရှင်မင်းကြီးသည်. . . သင်ရှိရာသို့ ကြွလာတော်မူသည်ကိုကြည့်ရှုလော့”*

## အောင်နိုင်ခြင်းနှင့်တကွကြွလာတော်မူခြင်း

ယေရှုကမိမိသည် ဣသရေလ၏မေရှိယဖြစ်ကြောင်းကြေငြာတော်မူခဲ့၏။ နေရာကား သံလွင်တောင်၌ဖြစ်ပါသည်။ ထိုသို့ခေါ်ရခြင်းသည် ထိုတောင်ပေါ်၌သံလွင်ပင်များစွာရှိသောကြောင့်တည်း။ ယေရုရှလင်မြို့မှ ဥပုသ်နေ့ခရီးလောက်ကွာဝေးသောနေရာဖြစ်ပါသည် (တမန် ၁း၁၂)။ ဤတောင်၏အနောက်ဘက်တွင် ဂေသရေမန်ဥယျာဉ်ရှိခဲ့၏။ တောင်၏အရှေ့ဘက်ခြမ်းတွင် ဗက်ဖာဂေရွာနှင့်ဗေသနိရွာတည်ရှိကြ၏။

ဤသည်ကား ဇာခရိ ၉း၉ ထဲ၌ တွေ့ရသော မေရှိယဘုရင်အကြောင်း ပရောဖက်ပြုချက် အတိအကျပြည့်စုံခြင်းဖြစ်ပါသည်။ ယေရှုကမိမိ၏အသိဉာဏ်တော်အားဖြင့် တပည့်တော်နှစ်ဦးအား မြည်းကလေးသွားယူခြင်းငှါ အတိအကျလမ်းညွှန်ပေးတော်မူခဲ့၏။ လူတို့သည်မိမိတို့၏အဝတ်များကို လမ်း၌ခင်းခြင်းဖြင့် သူတို့၏ရှင်ဘုရင်ကိုကြိုဆိုခဲ့ကြ၏။

ယေရှုသည်ယေရုရှလင်မြို့သို့ချဉ်းကပ်လာသောအခါ လူတို့သည် “ဟောရှဏ္ဏာ” (မသဲ ၂၁း၉) ဟုကြွေးကြော်ခဲ့ကြ၏။ “ဟောရှဏ္ဏာ” အနက်ကား “ယခုကယ်တင်တော်မူပါ” (သို့) “ကယ်တင်တော်မူပါ” ဟူ၍ဖြစ်၏။ လူတို့သည်ရောမအစိုးရအုပ်စိုးခြင်းမှ လွတ်မြောက်လိုကြသောကြောင့် ဝမ်းမြောက်ပျော်ရွှင်ခြင်းရှိကြ၏။ သို့သော်လည်းသူတို့၏ ဣသရေလနိုင်ငံတည်ထောင်မည်ဟူသော မျှော်လင့်ချက်သည်လွဲခဲ့ပါ၏။ ယုဒလူတို့သည် ကြွလာတော်မူမည့်ရှင်ဘုရင်မေရှိယကို စောင့်မျှော်နေခဲ့ပြီး၊ ထိုသို့ယေရှုပြုတော်မူမည်ဟုထင်မှတ်ခဲ့ကြ၏။

ဖာရိရှဲတို့သည် ယေရှု၏ကျော်ကြားမှုကိုမနာလိုခြင်းရှိကြ၏။ ထိုသို့ယေရှုအား ချီးမြှောက်သောအသံကြောင့် အမျက်ထွက်ခဲ့ကြပါသည်။ လူတို့အား ဟောရှဏ္ဏာဟုအော်ဟစ်ခြင်းမှ တားမြစ်စေခြင်းငှါ ယေရှုကိုတောင်းလျှောက်ကြ၏။ ထိုသို့ခရစ်တော်ချီးမွမ်းခြင်းအသံကို တိတ်စေခြင်းငှါ ဖာရိရှဲတို့သည် ကြိုးစားခဲ့သော်လည်း မအောင်မြင်ကြချေ။ ယေရှုကထိုသူတို့အား ဘုရားသခင်သည် ကျောက်ခဲတို့ကိုအာဗြဟံ၏သားသမီးအဖြစ်သို့ ပြုနိုင်သည်အတိုင်း ကလေးသူငယ်တို့၏နှုတ်မှ မိမိ၏ ချီးမွမ်းခြင်းကိုစုံလင်စေတော်မူနိုင်ကြောင်း ပြောကြားခဲ့ပါသည်။ ဤအမှု၏လိုအပ်မှုနှင့်အရေးပါမှုကို ဖော်ပြခဲ့ပါသည်။

ယေရှုသည်ဤလောက၌ မိမိ၏နှစ်တစ်ထောင်အုပ်စိုးခြင်းမတည်ထောင်မီ ယေရုရှလင်မြို့၌ ဖြစ်ပျက်မည့်အရာတို့ကို သိမြင်သောကြောင့် ယေရုရှင်လင်မြို့အပေါ် ငိုကြွေးတော်မူ၏။ သူတို့၏ မယုံကြည်ခြင်း၊ ဆန့်ကျင်ခြင်း၊ မိမိအားဘုရားသခင်၏သားတော်အဖြစ် လက်မခံခြင်းစသည်တို့ကို မြင်တော်မူ၏။ ကျွန်တော်တို့သည် ယေရှုခရစ်တော်၏ဘုရင်ဖြစ်ခြင်းကို အစဉ်ငြင်းပယ်ခြင်းပြုသော ယုဒလူတို့ကဲ့သို့ဖြစ်ကြပါသလား။

**ဆင်ခြင်ရန်** - ယေရှုခရစ်တော်သည် အကျွန်ုပ်အသက်တာ၏ရှင်ဘုရင်ဖြစ်ပါသလား။
**ဆုတောင်းချက်** - အိုအရာခပ်သိမ်းကိုအစိုးရတော်မူသော သခင်ဘုရား၊ အကျွန်ုပ်အသက်တာသည် ကိုယ်တော်အုပ်စိုးတော်မူသော အသက်တာဖြစ်ပါစေသော်။

သောကြာ၊ မတ် (၁၆)
**လုကာ ၁၉း၄၅-၄၈**
ယေရှာ ၅၆း၁-၈

*“. . . ငါ၏ပဌနာအိမ်၌ ဝမ်းမြောက်စေမည်။ . . . ငါ့အိမ်ကိုလူအမျိုးမျိုးဆုတောင်းရာအိမ်ဟူ၍ ခေါ်ဝေါ်ကြလတ္တံ့”*

## ဗိမာန်တော်သန့်ရှင်းစေခြင်း

ယေရှုသည်ဗိမာန်တော်ကိုဝတ်ပြုကိုးကွယ်ခြင်းပြုရာနေရာအဖြစ်မဟုတ်ဘဲ၊ ငွေကြေးရှာဖွေခြင်းအတွက် အသုံးပြုသောသူတို့အပေါ်၌ ဖြောင့်မတ်စွာအမျက်ထွက်တော်မူ၏။ ဗိမာန်တော်သည် ဘုရားသခင်ဝတ်ပြုရာနေရာဖြစ်၏။ ဆုတောင်းရာအိမ်တော်ဟုလည်းဖော်ပြခဲ့၏။ ထိုအိမ်တော်၌ နေ့စဉ်ဘုရားသခင်၏နှုတ်ကပတ်တော်သင်ကြားခြင်းအရေးပါမှုကို ပေါ်လွင်စေရန် ဗိမာန်တော်၌ သွန်သင်ခြင်းကိုပြုတော်မူ၏။ သင်းအုပ်ဆရာ၏အဓိကတာဝန်မှာ သိုးစုတို့ကိုနေ့စဉ်အသစ်သောစားကျက်မြေ၌ထိန်းကျောင်းခြင်းဖြစ်ပါသည်။

ယနေ့များစွာသောအသင်းတော်တို့သည် စီးပွားရေးအိမ်တော်အဖြစ်သို့ ပြောင်းလဲလျက်ရှိကြ၏။ သင်းအုပ်ဆရာတို့သည် ဘုရားသခင်ခေါ်တော်မူခြင်းကို အသက်မွေးဝမ်းကျောင်းအလုပ်အကိုင်အဖြစ်မှတ်ယူ၍၊ တရားပလ္လင်ကို မိမိကိုယ်ကျိုးအတွက် အသုံးပြုလျက်၊ ဘုရားသခင်၏နှုတ်ကပတ်တော်၏အမှုတော်ဆောင်အဖြစ် မခံယူဘဲ အဖွဲ့အစည်း၏စီအီးအိုအဖြစ် မိမိကိုယ်ကိုသတ်မှတ်ကြ၏။ ခရစ်ယာန်တို့သည်လည်း ဘုရားကျောင်းသို့လာကြရခြင်းမှာ စီးပွားရေးအဆက်အသွယ်ရှာခြင်းဖြင့် လာကြခြင်းဖြစ်ပါသည်။ ယေရှုက မိမိအိမ်တော်သည် စီးပွားရေးအိမ်မဟုတ်ဘဲ၊ ဆုတောင်းရာအိမ်တော်ဖြစ်ကြောင်း သတိပေးတော်မူခဲ့၏။

ဘုရားသခင်၏အိမ်တော်သည် ဖျော်ဖြေရေးပြုရာနေရာမဟုတ်၊ အတင်းအဖျင်းပြောဆိုရာနေရာမဟုတ်ဘဲ၊ ဆုတောင်းခြင်း၊ ကျေးဇူးတော်ချီးမွမ်းခြင်းဖြင့် ပြည့်နှက်လျက်ရှိသောအိမ်တော်ဖြစ်ရပါမည်။ “ငါ၏သန့်ရှင်းသောတောင်သို့ ငါဆောင်ခဲ့၍၊ ငါ၏ပတ္ထနာအိမ်၌ ဝမ်းမြောက်စေမည်။ သူတို့မီးရှို့ရာယဇ်နှင့်ယဇ်အမျိုးမျိုးတို့ကို ငါ့ယဇ်ပလ္လင်ပေါ်မှာ လက်ခံမည်။ ငါ့အိမ်ကိုလူအမျိုးမျိုးဆုတောင်းရာအိမ်ဟူ၍ ခေါ်ဝေါ်ကြလတ္တံ့” (ယေရှာ ၅၆း၇)။ ဗိမာန်တော်သည် ဘုရားသခင်၏နှုတ်ကပတ်တော်သွန်သင်ရာနေရာ၊ ပရိသတ်တို့အား ဤလောကီအတွေးအခေါ်များကို ရှောင်ကြဉ်ကြခြင်းငှါ သတိပေးရာနေရာဖြစ်ရပါမည်။

ယေရှုသည်မိမိ၏ပထမအကြိမ်ကြွလာတော်မူခြင်း ရည်ရွယ်ချက်ကို ယုံကြည်သူတို့အားသိစေလိုပြီး၊ မိမိဒုတိယအကြိမ်ကြွလာတော်မူသောအခါ ဤလောက၌သန့်ရှင်းသောသူတို့နှင့်အတူအုပ်စိုးခြင်းရှိမည်အကြောင်း ကြိုတင်ဟောပြောခဲ့ပါသည်။ လူတို့သည် ဘုရားသခင်၏ နိုင်ငံတော်ပြင်ပမှာရှိ၍ ကျရောက်လာမည့်အန္တရာယ်ကိုရင်ဆိုင်ရမည်ဖြစ်သောကြောင့် ယေရှုသည် ယုံကြည်သူတို့အား မိမိ၏ဗိမာန်တော်ကို အကျိုးရှိရှိအသုံးပြုကြခြင်းငှါ နှိုးဆော်တော်မူ၏။ ခရစ်ယာန်တို့သည် ယေရှုခရစ်တော်အားဖြင့် အဆုံးတိုင်အောင် သစ္စာရှိသောသူဖြစ်ကြခြင်းငှါ ဘုရားသခင်ကိုဝတ်ပြုကိုးကွယ်လျက်၊ နှုတ်ကပတ်တရားတော်ကို ကောင်းစွာသင်ယူလေ့လာကြရပါမည်။

**ဆင်ခြင်ရန်** - ဘုရားသခင်၏ဗိမာန်တော်ကို သန့်ရှင်းသောအရပ်ဟု ကျွန်တော်သတ်မှတ်ပါသလား။

**ဆုတောင်းချက်** - အိုထာဝရဘုရား၊ ကိုယ်တော့်ကိုဝတ်ပြုရာငှါနကို သန့်ရှင်းစေပါမည်အကြောင်း မစတော်မူပါ။

စနေ၊ မတ် (၁၇)
**လုကာ ၂၀း၁-၁၈**
ယော ၅း၃၁-၄၇

*"သို့သော်လည်းလူပေးသောသက်သေကို ငါသည်ပမာဏမပြု။ သင်တို့သည်ကယ်တင်ခြင်းသို့ ရောက်မည်အကြောင်း ဤစကားကိုငါပြော၏"*

## စရစ်တော်၏ပြေရှင်းချက်

သာမန်လူတို့သည် ယေရှုသွန်သင်ချက်ကိုနားထောင်နေစဉ်၊ ဘာသာရေးခေါင်းဆောင်တို့သည် ယေရှု၏တန်ခိုးအာဏာကို မေးခွန်းထုတ်ကြ၏။ ဤခေါင်းဆောင်တို့သည် ဘုရားသခင်၏ နှုတ်ကပတ်တော်သိသောသူများဖြစ်ကြသောကြောင့် ယုံကြည်ခြင်းရှိကြမည့်အစား၊ ယေရှုကိုအပြစ်ရှာကြ၏။ ဤလူတို့သည် ယေရှုအားဘုရားသခင်၏သားတော်ဟု မယုံကြည်ကြ။ သူ၏တန်ခိုးအာဏာသည်လည်း ကောင်းကင်မှပေးအပ်ခြင်းဖြစ်ကြောင်း လက်မခံကြပေ။ လူတို့ကလည်း ယုံကြည်ခြင်းရှိကြမည့်အစား၊ အံ့ဖွယ်နိမိတ်လက္ခဏာကိုရှာဖွေကြ၏။

ယေရှုသည်ဖာရိရှဲတို့၏ မကောင်းသောအကြံအစည်ကို သိတော်မူ၏။ ထိုသူတို့အား ယောဟန်၏ ဗတ္တိဇံကိုမည်သို့ယုံကြည်လက်ခံကြကြောင်း မေးခွန်းထုတ်ခဲ့၏။ ဤဘာသာရေး ခေါင်းဆောင်တို့သည် မိမိတို့၏ကျော့ကွင်း၌ ပိတ်မိနေကြ၏။ ယေရှုသည်မိမိကိုယ်ကို ဗတ္တိဇံဆရာယောဟန်ထက် ကြီးမြတ်တော်မူကြောင်းကို သက်သေပြလိုခဲ့၏။ ဤအချက်ကိုထိုခေါင်းဆောင်တို့က သိကြသော်လည်း၊ ထောင်လွှားသောစိတ်ရှိကြသည်ဖြစ်သောကြောင့် ယေရှုအားခရစ်တော်၊ အသက်ရှင်တော်မူသော ဘုရားသခင်၏သားတော်ဖြစ်သည်ဟု ဝန်မခံလိုကြခြင်းဖြစ်၏။

ယေရှုသည်မေးခွန်းကိုအဖြေမပေးဘဲ နေခဲ့သော်လည်း သူ၏ဆိုလိုရင်းကိုသိကြမည်မှာ ထင်ရှားလှပါသည်။ ဘုရားသခင်၏နှုတ်ကပတ်တော်သည် လူကိုရှုပ်ထွေးစေသည်မဟုတ်၊ ဉာဏ်ပညာပေးတော်မူ၏။ ပြဿနာဟူမူကား လူသည်မိမိ၏ထောင်လွှားသောစိတ်ကို ချိုးမြှောက်လျက် သမ္မာကျမ်းစာ၌ မိမိကိုယ်ကိုဆက်ကပ်ကြရမည့်အစား မိမိတို့၏အသိဉာဏ်ကို ကိုးစားကြခြင်းတည်း။

ယေရှုကစပျစ်ဥယျာဉ်ပိုင်ရှင်နှင့် အလုပ်သမားတို့အကြောင်း သာဓကကိုပြောကြားခဲ့၏။ သခင်သည် မိမိ၏ဥယျာဉ်ကိုအလုပ်သမားတို့ထံ အပ်ခဲ့၏။ ရိတ်သိမ်းချိန်၌ထိုသခင်သည် မိမိကျွန်တို့ကို (သုံးကြိမ်တိုင်တိုင်) စေလွှတ်ခဲ့သော်လည်း၊ အလုပ်သမားတို့သည် ထိုသူတို့ကို ရိုက်နှက်၍ မောင်းထုတ်ခဲ့ကြ၏။ နောက်ဆုံး၌ မိမိ၏သားကိုစေလွှတ်သော်လည်း၊ အလုပ်သမားတို့သည် ထိုသားတော်ကိုသတ်ခဲ့ကြ၏။ ထိုဆန့်ကျင်ခြင်းပြုသောအလုပ်သမားတို့သည် ပြစ်ဒဏ်စီရင်ခြင်းခံရကြမည်မှာ သေချာလှပါ၏။

ယေရှုကပိုင်ရှင်သည်လာ၍ထိုဆိုးသွမ်းသောအလုပ်သမားတို့ကို ဖျက်ဆီးခြင်းပြုမည်ဟု ရှင်းလင်းစွာပြောကြားခဲ့၏။ ထိုစပျစ်ဥယျာဉ်ကိုလည်း သစ္စာရှိစွာပြုစုစောင့်ရှောက်မည့် အခြားအလုပ်သမားတို့ထံ အပ်လိမ့်မည်ဖြစ်သည်။ ယေရှုကမိမိသည် တိုက်တောင့်ကျောက်ဖြစ်တော်မူကြောင်းကို ဖော်ပြ၍၊ ကျွန်တော်တို့သည် ထောင်လွှားခြင်းရှိနေမည့်အစား၊ ယေရှုကိုယုံကြည်၍ ကျိုးပဲ့ခြင်းရှိလျှင်သာ၍ ကောင်းပါ၏။

**ဆင်ခြင်ရန်** - ဘုရားသခင်၏အဆုံးစွန်အာဏာတော်၌ ကျွန်တော်ဆက်ကပ်ခြင်းရှိပါသလား။
**ဆုတောင်းချက်** - အကျွန်ုပ်တို့၏အရှင်ဘုရင်၊ ကိုယ်တော်ကိုရိုသေဝတ်ပြုခြင်းရှိမည်အကြောင်း အကျွန်ုပ်တို့၏စိတ်နှလုံးကိုစုစည်းတော်မူပါ။

တနင်္ဂနွေ၊ မတ် (၁၈)

**လုကာ ၂၀း၂၇-၃၈**

ယော ၅း၂၄

*“ငါ့စကားကို နားထောင်၍ ငါ့ကိုစေလွှတ်တော်မူသောသူကို ယုံကြည်သောသူသည် ထာဝရအသက်ကိုရသည်”*

## ရှင်ပြန်ထမြောက်ခြင်းအကြောင်း သွန်သင်ခြင်း

ဇဒ္ဒုကဲတို့သည် ထင်ရှားသောယုဒအဖွဲ့တစ်ဖွဲ့ဖြစ်၏။ သူတို့သည်ဖာရိရှဲတို့လောက် လူဦးရေမများပါ။ သို့သော်လည်း သူတို့သည်ချမ်းသာကြွယ်ဝခြင်းရှိပြီး ယဇ်ပုရောဟိတ်အမျိုးမှ ဆင်းသက်လာကြသောကြောင့် အာဏာရှိကြ၏။ သူတို့သည် မောရှေ၏ပညတ္တိကျမ်းကိုသာ လက်ခံခဲ့ကြပြီး ရှင်ပြန်ထမြောက်ခြင်းနှင့် ကောင်းကင်တမန်တည်ရှိခြင်းတို့ကို ငြင်းပယ်ကြ၏။

သူတို့သည် ယေရှုအား ရှင်ပြန်ထမြောက်ခြင်းအကြောင်းကို မေးလျှောက်ကြ၏။ သူတို့၏ ရည်ရွယ်ချက်သည် ယေရှု၏သွန်သင်ချက်ကို စမ်းစစ်ဖို့ရန်ဖြစ်ပါသည်။ သူတို့က တရားဟောရာကျမ်း ၂၅း၅-၁၀ ထဲ၌တွေ့ရသော ဆွေမျိုးမှဆက်လက်ရွေးယူခြင်းဥပဒေသကို ဖော်ထုတ်ခဲ့ကြ၏။ ဤသည်ကား မျှော်လင့်လျက်ရှိသော မေရှိယဆင်းသက်လာရန်မျိုးဆက်အတွက် ဆုံးသွားသောမိမိအစ်ကို၏ နာမကို ဆက်လက်တည်စေခြင်းငှါ ပြုရသောအမှုဖြစ်၏။ သူတို့သည် ယောကျ်ားများစွာရှိသော မိန်းမတစ်ဦးပုံပြင်ကိုထွင်လျက် ယေရှုကိုထောင်ချောက်ဆင်ကြခြင်းဖြစ်၏။

ယေရှုက ထိုသူတို့အား ရှင်ပြန်ထမြောက်ခြင်းအသက်တာသည် ယခုလက်ရှိအသက်တာနှင့် နှိုင်းယှဉ်၍မရကြောင်း ရှင်းပြခဲ့၏။ ယေရှုက ရှင်ပြန်ထမြောက်ပြီးနောက် ထိမ်းမြားခြင်းမရှိကြောင်း ရှင်းလင်းစွာ ပြောကြားခဲ့၏။ လူတို့သည် ကောင်းကင်တမန်များကဲ့သို့ဖြစ်၍ ဘုရားသခင်၏ သိုးသငယ်ကို အစဉ်ချီးမွမ်းနေကြရမည်ဖြစ်ပါသည် (ဗျာ ၇း၉-၁၀)။

“ခရစ်ယာန်အပေါင်းတို့သည် တစ်နေ့တစ်ချိန်ချိန်တွင် ရှင်ပြန်ထမြောက်ကြရမည် (သို့) ချီဆောင်ခြင်းခံရကြမည်” (Tow and Khoo )။ ရှင်ပြန်ထမြောက်ခြင်း၌ ပါဝင်သောသူတို့သည် ဘုရားသခင်၌ အသက်ရှင်ကြရမည်ဖြစ်ပြီး မောရှေသည် အာဗြဟံ၊ ဣဇာက်နှင့် ယာကုပ်တို့ကို သိသကဲ့သို့ အသိဉာဏ်ရှိလိမ့်မည် (လုကာ ၂၀း၃၇-၃၈)။ ယေရှုကလည်း “ငါသည်ထမြောက်ခြင်း အကြောင်း၊ အသက်ရှင်ခြင်းအကြောင်းဖြစ်၏။ ငါ့ကိုယုံကြည်သောသူသည် သေလွန်သော်လည်း ရှင်လိမ့်မည်။ ငါ့ကိုယုံကြည်၍ အသက်ရှင်သောသူရှိသမျှတို့သည်လည်း သေခြင်းနှင့်အစဉ်မပြတ် ကင်းလွတ်ကြလိမ့်မည်။ ငါ့စကားကို ယုံသလော” (ယော ၁၁း၂၅-၂၆)ဟု မေးတော်မူ၏။ ရှင်ပြန်ထမြောက်ခြင်းကတိတော်သည် မိမိအပြစ်မှအမှန်နောင်တရပြီး ယေရှုကို ယုံကြည်သောသူ၊ သန့်ရှင်းသောဝိညာဉ်တော်ကိန်းဝပ်တော်မူခြင်းအားဖြင့် တံဆိပ်ခတ်ခြင်းခံရသောသူအပေါင်းအဖို့ ဖြစ်ပါ၏။

**ဆင်ခြင်ရန်** - သေပြီးနောက် အသက်ရှင်ခြင်းရှိကြောင်းကို ကျွန်တော်ယုံကြည်ပါသလား။

**ဆုတောင်းချက်** - အဘဘုရား၊ ကိုယ်တော်၏နိုင်ငံတော် ကောင်းကင်ဘုံ၌ ပြင်ဆင်ထားသောအိမ်တော်ကို မြော်လင့်ခြင်းငှါ အကျွန်ုပ်အား ယုံကြည်ခြင်းပေးသနားတော်မူပါ။

တနင်္လာ၊ မတ် (၁၉)

**လုကာ ၂၀း၃၉-၂၁း၄**

ဆာလံ ၁၁၀

*“သင်၏ ရန်သူတို့ကို သင်၏ခြေတင်ရာ ငါမချမထားမှီတိုင်အောင် ငါ့လက်ျာဘက်၌ထိုင်နေလော့”*

# ဟန်ဆောင်ခြင်းအသက်တာ

ယေရှုက ရှင်ပြန်ထမြောက်ခြင်းအကြောင်းနှင့် နောင်ဘဝအကြောင်းအမှန်ကို သူတို့အား ရှင်းပြပြီးသောအခါ ကျမ်းပြုဆရာများတို့သည် ကျမ်းစာကိုသိသောသူများဖြစ်သောကြောင့် သဘောတူညီမှုရှိကြ၏။ ယေရှုက ထိုသူတို့သည် ဦးနှောက်အသိနှင့်သိကြသော်လည်း စိတ်နှလုံးထဲမှ ယုံကြည်ခြင်းမရှိကြောင်း သိတော်မူ၏။ သူတို့သည် သိသကဲ့သို့ဟန်ဆောင်ကြသော်လည်း အမှန်မှာ သမ္မာကျမ်းစာကို မယုံကြည်ကြပေ။ ယေရှုက ဆာလံ ၁၁၀း၁ “ထာဝရဘုရားက သင်၏ရန်သူတို့ကို သင်၏ခြေတင်ရာ၊ ငါမချမထားမှီတိုင်အောင် ငါ့လက်ျာဘက်၌ ထိုင်နေလော့ဟု ငါ၏သခင်အား မိန့်တော်မူ၏” ဟူသောအချက်ကို သူတို့အားမေးခွန်းထုတ်ခဲ့၏။ ဒါဝိဒ်မိန့်တော်မူသည်အတိုင်း ယေရှုသည် မိမိအားသူတို့၏မေရှိယဖြစ်ကြောင်း သိစေလို၏။ ခရစ်တော်သည် ဒါဝိဒ်၏သားဖြစ်သော်လည်း ဒါဝိဒ်ကခရစ်တော်အား “ငါ၏သခင်” ဟုဆိုရာတွင် သူသည်ဘုရားသခင်၏သားတော်ဖြစ်ကြောင်းကို ဖော်ထုတ်လျက်ရှိ၏။ ယေရှုသည်ဒါဝိဒ်မှဆင်းသက်လာခြင်းအားဖြင့် ဤပုရောဖက်ပြုချက်ကို ပြည့်စုံစေခဲ့၏။ ခမည်းတော်က ခရစ်တော်အား လူသားအပေါင်းကိုအစိုးရသောသူဟု ကြေငြာခဲ့၏။ ရန်သူများပင်လျှင် ခရစ်တော်၏အုပ်စိုးမှုအောက်၌ ဆက်ကပ်ကြရမည်ဖြစ်၏။

ယေရှုက မုဆိုးမများအပေါ်၌ ထိုသူတို့၏ ပြုမူမှုနှင့်တပ်မက်ခြင်းလောဘတို့ကို ဖော်ထုတ်ခဲ့၏။ “လုယူသိမ်းစား” ဟူသောစကားလုံးသည် မဟုတ်မှန်သောနည်းဖြင့်ဖျက်ဆီးခြင်းဟု အဓိပ္ပာယ်ရ၏။ သူတို့သည် သားကောင်ကိုကိုက်စားသော ဆာလောင်နေသောခြင်္သေ့များကဲ့သို့ ဖြစ်ကြ၏။ ကျမ်းပြုဆရာတို့သည် မုဆိုးမတို့ကို အမျက်ထုတ်ကြ၏။ ကူညီမစခြင်းမပြုဘဲ သူတို့ထံမှလုယူသိမ်းစားကြ၏။ ဤသည်ကား ဆင်းရဲသားနှင့်မုဆိုးမများအပေါ် သူတို့ပြုမူသောအလွန်ဆိုးသွမ်းသောအမှုဖြစ်၏။

ယေရှုက သူတို့၏ဟန်ပြဆုတောင်းခြင်းကို ရှုတ်ချခဲ့၏။ လူတို့၏အာရုံပြုခြင်းကို ခံရခြင်းငှါ သူတို့ဆုတောင်းသောအခါ အထပ်ထပ်မြွက်ဆိုကြ၏။ သူတို့သည် ဘုရားသခင်၏ချီးမွမ်းခြင်းမဟုတ်ဘဲ လူတို့၏ချီးမွမ်းခြင်းကို ခံရခြင်းငှါ ဆုတောင်းကြခြင်းဖြစ်၏။ ယေရှုက အလှူငွေထည့်ဝင်သော ချမ်းသာသောသူတို့၏ စိတ်သဘောကိုလည်း ဖော်ထုတ်ခဲ့၏။ ဗိမာန်တော်ထဲရှိ အလှူခံပုံးသည် မြင့်သောအရပ်၌ ရှိ၏။ ထို့ကြောင့် အလှူငွေထည့်ဝင်သောသူသည် ထိုအပေါ်သို့တက်ရကြ၏။ ယေရှုက ချမ်းသာသောသူများ၏ များစွာသောအလှူငွေထက် ဆင်းရဲသောမုဆိုးမ၏ အလှူငွေကို သဘောကြတော်မူ၏။ လူ့အမြင်၌ မုဆိုးမ၏အလှူသည် နည်းလှသော်လည်း ဘုရားအမြင်၌ပို၍ များသောအလှူကို ပေးလှူ၏။ ဘုရားသခင်သည် မည်မျှကျွန်တော်တို့ပေးကမ်းသည်ဟူသော အချက်ထက် မည်သို့သောစိတ်သဘောဖြင့် ပေးကမ်းသည်ဟူသောအချက်ကို ပို၍အလေးထား၏။

**ဆင်ခြင်ရန်** - ဘုရားသခင်ပိုင်သောအရာကို ကျွန်တော်မပေးဘဲသိမ်းထားပါသလား။

**ဆုတောင်းချက်** - အဘဘုရား၊ ကိုယ်တော်၏ဘုန်းတော်ထင်ရှားဖို့အတွက် အကျွန်ုပ်အား အသက်ရှင်စေတော်မူပါ။ ကိုယ်တော်ပေးသနားတော်မူသောအရာ၌ ဝမ်းမြောက်ခြင်းရှိစေတော်မူပါ။

အင်္ဂါ၊ မတ် (၂၀)

**လုကာ ၂၁း၅-၂၄**

ဟေရှာ ၄၆း၁-၁၃

*"ငါ့အကြံတည်လိမ့်မည်။*
*ငါ့အလိုရှိသမျှကို ငါပြည့်စုံစေမည်"*

## ပရောဖက်ပြုချက်ပြည့်စုံခြင်း

ယေရှုက ယုဒလူတို့၏ထောင်လွှားသောအသက်တာကို ရှုတ်ချလျက်မိမိကိုငြင်းပယ်သောကြောင့် သူတို့ခံရမည့်အရာကို ပြောကြားခဲ့၏။ ယေရှုက ယေရုရှလင်ဗိမာန်တော်ဖျက်ဆီးခြင်းခံရမည့်အကြောင်းကို ကြိုတင်မိန့်တော်မူခဲ့၏။ ယေရှု၏ပရောဖက်ပြုချက်သည် နောက်နှစ်လေးဆယ်ကြာသောအခါ ပြည့်စုံခဲ့၏။ ရောမလူတို့သည် ဗိမာန်တော်ကိုဖျက်ဆီးခဲ့ကြ၏ (ဟေရှာ ၄၆း၁၀)။

အေဒီ ၇၀ တွင် ရောမလက်အောက်ခံမှလွတ်မြောက်ခြင်းလိုလားသော ပုံကန်သူယုဒလူတို့လက်ထဲရှိ ယေရုရှလင်ကို ရောမကတိုက်ခိုက်ခဲ့၏။ ရောမစစ်သားတို့သည် မြို့ကိုဖျက်ဆီး၍ ယုဒလူများစွာတို့ကို သတ်ဖြတ်ခဲ့ကြ၏။ ထို့ကြောင့် ယုဒလူတို့သည် ကြောက်ရွံ့ခြင်းရှိ၍ ဣသရေလပြည်ကိုထားခဲ့ပြီး ကမ္ဘာ့အနှံ့အပြားသို့ ထွက်ပြေးခဲ့ကြ၏။ ရောမလူတို့၏ ကြောက်စရာကောင်းသောဝင်ရောက်သိမ်းပိုက်ခြင်းပေတည်း။ ကလေးသူငယ်၊ သက်ကြီးသောသူများနှင့် ကိုယ်ဝန်ဆောင်များပင်လျှင် ရက်စက်စွာသတ်ဖြတ်ခြင်းခံရကြ၏။

ယုဒလူတို့သည် ပုံ့နှံ့ခဲ့ကြပြီး "အခြားသောပြည်အရပ်ရပ်သို့ ဖမ်းသွားကြလိမ့်မည်" (လုကာ ၂၁း၂၄)။ သခင်ယေရှုခရစ်တော်အားဖြင့် ပေးသနားတော်မူသောကယ်တင်ခြင်းကို ငြင်းပယ်ကြသောကြောင့် သူတို့အပေါ်၌ဘုရားသခင်၏အမျက်တော် ကျရောက်ခဲ့၏။ ဒုတိယကမ္ဘာစစ်အတွင်း၌ ယုဒလူမျိုးခြောက်သန်းတို့သည် ဂျာမနီလူမျိုးဟစ်တလာ၏ သတ်ဖြတ်ခြင်းကိုခံရကြ၏။ ခရစ်တော်၏အသွေးတော်အား မိမိတို့၏သားသမီးအပေါ်၌ကျရောက်ပါစေဟူသော သူတို့၏ဆန္ဒသည် ပြည့်စုံခဲ့ပါ၏။ သို့သော်လည်း ဘုရားသခင်သည်ကျေးဇူးတော်နှင့်ပြည့်စုံသောသူဖြစ်သောကြောင့် မိမိရွေးကောက်ထားသောလူမျိုးအပေါ်၌ မိမိ၏ကတိတော်ကို ပြည့်စုံစေခဲ့၏။ ၁၉၄၈ ခုနှစ်တွင် ယုဒလူတို့သည် မိမိတို့ပြည်သို့ပြန်လာခဲ့ကြပြီး လွတ်လပ်ရေးစစ်ပွဲကို ဆင်နွှဲခဲ့ကြ၏။ အစိုးရမရှိသော၊ စစ်ရေးလေ့ကျင့်ခြင်းမရှိသော ယုဒလူမျိုးတို့သည် အာရပ်နိုင်ငံများ၏ စစ်တပ်ကြီးကိုအရှုံးရစေခဲ့၏။ ဘုရားသခင်၏နှုတ်ကပတ်တော်ပြည့်စုံခြင်းအနေဖြင့် သူတို့ကို ၁၉၄၈ ခုနှစ်၊ မေလ ၁၄ ရက်နေ့တွင် ယူအဲန်(United States)က လွတ်လပ်သောအစိုးရနိုင်ငံအဖြစ် အသိအမှတ်ပြုခဲ့၏။

ယေရှုက ကျရောက်လာမည့်လှည့်ဖြားခြင်းအကြောင်းကိုလည်း ပြောကြားခဲ့၏။ မိမိ၏နာမတော်အားဖြင့် များစွာသောလူတို့ရောက်ရှိလာမည်အကြောင်း မိန့်တော်မူ၏။ စစ်သတင်းများနှင့်စစ်ပွဲများအကြောင်းကိုလည်း ပြောကြားခဲ့၏။ ယနေ့ ခေတ်သစ်ကမ္ဘာမြေကြီးသည် အကြမ်းဖက်ခြင်း၏ ခြိမ်းခြောက်မှုကို ခံနေရ၏။ တတိယကမ္ဘာစစ်ကျရောက်မည့်အမှုနှင့် ရင်ဆိုင်နေရ၏။ မြေငလျင်လှုပ်ခြင်း၊ ရေလွှမ်းမိုးခြင်း၊ မီးတောင်ပေါက်ကွဲခြင်း၊ ကုသ၍မရသောရောဂါများလည်း ဖြစ်ပွားလျက်ရှိ၏။ နောက်ဆုံးသောအချိန် ရောက်လုနီးပါပြီ။

**ဆင်ခြင်ရန်** - ပရောဖက်ပြုချက်များကို ကျွန်တော်လုံးဝယုံကြည်ခြင်းရှိပါသလား။

**ဆုတောင်းချက်** - ထာဝရဘုရား၊ ကိုယ်တော်၏နှုတ်ကပတ်တော်အလုံးစုံကို ယုံကြည်သောစိတ် ပေးသနားတော်မူပါ။

ဗုဒ္ဓဟူး၊ မတ် (၂၁)
**လုကာ ၂၁း၂၅-၃၈**
ဇာခရိ ၁၄း၁၇-၁၈

*". . ရှင်ဘုရင်ကို ကိုးကွယ်အံ့သောငှါ၊ မြို့တော်သို့ . . .*
*မြေကြီးသားအဆွေအမျိုးရှိသမျှ. . . "*

## ခရစ်တော်ပြန်လည်ကြွလာတော်မူခြင်း

ယေရှုသည် မိမိ၏နှစ်တစ်ထောင်အုပ်စိုးခြင်းမတိုင်မီ ယုဒလူမျိုးများ ဆင်းရဲဒုက္ခခံမည့်အကြောင်းကို ကြိုတင်ဟောကြားခဲ့၏။ ဤလောကသို့မိမိကြွလာတော်မမူမီ ဖြစ်ပျက်မည့်အရာများကိုလည်း ဆက်လက်ဟောကြားခဲ့၏။ ကောင်းကင်၌ထူးဆန်းသော နိမိတ်လက္ခဏာများရှိလိမ့်မည်။ လူတို့၏စိတ်နှလုံးသည် မိန်းမောပူပန်ခြင်းဖြင့် အားနည်းခြင်းရှိလိမ့်မည်။ ထိုမြင်ကွင်းတို့သည် အလွန်ကြောက်လန့်စရာကောင်းလိမ့်မည်ဖြစ်သောကြောင့် လူတို့သည် မည်သို့ပြုရမည်မသိဖြစ်၍ ရှုပ်ထွေးခြင်းရှိလိမ့်မည်။ ထိုသို့အလွန်ကြောက်လန့်ခြင်းရှိမည်ဖြစ်သောကြောင့် လူတို့သည် သေခြင်းကို တောင့်တကြလိမ့်မည်။ ဤနေ့ရက်ကိုယေရမိက "ယာကုပ်အမျိုး၌အမှုရောက်သောနေ့ရက်" (ယေရမိ ၃၀း၇) ဟုကြိုတင်ဟောကြားခဲ့၏။

ဤရှုပ်ထွေးခြင်းသည် သခင်ယေရှုခရစ်တော်မိုးတိမ်၌ကြွလာတော်မူခြင်းဖြင့် အဆုံးသတ်လိမ့်မည်။ ယေရှုသည် ဘုန်းတန်ခိုးနှင့်တကွ ကြွလာတော်မူမည်ဖြစ်သောကြောင့် အလွန်ထူးခြားသောအမှုဖြစ်ပါ၏။ ဇာခရိ ၁၄း၄ ကိုဖတ်ပါ။

ယေရှုကတပည့်တော်တို့အား နေ့ရက်အချိန်ကာလကို လေ့လာခြင်းငှါ တိုက်တွန်းတော်မူခဲ့၏။ သစ်ရွက်ပေါက်သောအခါ နွေကာလနီးသည်ကိုငင်း၊ သင်္ဘောသဖန်းပင်ရွက်နုပေါက်သောအခါ ဆောင်းဦးလွန်၍နွေရောက်လာမည်ကို သေချာစွာသင်တို့သိကြလျှင် မိမိ၏စကားတော်တို့ကို ပို၍အလေးထားရမည်အကြောင်း ယေရှုမိန့်တော်မူ၏။ ယေရှုကလူတို့အား ဤလောကီအရာ နောက်သို့လိုက်ခြင်း၊ မိမိအသက်ရှင်ခြင်းအတွက် ပူပန်ခြင်းစသည်တို့၏ချုပ်နှောင်ခြင်းမှလွတ်ခြင်းငှါ သတိရှိကြဖို့ရန် သတိပေးခဲ့၏။ "လောကကိုငင်း၊ လောက၌ရှိသောအရာတို့ကိုငင်း မချစ်ကြနှင့်။ လောကကိုချစ်သောမည်သည်ကား ခမည်းတော်ကိုချစ်ခြင်းမေတ္တာမရှိ" (၁ ယော ၂း၁၅)။

ယေရှုက အစဉ်ဆုတောင်းခြင်းငှါ လူတို့ကိုခွန်အားပေးခဲ့၏။ ဆုတောင်းခြင်းသည် ခရစ်ယာန်၏အသက်ရှူသံဖြစ်၏။ လူသည် အသက်မရှူဘဲအသက်မရှင်နိုင်သကဲ့သို့ စစ်မှန်သောခရစ်ယာန်သည် ဆုမတောင်းဘဲ အသက်မရှင်နိုင်ပါ။ ခရစ်ယာန်တို့သည် ဘုရားသခင်၏အမြတ်တော်မှ ကယ်တင်ခြင်းခံရမည်အကြောင်း ခရစ်တော်၏စကားများကို နာခံခြင်းရှိကြရပါမည်။

**ဆင်ခြင်ရန်** - ခရစ်တော်ကြွလာမည့်အချိန်ကို အကျွန်ုပ်မျှော်လင့်နေပါသလား။
**ဆုတောင်းချက်** - အိုအဖဘုရား၊ ဤလောကကို မစီရင်မီကောင်းကင်၌ ယေရှုကိုမြင်တွေ့ရမည်အကြောင်း ပြင်ဆင်ဆုတောင်းလိုပါ၏။

ကြာသပတေး၊ မတ် (၂၂)
**လုကာ ၂၂း၁-၃၈**
ဇဖက် ၆း၁၀-၁၈

*"အကြောင်းမူကား၊ ငါတို့သည်အသွေးအသားရှိသော ရန်သူတို့နှင့်ဆိုင်ပြိုင်တိုက်လှန်ရကြသည်မဟုတ်၊ အထွဋ်အမြတ်တို့နှင့်၎င်း၊ အာဏာစက်တို့နှင့်၎င်း . . . တိုက်လှန်ရကြ၏"*

# သစ္စာဖောက်ခြင်း

ဘာသာရေးခေါင်းဆောင်များ၊ ယဇ်ပုရောဟိတ်အကြီးအကဲများနှင့် ကျမ်းပြုဆရာများတို့သည် ယေရှုသစ္စာဖောက်ခံရခြင်းအမှု၌ တက်ကြွသောတန်ဆာပလာများဖြစ်ကြ၏။ ယေရှုကို အသေသတ်ချင်လောက်အောင် မုန်းတီးခြင်းရှိကြ၏။ သို့သော်လည်း လူထုကိုကြောက်သောကြောင့် ပို၍အဆင်ပြေမည့်အချိန်ကို စောင့်နေခဲ့ကြ၏။ ဤအမှု၌အဓိကကြံစည်သောသူသည် စာတန်ပင်ဖြစ်ပါသည်။ သူ၏အကြံအစည်သည် ဘုရားသခင်၏သားတော်ကို ဖျောက်ဖျက်ရန်ဖြစ်၍ ယုဒကိုအသုံးပြုခဲ့၏။ ယုဒသည် ငွေကိုတပ်မက်ခြင်းရှိသောကြောင့် မိမိ၏သခင်အား အသပြာသုံးဆယ်ဖြင့် ရောင်းစားခဲ့၏။ ယုဒသည် ယေရှုနှင့်အတူ သုံးနှစ်တိုင်တိုင်အတူရှိခဲ့သော်လည်း ပြောင်းလဲခြင်းမရှိခဲ့ပါ။

ပသခါပွဲသည် အဲဂုတ္တုပြည်၏သားဦးကိုသတ်ခြင်းငှါ ဟေဗြဲလူတို့ကိုဘုရားသခင်ကျော်သွားခြင်းအမှုကို ပြန်၍အမှတ်ရစေ၏ (ထွက် ၁၂း၁၂)။ ဤအချက်က လောကီအပြစ်များကိုဖယ်ရှားခြင်းငှါ သွန်းလောင်းတော်မူမည့်ဘုရားသခင့်သိုးသငယ်၏ အသွေးတော်ကို ကြိုတင်ဖော်ပြခဲ့ပါ၏။ ယေရှုက မိမိတပည့်တော်တို့နှင့်ပသခါပွဲကို ဆင်နွှဲခဲ့၏။ ထိုအချိန်၌ခေတ်အဆက်ဆက်မိမိသားသမီးတို့ပြုခြင်းငှါ ပွဲတော်မင်္ဂလာကိုစတင်ခဲ့၏။ မုန့်စားခြင်းနှင့်စပျစ်ရည်သောက်ခြင်းသည် ကျွန်ုပ်တို့အပြစ်များအတွက် ယေရှုခရစ်တော်ကားတိုင်ပေါ်၌ အသေခံခြင်းကို အောက်မေ့သတိရခြင်းဖြင့် ပြုခြင်းဖြစ်ပါသည်။

ဖြစ်လာမည့်အရာအလုံးစုံကို သိတော်မူသော်လည်း ယေရှုသည် ယုဒအားမိမိ၏တမန်တော်အဖြစ်ရွေးခဲ့၏။ ယုဒသည် အစကတည်းက သူခိုးဖြစ်သောကြောင့် ဤအမှု၌အသုံးတော်ခံမဖြစ်ခဲ့ပါ။ ဤသစ္စာဖောက်ခြင်းအမှု၏ အဓိကအကြောင်းရင်းသည် ထောင်လွှားခြင်းဖြစ်ကြောင်း ယေရှုသတိပေးခဲ့၏။ ထောင်လွှားခြင်းသည် မိမိကိုယ်ကိုအယုံကြည်လွန်ကဲခြင်းဖြစ်၏။ ပေတရုသည် သေခြင်းအမှု၌ပင် ယေရှုနောက်သို့လိုက်မည်ဟု မိမိကိုယ်ကိုယုံကြည်ခဲ့၏။ သို့သော်လည်း ဘုရားသခင်၏ကျေးဇူးတော်ကြောင့်သာ စာတန်၏လှည့်ဖြားခြင်းများကို ကျွန်တော်တို့တွန်းလှန်နိုင်ခြင်းဖြစ်ပါ၏။

ယေရှုကဘုရားသခင်ပေးသနားတော်မမူသော အရာများကို စိတ်စွဲလန်းခြင်းမရှိခြင်းငှါ သူတို့အား သတိပေးခဲ့၏။ ယေရှုက ဤလောက၌ အဆင်ပြေစွာနေရမည်မဟုတ်၊ စစ်တိုက်ရမည်ဖြစ်ကြောင်းကို ခရစ်ယာန်တို့အား သင်ပေးသောအားဖြင့် တပည့်တော်တို့ကို ဓားဝယ်စေခဲ့၏။ "အကြောင်းမူကား ငါတို့သည် အသွေးအသားရှိသောရန်သူတို့နှင့် ဆိုင်ပြိုင်တိုက်လှန်ကြရသည်မဟုတ်။ အထွဋ်အမြတ်တို့နှင့်၎င်း၊ အာဏာစက်တို့နှင့်၎င်း၊ လောကီမှောင်မိုက်၌ အစိုးတရပြုလုပ်သော မင်းတို့နှင့်၎င်း၊ မိုးကောင်းကင်၌နေသောနတ်ဆိုးတို့နှင့်၎င်း ဆိုင်ပြိုင်တိုက်လှန်ရကြ၏" (ဇဖက် ၆း၁၂)။

**ဆင်ခြင်ရန်** - အကျွန်ုပ်သည် ယုံကြည်သူလော (သို့) မပြောင်းလဲသောသစ္စာဖောက်လော။
**ဆုတောင်းချက်** - အိုအဖဘုရား၊ ကိုယ်တော်နောက်သို့ လိုက်၍ ကိုယ်တော်အတွက် တိုက်လှန်သောသူဖြစ်မည်အကြောင်း ခွန်အားပေးတော်မူပါ။

သောကြာ၊ မတ် (၂၃)
**လုကာ ၂၂း၃၉-၄၆**
ဖိလိ ၂း၅-၈

*“. . . အသေခံခြင်းသာမဟုတ်၊ လက်ဝါးကပ်တိုင်မှာ အသေခံခြင်းတိုင်အောင် အစေကျွန်ခံ၍ ကိုယ်ကိုကိုယ် နှိမ့်ချတော်မူ၏”*

## ပြင်းစွာသောဝေဒနာ

အထက်အခန်း၌နောက်ဆုံးညစာစားပြီးမှ ယေရှုသည် မိမိတပည့်တော်တို့ကိုခေါ်၍ သံလွင်တောင်သို့သွားခဲ့ကြ၏။ ထိုတောင်သည် ယေရုရှလင်မြို့မှ တစ်မိုင်လောက်ကွာဝေး၏။ ထိုတောင်တွင် သံလွင်ပင်များစွာရှိသော ဂေသရေမန်ဥယျာဉ်ရှိ၏။ ဆုတောင်းဖို့ရန် မထွက်ခွာမီ ယေရှုက တပည့်တော်တို့အား ဆုတောင်းခြင်းငှါ တိုက်တွန်းသော်လည်း သူတို့သည် အလွန်မောပန်းခြင်းရှိ၍ ဝမ်းနည်းခြင်းရှိသောကြောင့် ဆုမတောင်းနိုင်ကြ။ တပည့်တော်တို့သည် မိမိတို့၏ခန္ဓာကိုယ်ပင်ပန်းမှုနှင့် စိတ်ဖိစီးမှုကို မကျော်လွှားနိုင်ကြပါ။ ခန္ဓာကိုယ်သည် မောပန်းခြင်းနှင့် အားငယ်ခြင်းကို ကြုံတွေ့ရမည်ဖြစ်၏။

“ဂေသရေမန်” ဟူသောစကားလုံးသည် သံလွင်သီးကိုကြိတ်ခြင်းငှါ ထုဆစ်သောကျောက်တုံးကြီး၊ ဆီကြိတ်ဆုံဟု အဓိပ္ပာယ်ရ၏။ ထိုသံလွင်သီးနှင့်အလွန်မာသောအစေ့တို့သည် သံလွင်ဆီအရင်းအမြစ်ဖြစ်၍ ဗိမာန်တော်နှင့်အိမ်တွင်းသုံးအဖြစ် ထိုသံလွင်သီးနှင့်အစေ့ကို ကြိတ်ကြရ၏။ ဤကြိတ်ခြင်းအမှုသည် သခင်ယေရှုကျော်ဖြတ်ရမည့်ဆင်းရဲဒုက္ခကို ပုံဖော်လျက်ရှိ၏။

ဂေသရေမန်ဥယျာဉ်သည် သံလွင်တောင်၏အစိတ်အပိုင်းတစ်ခုဖြစ်ပါသည်။ ယေရှုသည် ဤအရပ်၌ တပည့်တော်တို့နှင့် နားခိုလေ့ရှိပါ၏။ နောက်ဆုံးညစာစားပွဲအပြီး မိမိအချိန်ကို ဤအရပ်၌ ယေရှုအသုံးပြုခဲ့၏။ ယေရှုသည် နက်ဖြန်နေ့၌အပြစ်အတွက် မိမိခံရမည့် ဘုရားသခင်၏အမျက်တော်ခွက်ဖလားကို သောက်ခြင်းအလိုငှါ ပြင်းစွာသောဝေဒနာခံလျက် ပြင်ဆင်ခြင်းပြုခဲ့၏။ မိမိအပေါ်ကျရောက်သော ဘုရားသခင့်အမျက်တော်၏ လေးလံခြင်းအမှုက ယေရှုကိုဝေဒနာ ခံစားစေ၏။ ပြင်းစွာသောဝေဒနာခံလျက် “မြေပေါ်၌ကျသောသွေးစက်ခဲကဲ့သို့” ယေရှုသည်ချွေးထွက်တော်မူ၏။ ဤသည်ကား သခင်ယေရှု၏မိမိကိုယ်ကို နှိမ့်ချခြင်းဖြစ်၍ ကောင်းကင်တမန်၏ မစခြင်းပင် လိုအပ်ခဲ့၏။

ယေရှုက လူသားအနေဖြင့် ခံစားရမည့်ညှင်းပန်းနှိပ်စက်ခြင်းကို ရှောင်ရှားလိုခြင်းရှိသော်လည်း ခမည်းတော်၏အလိုတော်သို့ အပ်နှံခြင်းဖြင့် ကျွန်ုပ်တို့အားသာဓကပြခဲ့ပါ၏။ ဤ “ခွက်” ဟု ယေရှုအသုံးပြုသောစကားလုံးသည် လူအပေါင်းတို့၏အပြစ်ကြောင့် ဘုရားသခင်၏အမျက်တော်ထွက်ခြင်းကို ရည်ညွှန်းခြင်းဖြစ်ပါသည် (ဖိ ၂း၇-၈၊ ၁ ယော ၂း၂)။ ကျွန်ုပ်တို့ထာဝရအသက် ရှင်ခြင်းငှါ ယေရှုသည် ဆင်းရဲဒုက္ခခံခြင်းကိုရွေးချယ်ခဲ့၏။ သင်နှင့်ကျွန်ုပ်အဖို့ ပြင်းစွာသောဝေဒနာကို ခံခဲ့၏။

**ဆင်ခြင်ရန်** - အကျွန်ုပ်သခင်ခံစားရသော ဝေဒနာ၏ပြင်းထန်မှုကို ကျွန်တော်နားလည်ပါသလား။

**ဆုတောင်းချက်** - အိုအဖဘုရား၊ စုံလင်သောချစ်ခြင်းမေတ္တာဖြင့် အကျွန်ုပ်တို့ကို ကိုယ်တော် ချစ်တော်မူ၏။

စနေ၊ မတ် (၂၄)
**လုကာ ၂၂း၄၇-၅၃**
သုတ္တံ ၂၇း၁-၆

*"အဆွေခင်ပွန်းသည် ဒဏ်ပေးသောအခါ*
*သစ္စာစောင့်လျက်ပေး၏။ ရန်သူမူကား၊*
*နမ်းသောအခါ လှည့်စားတတ်၏။"*

## ယုဒ

ယေရှုသည် မိမိတမန်တော်၏သစ္စာဖောက်ခြင်းကို ခံခဲ့၏။ ဤအကြောင်းကို ခရစ်ဝင်ကျမ်းလေးကျမ်းထဲ၌ ဖော်ပြခဲ့ပါသည် (မသဲ ၂၆း၄၇-၄၉၊ မာကု ၁၄း၄၃-၄၅၊ လုကာ ၂၂း၄၇-၄၈၊ ယောဟန် ၁၈း၂-၅)။ ယုဒသည် ယေရှုကိုဖမ်းဆီးခြင်းငှါ လူအုပ်ကြီးကိုခေါ်ဆောင်လာ၏။ အခြားတပည့်တော်များအကြား၌ ယေရှုကိုသိမှတ်ခြင်းငှါ သူသည်မိမိသခင်အား နမ်းခဲ့၏။ နမ်းခြင်းသည် နှုတ်ဆက်ခြင်း၊ မိတ်ဆွေသင်္ကေတဖြစ်၍ ချစ်ခြင်းဂရုဏာသင်္ကေတလည်းဖြစ်၏။ သို့သော်လည်း ယုဒသည် ယေရှုသစ္စာဖောက်ခြင်းအတွက် အသုံးပြုခဲ့၏။ ဤသည်ကား အလွန်ရက်စက်သောနည်းလမ်းဖြစ်ပါသည်။ သနားကြင်နာခြင်းရှိသောသခင်ယေရှုသည် ယုဒအားအဆွေဟု ခေါ်သေး၏ (မသဲ ၂၆း၅၀)။ "အဆွေခင်ပွန်းသည် ဒဏ်ပေးသောအခါ သစ္စာစောင့်လျက်ပေး၏။ ရန်သူမူကား နမ်းသောအခါ လှည့်စားတတ်၏" (သု ၂၇း၆)။ လောကီလူတို့နှင့်ရန်သူတို့သည် ကျွန်ုပ်တို့နှင့်မိတ်ဆွေဖွဲ့ခြင်းငှါ ကြိုးစားကြပါလိမ့်မည်။ ကျွန်တော်တို့သည် ထိုသူတို့အား ကျွန်ုပ်တို့ဘက်၌ရပ်တည်သောသူဟု ထင်ကောင်းထင်နိုင်၏။ ထို့ကြောင့် ထိုခရစ်တော်၏ရန်သူတို့ကို ကျွန်တော်တို့သတိပြုကြရပါမည်။

ပေတရုသည် ဖမ်းဆီးမည့်သူများကိုကြိုးစားဆီးတားခဲ့သော်လည်း ယေရှုက ထိုသို့မပြုခြင်းငှါ တားမြစ်ခဲ့၏။ ယေရှုက ပေတရုအား "တန်စေ" ဟုမိန့်တော်မူ၏။ အကြောင်းမှာ ကျွန်တော်တို့သည် တိုက်လှန်ခြင်းအားဖြင့် ဘုရားသခင်၏အလိုကိုပြုသည်မဟုတ်ဘဲ နူးညံ့သောစိတ်သဘောအားဖြင့် ပြုရမည်ဖြစ်၏။ အခြားဖော်ပြချက်တွင် ယေရှုကပေတရုအား ခမည်းတော်ထံမိမိဆုတောင်းလျှင် မြောက်မြားစွာသောကောင်းကင်တမန်စေလွှတ်တော်မူနိုင်ကြောင်း မိန့်တော်မူ၏။ သို့သော်လည်း ယေရှုသည် လူသားအပေါင်းကိုချစ်သောကြောင့် ထိုသို့မပြုခဲ့ပါ။ ယေရှုက နားရွက်ပြတ်သောသူကို ပြန်၍အနာငြိမ်းစေခဲ့၏။ ယေရှု၏ချစ်ခြင်းမေတ္တာကို အဘယ်လူသား၏ ချစ်ခြင်းမေတ္တာနှင့်မျှ နှိုင်းယှဉ်၍မရပါ။

ယေရှုသည် ဖြစ်လာမည့်အကြောင်းနှင့် သစ္စာဖောက်ခံရမည့်အချိန်အတိအကျကိုလည်း သိနှင့်တော်မူ၏။ လူဆိုးတို့နှင့် မာရ်နတ်လက်ထဲသို့အပ်နှံခြင်းခံရမည့်အချိန်ကျရောက်လာသည်ကို သိတော်မူ၏။ ခမည်းတော်ခွင့်ပြုတော်မမူလျှင် စာတန်သည် ယေရှုအပေါ်အောင်နိုင်ခြင်းခဏတာမျှ ရရှိမည်မဟုတ်ပါ။ ဘုရားသခင်ခွင့်ပြုတော်မူခြင်းကြောင့်သာ မှောင်မိုက်တန်ခိုးအစွမ်းပြခြင်းဖြစ်ပါ၏။ ယောဟန် ၁၀း၁၇-၁၈ ကိုဖတ်ပါ။ အကျွန်ုပ်တို့၏သခင်ကို ကျွန်တော်တို့သစ္စာမဖောက်ကြရအောင်။

**ဆင်ခြင်ရန်** - သခင်ယေရှုကိုကျွန်တော်အမှန်ချစ်ပါသလား။
**ဆုတောင်းချက်** - အိုအဖဘုရား၊ ကိုယ်တော်နှင့်အတူ အကျွန်ုပ်အသက်ရှင်လိုပါ၏။ ကိုယ်တော်ကို သစ္စာဖောက်သောသူ၊ ဘယ်နည်းနှင့်မျှမဖြစ်ပါစေနှင့်။

တနင်္ဂနွေ နံနက်၊ မတ် (၂၅)
**လုကာ ၂၂း၅၄-၆၂**
ဆာလံ ၅၁း၁-၆

*“အိုဘုရားသခင်၊ . . . . အကျွန်ုပ်ကို သနားတော်မူပါ။*
*. . . အကျွန်ုပ်လွန်ကျူးခြင်းအပြစ်ကို ဖြေတော်မူပါ”*

# ငြင်းပယ်ခြင်း

အစောပိုင်း၌ပေတရုသည် အလွန်ရဲရင့်ခြင်းရှိ၍ ခရစ်တော်အတွက် တိုက်ခိုက်ခြင်းငှါ အဆင်သင့်ဖြစ်ခဲ့သော်လည်း နောက်ပိုင်းတွင် ယေရှု၏အဝေး၌နေခဲ့၏။ မိမိသခင်ကိုအဝေးမှ လိုက်ခဲ့၏။ မိမိသခင်နှင့်အတူ ဖမ်းဆီးခြင်းကိုပင် ခံမည်ဟုထားခဲ့သောကတိတော်ကို မလိုက်လျှောက်ခဲ့ပေ။ ဤသည်ကား ပေတရု၏ဝိညာဉ်ရေးရာနုနယ်မှုကိုပြသော လက္ခဏာဖြစ်၏။ မိမိယုံကြည်ခြင်းထက် ယုဒလူတို့ကိုကြောက်သောစိတ်သည် ပို၍ကြီးမားခဲ့၏။

ထိုသို့အဝေး၌နေခြင်းဖြင့် ယဇ်ပုရောဟိတ်အကြီးတို့၏ကျွန်များနှင့် ပေါင်းဘော်လာခဲ့၏။ သူသည်မိမိသခင်နှင့်အတူ ရှိနေခဲ့သင့်ပါသည်။ ယခုမူကား မိမိသခင်၏ရန်သူတို့နှင့်အတူ ထိုင်နေခဲ့၏။ ထို့ကြောင့် ကြက်မတွန်မီ မိမိသခင်အားသုံးကြိမ်တိုင်တိုင် ငြင်းပယ်ခဲ့၏။ ကြက်တွန်ချိန်သည် ယုဒနာရီတွင် တတိယနာရီဖြစ်သော သန်းခေါင်ယံမှမနက်သုံးနာရီအချိန်ဖြစ်ပါသည်။ ပေတရုက ယေရှုအားမိမိသခင်မဟုတ်ဟု ဆိုခဲ့၏။ ပထမငြင်းပယ်ခြင်းဖြစ်သော “ထိုသူကိုငါမသိ” ဟူသော စကားသည် ခရစ်တော်နှင့်သိကျွမ်းခြင်းမရှိကြောင်းကို ဖော်ထုတ်ခြင်းဖြစ်၏။ ငြင်းပယ်မည့်အစား ယေရှုနှင့်အတူ အသေခံမည်ဟု ပေတရုမဆိုခဲ့သလော။ ဒုတိယအကြိမ်ပေတရုက “ငါသည် သူတို့အဝင်မဟုတ်” ဟုဆိုခြင်းသည် ခရစ်တော်၏တပည့်တော်မဟုတ်ကြောင်း ဖော်ပြခြင်းဖြစ်၏။ တတိယအကြိမ်အဖြစ် “အချင်းလူ၊ သင်ပြောသောအရာကို ငါမသိ” ဟုဆိုခြင်းသည် အဘယ်အရာမျှ မသိကြောင်း၊ ယေရှု၏အမည်နာမကိုလည်း မကြားဖူးကြောင်း၊ ထိုအရာတို့သည် မိမိအတွက် အစိမ်းသက်သက်ဖြစ်ကြောင်း ဖော်ပြခြင်းဖြစ်၏။

ပေတရုသည် ယေရှုနှင့်အတူမနေခဲ့ပါ။ ခရစ်ယာန်သည် မိမိဘုရားသခင်ထံမှအဝေးသို့ ထွက်သွားသောအခါ မာန်နတ်၏အပေါင်းအဖော်ထဲသို့ရောက်ခဲ့ပြီး မာန်နတ်၏ကျော့ကွင်းထဲ၌ ကျရောက်မည်ဖြစ်ပါသည်။ အဘယ်သူမျှ ကြားနေအခြေအနေ၌ နေ၍မရပါ။ ဘုရားသခင်နှင့်အတူ ရှိသောသူမဟုတ်လျှင် မာန်နတ်နှင့်အတူ ရှိခြင်းဖြစ်၏။

သခင်ယေရှုသည် ပေတရုကိုလှမ်းကြည့်သောအခါ သူသည်မိမိအပြစ်ကိုသိမြင်လာခဲ့၏။ စစ်မှန်သောယုံကြည်သူသည် မိမိသခင်ကို မြင်တွေ့သောအခါ စိတ်နှလုံးနူးညံ့ခြင်းရှိလာ၏။ ပေတရုသည် ချက်ချင်းနောင်တရ၍ ပြင်းစွာငိုကြွေးလေ၏။ ဒါဝိဒ်သည် “အို ဘုရားသခင် ကျေးဇူးပြုချင်သော စေတနာစိတ်တော်ရှိသည်အတိုင်း အကျွန်ုပ်ကိုသနားတော်မူပါ။ စုံမက်တော်မူခြင်းဂရုဏာများပြားသည်နှင့်အညီ အကျွန်ုပ်လွန်ကျူးခြင်းအပြစ်ကို ဖြေတော်မူပါ” (ဆာလံ ၅၁း၁)။

**ဆင်ခြင်ရန်** - အကျွန်ုပ်သခင်ကို မငြင်းပယ်မည်အကြောင်း ဘုရားသခင်၏မစတော်မူခြင်းကို အကျွန်ုပ်တောင်းလျှောက်ပါသလား။

**ဆုတောင်းချက်** - အိုအဖဘုရား၊ အကျွန်ုပ်သခင်ကို ငြင်းပယ်ခြင်းငှါ မာန်နတ်၏လှည့်စားခြင်း၌ အကျွန်ုပ်အား မကျရှုံးပါစေနှင့်။

တနင်္ဂနွေ ညနေ၊ မတ် (၂၅)

**လုကာ ၂၂း၆၃-၇၁**

ဟေရှာ ၅၃း၇-၁၂

*"အသေသတ်ခြင်းငှါ ဆောင်သွားသောသိုးသငယ်ကဲ့သို့ သူ့ကိုဆောင်သွား၍ . . . သူသည်နှုတ်ကိုမဖွင့်ဘဲနေ၏"*

## ဘာသာရေးစုံရုံးရှေ့၌

ကြာသပတေးည ညသန်းခေါင်အချိန်၌ ယေရှုအဖမ်းခံရပြီးနောက် ယုဒလူတို့၏အချုပ်ထဲသို့ ခေါ်ဆောင်ခဲ့ကြ၏။ သူတို့သည် ယေရှုကိုမထီမဲ့မြင်ပြုကြပြီး ရိုက်နှက်ခဲ့ကြ၏။ ဤအမှုကို ယုဒဘာသာ၌ အမြင့်ဆုံးသောခုံရုံးရှေ့၌ ပြုခြင်းဖြစ်၏။ သူတို့သည် ယေရှုကိုကဲ့ရဲ့လျက် ပျက်ရယ်ပြုကြ၏။ ယေရှုသည် အပြစ်ကင်းစင်သောသူဖြစ်သော်လည်း အကြီးအကဲတို့နှင့် အစေခံတို့သည် တံထွေးထွေးခြင်း၊ မျက်နှာအုပ်လျက်ရိုက်ပုတ်ခြင်း၊ အဘယ်သူရိုက်သည်ကို ဖော်ပြခြင်းငှါ အမိန့်ပေးခြင်းများပြုခဲ့ကြ၏။ ဤရိုက်ပုတ်ခြင်းသည် ပြင်းထန်စွာအနာတရဖြစ်စေသော ထိုးနှက်ခြင်းဖြစ်ပါ၏။ သူတို့သည် တုတ်ချောင်းနှင့် လက်သီးများကိုအသုံးပြု၍ ညှင်းဆဲကြ၏။

စစ်ကြောခြင်းမပြုမှီ ယေရှုအားရက်စက်စွာ ရိုက်နှက်ခဲ့ကြ၏။ ဤခေါင်းဆောင်တို့သည် ယေရှုအကြောင်းကို များစွာသိခဲ့ကြသော်လည်း မသိသယောင်ဟန်ဆောင်ခဲ့ကြ၏။ ကောင်းမွန်စွာစစ်ကြောခြင်းမပြုဘဲ အမှားကိုရှာဖွေခဲ့ကြ၏။ ယေရှု၏လျှောက်လဲချက်သည် တိကျလှပါ၏။ ဤယုဒကောင်စီတို့သည် ယေရှုအကြောင်းကို ကောင်းကောင်းသိကြပါ၏။ ယေရှုက မိမိကိုယ်ကိုဘုရားသခင်၏သားတော်ဖြစ်ကြောင်း ကြေငြာခဲ့ပါသည်။ ထိုသို့မိမိဘုရားဖြစ်ခြင်းအကြောင်းကို ကြေငြာခဲ့သော်လည်း သူတို့သည်ဆန့်ကျင်၍ သက်သေခံခဲ့ကြ၏။ "သင်သည် ဘုရားသခင်၏သားတော်မှန်သည်တကား" ဟုမေးသောအခါ ယေရှုက "သင်တို့ဆိုသည်အတိုင်း မှန်သည်"ဟု ပြန်၍ဖြေလေ၏။ ထိုအခါ သူတို့သည်ယေရှုအား ဘုရားသခင်၏သားတော်အဖြစ် လက်မခံကြဘဲ ဘုရားသခင်ကိုလွန်ကျူးသောသူဟု စွပ်စွဲကြ၏။ ဘုရားသခင်လွန်ကျူးခြင်းအပြစ်သည် ကျောက်ခဲဖြင့်ပစ်သတ်ခြင်းပြစ်ဒဏ်ကို ခံရမည်ဖြစ်၏။ သို့သော်လည်း သူတို့သည် လူထုကိုကြောက်သောကြောင့် ရောမအစိုးရထံမှ ယေရှုအား သေဒဏ်ပေးရသောအခွင့်ကို လိုချင်ကြ၏။

ဘုရားသခင်၏သားတော်အဖြစ် မိမိကိုယ်ကိုကြေငြာသောကြောင့် ယေရှုအားဘုရားသခင်လွန်ကျူးသောသူဟု စွပ်စွဲကြ၏။ ဘုရားသခင်အယောင်အဆောင်ဟု သတ်မှတ်ခဲ့ကြ၏။ ထို့ကြောင့် ဆက်လက်စစ်ကြောခြင်းမပြုဘဲ သေဒဏ်ပေးခြင်းငှါ တောင်းလျှောက်ကြ၏။

ယနေ့၌လည်း ယေရှုအကြောင်းကို လေ့လာဆန်းစစ်သောသူများစွာရှိသော်လည်း ယေရှုကိုယုံကြည်ခြင်းမရှိကြပါ။

**ဆင်ခြင်ရန်** - ယေရှုအဖို့ စစ်ကြောခြင်းခံခြင်းငှါ ကျွန်တော်အဆင်သင့်ဖြစ်ပါသလား။

**ဆုတောင်းချက်** - အိုအဖဘုရား၊ အကျွန်ုပ်ကိုကွယ်ကာစောင့်ရှောက်တော်မူပါ။

**လုကာ ၂၃း၁-၂၅**
ထွက် ၁၂း၃-၁၄

*"သိုးသငယ်. . . သင်တို့ယူသောအကောင်သည်
အပြစ်မပါ. . . ဖြစ်ရမည်"*

## အစိုးရစုံစမ်းရှေ့၌

ပိလတ်သည် ယုဒပြည်၏အမှုကိုဆောင်ရွက်ခြင်းငှါ ရောမမြို့မှစေလွှတ်သော ရောမမင်း (၆) ဦးမြောက်ဖြစ်ပါသည်။ ယုဒခေါင်းဆောင်များနှင့် ပြည်သူလူထုကြီးသည် ပိလတ်ထံသို့ယေရှုကို ခေါ်ဆောင်ခဲ့ကြ၏။ ဤလူထုကြီးသည် အောင်မြင်ခြင်းနှင့်ကြွလာတော်မူသောအချိန်၌ ယေရှုအား ကြိုဆိုခဲ့ကြသောသူများ ဖြစ်နိုင်ပါသည်။ ထိုခေါင်းဆောင်များက ယေရှုအားတိုင်းပြည်ကိုလမ်းလွဲစေသောသူ ဟူ၍၎င်း၊ ကဲသာဘုရင်ထံအခွန်ဆက်သခြင်းကို တားမြစ်သောသူဟူ၍၎င်း မှားယွင်းစွာ စွပ်စွဲခဲ့ကြ၏။ လမ်းလွဲစေခြင်းဆိုသည်မှာ ဥပဒေသများကို ပြောင်းလဲခြင်းနှင့်ယုဒထုံးတမ်းစဉ်လာကို လူတို့အားမလိုက်လျှောက်စေခြင်းများကို ဆိုလို၏။

အတွေ့အကြုံရင့်ကျက်သော ပိလတ်မင်းသည် ယေရှု၌အပြစ်မတွေ့ရှိပါ။ ဤအချက်က ကျွန်ုပ်တို့အပြစ်များအတွက် ပူဇော်ခြင်းခံမည့်ဘုရားသခင်၏ စုံလင်သောသိုးသငယ်ဟူ၍ မေရှိယ အကြောင်း ပုရောဖက်ပြုချက်ကို အတည်ပြုခဲ့၏ (ထွက် ၁၂း၅)။

ပဿခါပွဲနေ့၌ အချုပ်သားတစ်ဦးဦး လွတ်မြောက်စေခြင်းအမှုကို ကျင့်သုံးခဲ့သောကြောင့် ပိလတ်သည် ယေရှုအားလွတ်မြောက်စေခြင်းငှါ ရွေးခဲ့၏။ လူထုက ဗာရဗ္ဗကို လွှတ်ခြင်းငှါ တောင်းလျှောက်ကြ၏။ ထိုသူသည် ဆန့်ကျင်ခြင်းအမှုနှင့် လူသတ်ခြင်းအမှုကြောင့် ထောင်ကျခြင်းခံသောသူဖြစ်၏။ သူသည် ရောမလူတို့လက်အောက်မှ ယုဒလူများလွတ်မြောက်ခြင်းအတွက် ပုန်ကန်သောသူဖြစ်၏။ ထိုသို့ရောမလူတို့၏ ဖိနှိပ်ခြင်းအောက်မှလွတ်မြောက်ခြင်းရယူလျက် ဤလောက၌ နိုင်ငံတော်တည်တောင်မည်ဟု ယေရှုအပေါ်ထားရှိသော သူတို့၏မြော်လင့်ချက်သည် ကုန်ဆုံးခဲ့သောကြောင့် ယေရှုအပေါ်မုန်းတီးခြင်းရှိခဲ့ကြ၏။ ပိလတ်သည် လူထု၏အသံကို ဦးစားပေးခဲ့၏။ ယေရှုကို လွှတ်ခြင်းငှါ ဆန္ဒရှိခဲ့သော်လည်း ယုဒလူတို့ကိုဝမ်းမြောက်စေလိုသောကြောင့် ပိလတ်သည်လူထု၏ အလိုသို့ ယေရှုကိုအပ်နှံခဲ့လေ၏။

ထိုသို့ပိလတ်မင်းစစ်ကြောနေစဉ် ယေရှုသည် ဂါလိလဲနယ်သားဖြစ်သောကြောင့် ဗတ္တိဇံဆရာယောဟန်ကို ခေါင်းဖြတ်သတ်ခဲ့သော ဟေရုဒ် ထံသို့ပို့ဆောင်ခြင်းခံရ၏။ ဟေရုဒ်သည် ဂါလိလဲနယ်ကို အစိုးရသောမင်းဖြစ်၏။ သူသည်ဤအရေးပါသောပွဲတော်ကြောင့် ယေရုရှင်လင်မြို့၌ လာခြင်းဖြစ်၏။ သူသည်ယေရှုကို၎င်း၊ ပြုသောနိမိတ်လက္ခဏာကို၎င်း မြင်တွေ့ လိုသောသူဖြစ်၏။

သူသည် ယေရှုကိုစစ်မေးခဲ့သော်လည်း ယေရှုကတစ်ခွန်းမျှမဖြေဘဲနေ၏။ အကြောင်းမှာ ထိုသူ၏စိတ်ကိုယေရှုသိတော်မူ၏။ စစ်သားတို့သည် ယေရှုကိုရှင်ဘုရင်ဝတ်လုံကို ဝတ်စေလျက် မိမိကိုယ်ကိုရှင်ဘုရင်ဟု ကြေငြာသောသူဟူ၍ မထီမဲ့မြင်ပြုကြ၏။ ကျယ်လောင်စွာပြက်ရယ်ပြုကြ၏။ ဤလောကကို အစိုးရသောသခင်အပေါ် ပြုသောအလွန်နှိမ့်ချသောအပြုအမူပါတကား။

**ဆင်ခြင်ရန်** - အကျွန်ုပ်ယုံကြည်ခြင်းအတွက် တရားရုံး၌ အစစ်ခံခြင်းငှါ ကျွန်တော်အဆင်သင့် ဖြစ်ပါသလား။

**ဆုတောင်းချက်** - အိုအဖဘုရား၊ အဘယ်စစ်ကြောခြင်းကိုမဆို ခံနိုင်ခြင်းငှါ အကျွန်ုပ်အား ပြင်ဆင်မစတော်မူပါ။

## ကားတိုင်လမ်း

ပိလတ်မင်းက လူထု၏အလိုသို့ ယေရှုကိုအပ်နှံပြီးနောက် စစ်သားတို့သည်ယေရှုအား ကာရနီတောင်သို့ ခေါ်ဆောင်ခဲ့ကြ၏။ ယေရှုသည် မိမိတင်သတ်ခံရမည့်ကားတိုင်ကို ထမ်းရွက်ခဲ့၏။ သန့်ရှင်းတော်မူသောယေရှု၊ ဘုရားသခင်၏သိုးသငယ်သည် သင့်အပြစ်နှင့်အကျွန်ုပ်အပြစ်အတွက် ပူဇော်ခံရခြင်းငှါ ခေါ်ဆောင်ခြင်းခံရ၏။ သူသည်ပြင်းစွာသောရိုက်နှက်ခြင်းများခံခဲ့သောကြောင့် အလွန်မောပန်းခြင်းရှိသည်ဖြစ်၍ လူသားအနေဖြင့်ကားတိုင်ကိုထမ်းရွက်ခြင်းငှါ အားအင်မရှိဖြစ်ခဲ့ပါသည်။ (ဆာလံ ၂၂:၁၅ ကိုဖတ်ပါ)။

ရှိမုန်အမည်ရှိသော ကုရေနေပြည်သားသည် ထိုနေရာကိုဖြတ်စဉ် ယေရှုအဖို့ကားတိုင်ကို ထမ်းရွက်ရန် ခိုင်းစေခြင်းခံရ၏။ ယေရှု၏လေးသောဝန်ကို ပေါ့စေခြင်းငှါ ရှိမုန်သည်ကြီးမြတ်သော အခွင့်ထူးကိုရခဲ့ခြင်းဖြစ်၏။ ရှိမုန်သည် ယေရှုကိုယ်စားကားတိုင်ကို ထမ်းရွက်ခဲ့၏။ ယေရှုသည် ဤလောကီလူသားများကိုယ်စား ကားတိုင်ကိုထမ်းရွက်ခဲ့၏။

ယေရှုနောက်သို့လိုက်သောသူအများအပြားရှိပါ၏။ ထိုသူတို့အထဲတွင် ယေရှုအဖို့ဝမ်းနည်းငိုကြွေးနေသောမိန်းမများ ပါဝင်ကြ၏။ ယေရှုကထိုသူတို့အား မိမိအဖို့မဟုတ်ဘဲ သူတို့၏သားသမီးများအဖို့ ငိုကြွေးခြင်းငှါ အကြံပေးခဲ့၏။ ယေရှုက ကိုယ်ဝန်ဆောင်မိန်းမများနှင့် ကလေးများကိုပင် ရောမလူတို့က ရက်စက်စွာသတ်ဖြတ်မည့်အကြောင်း ယေရှုရှင်လင်မြို့ဖျက်ဆီးခြင်းအကြောင်းကို ကြိုတင်ဖော်ပြခဲ့၏။ ယေရုရှလင်ဖျက်ဆီးခံရခြင်းသည် ခရစ်ယာန်များအတွက် သတိရအောက်မေ့စရာဖြစ်ပါ၏။ အကြောင်းမှာ ခရစ်တော်ကိုကားတိုင်၌တင်သတ်သောသူတို့အပေါ်၌ ဘုရားသခင်၏အမျက်တော်ကျရောက်ခြင်းဖြစ်ပါသည်။ ယေရှုအသေခံခြင်းသည် ယုဒလူမျိုးများ (သို့) ရောမလူမျိုးများကြောင့်သာလျှင်မဟုတ်ဘဲ ကျွန်ုပ်တို့ကြောင့်လည်း ဖြစ်ပါ၏။ အထူးသဖြင့် "အကျွန်ုပ်ကိုချစ်သောကြောင့် သစ်တိုင်ပေါ်၌ရိုက်သတ်ခြင်းခံရပြီး အကျွန်ုပ်အပြစ်များကြောင့် ပြင်းစွာသောဝေဒနာခံရ၏။ အကျွန်ုပ်၏အပြစ်များကြောင့် ထိုအပြစ်အလုံးစုံကိုထမ်းရွက်ခြင်းငှါ ကြီးမြတ်တော်မူသော ကယ်တင်ရှင်သည် ကြွလာတော်မူခဲ့၏" (Clayton)။

ကာရနီတောင် (ဦးခေါင်းခွံဟုအဓိပ္ပာယ်ရ၏) ရောက်သောအခါ ကားတိုင်ပေါ်၌ ယေရှုကို ရိုက်ထားကြ၏။ ကျွန်ုပ်တို့အပြစ်များအတွက် ပြစ်ဒဏ်ဆပ်ပေးခြင်းငှါ ယေရှုသည်ထိုကားတိုင်ပေါ်၌ ၆ နာရီလုံးလုံးဝေဒနာခံစားခဲ့ရ၏။ ဟေရှာ ၅၃:၁၂ ပြည့်စုံမည်အကြောင်း ယေရှုနှင့်အတူ လူဆိုးနှစ်ယောက်တို့ကိုလည်း ဘေးတစ်ဖက်တစ်ချက်၌ ရိုက်ထားကြ၏။ ကောင်းကင်ဘုံ၌ ကိုယ်တော်နှင့်အတူ နေရခြင်းငှါ ထာဝရအသက်ရရှိခြင်းငှါ ကျွန်ုပ်တို့အပြစ်များကို ဖယ်ရှားဖို့ရန်အတွက် ယေရှု၏အသေခံခြင်းကို အစဉ်သတိရကြပါစို့။

**ဆင်ခြင်ရန်** - ယေရှုအား ကားတိုင်ပေါ်သို့ပို့ဆောင်ခဲ့သော အကျွန်ုပ်အပြစ်များကို ကျွန်တော်အမှတ်ရပါသလား။

**ဆုတောင်းချက်** - အိုအဖဘုရား၊ အကျွန်ုပ်အတွက် ယေရှု၏ပူဇော်စတေးခြင်းကို အစဉ်အောက်မေ့သတိရလိုပါ၏။

ဗုဒ္ဓဟူး၊ မတ် (၂၈)
**လုကာ ၂၃း၃၄-၄၃**
၂ ကော ၅း၁-၁၁

*“ကိုယ်ခန္ဓာနှင့် ကွာဝေးရာအရပ်သို့သွား၍၊ သခင်ဘုရားထံတော်၌ နေမြဲနေခြင်းငှါ အလိုရှိလျက်. . .”*

# ကားတိုင်ပေါ်၌

အပြစ်မရှိသောသူကို ကားတိုင်ပေါ်သို့တင်၍ကွပ်မျက်ခြင်းသည် အလွန်ရက်စက်သော အပြုအမူဖြစ်သည်။ သို့သော် မေတ္တာတော်ရှင်ဘုရားယေရှုသည် မိမိအားကားတိုင်ပေါ်သို့တင်၍ ပြက်ရယ်ပြုသောသူတို့အား ခွင့်လွှတ်ပေးဖို့ရန် ခမည်းတော်ထံဆုတောင်းခဲ့သည်။ ထိုသူတို့က မိမိတို့ ကားတိုင်ပေါ်၌တင်၍ပြက်ရယ်ပြုသောသူသည် ဘုရားသခင်၏သားတော်ဖြစ်ကြောင်းကို မသိကြသော်လည်း သူတို့သည် အပြစ်မရှိသောသူကိုမတရားသဖြင့် စီရင်ကြကြောင်းကိုမူ သိခဲ့ကြသည်။ ဘုရားသခင်သည် သနားခြင်းကရုဏာဘုရားဖြစ်သော်လည်း တရားသဖြင့် စီရင်သောသူဖြစ်သောကြောင့် အပြစ်ဟူသမျှကိုစီရင်ရပါမည်။ ယေရှုသည် သနားခြင်းကရုဏာရှိ၍ မိမိအား ညှင်းပန်းနှိပ်စက်သောသူတို့အား ခွင့်လွှတ်ဖို့ရန် ခမည်းတော်ကိုတောင်းလျှောက်သောအခါ ဘုရားသခင်၏ တရားသဖြင့် စီရင်ခြင်းကိုတားဆီးဖို့ရန်မဟုတ်ပါ။ ခေါင်းမာသောသူနှင့် ငြင်းပယ်သောသူတို့အဖို့ ထာဝရစီရင်ခြင်းအကြောင်းကို သူသိရှိခဲ့သည်။ ယေရှုကိုယုံကြည်ခြင်းအားဖြင့် အပြစ်လွှတ်ခြင်းရရှိနိုင်၏။

ကားတိုင်တော်နားတွင် လူစားအမျိုးမျိုးရှိခဲ့ကြသည်။ တပ်မက်သောလူတို့က ယေရှု၏ ဝတ်လုံတော်အားယူ၍ စာရေးတံချကြ၏။ အချို့သောသူတို့က ယေရှုပြုခဲ့သော ကောင်းမှုများကို တွေးတောပြီး ငေးမောကြ၏။ ယုဒခေါင်းဆောင်နှင့်ရောမစစ်သားတို့က ယေရှုအား ပျက်ရယ်ပြုလျက် ကားတိုင်မှဆင်းလာခြင်းဖြင့် မိမိ၏တန်ခိုးအားပြသရန် စိန်ခေါ်ကြ၏။ သူ့ဘေးနားတွင်ရိုက်ထားခြင်းခံရသော သူခိုးတစ်ဦးကလည်း သူ့အားပြက်ရယ်ပြု၏။ သို့သော်လည်း သူခိုးတစ်ဦးကမူ နောင်တရလျက် ယေရှုကိုယုံကြည်ခဲ့သည်။

အကယ်စင်စစ် လူ၏အပြစ်တို့ထက် ဘုရားသခင်၏သနားခြင်းကရုဏာသည် သာ၍ကြီးမား၏။ ယေရှုဘေးနား၌ တင်သတ်ခြင်းခံရသောသူတို့ထဲမှတစ်ဦးသည် မိမိ၏အပြစ်ကိုနားလည်ပြီး သူသည် အပြစ်စီရင်ခြင်းနှင့်ထိုက်တန်သောသူဖြစ်ကြောင်းကို နားလည်၏။ ထို့နောက်သူသည် ယေရှုအား မိမိ၏ကယ်တင်ရှင်သခင်အဖြစ် ဝန်ခံခဲ့သည်။ ဤအချက်သည် ဘုရားသခင်၏ကြီးမားသော ကရုဏာတော်နှင့်ကျေးဇူးတော်ကို ပေါ်စေသောအံ့ဖွယ်ပုံဥပမာတည်း။ လူသည်နောင်တရ၍ ယုံကြည် ဖို့ရန်လိုအပ်၏။ အဘယ်မျှလောက်ကြီးသောအပြစ်ကို ကျူးလွန်သူဖြစ်ပါစေ၊လူသည် ခရစ်တော်ကို ယုံကြည်လျှင် သူ၏အပြစ်သည်ခွင့်လွှတ်ခြင်းခံရပြီး၊ ပါရဒိသဘုံ၌နေရာပိုင်ဆိုင်တော်မူ၏။ အပြစ်မှ နောင်တရသောအပြစ်သားတိုင်းသည် သေပြီးသည်နှင့်တပြိုင်နက် သူနှင့်အတူရှိကြမည့်အကြောင်းကို ယေရှုမိန့်တော်မူသည်။ “ကိုယ်ခန္ဓာနှင့်ကွာဝေးရာအရပ်သို့ သွား၍၊ သခင်ဘုရားထံတော်၌ နေမြဲ နေခြင်းငှါအလိုရှိလျက်၊ ရဲရင့်သောစိတ်နှင့်ပြည့်စုံကြ၏” (၂ ကော ၅း၈)။ သူ၏ယုံကြည်ခြင်းကြောင့် ငရဲထဲမှလွတ်ပြီး၊ ကောင်းကင်ဘုံသို့ဝင်စားခွင့်ရသော ဤသူခိုးကဲ့သို့လူတိုင်းမိမိကိုယ်ကိုယူဆကြပါစေ။

**ဆင်ခြင်ရန်** - ကားတိုင်ပေါ်၌ ယေရှုအဘယ်မျှလောက် ဝေဒနာခံစားရသည်ကို အကျွန်ုပ် တွေးတောကြည့်ပါသလား။

**ဆုတောင်းချက်** - အိုအဖဘုရား၊ ထိုက်တန်ခြင်းမရှိသော အပြစ်သားအကျွန်ုပ်အတွက် ဝေဒနာခံခြင်းငှါ မိမိ၏ချစ်သားတော်ကိုစေလွှတ်တော်မူသော ကိုယ်တော်၏ကြီးမြတ်သော ချစ်ခြင်းမေတ္တာတော်ကို ဘယ်သောအခါမျှ ကျွန်တော်အကုန်အစင် နားလည်သဘောပေါက်နိုင်မည်မဟုတ်ပါ။

ကြာသပတေး၊ မတ် (၂၉)

**လုကာ ၂၃း၄၄-၅၆**
ဟေဗြဲ ၁၀း၁၉-၂၅

*"ငါတို့သည် သန့်ရှင်းရာဌာနထဲသို့ အသွေးတော်ကိုအမှီပြု၍ အဆီးအတားမရှိ ဝင်ရသောအခွင့်ရှိသဖြင့်. . . "*

## ကားတိုင်ပေါ်၌ အသေခံခြင်း

ယေရှုသည်အလွန်နှေးကွေးပြီး နာကျင်ခံစားရသောသေခြင်းမျိုးဖြင့် အသေခံခဲ့သည်။ ကားတိုင်ပေါ်တင်သတ်ခြင်းသည် ထိုခေတ်ကာလတို့တွင် အရက်စက်ဆုံးသေဒဏ်ပေးခြင်းမျိုးဖြစ်သည်။ လက်ဝါးကပ်တိုင်၌တင်ခြင်းခံရသောသူသည် မိမိ၏သံရိုက်ထားခြင်းခံရသော လက်နှင့်ခြေထောက်တို့က မိမိ၏ကိုယ်အလေးချိန်ကို သယ်ပိုးရမည်။ အသက်ရှူကြပ်ခြင်းကိုလည်း ခံစားရမည်။ နာရီပေါင်းများစွာ အသက်မသေဘဲ နာကျင်ခြင်းကိုခံစားရမည် (အချို့လူတို့သည် ရက်များစွာအသက်မသေဘဲ ရှိခဲ့ကြကြောင်းမှတ်တမ်းတချို့ရှိခဲ့၏)။ ရောမလူတို့က ရက်စက်ကြမ်းကြုတ်သော ရာဇဝတ်သားတို့အား သတိပေးသည့်အနေဖြင့် အလွန်ရက်စက်သောသေခြင်းမျိုးဖြစ်သည့် ကားတိုင်ပေါ်၌တင်သတ်ခြင်းကို လူအများဝင်ထွက်လေ့ရှိသည့်တံခါးပေါက်နားတို့၌ ပြုလုပ်ခဲ့လေ့ရှိသည်။

ရှင်လုကာက ယေရှုကားတိုင်၌ရှိစဉ် နေအလင်းအမှောင်အလိုက် ဖုံးလွှမ်းခဲ့ကြောင်း ဖော်ပြသည်။ ထိုအချက်မှာ လီဗရာယ်(လ်) တို့ပြောသကဲ့သို့ မြေငလျင်မဖြစ်ခင်၌ရှိသည့် အခိုးအငွေ့ကြောင့်မဟုတ်၊ နေကြတ်ခြင်းလည်းမဟုတ်ပါ။ Calvin က "သူတို့သည်ခရစ်တော်အသေခံခြင်း၌ဖြစ်သော ဘုရားသခင်၏အံ့ဖွယ်ကောင်းသော ပုံစံကိုဆင်ခြင်ကြဖို့ရန် ထိုနေမိုက်ခြင်းကို ရည်ရွယ်ခဲ့သည်" ဟုမှတ်ချက်ပေးခဲ့သည်။ ဗိမာန်တော်၌ရှိသော ကုလားကာသည် ယေရှု၏သေခြင်းကြောင့် ဆုတ်ပြဲသွား၏။ ထိုဆုတ်ပြဲသောကုလားကာက ယုံကြည်သူတို့သည် ယခုတွင် ဘုရားသခင်ထံ တိုက်ရိုက်တိုးဝင်နိုင်ကြောင်းကို ထင်ရှားပြသသည် (ယော ၁၀း၁၉)။ ကောင်းကင်၌ရှိသော အဖဘုရားသည် နာကျင်ခြင်းဝေဒနာအားလုံးမှ ကွယ်ကာနိုင်သော်လည်း ထိုသို့ပြုခဲ့လျှင် ကျွန်ုပ်တို့အားလုံးသည် ငရဲထဲသို့သွားရကြမည်။ ကျွန်ုပ်တို့သည် ခွင့်လွှတ်ခြင်းခံရပြီး၊ ကောင်းကင်ဘုံဝင်ရောက်နိုင်ဖို့ရန် ယေရှုသည် ကျွန်ုပ်တို့ကိုယ်စားအသေခံခြင်းဖြစ်သည်။

ယေရှုသည် မိမိ၏ဝိညာဉ်ကိုအဖဘုရားထံ အပ်နှံခဲ့ပြီးနောက် သူ့ကိုယ်ခန္ဓာသည် သေခဲ့သည်။ ထိုအချက်ကိုယုဒလူတို့သာမဟုတ်၊ ရောမလူတို့သည် မိမိတို့မေရှိယဖြစ်မှန်းမသိသည့် ထိုကောင်းသောပုဂ္ဂိုလ်ယေရှုသေသောကြောင့် အလွန်ဝမ်းနည်းစွာ မိမိတို့ရင်ဘတ်ကို ထုကြ၏။ ယေရှုကိုကောင်းစွာနားလည်သော ရောမစစ်ဗိုလ်တစ်ဦးက ယေရှုသည်ဘုရားသခင်၏သားစစ်ဖြစ်ကြောင်းကို ခိုင်မာစွာပြော၏။

ယုဒထုံးစံနှင့်အညီ ယေရှုကိုယုံကြည်သောအရိမသဲမြို့သားယောသပ်က ယေရှု၏ကိုယ်ခန္ဓာကို မိမိသင်္ဂြိုဟ်ဖို့ရန် တောင်းဆိုခဲ့သည်။ ထိုနေ့သည် သောကြာနေ့၌ဖြစ်ပြီး၊ နက်ဖြန်နေ့သည် ဥပုသ်နေ့ဖြစ်မည်ဖြစ်သောကြောင့် ယေရှု၏အလောင်းတော်အား လျှင်မြန်စွာသင်္ဂြိုဟ်ခဲ့ကြသည်။ နိကောဒင်က အလောင်းတော်သင်္ဂြိုဟ်ခြင်း၌ လိမ်းဆေးကိုယူဆောင်ခဲ့ပြီး၊ အမျိုးသမီးအချို့တို့က ယေရှုကိုသင်္ဂြိုဟ်ခြင်းကိုမြင်တွေ့ခဲ့ကြ၏။ အပြစ်၏အခကားသေခြင်းပေတည်း။ ကျွန်ုပ်တို့သည် ထာဝရအသက်ရှင်နိုင်မည်အကြောင်း အပြစ်ကင်းသော ယေရှုသည် ကျွန်ုပ်တို့ကိုယ်စားအသေခံခဲ့သည်။

**ဆင်ခြင်ရန်** - ကားတိုင်ပေါ်ရှိခရစ်တော်၏ ကြီးမားသောအလုပ်ကိုသင်သတိပြုပါသလား။

**ဆုတောင်းချက်** - အိုအဖဘုရား၊ ကားတိုင်ပေါ်၌ ယေရှု၏ဝေဒနာခံခြင်းကို အကျွန်ုပ်အားသတိရစေတော်မူပါ။ ဤကြီးမားသောကရုဏာတော်၏စိတ်အားထက်သန်သော စေတမန်ဖြစ်ဖို့ရန် အကျွန်ုပ်စိတ်နှလုံးကို တို့ထိတော်မူပါ။

သောကြာ၊ မတ် (၃၀)
**လုကာ ၂၄း၁-၄၃**
ယော ၁၁း၇-၂၇

*“. . . ငါသည်ထမြောက်ခြင်းအကြောင်း၊ အသက်ရှင်ခြင်း အကြောင်း ဖြစ်၏။ ငါ့ကိုယုံကြည်သောသူသည် သေလွန်သော်လည်းရှင်လိမ့်မည်”*

---

# ရှင်ပြန်ထမြောက်တော်မူခြင်း

သခင်ယေရှုသည် ရက်သတ္တပတ်၌ပထမနေ့ရက်ဖြစ်သော တနင်္ဂနွေနေ့တွင် ရှင်ပြန်ထမြောက်ခဲ့သည်။ ဤအချက်ကြောင့် ကနဦးခရစ်ယာန်တို့သည် သခင်ဘုရား၏နေ့ဟုခေါ်သော တနင်္ဂနွေနေ့၌ ဘုရားဝတ်ပြုခြင်းအစည်းအဝေးကိုကျင်းပခြင်းဖြစ်သည် (တမန် ၂၀း၇)။ သခင်ယေရှု၏ ရှင်ပြန်ထမြောက်ခြင်းက သေခြင်းတရားကိုအောင်နိုင်ကြောင်း သက်သေထူခဲ့သည်။ ဤနေ့ရက်တွင် ရှင်ပြန်ထမြောက်ဖို့ရန် သူရွေးချယ်သောကြောင့် ဤနေ့ကို ဘုရားသခင်အားဝတ်ပြုခြင်းနှင့် ကျေးဇူးချီးမွမ်းရာနေ့ဖြစ်စေခဲ့သည်။

ကောင်းကင်တမန်တို့က မာရိနှင့်အပေါင်းအပါတို့အား ပြောခဲ့သည့်အတိုင်း ယေရှုသည် သင်္ချိုင်းမှကိုယ်ခန္ဓာတော်နှင့် ထမြောက်တော်မူခဲ့၏။ ယေရှုသည်ဝိညာဉ်အနေဖြင့်သာ ထမြောက်ခြင်းမဟုတ်ဘဲ ဘုန်းတော်နှင့်ပြည့်စုံသောကိုယ်ဖြင့် ထမြောက်တော်မူ၏။ ယေရှုကိုအသေကောင်တွေရှိရာအရပ်တွင် ရှာဖို့ရန်မဟုတ်၊ အသက်ရှင်နေကြောင်းကို ကောင်းကင်တမန်ရှင်းပြခဲ့သည် “. . . ငါသည် ထမြောက်ခြင်းအကြောင်း၊ အသက်ရှင်ခြင်းအကြောင်းဖြစ်၏။ ငါ့ကိုယုံကြည်သောသူသည် သေလွန်သော်လည်း ရှင်လိမ့်မည်။ ငါ့ကိုယုံကြည်၍အသက်ရှင်သောသူရှိသမျှတို့သည်လည်း သေခြင်းနှင့် အစဉ်မပြတ်ကင်းလွတ်လိမ့်မည်။ ငါ့စကားကိုယုံသလော. . . ” (ယော ၁၁း၂၅-၂၆)။

ယေရှုကမိမိ၏တပည့်တော်အချို့တို့ထံသို့ ကိုယ်ခန္ဓာတော်အားဖြင့် ထင်ရှားခဲ့သော်လည်း သူတို့၏မယုံကြည်မှုကြောင့်သော်၎င်း၊ သူတို့၏သခင်အပေါ်၌ကျရောက်သောအရာကြောင့် အကြောက်တရား၌ရှိနေကြသောကြောင့်သော်၎င်း၊ သူတို့၏သခင်အား မမှတ်မိကြပေ။ သို့သော် ယေရှုသည်အဆုံး၌ သူတို့ထံ မိမိကိုယ်ကို ဖွင့်ပြတော်မူခဲ့သည်။ ယေရှုသည်တပည့်တော်တို့ကို မိမိ၏ အသေခံခြင်းအကြောင်းနှင့်ပြန်လည်ရှင်ပြန်မည့်အကြောင်းကို အကြိမ်ကြိမ်ကြိုတင်ပြောဆိုခဲ့သော်လည်း သူတို့မယုံကြည်ခဲ့ကြသည့်အချက်ကို ပြန်၍အပြစ်တင်ခဲ့သည်။ သို့သော်ထိုတပည့်တော်တို့က ယေရှုမိန့်ခဲ့သောစကားတို့အား ယုံကြည်လက်ခံနိုင်ခြင်းမရှိကြပေ။ ယေရှုက မိမိ၏ကားတိုင်တင်ခြင်းခံရခြင်း၊ အသေခံခြင်းနှင့် ရှင်ပြန်ထမြောက်တော်မူခြင်းတို့သည် လူသားတို့၏ ကယ်တင်ခြင်းအတွက် လိုအပ်ကြောင်းကိုရှင်းပြခဲ့သည်။ ထိုတပည့်တော်တို့၏မျက်စိသည် ယေရှုဖွဲ့သောမုန့်ကိုယူစားသောအခါ ပွင့်လာပြီးယေရှုကို မှတ်မိကြသည်။ ယေရှုသည် သူ့တပည့်တော်အားလုံးထံသို့ ကိုယ်ထင်ရှားပြပြီး လောကီသားတို့ပေးသော ငြိမ်သက်ခြင်းမျိုးမဟုတ်သည့် ငြိမ်သက်ခြင်းရရှိစေဖို့ နှုတ်ဆက်တော်မူခဲ့သည်။

ယေရှုကသူသည် ဝိညာဉ်သာမဟုတ်၊ အရိုးအသားနှင့်စုံလင်စွာထမြောက်ခဲ့ခြင်းအကြောင်း အရာ၌ အံ့သြခြင်းမရှိကြရန် မိန့်တော်မူခဲ့သည်။

**ဆင်ခြင်ရန်** - ရှင်ပြန်ထမြောက်ခြင်းနေ့ရက်ကို အကျွန်ုပ်ကြည့်ရှုပါသလား။

**ဆုတောင်းချက်** - သခင်ဘုရား၊ အကျွန်ုပ်သည် ယုံကြည်သူအားလုံးဘုန်းတော်နှင့် ပြည့်စုံသွားသော ခန္ဓာကိုယ် အားဖြင့် ထမြောက်မည့်နေ့ရက်နှင့် ချီဆောင်ခြင်းနေ့ရက်ကို ထောက်ရှုပါ၏။

*“ခေါ်တော်မူသောကြောင့် မြော်လင့်ရသောအရာကား အဘယ်အရာဖြစ်သည်ကို . . . သိစေခြင်းငှါ၊ သင်တို့၏ဉာဏ်မျက်စိကို လင်းစေပါမည်အကြောင်း. . . ”*

## မင်္ဂလာရှိသောမြော်လင့်ခြင်း

သခင်ယေရှုခရစ်တော်သည် မိမိတပည့်တော်တို့ထံသို့ မိမိကိုယ်ကိုထင်ရှားခဲ့ပြီးနောက်၊ သူတို့အား ဧဝံဂေလိသတင်းကောင်းကို ဟောကြားဖို့ရန် စေခိုင်းခဲ့သည်။ လူသားသည် အပြစ်ထဲသို့ ကျပြီးသည်နှင့်တပြိုင်နက် ဤဧဝံဂေလိသတင်းကောင်းကို ပထမဦးဆုံးအဖြစ် ဘုရားသခင်ပေးတော်မူခဲ့၏ (ကမ္ဘာ ၃း၁၅)။ ဤဧဝံဂေလိတရားသည် နောက်ပိုင်း၌ပေါ်သောစိတ်ကူးမျှသာမဟုတ်ဘဲ သမ္မာကျမ်းစာထဲ၌ ရေးသားခဲ့ပြီး ဘုရားသခင်ကြံစည်ခဲ့ပြီးသော အကြောင်းအရာပြည့်စုံခဲ့ခြင်းဖြစ်သည်။ ဤသတင်းကောင်းမှာ လူ့အသွေးအသားဖြင့်မွေးဖွားလာသူ၊ စုံလင်သောအသက်တာဖြင့် အသက်ရှင်သောသူ၊ လူသားတွေအတွက် ဝေဒနာနှင့်အသေခံသောသူ၊ သင်္ဂြိုဟ်ခြင်းခံရ၍ သုံးရက်မြောက်သောနေ့၌ ထမြောက်သောသူ ယေရှုခရစ်ကိုယ်တိုင်ပင်ဖြစ်သည်။

ဧဝံဂေလိတရား၏အဓိကသင်ခန်းစာမှာ လူသား၏အပြစ်တရားအကြောင်းကို ဝန်ခံခြင်းဖြစ်သည်။ အပြစ်တရားကိုဝန်ခံခြင်းက ထိုအပြစတရားကြောင့် အကျိုးရလဒ်ဖြစ်ကြသော သေခြင်းတရား၊ တရားစီရင်ခြင်းနှင့် ထာဝရတရားစီရင်ခြင်းတို့ကို လက်ခံစေ၏။ အပြစ်တရားကို ရှုံ့ရှာခြင်းက လူတစ်ဦးအား မိမိ၏အပြစ်ဒုစရိုက်လမ်းများကို ပြောင်းလဲစေပါသည်။ ဤအချက်က အပြစ်နှင့်လုံးလုံးကင်းစင်ခြင်းကိုဆိုလိုခြင်းမဟုတ်ဘဲ၊ သခင်ဘုရားအတွက် စင်ကြယ်သောအသက်တာဖြင့် အသက်ရှင်လျက် အပြစ်ဒုစရိုက်အား ရှောင်ဖို့ရန် စိတ်ဆန္ဒအမှန်တည်ရှိခြင်းဖြစ်သည်။

ဧဝံဂေလိတရား၏လိုအပ်သောအစိတ်အပိုင်းသည် အပြစ်ကိုနောင်တရခြင်းဖြင့်သာ အဆုံးမသတ်ပါ။ လူသည်သခင်ယေရှုခရစ်တော်အား ယုံကြည်ခြင်းသို့ ညွှန်ကြားပို့ဆောင်ရပါမည်။ မိမိအပြစ်အကြောင်းကို အမှန်နားလည်သောသူသည် အပြစ်တရား၏အကျိုးဆက်တို့မှ လွတ်မြောက်ဖို့ရန် ဘယ်အရာမှမစွမ်းဆောင်နိုင်ကြောင်းကို သဘောပေါက်ရပါမည်။ သူသည်ကျွန်ုပ်တို့၏ ယုံကြည်ခြင်းကို အစအဦးစီရင်၍ စုံလင်စေတော်မူသော သခင်ယေရှုကို စေ့စေ့ထောက်ရှုရပါမည် (ဟေရှာ ၁၂း၂)။

ယုံကြည်ခြင်း၏တကယ့်အကျိုးရလဒ်မှာ သက်သေခံတစ်ဦးဖြစ်ဖို့ရန်ဖြစ်သည်။ သူသည်ကြားခဲ့ပြီးသောဧဝံဂေလိတရားကို ဝေငှရန်စိတ်အားထက်သန်မှုရှိရမည်။ ခရစ်တော်ထံသို့ အခြားသူတို့ကို ခေါ်ဆောင်လာဖို့ စိတ်အားထက်သန်ခြင်းသည် ကယ်တင်ခြင်းရဖို့ရန်မဟုတ်သော်လည်း မိမိရရှိပြီးသော ကယ်တင်ခြင်းတရားကို သက်သေထူခြင်းဖြစ်သည်။

သခင်ဘုရား၏ကယ်တင်ခြင်းကို အမှန်ရရှိပြီးသောသူတို့သည် ကြီးမားသောဝမ်းမြောက်ခြင်းကို ခံစားရသည်။ သူသည်ခရစ်တော်၌ရှိသော မိမိ၏အသစ်သောအသက်တာ၌ ဝမ်းမြောက်ခြင်းမရှိလျှင် ထာဝရငရဲထဲမှ ကယ်တင်ခြင်းခံရခြင်းကို သူကောင်းကောင်းနားမလည်ကြောင်းထင်ရှားသည်။ ထို့ပြင် သူသည်ဘုရားသခင်၏နိုင်ငံတော်၌ အလွန်များပြားသောကြွယ်ဝခြင်းကောင်းကြီးမင်္ဂလာကို နားမလည်ကြောင်းထင်ရှားသည့် ဧဖက် ၁း၁၇-၁၈ ကိုဖတ်ပါလော့။

**ဆင်ခြင်ရန်** - ခရစ်တော်၌တည်သော ထိုမင်္ဂလာရှိသောမြော်လင့်ခြင်းသည် အကျွန်ုပ်အတွက် သေချာသောအရာဖြစ်ပါသလား။

**ဆုတောင်းချက်** - ထာဝရဘုရား၊ ဤမင်္ဂလာရှိသောမြော်လင့်ခြင်းအကြောင်းကြောင့် ကိုယ်တော့်ကို ကျေးဇူးတင်ပါ၏။